ဂု ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
http://www.7daynewsjournal.com

TRI MEN'S AND LADIES' WEARS

အတွဲ(၁၁)၊ အမှတ်(၄၂) ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် ၁၃၇၄ ခုနှစ်၊ နတ်တော်လဆန်း ၁၄ ၊ ကြာသပတေး၊ (ဒီဇင်ဘာ ၂၇ ၊ ၂၀၁၂)

# မပခ တိုင်းမှူး၏စာကို ကေအိုင်အိုဆွေးနွေးရေးအဖွဲ့ ခေါင်းဆောင် ကန့်ကွက်

မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းထွန်းနောင်၏စာကို စစ်ရေးနည်းဖြင့်ဖြေရှင်းရန် ခြိမ်းခြောက်မှုဟု ကေအိုင်အိုက ယူဆသည်။ သို့သော် ထိုစာမှာ ကေအိုင်အေအား တပ်မတော်ကတိုက်ရန် အစီအစဉ်မရှိသောကြောင့် ပေးပို့ခြင်းဖြစ်ပြီး နှစ်ဖက်ကြားနားလည်မှုလွဲနေ၍ တရားဝင်စကားအမြန်ပြောသင့်ပြီဖြစ်ကြောင်း အပစ်အခတ်ရပ်စဲရေးဒါရိုက်တာက အကြံပြု

**အားမာန်**

**ရန်ကုန်၊ဒီဇင်ဘာ-၂၄**

မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်(မပခ) တိုင်းမှူးက လဂျားယန်တပ်စခန်းသို့ အုပ်ချုပ်မှုကိစ္စ ဆောင်ရွက်ရန် လမ်းကြောင်းတစ်လျှောက်ရှိ ကေအိုင်အေတပ်ဖွဲ့များအား ဒီဇင်ဘာ ၂၅ ရက်နောက်ဆုံးထား၍ ဆုတ်ခွာပေးရန် သတိပေးအကြောင်းကြားခြင်းအပေါ် ကေအိုင်အိုငြိမ်းချမ်းရေးဆွေးနွေးရေး အဖွဲ့ခေါင်းဆောင် ဦးဆွမ်လွတ်ဂမ်က ကန့်ကွက်ကြောင်း ဦးအောင်မင်းထံသို့ ဒီဇင်ဘာ ၂၄ ရက်တွင် အကြောင်းကြားသည်။

မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းထွန်းနောင်က ကချင်ပြည်နယ်ငြိမ်းချမ်းရေးအကျိုးတော်ဆောင်အဖွဲ့၊

**အချပ်ပို(B)သို့**

လွှတ်တော် ဘတ်ဂျက်

## လာမည့်ဘတ်ဂျက်တွင် ပညာရေးနှင့် ကျန်းမာရေး အသုံးစရိတ်တိုးရရန် တွန်းအားပေးမည်ဟု လွှတ်တော်ကိုယ်စားလှယ်အချို့ကဆို

**အိဖြူလွင်၊ မင်းဟိန်းကျော်**

**ရန်ကုန်၊ ဒီဇင်ဘာ - ၂၄**

မကြာမီပြန်လည်ကျင်းပမည့် လွှတ်တော်အစည်းအဝေးများတွင် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ကိစ္စရပ်များကို အဓိကထား ဆွေးနွေးမည်ဖြစ်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် ပညာရေးနှင့် ကျန်းမာရေး အသုံးစရိတ်များအား ယခင်နှစ်ထက် ပိုမိုရရှိစေရန် တွန်းအားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော် ကိုယ်စားလှယ်အချို့က ပြောကြားသည်။

နိုင်ငံတော် ဘတ်ဂျက်ကို အဓိကဆွေးနွေးမည့် လွှတ်တော်များ၏ ဆဋ္ဌမပုံမှန်အစည်းအဝေးများကို ဇန်နဝါရီလ ၉ ရက်တွင် ပြုလုပ်ကျင်းပမည်ဖြစ်သည်။

စာ(၁၂)သို့

## ကြက်ဆူသီး စားမိသော ကျောင်းသား ၃၀ ကျော် ဆေးရုံရောက်


**မိုးညို**

**ရန်ကုန်၊ ဒီဇင်ဘာ-၂၀**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် နမ္မတီးကျေးရွာအုပ်စု မရမ်းကျေးရွာရှိ အထက်တန်းကျောင်းတစ်ကျောင်းတွင် ကျောင်းသူ၊ ကျောင်းသား ၃၀ကျော် ကြက်ဆူသီးများစားမိ၍ မူးဝေအော့အန်ဝမ်းလျှောသဖြင့် ဆေးရုံသို့ အချိန်မီပို့ခဲ့ရကြောင်း နမ္မတီးကျေးရွာအုပ်ချုပ်ရေးမှူးဦးထွန်းနိုင်က ပြောကြားသည်။

ဒီဇင်ဘာ ၁၉ ရက်က မရမ်းကျေးရွာ အထကခွဲကျောင်းမှ နေ့ခင်းပိုင်းအားလပ်ချိန်တွင် ကျောင်းဝင်းအတွင်း စိုက်ပျိုးထားသော ကြက်ဆူပင်မှ ကြက်ဆူသီးများအား ခိုးယူစားသုံးမိရာမှ စတင်ဖြစ်ပွားခဲ့ပြီး ကျေးရွာမှ တာဝန်ရှိသူများနှင့် ကျောင်းသားမိဘများက အချိန်မီ နမ္မတီးတိုက်နယ်ဆေးရုံသို့ သုံးဘီးဆိုင်ကယ်များဖြင့် ပို့ဆောင်ခဲ့ရကြောင်း မိုးကောင်းမြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှ တာဝန်ကျဝန်ထမ်းတစ်ဦးက ဖုန်းကတစ်ဆင့်ပြောကြားသည်။

စာ(၁၂)သို့



ဓာတ်ပုံ - ထက်ဝင်းဦး(ဝဝ၈)

စာအုပ်ဆိုင်တစ်ဆိုင်တွင် စာအုပ်ဝယ်ယူရန် ရွေးချယ်နေကြသူများအား ဒီဇင်ဘာနောက်ဆုံးပတ်ကတွေ့ရစဉ်

## လှောင်အိမ်အတွင်းမှ ဂန္ထဝင်များ လွတ်လပ်စွာပျံသန်းချိန်

**အားမာန်**

စာအုပ်စာပေများကို လွတ်လပ်စွာဖန်တီးထုတ်လုပ်နိုင်ပြီဖြစ်သော်လည်း စာအုပ်ထုတ်ဝေသူများအတွက် အဓိကစိန်ခေါ်မှုများမှာ လူသားအရင်းအမြစ်ရှားပါးမှု ဝယ်လိုအားနည်းပါးမှုနှင့် ဥပဒေကြောင်းအရ အလွယ်တကူအရေးယူနိုင်မှုတို့ ဖြစ်သည်။

စာ(၂၈)သို့

## ကားအရောင်းပြခန်းများ ရပ်တည်ရေးခက်ခဲလာ

**အောင်သူရ၊ မိုးညို**

**ရန်ကုန်၊ ဒီဇင်ဘာ - ၂၃**

အပြိုင်အဆိုင်ပေါ်များပြီး အရောင်းအဝယ်အေးကာ အရှုံးခံရောင်းချနေရသဖြင့် ရန်ကုန်မြို့တွင် ဖွင့်လှစ်ထားသော ကားအရောင်းပြခန်းများ ဆက်လက်ရပ်တည်ရန် ခက်ခဲလာကြောင်း ကားလုပ်ငန်းရှင်များထံမှ သတင်းရရှိသည်။

ရန်ကုန်မြို့တွင် ဖွင့်လှစ်ထားသော ကားအရောင်းပြခန်း ၁၀ခုကျော်မှ ပြခန်းပိုင်ရှင်များအား မေးမြန်းရာတွင် အရောင်းအဝယ်အေးနေပြီး နေရာအခက်အခဲနှင့် တင်သွင်းလာသည့် မော်တော်ယာဉ်များပြားနေခြင်းတို့ကြောင့် နှစ်ကြာလာသည်နှင့်အမျှ စီးပွားကူးသန်းဝန်ကြီးဌာနသို့ စပေါ် ငွေထပ်မံပေးသွင်းရန်ပင်မလုံလောက်ခြင်းမျိုး ကြုံတွေ့ရနိုင်ကြောင်း ပြောကြားသည်။

စာ(၁၂)သို့





CNC JACKET
Men's Wear
Environment Friendly
POCKET MAP - INTERIOR VIEW
Double Collar (For cold Protection)
Clear Touch Inner Pocket ( For 2 mobiles)
Eyeglass Pocket
Digital Camera Pocket
Extendable Key Holder
& Water Bottle Loop
Hidden Wire Holder
Personal Area Network
Wire Holding Loop x4
Pen Pocket x2
Travel Documents Pocket
I - Pad Pocket
AVAILABLE IN 10 COLOURS
WWW.CNCMENWEAR.COM
WWW.FACEBOOK.COM/CNC1999

7 DAY NEWS JOURNAL
Vol.11, No.42 • DECEMBER 27 , 2012

# မြို့တော်ရန်ကုန်၌ လူနေတိုက်ခန်းပြိုကျ အက်ကွဲ တိမ်းစောင်းမှု တစ်နှစ်အတွင်း ခြောက်ကြိမ်ဖြစ်ပွား

## ကန်ထရိုက်တိုက်များ၏အရည်အသွေးပိုင်းအားနည်းမှုကို မေးခွန်းထုတ်စရာဖြစ်လာ



နောက်ဖေးခြမ်းအက်ကွဲတိမ်းစောင်းမှုဖြစ်ပွားခဲ့သည့် စမ်းချောင်းမြို့နယ်မှတိုက်ခန်း

**မိုးညို**

**ရန်ကုန်၊ ဒီဇင်ဘာ - ၂၄**

ရန်ကုန်မြို့ရှိ လူနေတိုက်ခန်းများ၏ အရည်အသွေးပိုင်း အားနည်းမှုနှင့် စီမံခန့်ခွဲပုံ လျော့နည်းမှုတို့ကြောင့် တိုက်ပြိုခြင်း၊ တိုက်အက်ခြင်းများ ယခုနှစ်အတွင်း ဖြစ်ပေါ်ခဲ့ရာ အသက်ဆုံးရှုံးသည့် အနေအထားများပင် ကြုံတွေ့နေရပြီဖြစ်သည်။

ဆောက်လုပ်ရေးလုပ်ငန်းရှင်များ အသုံးပြုသည့် ဆောက်လုပ်ရေးကုန်ကြမ်းပစ္စည်းများ၏ အားနည်းမှုကြောင့် တိုက်နံရံများ အက်ကွဲခြင်း၊ အင်္ဂတေများ ကွာကျခြင်း၊ သံချောင်းများပေါ်ခြင်းတို့ကြောင့် လူနေထိုင်ရန် မသင့်လျော်သည့် တိုက်ခန်းများ ရန်ကုန်မြို့တွင် အများအပြားရှိနေကြောင်း မြို့ပြအင်ဂျင်နီယာ ဦးစိုးမင်းက ပြောသည်။

၂၀၁၂ ခုနှစ်အတွင်း ရန်ကုန်မြို့၌ တိုက်ပြိုကျမှု၊ တိုက်အက်ကွဲ တိမ်းစောင်းမှု စုစုပေါင်းအကြိမ်ရေ ၆ ကြိမ်ဖြစ်ပွားခဲ့ပြီး သေဆုံးသူ သုံးဦးအထိ ရှိလာခဲ့ပြီဖြစ်သည်။ ဖြစ်ပွားမှုများ၌ သက်တမ်းနု ကန်ထရိုက်တိုက်များ အက်ကွဲခြင်း၊ အန္တရာယ်အဆောက်အအုံများ ပြိုကျခြင်း၊ အဆောက်အအုံ အဟောင်းများ ဖြိုဖျက်စဉ် နည်းစနစ်မမှန်ကန်မှုတို့ကြောင့် ယခုလို အသက်ဆုံးရှုံးရသည့် အနေအထားမျိုးပင် ရှိနေခဲ့သည်။

သက်တမ်းနု ကန်ထရိုက်တိုက်များဖြစ်သည့် ၅ နှစ်သက်တမ်းသာရှိသေးသော အလုံမြို့နယ် ဆင်မင်းရပ်ကွက်မှ ရှစ်ထပ်တိုက်နှင့် စမ်းချောင်းမြို့နယ် ကျွန်းတောလမ်း ရှစ်ထပ်တိုက်များ၏ နောက်ဖေးခြမ်း အက်ကွဲတိမ်းစောင်းမှုများမှာ ပုံစံတူဖြစ်ပြီး တည်ဆောက်သူ ကန်ထရိုက်တာများ၏ နည်းပညာ အသုံးပြုမှု အားနည်းချက်ကြောင့်ဖြစ်ကြောင်း အထက်ပါမြို့ပြအင်ဂျင်နီယာက သုံးသပ်သည်။

“အဲ့လိုဖြစ်သွားတဲ့ ကန်ထရိုက်ကို ကန်ထရိုက်လိုင်စင် ရုပ်သိမ်းတဲ့အထိ အရေးယူမှုတွေ ပြုလုပ်ပါတယ်”ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့် အင်ဂျင်နီယာဌာနမှ ဌာနမှူး ဦးမောင်မောင်ဇော်က ပြောကြားသည်။

ကန်ထရိုက်တာများ၏ လိုင်စင်များအား ရုပ်သိမ်းသည်ဆိုသော်လည်း လက်ရှိရပ်ကွက်များအတွင်း၌ အငှားလိုင်စင်များဖြင့် တည်ဆောက်နေခြင်း၊ အခြားအမည်တစ်ခုဖြင့် ကန်ထရိုက်လိုင်စင်အား ပြန်လည်လျှောက်ထားခြင်းတို့ရှိနေသည်ဟု စမ်းချောင်းမြို့နယ်မှ လိုင်စင်ရ ကန်ထရိုက်တာဦးနေစိုးထွန်းက ပြောသည်။

“လိုင်စင်မရှိဘဲ ဒီအတိုင်း ခိုးဆောက်နေတဲ့ တိုက်တွေ အများကြီးပဲ” ဟု ၎င်းကပြောသည်။

ဆောက်လုပ်ခွင့် လိုင်စင်မဲ့ ကန်ထရိုက်တိုက်ဆောက်လုပ်မှုသည် ယခုနှစ်အတွင်း အများဆုံးဖြစ်ပြီး လက်ရှိ တရားစွဲဆို အရေးယူထားသည့် ကန်ထရိုက်တိုက် အလုံးရေ ၂၀၀ ကျော်ရှိကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံ အင်ဂျင်နီယာဌာန၏ ထုတ်ပြန်သော စာရင်းများအရ သိရသည်။

၁၉၉၇ ဝန်းကျင်က ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ စိစစ်မှုအားနည်းခဲ့မှုကြောင့် ယင်းကာလက ဆောက်ခဲ့သည့် တိုက်များ၏ အရည်အသွေးမှာ အဓိက အားနည်းခဲ့ပြီး ယခုနောက်ပိုင်းဆောက်လုပ်သည့် တိုက်များမှာမူ သေချာစိစစ်လေ့လာခြင်း၊ မြေကြီးနှင့်မြေဆီလွှာ အရည်အသွေးများ အဆင့်ဆင့်စစ်ဆေးခြင်း၊ မြို့တော်စည်ပင်၏ အမှန်တကယ် အရေးယူဆောင်ရွက်မှုတို့ကြောင့် အရည်အသွေးမီ တိုက်အချို့ တည်ဆောက်လျက်ရှိကြောင်း Three Friends ဆောက်လုပ်ရေးကုမ္ပဏီ၏ မန်နေဂျင်း ဒါရိုက်တာ ဦးကိုကိုလေးက ပြောကြားသည်။


နောက်ပိုင်း ဆောက်လုပ်မည့် ကန်ထရိုက်တိုက်များ၏ အရည်အသွေးပိုင်းများအား စိစစ်ကြပ်မတ်နိုင်ရန်အတွက် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းနှင့် ဗိသုကာပညာရှင်များအသင်းတို့ပူးပေါင်းကာ စံနှုန်းညီအဆောက်အအုံများဖြစ်ထွန်းရေး Uniform Building Code အား စတင်ရေးဆွဲမှု အချောသပ်နေပြီဖြစ်ကာ လာမည့် ၂၀၁၄ ခုနှစ်တွင်ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အတည်ပြုပြဋ္ဌာန်းတော့မည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်ဖွံ့ဖြိုးရေး စီမံကိန်း အကြံပေး ပညာရှင် ဒေါက်တာကျော်လတ်က ပြောသည်။

လက်ရှိတွင် ရန်ကုန်မြို့၌ တိုက်များပြိုကျပါက အချိန်မီ ဝင်ရောက်ကယ်ဆယ်နိုင်ရေးအတွက် လိုအပ်သည့် ကိရိယာများ အလုံအလောက်ရှိသော်လည်း ရန်ကုန်မြို့၏ လမ်းများ ကျဉ်းမြောင်းမှုကြောင့် ကယ်ဆယ်ရာတွင် အခက်အခဲရှိကြောင်း မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရန်ကုန်မြို့တွင်းရှိ ဆောက်လုပ်ပြီးတိုက်များ၏ အရည်အသွေး အားနည်းရခြင်းမှာ ဆောက်လုပ်သော ကန်ထရိုက်၏ ငွေကြေးအမြတ်အစွန်းထွက်ရန် ပစ္စည်းခိုခြင်း၊ အမြန်ပြီးစီးရန် စံချိန်စံညွှန်းအတိုင်း မဆောက်လုပ်ခြင်း၊ ဆောက်လုပ်ရေးလုပ်သားများက ပစ္စည်းခိုးခြင်း၊ ကျွမ်းကျင်လုပ်သားတို့၏ အရည်အသွေးအားနည်းခြင်းတို့ကြောင့် ယခုလို ဖြစ်ရသည်ဟု မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းဝင်တစ်ဦးက သုံးသပ်သည်။

ထို့ကြောင့် နောက်ပိုင်း ဆောက်လုပ်မည့် တိုက်များ၏ အရည်အသွေး နည်းစနစ်နှင့် လုံခြုံရေးတို့ ပြည့်စုံကောင်းမွန်ရေးအတွက် ဆောက်လုပ်ရေးလုပ်ငန်းရှင်တို့အား အမှန်တကယ် စိစစ်ကြပ်မတ်ရန် လိုအပ်နေပြီဖြစ်ကြောင်း အဆိုပါ ပညာရှင်တို့က ထောက်ပြဝေဖန်ကြသည်။



7 DAY NEWS JOURNAL
Vol.11, No.42 • DECEMBER 27 , 2012

## CRIME မှုခင်းသတင်း CORNER

### ကြည်းတပ်ဗိုလ်ကြီးတစ်ဦးအလောင်း လှိုင်မြစ်ရေပြင်တွင်ပေါ်လာ

**အေးမြတ်သူ**

**ရန်ကုန်၊ဒီဇင်ဘာ-၂၂**

ဆိပ်ကမ်းမြို့နယ် လှိုင်မြစ်ရေပြင်၌ တပ်မတော် ဗိုလ်ကြီး တစ်ဦး၏ အလောင်းအား ယခုလ ၂၀ရက်က တွေ့ရှိခဲ့ကြောင်း ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူးရုံးမှ သတင်းရရှိသည်။

သေဆုံးသူ အသက် ၂၈ နှစ်အရွယ် ဗိုလ်ကြီးတစ်ဦးသည်ယခုလ၁၄ရက်ကဧင်းတည်းခိုသည့်ရွှေပြည်သာမြို့နယ်ရှိ တည်းခိုခန်းမှ ဆိုင်ကယ်ကယ်ရီအား ရွှေပြည်သာတံတားသို့ ငှားရမ်းခဲ့ပြီး တံတားသို့အရောက်တွင် ကယ်ရီသမားအား ကွမ်းယာဝယ်ခိုင်းကာ ၎င်းသည် ရွှေပြည်သာတံတားပေါ်မှ ခုန်ချခဲ့ခြင်းဖြစ်သည်။ ခုန်ချပြီး ခြောက်ရက်အကြာတွင် ဆိပ်ကမ်းမြို့နယ်ကုန်စိမ်းတန်းရှေ့ လှိုင်မြစ်တွင်း၌ အလောင်းအားရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

သေဆုံးသူသည် ပဲခူးတိုင်း သံတောင်ကြီးတွင် ခြေလျင်တပ်ခွဲမှူး သင်တန်းတက်ရောက်ရန် ကျိုင်းတုံမြို့နယ်မှ ရန်ကုန်မြို့သို့ ယခုလ ၁၃ရက်တွင် ရောက်ရှိခဲ့သည်။ သေဆုံးသူ ဗိုလ်ကြီးသည် အမှတ်(၁၁)လျှပ်စစ်နှင့် စက်မှုအင်ဂျင်နီယာတပ်ရင်းတွင် တာဝန်ထမ်းဆောင်သူတစ်ဦးဖြစ်သည်။

သေဆုံးသူ ဗိုလ်ကြီးအား ဆိပ်ကမ်းရဲစခန်းမှ သေမှုသေခင်းဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

7DAY NEWS Hot Line
09 7322 4541

# ရခိုင်ပြည်နယ်တွင်း နိုင်ငံသားဥပဒေဖြင့် စစ်ဆေးနေခြင်းသည် နိုင်ငံသားလက်မှတ်ထုတ်ပေးရန် မဟုတ်ဟု လဝကဝန်ကြီးဆို



ဓာတ်ပုံ-အောင်နိုင်

မစ္စတာဘီဂျေနမ်ဘီးယားကနိုင်ငံသားဥပဒေစစ်ဆေးခြင်းကို ဘင်္ဂါလီလူမျိုးတစ်ဦးအား ရှင်းပြနေစဉ်

**အောင်နိုင်**

**ရန်ကုန်၊ ဒီဇင်ဘာ - ၂၂**

ရခိုင်ပြည်နယ်တွင် ၁၉၈၂ မြန်မာနိုင်ငံသား ဥပဒေဖြင့် စစ်ဆေးမှုများ ပြုလုပ်ခြင်းသည် နိုင်ငံသားသတ်မှတ်ရန်အတွက် မဟုတ်ဘဲ ပြန်လည်နေရာချထားရန် လုပ်ဆောင်နေခြင်းဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက ပြောသည်။

ကုလသမဂ္ဂအထူးသံတမန် မစ္စတာဗီဂျေနမ်ဘီးယားနှင့်အတူ ဒီဇင်ဘာလ ၁၈ ရက်တွင် သွားရောက်ခဲ့သော ရခိုင်ခရီးစဉ်အတွင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ဝန်ကြီးကပြန်လည်နေရာချထားရေး ဆောင်ရွက်ရာတွင် မိမိနိုင်ငံသားဟုတ်၊ မဟုတ်သိရှိနိုင်ရန် အဓိကစစ်ဆေးခြင်းဖြစ်ပြီး ပေါက်တောမြို့နယ်တွင် အိမ်ထောင်စု ၂၀၀၀၊ စာ(၁၂)သို့

## သန်းခေါင်စာရင်း စမ်းသပ်ကောက်ယူရာတွင် ပြန့်ကျဲနေသော စစ်ဘေးဒုက္ခသည်များကိုပါ ထည့်သွင်းကောက်ယူမည်ဟုဆို

**အောင်သစ်လွင်၊ ဖွဲ့ညက်**

**ရန်ကုန်၊**

**ဒီဇင်ဘာ-၂၁**

ပြည်လုံးကျွတ် သန်းခေါင်စာရင်း စမ်းသပ်ကောက်ယူရာတွင် ကချင်ပြည်နယ်အပါအဝင် စစ်ပွဲများကြောင့် ပြန့်ကျဲနေသော စစ်ဘေးဒုက္ခသည်များကိုပါ စနစ်တကျကောက်ယူသွားမည်ဖြစ်ကြောင်း ပြည်သူ့အင်အားဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးဒေါက်တာခိုင်ခိုင်စိုးက ပြောသည်။

ကချင်ပြည်နယ်တွင် ၂၀၁၁ ခုနှစ်ဇွန်လ ၁၉ ရက်မှစတင်၍ စစ်ပွဲများဖြစ်ပွားခဲ့ရာ ယခုအချိန်အထိ စစ်ပွဲကြောင့် တိမ်းရှောင်နေရသူတစ်သိန်းကျော်ရှိနေသည်။ ယခုနှစ်အတွင်း ရခိုင်ပြည်နယ်တွင်ဖြစ်ပွားခဲ့သော မငြိမ်သက်မှုများကြောင့် ရခိုင်နှင့် ဘင်္ဂါလီဒုက္ခသည် တစ်သိန်းကျော်ရှိသည်ဟု နိုင်ငံတော်သမ္မတရုံးထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ရခိုင်ပြည်နယ်တွင် ဖြစ်ပွားနေသော မငြိမ်သက်မှုများကြောင့် စမ်းသပ် သန်းခေါင်စာရင်း ကောက်ယူရာ၌ အခက်အခဲ အချို့ကြုံတွေ့လာရပါက ဒေသဆိုင်ရာ တာဝန်ရှိသူများနှင့် ပူးပေါင်း၍ ကောက်ယူသွားမည်ဖြစ်ကြောင်း ဒေါက်တာခိုင်ခိုင်စိုးက ပြောသည်။


"လုပ်ငန်းစဉ် အဆင့်ဆင့်ကို စမ်းသပ်တဲ့ အနေနဲ့ ကောက်ယူထားပါ။ အဲဒီ့အပေါ်မှာ အားသာချက်၊ အားနည်းချက်တွေကို စိစစ်ပြီး ၂၀၁၄ မှာ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ဆက်လက်ဆောင်ရွက်သွားမှာပါ" ဟု ၎င်းက ဆက်လက်ပြောသည်။

စမ်းသပ်သန်းခေါင် စာရင်းကောက်ယူမှုကို မြန်မာတစ်နိုင်ငံလုံးရှိမြို့နယ်ပေါင်း ၂၀ တွင် ၂၀၁၃ မတ်လ ၃၀ မှ ဧပြီလ ၁၀ ရက်အထိ ၁၂ ရက်အတွင်း ပြုလုပ်သွားမည်ဖြစ်ပြီး ကချင်ပြည်နယ်တွင်မြစ်ကြီးနား၊ ရခိုင်ပြည်နယ်တွင် စစ်တွေတို့ပါဝင်ကာ ရန်ကုန်မြို့တွင် လမ်းမတော်နှင့် ရွှေပြည်သာမြို့နယ်တို့ ပါဝင်ကြောင်း သတင်းရရှိသည်။

ကျန်မြို့နယ်များမှာ လွိုင်ကော်၊ မြဝတီ၊ ဟားခါး၊ တမူး၊ ထားဝယ်၊ ရွှေကျင်၊ မကွေး၊ ချမ်းအေးသာစံ၊ မိုးကုတ်၊ မော်လမြိုင်၊ ကျိုက်ထို၊ ညောင်ရွှေ၊ မူဆယ်၊ တာချီလိတ်၊ မြောင်းမြနှင့် ငပုတောတို့ ပါဝင်သည်။

လွတ်လပ်ရေးရပြီး နောက်ပိုင်း မြန်မာနိုင်ငံတွင် ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူမှုနှစ်ကြိမ် ပြုလုပ်ခဲ့ပြီး နောက်ဆုံးကောက်ယူခဲ့သော ၁၉၈၃ ခုနှစ် စာရင်းများအရ လူဦးရေ ၃၅ သန်းရှိကြောင်း သိရသည်။

လက်ရှိမြန်မာနိုင်ငံတွင်လူဦးရေ ၆၀ သန်းခန့်ရှိနိုင်ပြီး ထိုအရေအတွက်လည်း ပိုနိုင်သည်ဟု ပညာရှင်များက ခန့်မှန်းထားသည်။






7 DAY NEWS JOURNAL
Vol.11, No.42 • DECEMBER 27 , 2012

# သီလဝါအထူးစီးပွားရေးဇုန် ဂျပန်အစိုးရနှင့် အကျိုးတူဆောင်ရွက်ခြင်းမှာ အာမခံချက်ကောင်း၍ဟုဆို

**အောင်သူရ၊ ပြည့်သိမ်း**

**ရန်ကုန်၊ဒီဇင်ဘာ-၂၁**

သီလဝါအထူးစီးပွားရေး ဇုန် တည်ဆောက်ရန်ဂျပန်အစိုးရကငွေကြေးအရင်းအနှီးဖြင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှု အနည်းဆုံးနည်းပညာများကိုသာ အ သုံးပြုမည်ဟု အာမခံချက်ပေးသောကြောင့်ဂျပန်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ရခြင်းဖြစ်ကြောင်း အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုဝန်ကြီးက ပြောသည်။

သီလဝါအထူးစီးပွားရေးဇုန်အား အကျိုးတူပူးပေါင်းဆောင်ရွက်ရန် သဘောတူညီမှု စာချုပ်မူကြမ်းကို နှစ်ဖက်တာဝန်ရှိသူများသည်ဒီဇင်ဘာ ၂၁ရက်ကလက်မှတ်ရေးထိုးခဲ့ကြပြီး အဆိုပါစီမံကိန်းအား ဆောင်ရွက်ရန် ကိုရီးယားနိုင်ငံကလည်း ကမ်းလှမ်းခဲ့သည်။

စက်မှုဇုန်များ တည်ဆောက်ရာတွင် ငွေကြေးအရင်းအနှီးနှင့် နည်းပညာမှာ အလွန်အရေးကြီးပြီး ထိုကိစ္စများအား အာမခံချက် မပေးနိုင်သည့်အတွက် ပျက်သွားသည့် စီမံကိန်းများရှိကြောင်း ဒုဝန်ကြီးဦးဆက်အောင်က ဆက်လက်ရှင်းပြသည်။



**နှစ်နိုင်ငံဒုတိယဝန်ကြီးများ သဘောတူလက်မှတ်ရေးထိုးစဉ်** ဓာတ်ပုံ-အောင်သူရ

အဆိုပါစက်မှုဇုန်ကို ၂၀၁၃ ခုနှစ်တွင် စတင်ဆောင်ရွက်မည်ဖြစ်ပြီး ၂၀၁၅ နှစ်တွင် အပြီးခန့်မှန်းထားကာ အထည်လိပ်လုပ်ငန်းအပါအဝင် လုပ်သားအင်အားများများဖြင့် အသုံးပြုရသော စက်မှုလုပ်ငန်းများ လုပ်ကိုင်လိမ့်မည်ဟု ဂျပန်နိုင်ငံ နိုင်ငံတကာစီးပွားရေးကုန်သွယ်ရေးနှင့် စက်မှုဇုန်လုပ်ငန်းဝန်ကြီးဌာန ဒုဝန်ကြီး မစ္စတာ Sasaki ကပြောသည်။

သီလဝါစီမံကိန်းတွင် လယ်မြေအချို့ ပါဝင်နေသည်ဟု ထင်မြင်နေသဖြင့် ထိုစီမံကိန်းအား ဆောင်ရွက်ရန် အချိန်ကြန့်ကြာနေခြင်းဖြစ်ကြောင်း ကုန်သည်စက်မှုအသင်းမှ အကြီးတန်းအရာရှိကြီးတစ်ဦးကဆိုသည်။

အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးရေးအစီအစဉ်အား ဂျပန်အစိုးရက တာဝန်ယူဆောင်ရွက်ပေးမည်ဖြစ်ပြီး ပတ်ဝန်းကျင်ဖွံ့ဖြိုးရေးနှင့် အခြေခံအဆောက်အအုံများကိုမူ မြန်မာအစိုးရကတာဝန်ယူဆောင်ရွက်ရမည်ဖြစ်သည်။

"ဂျပန်အစိုးရက ဘယ်လိုကမ်းလှမ်းထားသလဲဆိုတော့ ဇုန်ဖွံ့ဖြိုးရေးကို ဂျပန်ကလုပ်မယ်။ အခြားအခြေခံအဆောက်အအုံတွေကို အစိုးရကကြိုက်သလိုလုပ်ပါ။ အခြားရင်းနှီးမြှုပ်နှံသူတွေခေါ်မလား ခေါ်ပါ။ လုပ်မယ့်သူမရရင် ODA (Official Development Assistant) ပေးမယ်"ဟု ဒုဝန်ကြီးက ဆက်လက်ပြောသည်။

သီလဝါအထူးစီးပွားရေးဇုန်သည် ရန်ကုန်မြို့နှင့်အနီးဆုံးနေရာတွင် တည်ရှိပြီး ဧက ၅,၀၀၀ ခန့် အကျယ်အဝန်းရှိသည်။

# ကေအင်န်ယူဥက္ကဋ္ဌသစ်သည် ငြိမ်းချမ်းရေးမြန်မြန်သွားလိုသူဟုသုံးသပ်

**အောင်သူရ**

**ရန်ကုန်၊ ဒီဇင်ဘာ-၂၁**

စစ်ဦးချုပ် ဗိုလ်မှူးချုပ် မူတူးစေးဖိုးအား ကရင်အမျိုးသားအစည်းအရုံး(KNU)ဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ခံရခြင်းသည် အစိုးရနှင့် ပြုလုပ်နေသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ပိုမိုကောင်းလာနိုင်ရန် မျှော်လင့်ကြောင်း ငြိမ်းချမ်းရေး အကျိုးဆောင်များက သုံးသပ်ကြသည်။

"ဗိုလ်ချုပ်မူးတူးစေးဖိုးက Yes ဆို Yes ပဲ ပြောတယ်။ No ဆို No ပဲပြောတယ်။ စည်းနှိုင်းတုန်းက တော်တော်ညှိခဲ့တယ်။ ငြိမ်းချမ်းရေးကို မြန်မြန်လုပ်ချင်တဲ့လူလို့အခိုင်အမာယုံကြည်တဲ့လူ" ဟု အစိုးရအဖွဲ့၏ ငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက မှတ်ချက်ပြုသည်။

အသက် ၇၉ နှစ်ရှိပြီရှိသော ဗိုလ်မှူးချုပ်မူတူးစေးဖိုးမှာ အလုပ်တာဝန်များမှ အနားယူချင်စိတ်ရှိနေသော်လည်း ငြိမ်းချမ်းရေးကို ရယူချင်သည့်အတွက်တာဝန်ဆက်လက်ထမ်းဆောင်နေရခြင်းဖြစ်ကြောင်း ဦးအောင်မင်းကဆိုသည်။

"ကျွန်တော် ထင်တယ်။ အခုဥက္ကဋ္ဌက အပစ်အခတ်ရပ်စဲရေးကို လက်မှတ်ထိုးဖို့ သူဦးဆောင်ခဲ့တာ။ ဒါကြောင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွေ ပိုကောင်းလာလိမ့်မယ်" ဟု ငြိမ်းချမ်းရေး အကျိုးဆောင်တစ်ဦးဖြစ်သူ ဦးညိုအုန်းမြင့်က ပြောသည်။

ကရင်အမျိုးသား အစည်းအရုံးတွင် ငြိမ်းချမ်းရေးကို အမြန်လုပ်လိုသော အဖွဲ့နှင့် ဖြည်းဖြည်းသွားလိုသော အဖွဲ့နှစ်ခုရှိရာ အခုဖြစ်လာသော ဥက္ကဋ္ဌအပါအဝင် ဗဟိုအလုပ်အမှုဆောင်များမှာ ငြိမ်းချမ်းရေးမြန်မြန် လိုချင်သော အဖွဲ့ဖြစ်ကြောင်း ဝန်ကြီးဦးအောင်မင်းက ပြောသည်။

နိုဝင်ဘာ ၂၇ ရက်တွင်စတင်ကျင်းပနေသော KNU အမျိုးသားကွန်ဂရက်တွင် ခုနစ်ယောက်မြောက် KNUဥက္ကဋ္ဌအဖြစ် ဗိုလ်မှူးချုပ်မူးတူးစေးဖိုး ၊ အထွေထွေအတွင်းရေးမှူးအဖြစ် ယခင် အထွေထွေအတွင်းရေးမှူး နော်စီဖိုးရာစိန်ကရွေးချယ်ခံရသည်။ **စာ(၁၂)သို့**




AIR KBZ
FLYING BEYOND EXPECTATIONS
AIR KBZ Family wishes you a
Merry Christmas & a
Happy New Year 2013!
AIR KBZ Limited
33-49, Corner of Bank Street & Maha Bandoola Garden Street
Kyauktada Township, Yangon 11182, Myanmar
Office: +95 (01) 372977-80, 373774-76, Reservation +95 (01) 373766
Facsimile +95 (01) 372983, Email info@airkbz.com.mm
www.airkbz.com www.facebook.com/AIRKBZ


သားအိမ်ခေါင်းကင်ဆာကာကွယ်ရန်မှာ
မိန်းကလေးတိုင်းအတွက်ပါ
ကျွန်မတို့အားလုံး
သားအိမ်ခေါင်းကင်ဆာကို
ကာကွယ်ထားကြပါတယ်
အာရှတွင် သားအိမ်ခေါင်းကင်ဆာကြောင့်
(၄) မိနစ်တိုင်း အမျိုးသမီးတစ်ဦး သေဆုံးနေရပါတယ်
သားအိမ်ခေါင်းကင်ဆာကာကွယ်ရန် နီးစပ်ရာဆရာဝန်နှင့် တိုင်ပင်ပါ။
(ဥပမာ – ကာကွယ်ဆေးထိုးခြင်း)
Reference
Globocan 2002 http:// www.dep.iarc.fr. last accessed 12th March 2007.
gsk
GlaxoSmithKline
01-211594


DRINK More! GR WIN More!
LUCKY $ MONEY
DRAW
OCTOBER 2012 - JANUARY 2013
စားသုံးသူများအတွက်
ငွေကျပ်သိန်းလေးရာ
ငွေကျပ်သိန်းသုံးရာ
ငွေကျပ်သိန်းနှစ်ရာ
ဆိုင်ရှင်များအတွက်
ငွေကျပ်သိန်းတစ်ရာ
ငွေကျပ်သိန်းရှစ်ဆယ်
ငွေကျပ်သိန်းငါးဆယ်
Gold Roast
MDG
MYANMAR DISTRIBUTION GROUP

7 DAY NEWS JOURNAL
Vol.11, No.42 • DECEMBER 27 , 2012

# သမ္မတဦးသိန်းစိန် သီပေါမင်းအုတ်နန်းပြာသာဒ်သို့ သွားရောက်သည့် ပထမဆုံး နိုင်ငံ့ခေါင်းဆောင်တစ်ဦးဖြစ်လာ

ဖွဲ့ညက်၊ ခန့်ထက်

ရန်ကုန်၊
ဒီဇင်ဘာ-၂၄

မြန်မာနိုင်ငံ၏ ခေါင်းဆောင်များအနက် လက်ရှိသမ္မတကိုယ်တိုင် အိန္ဒိယနိုင်ငံ ရတနာဂီရိမြို့ရှိ သီပေါမင်း၏စံအိမ်တော်နှင့်အုတ်နန်းပြာသာဒ်တို့ကို ပထမဆုံးအကြိမ်အဖြစ် သွားရောက်ဆုတောင်းမေတ္တာပို့သခြင်းသည်အနွယ်တော်များ၏ဆန္ဒစတင်အကောင်အထည်ပေါ်လာကြောင်း သီပေါမင်း၏မြစ်တော် ဦးစိုးဝင်းကပြောသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဒီဇင်ဘာ ၂၂ ရက်တွင် သီပေါမင်းနှင့် မိဖုရားငယ် ရမည်းသင်း စုဖုရားကလေးတို့၏ အုတ်နန်းပြာသဒ်နှင့် ပထမသမီးတော်၏ အုတ်နန်းပြာသာဒ်တို့တွင် ပန်းခွေချပြီး ဆုတောင်းမေတ္တာပို့သခဲ့သည်။

အနွယ်တော်များ၏ ဆန္ဒဖြစ်သော ရတနာဂီရိမြို့ရှိ သီပေါဘုရင်နှင့်ကျန်အရိုးအိုးများကိုမြန်မာနိုင်ငံသို့ပြန်လည်သယ်ဆောင်ရန် လွှတ်တော်၌ သမိုင်းစာရေးဆရာ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဆွေ(ထားဝယ်)က အဆိုတင်သွင်းခဲ့သည်။

အထက်ပါဆန္ဒကိုအကောင်အထည်ဖော်ရန် မိဖုရားခေါင်ကြီး စုဖုရားလတ် လက်ထက်မှ စတင်ကြိုးစားခဲ့ပြီး စတုတ္ထမျိုးဆက်ရှိပြီဖြစ်သော ယခုအချိန်တွင် မိသားစုဝင်များ၏ အရိုးအိုးများကို ပြန်လည်သယ်ဆောင်ရန်အတွက် ပထမဆုံးအခွင့်အလမ်းပေါ်ထွက်လာခြင်းဖြစ်ကြောင်းမြစ်တော်ဖြစ်သူ ဦးစိုးဝင်းက ဆက်လက်ပြောသည်။

ဦးစိုးဝင်းက ယခုစတုတ္ထမျိုးဆက်တွင် အရိုးအိုးများအား ပြန်လည်သယ်ဆောင်ရန် ၁၉၉၃ ခုနှစ်က သွားရောက်ခဲ့ရာ သီပေါမင်း၏အုတ်နန်းပြာသာဒ်၌အကာအရံမရှိသည့်အပြင် ချုံနွယ်များ ပေါက်နေသည်ကို ဝမ်းနည်းဖွယ်ရာ တွေ့ရှိခဲ့ရပြီး ယခုအခါ ပြန်လည်ပြုပြင်မွမ်းမံမှုများ ပြုလုပ်ထားသည်ကိုတွေ့ခဲ့ရသည်ဟုပြောသည်။

အထက်ပါကဲ့သို့ ပြုပြင်မွမ်းမံမှုများပြုလုပ်ထားခြင်းသည် နိုင်ငံတော်သမ္မတကြီး၏ နှစ်နိုင်ငံချစ်ကြည်ရေး ဆောင်ရွက်မှုများ တိုးမြှင့်လာမှုကြောင့် အိန္ဒိယအစိုးရအနေဖြင့် ပြုလုပ်ပေးခဲ့ခြင်းဖြစ်ကြောင်း ၎င်းက သုံးသပ်သည်။

ဦးစိုးဝင်းသည် ဒီဇင်ဘာ ၂၂ ရက်၌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ သီပေါမင်းအုတ်နန်း ပြာသာဒ်နှင့်စံအိမ်တော်တို့သို့လေ့လာရေးခရီးစဉ်၌ ပါဝင်ခဲ့သည်။



သီပေါဘုရင်စံအိမ်တွင် ဘုရင်ဓာတ်ပုံနှင့်အတူအမှတ်တရဓာတ်ပုံရိုက်ကူးနေသည့် သမ္မတဦးသိန်းစိန် ဓာတ်ပုံ-AFP

# လေယာဉ်ဖြတ်သန်းမှု နှစ်ဆခန့်မြင့်တက်လာခြင်းကြောင့် လေကြောင်းလမ်းညွှန်ကိရိယာများ တိုးချဲ့တပ်ဆင်မည်

ခန့်ထက်

ရန်ကုန်၊
ဒီဇင်ဘာ-၂၄

ပြည်ပမှ လေယာဉ်များဖြတ်သန်းမှု နှစ်ဆခန့် များပြားလာသောကြောင့် လေကြောင်းလမ်းညွှန်ဆက်သွယ်ရေးစက်များ တိုးချဲ့တပ်ဆင်ရန်အတွက် နေရာသုံးနေရာ၌ လျာထားသည်ဟု လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ သတင်းရရှိသည်။

လေကြောင်းလမ်းညွှန်ဆက်သွယ်ရေးစက်များ တပ်ဆင်ခြင်းဖြင့် မြန်မာ့လေပိုင်နက်အတွင်း ဖြတ်ကျော်ပျံသန်းသော ပြည်ပမှ လေယာဉ်များအတွက်အထောက်အကူများစွာရရှိပြီး ဝေဟင်၌လေယာဉ်အချင်းချင်း မတော်တဆထိခိုက်မှုများမှ ကင်းဝေးနိုင်မည်ဖြစ်သည်။

မြန်မာ့လေပိုင်နက်အတွင်း ပုံမှန်ဖြတ်သန်းသည့် လေယာဉ်များမှာ ယခင်က နေ့စဉ်အစင်း ၂၅၀ မှ ၃၀၀ ကြားရှိရာမှ ယခုအခါ အစင်း ၅၀၀ ကျော်အထိရှိပြီး ပုံမှန်ဖြတ်သန်းမှု မဟုတ်သော လေယာဉ်အစင်းငါးစင်းခန့်မှ ၃၀ စင်းအထိရှိလာသည်ဟု ဒီဇင်ဘာ ၁၈ ရက်ထုတ်နိုင်ငံပိုင်သတင်းစာ၌ ဖော်ပြသည်။

အဆိုပါလေကြောင်း အထောက်အကူပြုစနစ်အားဖြစ်နိုင်ပါက မြန်မာနိုင်ငံ၏ လေယာဉ်ကွင်းတိုင်းတွင် ထားရှိသင့်ပြီး အဆိုပါ စနစ်ကြောင့် မိုးတွင်းနှင့် ဆောင်းတွင်းတို့တွင် လေယာဉ်မောင်းနှင်ရသည်မှာ ပိုမိုအဆင်ပြေသွားမည်ဖြစ်ကြောင်း မြန်မာ့လေကြောင်းမှ လေယာဉ်မှူး ဦးသန်းထွေးက ပြောသည်။

တိုးချဲ့တပ်ဆင်ရန် လျာထားချက်အား ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)ကလည်း အကူအညီများ ပေးအပ်သွားမည်ဟု အဆိုပါအဖွဲ့အစည်းမှ သတင်းရရှိသည်။

"ကျွန်တော်တို့က လေကြောင်းနဲ့ပတ်သက်ရင် လုံခြုံရေးနဲ့ အန္တရာယ်ကင်းရှင်းရေးတို့အတွက် အဓိကထောက်ပံ့ပေးဖို့ ရှိပါတယ်" ဟု ယင်းအဖွဲ့အစည်းမှ လေကြောင်းကဏ္ဍ ထောက်ပံ့ရေး၏တာဝန်ရှိသူကိုကျော်ဇောအောင်ကပြောသည်။

လက်ရှိတွင် မြန်မာနိုင်ငံ၌ အဆိုပါလမ်းညွှန်ဆက်သွယ်ရေးစက်များအား ချမ်းမြသာစည်(မန္တလေး)၊ တံတားဦး(မန္တလေး)၊ လားရှိုး၊ ပဲခူး၊ လှည်းကူး၊ ပုသိမ်၊ ထားဝယ်နှင့် နေပြည်တော်တို့တွင် တပ်ဆင်ထားပြီး တိုးချဲ့မှုအဖြစ် ဟဲဟိုး၊ ညောင်ဦး၊ သံတွဲ ဒေသများတွင် လျာထားသည်ဟု လေကြောင်းညွှန်ကြားမှုဦးစီးဌာန ဒုညွှန်ကြားရေးမှူး ဦးစိုင်းဝင်းမြင့်က ပြောသည်။



7 DAY NEWS JOURNAL
Vol.11, No.42 • DECEMBER 27 , 2012

## ၂၀၁၂ ဒီဇင်ဘာ ၂၆မှ ၂၀၁၃ ဇန်နဝါရီ ၁ ရက်ထိ
## မိုးလေဝသနှင့် ဇလဗေဒ ခန့်မှန်းချက်

### ဘင်္ဂလားပင်လယ်အော် မုန်တိုင်းအခြေအနေ

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းမှာမုတ်သုံလေဦး ဆက်လက်တည်ရှိနေနိုင်ပြီး လေဖိအားနည်း ရပ်ဝန်းများ တန်းစီဖြစ်နိုင်သော်လည်းမုန်တိုင်းဖြစ်လာရန် အခြေအနေမရှိနိုင်ပါ။ ကပ္ပလီပင်လယ်ပြင် တောင်ပိုင်းနဲ့ ယင်းနှင့်ဆက်စပ်နေသော ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနိုင်ပြီး လေထုမငြိမ်မသက် ဖြစ်ပေါ်နိုင်တယ်။ ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနိုင်ပါတယ်။

### မုန်တိုင်းဖြစ်ပေါ်နိုင်မှု အခြေအနေ

လာမယ့် ရက်သတ္တပတ်အတွင်း တောင်တရုတ်ပင်လယ်ပြင်၊ ဖိလစ်ပိုင်နိုင်ငံ အရှေ့ဘက်ပင်လယ်ပြင်နဲ့ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းမှာမုန်တိုင်းငယ်များဖြစ်ပေါ်နိုင်တဲ့အခြေအနေတွေရှိနိုင်ပါတယ်။ မုန်တိုင်းဖြစ်ပေါ်ဖို့ အလားအလာများ သတိထားရန် လိုသော်လည်း မြန်မာနိုင်ငံအတွက် စိုးရိမ်ရန်မရှိပါ။

### မြန်မာ့ပင်လယ်ပြင်အခြေအနေ

ရခိုင်ကမ်းရိုးတန်းနဲ့ ကမ်းလွန်ပင်လယ်ပြင်မှာတို့မှာ လှိုင်းအနည်းငယ်ရှိနိုင်ပြီး လှိုင်းအမြင့် ၁ ပေမှ ၂ ပေခန့်ရှိနိုင်တယ်။ မြစ်ဝကျွန်းပေါ်၊ မွန်-တနင်္သာရီကမ်းရိုးတန်းနဲ့ ကမ်းလွန်ပင်လယ်ပြင်တို့မှာ လှိုင်းအသင့်အတင့်ရှိနိုင်ပြီး လှိုင်းအမြင့် ၃ ပေမှ ၄ ပေခန့် ရှိနိုင်ပါတယ်။

### မိုးရွာသွန်းမှုအခြေအနေ

ပြီးခဲ့တဲ့ ဒီဇင်ဘာ ၁၅ရက်မှ ၂၁ရက်အထိ ရက်သတ္တတစ်ပတ်အတွင်းမှာ မြန်မာနိုင်ငံအရှေ့တောင်ပိုင်းစွန်း တနင်္သာရီတိုင်း တောင်ပိုင်းမှာ မိုးအနည်းငယ် ရွာသွားခဲ့ပြီး ရက်သတ္တတစ်ပတ်အတွင်း မိုးရေချိန် ၃၀ မီလီမီတာ(၁ ဒသမ ၂ လက်မ) ခန့် ရွာသွန်းခဲ့ပြီး ကျန်ဒေသတွေမှာတော့ သာယာ နေခဲ့ပါတယ်။

### မိုးရွာသွန်းနိုင်မှု ခန့်မှန်းချက်

ချင်းပြည်နယ်နဲ့ စစ်ကိုင်းတိုင်းတို့တွင် သာယာနိုင်ပြီး ကျန်တစ်ပြည်လုံးတွင် တိမ်အနည်းငယ်မှ အသင့်အဆင့်ဖြစ်ထွန်းနိုင်ပါတယ်။ ရောဝတီတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ ရှမ်းပြည်နယ်တောင်ပိုင်းနဲ့အရှေ့ပိုင်း၊ ကယားပြည်နယ်၊ မွန်ပြည်နယ်နဲ့တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ရွာနိုင်ပါတယ်။ ရွာရန် ၃၀ ရာခိုင်နှုန်း ရှိပါတယ်။

### ညအပူချိန်များ

မြန်မာနိုင်ငံ အထက်ပိုင်းဒေသများမှာ ညအပူချိန်များ ကျဆင်းနိုင်ပြီး အထူးသဖြင့် ကချင်ပြည်နယ်မြောက်ပိုင်းနဲ့ ရှမ်းပြည်နယ်မြောက်ပိုင်းတို့မှာ အရှေ့မြောက် လေအေးများ တိုးဝင်လာမှုကြောင့် ညအပူချိန်များ ၁၀ဒီဂရီစင်တီဂရိတ်အောက် ကျဆင်းနိုင်ပါတယ်။ ကျန်ဒေသများမှာ ပုံမှန်ခန့်ရှိနိုင်ပါတယ်။

ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနဲ့ ရှမ်းပြည်နယ်တွေမှာ နေ့အပူချိန်တွင် လျော့နည်းနိုင်ပါတယ်။ ရခိုင်ပြည်နယ်မြောက်ပိုင်း၊ ချင်းပြည်နယ် တောင်ပိုင်းနဲ့ တနင်္သာရီတိုင်း မြောက်ပိုင်းတို့မှာ နေ့အပူချိန်များ ပုံမှန်ထက်ပိုနိုင်ပါတယ်။ ကျန်တစ်ပြည်လုံးတွင်ဖြစ်မြဲခန့်သာ ရှိနိုင်ပါတယ်။

### တောင်တရုတ်ပင်လယ်ပြင် အခြေအနေ

တောင်တရုတ်ပင်လယ်ပြင်တွင် မုန်တိုင်းဖြစ်ရန် အခြေအနေရှိနိုင်ပါတယ်။ အရှေ့လေပွေလှိုင်းကြောင့် မြန်မာနိုင်ငံတောင်ပိုင်း တွင် မိုးရွာသွန်းမှု ရှိနိုင်ပါတယ်။

**ဒေါက်တာထွန်းလွင်**

# ကြံ့ခိုင်မှုအားနည်း၍ တက်ရောက်ခွင့်ပိတ်ထားသည့် ပုဂံဘုရားများအနက် ငါးဆူကို ပြန်ခွင့်ပြုဖွယ်ရှိ

**နိုင်ချို**

**ရန်ကုန်၊ ဒီဇင်ဘာ-၂၀**

ယခုနှစ်အတွင်း ကြံ့ခိုင်မှုအားနည်း၍ တက်ရောက်ကြည့်ရှုရန် ပိတ်ထားသည့် ပုဂံဘုရားများအနက် ငါးဆူကို ပြန်လည်ဖွင့်ပေးရန် ဧည့်လမ်းညွှန်များက တောင်းဆိုထားကြောင်း သတင်းရရှိသည်။

နေဝင်ချိန်၊ နေထွက်ချိန်များနှင့် ရှုခင်းများကိုကြည့်ရှုနိုင်သော ရွှေဟောင်းကြီး၊ မင်္ဂလာစေတီ၊ စူဠာမဏိ၊ တောင်ဂူနီ၊ မြောက်ဂူနီ ဘုရားများအား ပြန်လည်ဖွင့်ပေးနိုင်ရန် စီစဉ်လျက်ရှိကြောင်း ပုဂံယဉ်ကျေးမှုဇုန်မှ သိရသည်။

"အဲဒီဘုရား ငါးဆူပြန်ဖွင့်ဖို့ကိစ္စ ကျွန်တော်တို့ အမှုဆောင်အစည်းအဝေးမှာ ခွင့်ပြုပေးဖို့ တင်ပြထားတုန်းပဲ ရှိပါသေးတယ်" ဟု ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်း သုတေသနဦးစီးဌာနမှ ညွှန်ကြားရေးမှူးဦးမျိုးညွန့်က ပြောသည်။

ကြံ့ခိုင်မှုအားကောင်းသည့် ဘုရား၊ စေတီ အချို့အားပြန်လည်ဖွင့်ပေးရန် ဧည့်လမ်းညွှန်များအသင်းက သက်ဆိုင်ရာသို့ စာတင်၍တောင်းဆိုခဲ့ကြကြောင်း၊ ပိတ်ထားသော ဘုရားစေတီ ၂၇ ဆူခန့်မှ အထက် ပါ ဘုရားငါးဆူကို ပြန်လည်ဖွင့် ပေးရန် ဝန်ကြီးဌာနသို့ စာတင်ခဲ့ကြောင်း မြန်မာနိုင်ငံ ဧည့်လမ်းညွှန်များအသင်း အတွင်းရေးမှူးတစ်ဦးက ပြောကြားသည်။

"ပုဂံမှာ ရွှေဆံတော်ရယ်၊ ပြဿဒ်ကြီးရယ် နှစ်ဆူပဲ တက်ရောက်ခွင့်ရှိတယ်။ အဲဒီတော့ ညနေခင်း ရှုခင်းကြည့်ဖို့ဆိုရင် အဲဒီဘုရားတွေမှာ လူတွေအုံနေကြတယ်။ ကြာတော့ ဒီဘုရားတွေလည်း ထိခိုက်ပျက်စီးနိုင်တယ်။ ပြန်ဖွင့်ပေးမယ်ဆိုရင် ကောင်းတဲ့ကိစ္စပါ" ဟု ဧည့်လမ်းညွှန်တစ်ဦးဖြစ်သူ ကိုညီညီကပြောသည်။



ဓာတ်ပုံ-ရဲမြေအောင်

**ပြဿဒ်ကြီးဘုရားတွင်ပုဂံညနေခင်း နေဝင်ချိန်ကြည့်ရှုနေကြသူများ**

ရှေးဟောင်းနယ်မြေတွင် အမြင့်မှ နေဝင်ချိန်၊ နေထွက်ချိန်အလှနှင့် ပတ်ဝန်းကျင်ရှုခင်းအလှကို ကြည့်ရှုလေ့လာနိုင်သော ဘုရားစေတီအဆူ ၂၇ ဆူခန့်ရှိပြီး နာမည်ကြီး ဘုရားများကိုနိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်ကပင်ပိတ်ထားခဲ့ခြင်းဖြစ်ပြီး ကျန်ရှိသည့် ဘုရားများအား ယခုနှစ်ဆန်းကပင် ပိတ်ထားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

# တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီဝင် ရှေ့နေ အမှုလိုက်လိုက်ပါဆောင်ရွက်မှုအပေါ် ရှေ့နေအချို့ ပူပန်ဟုဆို

**အေးသူစံ**

**ရန်ကုန်၊**
**ဒီဇင်ဘာ-၁၃**

တရားစီရင်ရေးတွင် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီမှ ရှေ့နေအချို့ အမှုများ လိုက်ပါဆောင်ရွက်နေခြင်းကြောင့် မလိုလားအပ်သော နစ်နာမှုမျိုး ဖြစ်ပေါ်မည်ကို စိုးရိမ်မိကြောင်း အမှုများလိုက်ပါဆောင်ရွက်နေသည့် ရှေ့နေများက ပြောကြားသည်။

မြန်မာနိုင်ငံ၏ တရားစီရင်ရေးကိုတည့်မတ်နိုင်ရန်၊ မလိုလားအပ်သောဥပဒေများပြင်ဆင်ရန်၊ ဖျက်သိမ်းရန်၊ ဥပဒေများ ပြဋ္ဌာန်းရန် စသည့် ရည်ရွယ်ချက်များပါဝင်သည့် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး ကော်မတီကို လွှတ်တော်ကိုယ်စားလှယ်များ၊ ဥပဒေပညာရှင်များဖြင့် ဖွဲ့စည်းပြီး လုပ်ငန်းများ ဆောင်ရွက်နေသည်။

အဆိုပါ ကော်မတီမှာ တရားရုံးများသို့ သွားရောက်စစ်ဆေးသည့် အခွင့်ရှိရာ ယင်းကော်မတီဝင်ထဲမှအချို့ရှေ့နေများကအမှုများလိုက်ပါ ဆောင်ရွက်နေသည့်အတွက် တရားခွင်တရားသူကြီးများမှာ အာဂတိတရား လေးပါးထဲမှဘယာဂတိ(ကြောက်ရွံ့ခြင်းဂတိ)တို့ဖြင့် အမှုများကို ဆုံးဖြတ်စီရင်နိုင်ကြောင်း ရှေ့နေ ရှေ့ရပ်တို့က ထောက်ပြပြောဆိုသည်။ "ဒီကော်မတီက တရားရုံးတွေကို စစ်ခွင့်ရှိနေတယ်။ ဒီတော့ တရားသူကြီးတွေမှာ အနည်းနဲ့အများ ဒီကော်မတီရဲ့ ဖိအားကသက်ရောက်မှု ရှိနေတယ်။ အဂတိတရား လေးပါးထဲက ဘယာဂတိကတရား စီရင်ရေးမှာ အနှောင့်အယှက်ဖြစ်နိုင်ပါတယ်။ ဒီကော်မတီထဲက ရှေ့နေမို့ သူလိုက်တဲ့ အမှုဘက်ကို အသာရသွားတာမျိုးလည်း မဖြစ်စေချင်သလို နစ်နာသွားမှာမျိုးလည်း မဖြစ်စေချင်ဘူး။ ဒါဖြစ်တတ်တဲ့ သဘောလေးတွေပါ"ဟု တရားလွှတ်တော်ရှေ့နေ ဦးဝင်းဆွေဦးက ပြောသည်။

"တရားစီရင်ရာမှာ ဆန္ဒ၊ ဒေါသ၊ ဘယာနဲ့ မောဟလေးမျိုးရှိတဲ့အထဲ ဒီကော်မတီထဲကရှေ့နေ အမှုလိုက်တယ်ဆိုရင် တရားသူကြီးတွေမှာနည်းနည်းတော့ဘယာဂတိဝင်နိုင်တာပဲ"ဟု တရားလွှတ်တော်ရှေ့နေ ဒေါ်ခိုင်ခိုင်လဲ့ကလည်း သူ၏အမြင်ကို ပြောသည်။

ယင်းကိစ္စနှင့်ပတ်သက်၍ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး ကော်မတီအဖွဲ့ဝင်၊ လက်ရှိတွင်လည်း The Voice Weekly, လျှပ်တစ်ပြက်၊ Eleven Media၊ Hot News ၊ ပြည်မြန်မာ စသည့် သတင်းဂျာနယ်များအတွက် အမှုများ လိုက်ပါဆောင်ရွက်နေသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးသိန်းညွန့်က "တရားသူကြီးတွေက သူတို့စံနဲ့သူတို့ ဆုံးဖြတ်တာပဲ။ ကျွန်တော်လိုက်တဲ့ အမှုမပြောနဲ့။ ကျွန်တော့်မိသားစု အမှုတောင် ကျွန်တော့်ဘက်က တင်ပြချက်တွေ အောင်မြင်မှု မရှိသေးဘူး။ Eleven အမှုဆိုရင်တရားလွှတ်တော်တက်တာ ကျွန်တော် အရေးနိမ့်နေတာချည်းပဲ။ ကျွန်တော့်ကိုယ်ရေးကိုယ်တာတောင် အနိုင်မရရင် ကျွန်တော်လိုက်တဲ့ အမှုတွေမှာ ကော်မတီရဲ့ အရိပ်ထိုးခြင်း ဘယ်လိုလုပ်ရှိမလဲ" ဟု ပြောသည်။

ရှေ့နေများ၏တာဝန် အပိုဒ် ၁၀၆ တွင် ရှေ့နေများသည်တစ်ဦးချင်း၏ အကျိုးစီးပွားနှင့် အများအကျိုးစီးပွားယှဉ်လာပါက အများအကျိုးကို ဦးစားပေးရမည်ဟု ဖော်ပြထားပြီး ဖွဲ့စည်းပုံအခြေခံဥပဒေတွင်လည်း လွှတ်တော်ကိုယ်စားလှယ်အဖြစ်ရွေးကောက်ခံရပါက နိုင်ငံ့ဝန်ထမ်းဖြစ်ပါက နုတ်ထွက်ပေးခြင်း (သို့မဟုတ်) အငြိမ်းစားယူခြင်းတို့ ပြုလုပ်နိုင်ကြောင်း ဖော်ပြထားသည်။

ရှေ့နေများ၏ကျင့်ဝတ်တွင်မူ လွှတ်တော်ကိုယ်စားလှယ်ဖြစ်ပါက အမှုလိုက်ခွင့်မရှိဟုဖော်ပြထားခြင်းမရှိသော်လည်း တရားရုံးများကိုစစ်ဆေးနေရသည့် ရှေ့နေများမှပင် အမှုများ လိုက်ပါဆောင်ရွက်ခြင်းမှာ ရှုပ်ထွေးမှု ရှိလာနိုင်ကြောင်း အထက်တန်းရှေ့နေ ဦးခင်ဇော်ကဆိုသည်။

"ရှေ့နေကျင့်ဝတ် ၃၁ မှာ တရားသူကြီးတွေကို ဝေဖန်ပြောဆို ခြင်းမပြုအပ်ဆိုတာပါတယ်။ တစ်ဖက်ကအမှုလည်း လိုက်နေတယ်။ တစ်ဖက်ကလည်း တရားသူကြီးတွေကို လူသိရှင်ကြား ဝေဖန်ပြောဆိုတယ်။ ဘာပဲဖြစ်ဖြစ် တရားရုံးတွေကို သွားပြီး စစ်ဆေးရတယ်ဆိုတဲ့ ကော်မတီက တရားရုံးတွေအပေါ်မှာ ဩဇာလွှမ်းမိုးမှု အနည်းနဲ့ အများတော့ ရှိမှာပဲ" ဟု ၎င်းက သူ၏အမြင်ကို ပြောသည်။

"ကော်မတီမှာ အဖွဲ့ဝင်ဖြစ်နေရင် အကောင်းဆုံးက တော့ အမှုတွေ ဆက်မလိုက်သင့်တော့ဘူးလို့ ကျွန်တော်သဘောရိုးနဲ့ မြင်ပါတယ်။ ဒါ ဘယ်သူ့ကိုမှ ထိခိုက်စေလိုတဲ့ ရည်ရွယ်ချက်မရှိပါဘူး။ တရားရုံးနဲ့ပတ်သက်တာတွေကို အစီရင်ခံစာရေးတင်နေတဲ့ ရှေ့နေတွေကိုယ်တိုင်က အမှုလိုက်နေတော့ တရားရုံးတွေက သူတို့အမှုတွေကို စိုးရိမ်စွာနဲ့ ဆောင်ရွက်နေမှာက ကောင်းတဲ့ အလုပ်တော့ မဟုတ်ဘူးပေါ့"ဟု တရားလွှတ်တော်ရှေ့နေ ဦးအောင်သိန်းက ပြောသည်။

ယင်းကိစ္စနှင့် ပတ်သက်၍ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီမှ အတွင်းရေးမှူး၊တရားလွှတ်တော်ရှေ့နေလည်းဖြစ်သူ ဦးဝင်းမြင့်က "ကျွန်တော်တို့ ကော်မတီဝင်တွေ အမှုလိုက်လို့ တရားရုံးတွေက ဒီလိုဖြစ်ဖို့မလိုပါဘူး။ အဓိကက တရားဥပဒေစိုးမိုးဖို့ပဲ။ ဘက်လိုက်ဖို့လည်း မလိုဘူး။ တရားဥပဒေနဲ့လည်း အညီအမျှလည်း ဖြစ်ရမယ်။ တရားဥပဒေ ပြဋ္ဌာန်းချက်အတိုင်းပဲ ဆုံးဖြတ်စီရင်ရမယ်။ စိုးရိမ်စိတ်နဲ့ ဘက်လိုက်စရာမလိုပါဘူး" ဟု ပြောကြားသည်။ ထို့ပြင် ကော်မတီ၏ ဝိတ်ကိုသုံးပြီး တောင်းဆိုမှုများရှိလာပါက အချိန်မရွေး တိုင်ကြားနိုင်ကြောင်းလည်း ၎င်းကပြောသည်။

၎င်းအနေဖြင့်လည်း အမှုများ မလိုက်ကြောင်း သိရသည်။

# Life

7DAY NEWS JOURNAL

Vol.11, No.42 • DECEMBER 27 , 2012




**အနှံမအောင်တော့သော စပါးလယ်ကွင်းများနှင့် တောင်သူတစ်ဦးကို နိဝင်ဘာလအတွင်းကတွေ့ရစဉ်**

ဓာတ်ပုံ-သင်းရီ

# သီချင်းက မဟောင်းသေးတာလား ခေတ်က မပြောင်းသေးတာလား

▫ သင်းရီ

"ဘယ်အစားလဲလို့ . . မေးခဲ့ကြရင်ဖြင့် . . . လယ်သမားပဲဗျို့ ကျွေးမွေးတဲ့ သခင်တွေ . . စကားပြိုင်ချေ အားပြိုင်ချေ . . အများထက်သာနိုင်ပေ . . ဒို့လယ်သမားတွေ . . လူတို့ဌာနေ အာဟာရဖြန့်ကာဝေ . . ."

လွတ်လပ်ရေးမရမီ သူ့ကျွန်ဘဝစစ်ကြိုခေတ်က ခေတ်စားခဲ့သော ခေတ်ဟောင်း သီချင်းတစ်ပုဒ်ဖြစ်သည်။ ဒဂုံဆရာတင် ရေးပြီး အဆိုတော် မောင်ပွကြီးက သီဆိုခဲ့သည်။ လယ်သမားတွေကို အာဟာရကျွေးဇူးရှင်များအဖြစ် ဂုဏ်ပြု စပ်ဆိုခဲ့သည့် "ဒို့လယ်သမား" သီချင်းဖြစ်၏။ သီချင်းထဲတွင်ပါသည့် စာသားတွေကလည်း လယ်သမားများနှင့် ပီဘိထိုက်တန်သော စာသားတွေဖြစ်လေသည်။

သို့သော်လယ်သမားတို့ဘဝကဓားမနောက်ပိတ်ဓားခွေးဆိုသကဲ့သို့ပင် နောက်တန်းအောက်တန်းမှာသာ နေခဲ့ကြရသည်။ သူ့ကျွန်ဘဝအခါတုန်းကလည်း အင်္ဂလိပ်တို့ တင်သွင်းလာသည့် ချစ်တီးတို့လက်တွင် လယ်သိမ်း ယာသိမ်း လှည်းသိမ်း . . . နောက်ဆုံး သမီးကိုပါ အသိမ်းပိုက်ခံရသည့် ဘဝမျိုးတွေနှင့်သာ ကြုံခဲ့ကြရသည်။ ထို့ကြောင့်ပင် ထန်းတစ်ပင် လယ်သမား အရေးအခင်းလို၊ ဆရာစံ ဦးဆောင်သည့်တောင်သူလယ်သမား အရေးတော်ပုံကြီးတွေလို အုံကြွတော်လှန်မှုကြီးများ ပေါ်ပေါက်လာခဲ့ကြရသည်။

လွတ်လပ်ရေးရခဲ့ကာ ကိုယ့်မင်းကိုယ့်ချင်းနှင့် ဒီမိုကရေစီဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနှင့် ၁၀ နှစ်တာ ဒီမိုကရေစီ အမြည်းအစမ်းကာလ အချိန်အခါတွင်လည်း စိုက်ပျိုးရေးကို အခြေခံသည့် မြန်မာနိုင်ငံ၏ အဓိကလူတန်းစားဖြစ်သည့် လယ်သမားတို့ ဘဝက အသက်ဝဝ ရှူနိုင်လာသည့်တိုင် ရှေ့တန်းသို့မူ ရောက်မလာခဲ့သေး။

၁၉၆၂ တွင် စစ်တပ်မှ အာဏာသိမ်းကာ ဆိုရှယ်လစ်အရေခြုံခဲ့သည်တိုင် ဆိုရှယ်လစ်စနစ်၏ အဓိကအခြေခံလူတန်းစားဖြစ်သည့် အလုပ်သမား၊ လယ်သမားတို့၏ဘဝက ဖွတ်သထက်ညစ်၊ နစ်သထက်ကျွံဘဝတွင်သာ ငုတ်ရိုက်ထားသလို အနည်ထိုင်ခဲ့ကြရလျက် ရေပေါ်ဆီ အာဏာရှင်တို့သာ ပြောင်ပြောင်ရောင်ရောင်ရှိခဲ့ကြသည်။ သို့နှင့်ပင် ၂၆ နှစ်အကြာ၌ ကျောင်းသားများက ဦးဆောင်ကာ နိုင်ငံနှင့်အဝန်းမှ တောင်သူလယ်သမားအများစုကြီး ပါဝင်ဆင်နွှဲသော တစ်ပါတီအာဏာရှင်စနစ်ဖြုတ်ချရေး ၁၉၈၈ ဩဂုတ်လ ၈ ရက် ပြည်သူ့အရေးတော်ပုံကြီး ပေါ်ပေါက်လာခဲ့ရသည်။

လွတ်လပ်စွာ ပြောဆိုရေးသား ထုတ်ဖော် ကိုးကွယ် စိုက်ပျိုးသိုလှောင် ရောင်းချပိုင်ခွင့်များကို အခြေခံသည့် ဒီမိုကရေစီစနစ်ကို တောင်းဆိုခဲ့ကြသည်။

သို့သော် ဒီမိုကရေစီကြက်ဦးမတွန်နိုင်သေးမီမှာပင် စစ်အုပ်ချုပ်ရေး၏ အကြွင်းမဲ့ အာဏာနှင့်အတူ ပါလာသည့် ခရိုနီ များ၏ လက်ဝယ်တွင် လယ်သမားတို့၏ လယ်ယာမြေတို့ စိတ်ရှိတိုင်း ခြယ်လှယ်ခံခဲ့ကြပြန်၏။ လယ်လုပ်သူလယ်မပိုင်ဘဲ လယ်လုပ်ပိုင်ခွင့်သာရှိသည့် ဥပဒေက လယ်သမားတို့အား ကယ်သူမဲ့ဘဝသို့သာ တွန်းပို့ခဲ့လေသည်။

သို့သော် ထုသားပေသားရနေသည့် လယ်သမားတို့အဖို့ကား လက်ဝယ်ရှိနေသမျှသေးသော လယ်ကလေးတွေကို လုပ်ပိုင်ခွင့်ရနေသေးသည်ကိုပင် နတ်သိကြားပေးသည့်ဆုလာဘ်တစ်ခုနှယ်ဝမ်းမြောက်ဝမ်းသာ ဖြစ်လို့မဆုံးနိုင်ကြ။ ထွန်တုံး ထွန်တံနှင့် မြေကြီးလက်ဆုပ် လုပ်ပိုင်ခွင့်လေးရှိနေသေးလျှင်ပင် နေပျော်သည့်ဘဝတစ်ခုကို ပိုင်ဆိုင်နေရခြင်း ဖြစ်သည်ဟုတွေးမြင်ခံစားတတ်ကြသူများ ဖြစ်လေ၏။

နှစ်စဉ်နှစ်တိုင်း တန်ဆောင်မုန်း၊ နတ်တော်ဆို တစ်မျှော်တစ်ခေါ် လယ်ကွင်းပြင်ကြီးက နံနက်စောစော ဆောင်းနေခြည်အောက်တွင် ကြည့်လိုက်တိုင်း ဝင်းထိန်နေတတ်သည်။ နှင်းမှုန်ဖွေးဖွေးလေးတွေ ခိုသီးရွှဲစိုနေသော စပါးနှံတွေက အိတွဲငိုက်ကျနေလိုက်လို့ . . ။ မြောက်လေဖြူးဖြူးမှာ ဘယ်ညာယိမ်းကလို့ . . . ။


**စာ(၃၀)သို့**




## ငါးခြောက် ကစော့သီး ဆီပြန်



ဒီတစ်ပတ် ဝိုက်ဖီက ငါးခြောက်ကြိုက်တဲ့ ပရိသတ်ကြီးအတွက် ကြော်တာ၊ ဖုတ်တာတွေပဲ မစားဘဲ ပုံစံသစ်နဲ့ စားနိုင်အောင် ပြင်ဆင်ချက်ပြုတ်ထားပါတယ်။

ခရမ်းကစော့သီးနဲ့ငါးကွင်း ရှပ်ခြောက်ကို ခရမ်းချဉ်သီး ငရုတ်သီးစိမ်းနဲ့ ဆီပြန်ချက်ထားတာပါ။ ပထမဆုံးတော့ ငါးခြောက်အသားလေးတွေကို ခပ်သေးသေးလေးတွေတုံးပြီး ခရမ်းချဉ်သီး (ကိုင်းသီးဆိုပိုကောင်း)နဲ့ ဆီပြန် ချက်ပါမယ်။ ငါးခြောက်နူးသွားမှ အလယ်ကနေ ထက်ခြမ်းခြမ်းထားတဲ့ ခရမ်းကစော့သီးလေးတွေကို ထည့်ပါမယ်။ ရေလေး နည်းနည်းထည့်ပေးဖို့လိုပါတယ်။ ရေထည့်ပြီး ခဏအုပ်ထားလိုက်မှ ကစော့သီးက နူးမှာပါ။ တကယ်လို ငါးခြောက်ချက်တဲ့အချိန်မှာ ရေကျန်နေရင်တော့ ရေထပ်မထည့်တော့ဘဲ ကစော့သီးပဲထည့်အုပ်လိုက်လို့ရပါတယ်။ ကစော့သီးနူးပြီး ဆီပြန်လာတဲ့အခါထောင်းထားတဲ့ ငရုတ်သီးစိမ်းကို ကြိုက်သလောက် ထည့်အုပ်၊ နည်းနည်းမွှေပေးပြီး ချလို့ရပါပြီ။ ငါးခြောက်ကစော့သီးဆီပြန်ဟင်းလေးကိုကြိုက်နှစ်သက်လိမ့်မယ်လို့ ဝိုက်ဖီက မျှော်လင့်ပါတယ်။




7 DAY NEWS JOURNAL
Vol.11, No.42 • DECEMBER 27 , 2012



ဓာတ်ပုံ-ထက်ပိုင်ဖြိုး(၇ဝန)

# စည်းကမ်းချက်များနှင့်အတူ

ဥက္ကာကိုကို

"စက်ရုံအတွင်း ကွမ်းတံထွေး မထွေးရ၊ ပါးရိုက်မည်ဟူသော ခပ်ကြမ်းကြမ်း၊ အမိန့်ဆန်ဆန် စည်းကမ်းချက်များမှစ၍ "သင်ကောင်းလျှင် ကျွန်ုပ်မဆိုးပါ" ဟူသော ဆောင်ပုဒ်အလယ် "သတိ၊ ခွေးရှိသည်"ဟူသော သတိ ပေးသံအဆုံး မြန်မာနိုင်ငံ၏နေရာအနှံ့တွင် စည်းကမ်းချက်များ၊ ဆောင်ပုဒ်များ၊ သတိပေးစာများဖြင့် ပြည့်နှက်လျက် ရှိပါသည်။

သတိပေးခြင်း၊ စည်းကမ်းထုတ်ခြင်းများသည် ဆောင်ပုဒ်တစ်ခုအသွင် စာတန်းများအဖြစ် ထွက်ပေါ်လာလေ့ရှိသည်။ ထိုအရာများကို မိမိအိမ်ရှေ့မှစကာ နေရာအနှံ့ မြင်တွေ့နိုင်ပါသည်။ တချို့သော စာတန်းများက ယဉ်ကျေးစွာ၊ တချို့သော စာတန်းများက ရိုင်းပျစွာ၊ တချို့သော စာတန်းများက ပုံမှန်သာစသဖြင့် မိမိပြောလိုသော အဓိပ္ပာယ်တစ်ရပ်ကို သရုပ်ဖော်ထားကြလေ့ရှိသည်။

ထိုစာတန်းများ၊ စည်းကမ်းချက်များသည် မည်သည့်အတွက်ကြောင့် လူမြင်ကွင်းထဲသို့ ပေါ်များပြည့်နှက်စွာ ဝင်ရောက်နေကြပါသနည်း။ မြန်မာနိုင်ငံတွင်သာ မဟုတ်ပါ။ နိုင်ငံရပ်ခြား ဒေသများတွင်လည်း စည်းကမ်းချက်များစွာ ထုတ်ပြန်ထားတတ်ကြသည်။

သို့သော် မြန်မာနိုင်ငံတွင်မူ များပြားသော စည်းကမ်းချက်များနှင့် ရသမြောက်သော ဆောင်ပုဒ်များကို မမြင်ချင် အဆုံး ပိုမိုတွေ့ရှိနိုင်ကြမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံသားတွေက စည်းကမ်းချက်ထုတ်ရတာ သိပ်သဘောကျပုံရသည်။ နေရာတိုင်းလိုလိုမှာ စာတန်းလေးများ လိုက်ကပ်ကြသည်။ သူတောင်းစားက ကပ်သည်။ လက်ဆော့သူကကပ်သည်။ အစိုးရက ကပ်သည်။ သက်ဆိုင်ရာက ကပ်သည်။ အဲသလို လူပေါင်းစုံက စာပေါင်းစုံကို နေရာပေါင်းစုံမှာ လျှောက်ကပ်ထားကြတာ တွေ့ကြရပါမည်။

**တစ်ဖက်သို့**




TRADEMARK CAUTION

Google Inc., a company incorporated in Delaware, USA at 1600 Amphitheatre Parkway, Mountain View, CA 94043 USA is the Owner and Sole Proprietor of the following Trademark:-

YouTube

Reg:No.4/12999/2012

In respect of : Int'l Class 9: Computer software, including software to enable uploading, posting, showing, displaying, tagging, blogging, sharing or otherwise providing electronic media or information over the Internet or other communication's networks.

In respect of : Int'l Class 35: Promotional services on behalf of others; promotional services in the form of online entertainment and education; promotional services in the form of sharing of multimedia content via the Internet and other computer and communications networks; advertising services.

In respect of :Int'l Class 38: Broadcasting services; webcasting services; electronic communication services; transmission of information, text, code, messages, data and content via the Internet and other computer and communications, wireless and mobile networks; providing online forums, chat rooms, journals, blogs, and list servers for the access and transmission of messages, comments and multimedia content among users.

In respect of : Int'l Class 41: Entertainment services; educational services; providing a video sharing portal for entertainment and education purposes; digital video, audio, and multimedia publishing services.

In respect of : Int'l Class 42: Computer related services; internet-related services; application provider services (ASP); providing access to non-downloadable software; providing access to non-downloadable software to enable uploading, down loading, capturing, posting, showing, editing, playing, streaming, viewing, previewing, displaying, tagging, blogging, sharing, manipulating, distributing, publishing, reproducing, or other-wise providing electronic media, multimedia content, videos, movies, pictures, images, text, photos, games, user-generated content, audio content, and information via the Internet and other computer and communications networks; providing access to non-downloadable software to enable sharing of multimedia content and comments among users; providing access to non-downloadable software to enable content providers to track multimedia content; hosting multimedia content for others; hosting multimedia entertainment and educational content for others.

Fraudulent imitation or unauthorized use of the said Trademark shall be dealt with according to law.

U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myintadvocate@mptmail.net.mm
www.mipadvocate.com
Ph:371990 27.Dec.2012

# စည်းကမ်းချက်များနှင့်အတူ မှ

စည်းကမ်းများစွာ၊ စာရွက်ပေါင်းများစွာ လူမြင်ကွင်းရှေ့ ထွက်ပေါ်လာရခြင်းမှာ စည်းကမ်းမဲ့သူတွေ များလာသောကြောင့် ဖြစ်နိုင်သည်။ လူရှိန်အောင်လက်ဆော့သူတွေ များလာတာလည်း ဖြစ်နိုင်သည်။ ထိုစာများတွင် ရသလေးတွေလည်း ပါနေတာကိုလည်း တွေ့မြင်ရသည်။ တချို့စာတွေက ဖတ်ပြီးပြုံးရသည်။ တချို့စာတွေက ရယ်မောရသည်။ တချို့က မခံချိမခံသာဖြစ်စေရသည်။ တချို့ကတော့ ဒေါသထွက်စရာ ဖြစ်ရသည်။

သစ်တောဝန်ကြီးဌာနက သစ်တောကြိုးဝိုင်းများတွင် ကပ်ထားသော ဆိုင်းဘုတ်ငယ်များကို မြင်ဖူးကြမည်။ "သစ်တစ်ပင်ခုတ်၊ ထောင်သုံးနှစ်"တဲ့။ ဂျာနယ်တစ်စောင်ထဲမှာ ပါခဲ့သော ကာတွန်းတစ်ပုဒ်ကို သတိရသွားသည်။ "သစ်တစ်ပင်ခုတ်ထောင်သုံးနှစ်တဲ့. . . တစ်တောလုံးခုတ်တော့ သူဌေးဖြစ်ရော"ဟူ၍။ သရော်မှုလေးထဲမှာ စဉ်းစားစရာတွေ အများကြီးပါလာသည်။

ထိုမှဆက်၍ စဉ်းစားကြည့်ပါလျှင် စည်းကမ်းသတ်မှတ်ချက်များကို ဘေးမှာချိတ်ကာ ကိုယ့်စိတ်ကြိုက်ပြုမူ နေကြသူများကို တွေ့လာရမည် ဖြစ်သည်။

"ဆေးလိပ်မသောက်ရ"ဆိုသည့်ကားပေါ်က စာတန်းအောက်မှာ ယာဉ်မောင်းသူတစ်ဖွာ၊ စပယ်ယာ တဖွာဖြင့် ငြိမ့်ငြိမ့်လေး မောင်းနှင်နေကြတာကိုလည်း တွေ့ဖူးကြပါမည်။

"ကွမ်းတံတွေးမထွေးရ" ဆိုသည့်ဆိုင်းဘုတ်ကလေးခမျာ ကွမ်းတံတွေးများဖြင့် ကြပက်ခံထားရသည်ကို တွေ့ဖူးကြပါမည်။

"အမှိုက်မပစ်ရ"ဆိုသည့် ဆိုင်းဘုတ်ယိုင်နဲ့နဲ့ကလေးက အမှိုက်ပုံကြီးကြားမှ သနားစဖွယ် ထိုးထွက်နေသည်ကို မြင်ဖူးကြပါမည်။

"ခရီးသည်များ၏ အသက်သည် သင့်လက်ထဲတွင်ရှိသည်"၊ "သင်နှင့်သင့်မိသားစုက ဘေးမသီ ရန်မခဘဲ အိမ်ပြန်လာချိန်ကိုစောင့်မျှော်နေသည်ကို သတိရပါ" ဟူသည့် စာတန်းကို ရှေ့မှာကပ်ပြီး ဘတ်စ်ကားပြိုင်ပွဲများ ပြုလုပ်နေကြသည်ကို အသည်းတယားယားဖြင့် စီးဖူးကြပါလိမ့်မည်။

အကြောင်းပြချက် အရာမှာလည်း မရိုးကြပါပေ။ မြန်မာစကားကလည်း ခပ်ရှုပ်ရှုပ်ဆိုတော့အဆင်ပြေနေကြပါသည်။ အမှိုက်မပစ်ရ ဆိုသောကြောင့် မပစ်ကြ။ အသာအယာပင် စနစ်တကျစုပုံခဲ့ကြသည်။

ဆူးလေမီးပွိုင့်မှာ "ဤနေရာမှ လမ်းဖြတ်မကူးရ၊ ဂုံးကျော်တံတားပေါ်မှ ကူးပါ"ဆိုသည့်ဆိုင်းဘုတ်ကို ခပ်တည်တည်ခွကာ အတင်းဖြတ်ကူးနေကြသူတွေကို မော်တော်ပီကယ်တွေက ခရာတရွှီးရွှီးမှုတ်ပြီး လိုက်တားကြရရှာသည်။ ခုနောက်ပိုင်းတော့ ယာဉ်စည်းကမ်းထိန်းသိမ်းရေးကကားကြီးတွေပေါ် အတင်းတက်ခိုင်းနေသောကြောင့် စည်းကမ်းမဲ့လမ်းဖြတ်ကူးမှုများ လျော့သွားသည်။ စားသောက်ဆိုင် အဝတွေမှာ စာတန်းလေးတွေ ကပ်ထားသည်။ "အလှူခံမဝင်ရ"ဟု။

တစ်ခါက ကြုံဖူးသည်။ အဘွားကြီးတစ်ယောက် တုန်ချည့်ချည့်ဖြင့် ဝင်ရောက်တောင်းရမ်းသည်။ ဆိုင်ရှင်က အော်ထုတ်သည်။

"အလှူခံမဝင်ရလို့ ရေးထားတာ မမြင်ဘူးလား"

"အဘွားက စာမဖတ်တတ်လို့ပါကွယ်"တဲ့။ ဆိုင်ရှင်ဘာပြောရမှန်းမသိ။

အဲ့သည်လို စာမဖတ်တတ်သူတွေက စည်းကမ်းချက်ကိုမသိ။ စာဖတ်တတ်သူတွေကလည်း တမင်မမြင်ချင်ယောင်ဆောင်ကြသည်။

"ဤနေရာတွင် သေးပေါက်ရန်မဟုတ်"ဟု ရေးထားသော စာတန်းအောက်မှာ တစ်ယောက်က ထပ်ဖြည့်ပေးထားတာ တွေ့ဖူးသည်။ "ညာဘက်နားမှာသွားပေါက်ပါ"ဟူ၍။ တချို့ကတော့ နင့်နင့်နဲနဲရေးသည်။ "ဒီနေရာမှာ ခွေးများသာသေးပေါက်ရန်"ဟု ဖြစ်သည်။ စာတန်းက ထိရောက်သလားတော့ မသိ။ ခွေးရော၊ လူရောလစ်သလိုပေါက်ကြသည်။

ဟာသလေးတစ်ပုဒ်ကြားဖူး၏။ ပွဲခင်းထဲမှာဇာတ်ကနေသည်။ မူးနေသော လူနှစ်ယောက်က ဇာတ်ပွဲကြည့် ချင် ကြ၏။ သူတို့မှာ ပိုက်ဆံကမရှိ။ သို့နှင့် ဇာတ်ရုံဘေးကထရံကို အပေါက်လေးဖောက်ပြီး ဝင်ကြသည်။ ရိုးရိုးတိုးဝင်တာမဟုတ်။ လေးဖက်ထောက်ပြီး နောက်ပြန်ကြီး တင်ပါးနဲ့ တိုးဝင်တာဖြစ်သည်။ လုံခြုံရေးကခတ်မီးတဝင်းဝင်းနဲ့ ရောက်လာသည်။ သူတို့ကိုမြင်တော့ အလန့်တကြားတား၏။ "ဟေ့လူတွေ ဒီအပေါက်က ထွက်လို့မရဘူး. . ပြန်ဝင်စမ်း. . ပြန်ဝင်စမ်း"ဆိုပြီး အတင်းထိုးထည့်သည်။ သူတို့လည်း ဇာတ်ရုံထဲ အေးဆေးလေး ရောက်သွား၏။

တချို့ခြံဝန်းရှေ့၊ ဆိုင်ခန်းရှေ့တွေမှာ "ခြံလုံးဝမရောင်းပါ။ ဆိုင်လုံးဝမငှားပါ"ဟု စာရေးကပ်ထားရသည်အထိ ပွဲစားများကလည်း သောင်းကျန်းကြသည်။

"ခုံပြည့်လျှင် လူပိုမတင်ပါ" ဆိုပြီး အထူးကားတွေက ပုရွက်ဆိတ်တောင် နေရာမရ။ နောက်ထပ် နာမည်ကျော် စာတန်းတွေ ရှိသေးသည်။ အားလုံးလိုလိုက လိုက်နာမှုနည်းပါးသည့် စာတန်းတွေဖြစ်သည်။

"လာဘ်ပေးလာဘ်ယူ. . တို့ရန်သူ။ မှုခင်းကင်းစင်ရက်သတ္တပတ်။ ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်။ ယာဉ်တိုက်မှုကင်းစင်ရေးနေ့။ ကားတံခါးကို ဖြည်းဖြည်းပိတ်ပါ။ သင့်လုံခြုံရေး အရစစ်ဆေးသည်ကို ကြည်ဖြူစွာ လက်ခံပါ။ ခါးပိုက်နှိုက်သတိပြု။ ဆင်းမည့်မှတ်တိုင်ကို ကြိုပြောပါ။ ရှေ့တွင် ကျောင်းရှိသည်၊ ဖြည်းဖြည်းမောင်းပါ။ မည်သူ့ကိုမှ အကြွေမရောင်းပါ။ ဟွန်း မတီးရနယ်မြေ။ ကျေးဇူးပြု၍ တန်းစီပါ။ သင့်ကြောင့် မီးမလောင်ပါစေနှင့်။ ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီးဆီသို့။ ဆိုဖာပေါ်သို့ တက်မထိုင်ရ။ သင်ကောင်းလျှင် ကျွန်ုပ်မဆိုးပါ။ ထမင်းကျွေးသော လက်ကိုပြန်မကိုက်ပါနှင့်။ သတိ. . ဗို့အား ၂၅၀၀။ လူလိုသိပါ။ သင်တန်းအတွင်း စကားမပြောရ။ မျဉ်းဝါမကျော်မီ ဝယ်ယူထားသည်များကို ငွေပေးချေပြီးမှ ဆိုင်အတွင်းမှ ထွက်ခွာပါ။ ဆိုင်အတွင်းသို့ တိရစ္ဆာန်များ ခေါ်မလာရ။

ကားပိတ်မရပ်ရ။ ညအိပ်လက်မခံပါ။ လူသာလာပါ၊ ပြဿနာခေါ်မလာပါနဲ့။ ပိုက်ဆံချေးခြင်းသည်းခံပါ။ ipayကတ်သုံး ပြီးစီးနိုင်ပါသည်။ ယနေ့ရောင်း ရငွေသည် မနက်ဖြန်အတွက် အရင်းဖြစ်သည်။ ဘယ်အရာမှအလကားမရပါ စသည့် စသည့် စသည့်။

စာတန်းတွေ၊ ကြေငြာချက်တွေ၊ စည်းကမ်းတွေ. . . . လူ့အဖွဲ့အစည်းထဲမှာ နေ့တစူဝ ပလူပျံ့လာနေသည်။ လူမှုဘဝခရီးလမ်းမှာ စောင့်ထိန်းစရာတွေများလာနေသည်။ တဖြည်းဖြည်း များပြားလာသော စာတန်းများကို လူအများက အပြည့်အဝလိုက်နာကြပါသလား။ သင်ရော ကိုယ်ပါ စနစ်တကျ လိုက်နာခဲ့ဖူးပါသလား။ စဉ်းစားစရာ ဖြစ်လာပါသည်။

အသေးအမွှား စည်းကမ်းချက်များကိုဖယ်၍ အကြီးမားဆုံးဖြစ်သော နိုင်ငံတစ်နိုင်ငံ၏ အသက်ဖြစ်သည့်ဖွဲ့စည်းပုံအခြေခံဥပဒေကိုတောင်မှ အပြည့်အဝလေးစားလိုက်နာဖူးကြပါသလား။ ၂၀၀၈ ဖွဲ့စည်းပုံမို့လို့ဟု ဆိုဆို၊ လက်ရှိလိုက်နာနေရသော ထိုဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် အမြဲတစေဆက်ဆံနေရသည့် လွှတ်တော်အမတ်များ အားလုံးလိုလိုပင်လျှင် ဖွဲ့စည်းပုံစာအုပ်ကြီး တစ်ခုလုံးကို အပြည့်အဝ ကျေညက်အောင် သိရှိကြပါရဲ့လား။

မြန်မာနိုင်ငံသည် အာဏာရှင်စနစ်မှ ဒီမိုကရေစီစနစ်သို့ညင်သာစွာကူးပြောင်းလျက် ရှိသည်။ ထိုအကူးအပြောင်းတွင် နိုင်ငံသားအားလုံး စနစ်တကျပါဝင်ရန် အရေးကြီးပါသည်။ လုပ်ချင်တာလုပ်၊ ဖြစ်ချင်တာဖြစ်သည့် ခေတ်တစ်ခေတ်ကုန်ဆုံးခဲ့ပါပြီ။ မကုန်ဆုံးသေးဟု သံသယရှိလျှင်လည်း ကုန်ဆုံးအောင်လုပ်ရန်မှာ အားလုံးတာဝန် ဖြစ်သည်။

ရန်ကုန်က နွယ်နီမဂ္ဂဇင်းတိုက်လှေကားမှာ ကပ်ထားတဲ့ စာတန်းလေးကတော့ လှပသည်။ ဖတ်ရတာလည်း အဆင်ပြေသည်။ ကိုယ်လိုချင်တဲ့ အနေအထား ရောက်အောင် ဖန်တီးနိုင်သည်ဟု ထင်သည်။ "ဒီနေရာလေးမှာ ကျွန်တော်တို့ အမှိုက်မပစ်ဘူး။ ကွမ်းတံထွေးမထွေးဘူးနော်"တဲ့။ ရိုးရိုးလေးပင်။ ကြားနေမြင်နေကျ စည်းကမ်းတစ်ရပ်ကို သိမ်မွေ့စွာရေးသားထားသည်။ ထို့အတူပင် "စားကောင်းလျှင် တခြားသူများကိုပြောပြပါ၊ စားမကောင်းလျှင် ကျွန်ုပ်တို့ကို သာပြောပါ"ဆိုသည့် စာတန်းမျိုးကလည်း စားသုံးသူကိုကျေနပ်စေသည်။

ရွှေပေါက်ကံမြို့သစ်ထဲက လမ်းခွဆုံကွမ်းယာဆိုင်တစ်ဆိုင်မှာ ဒီလိုလေးရေးထားသည်။ "မနက်ဖြန် တကယ်အကြွေးရောင်းမယ်နော်"တဲ့။ ရေးထားတာလည်း လှသည်။ ဘာပဲဖြစ်ဖြစ် ဖတ်သူမြင်သူ ကျေနပ်သည်။

စည်းကမ်းချက်ထုတ်ခြင်းက အဓိကလား၊ လူတစ်ဦးချင်းရဲ့စိတ်ဓာတ်က အဓိကလားဆိုသည်ကိုတော့ ကိုယ်တိုင်စဉ်းစားသုံးသပ်ကြတာ ပိုအဆင်ပြေပါသည်။

နိုင်ငံတော်အစိုးရချမှတ်ကြေညာထားသလိုပင်. . .

"စည်းကမ်းပြည့်ဝသောနိုင်ငံတော်သစ်"ဆီသို့ အားလုံး ချီတက်နေကြပါသည်။

နေရာအနှံ့ ပြည့်နှက်နေသောစည်းကမ်းချက်များနှင့်အတူပင်ဖြစ်သည်။ ။




## စိတ္တာနုပဿနာ

မျက်လုံးဖွင့်လိုက်တယ်၊ ဖွင့်လိုက်သည်နှင့်တစ်ပြိုင်နက်တည်း ရှေ့မှာရှိတာမြင်တာပဲ။ ဒါဖြင့် ဒီအထဲမှာ မြင်စိတ်ကလေး ဖျတ်ခနဲပေါ်တယ်၊မျက်လုံးကိုမျက်လွှာဖွင့်လိုက်သည်နှင့်တစ်ပြိုင်နက်တည်းရှေ့မှာရှိတာမြင်ပါတယ်။

ဒါဖြင့် မြင်နိုင်တယ်ဆိုရင် မြင်စိတ်ကလေးပေါ်ပြီး၊ ကိုယ့်ဟာကိုယ်သိ နောက်ကသိပေးပါ။ ရှေ့က မြင်စိတ်ပေါ်လို့ရှိရင် နောက်က မြင်စိတ်ပေါ်ပြီလို့ ဒါကသိတာ ဝိပဿနာပဲ။ မြင်စိတ်ကလေးပေး တာကို ဩော်. . မြင်စိတ်ပေါ်ပြီလို့ နောက်ကသိသိပေးစမ်းပါ။ ဝမ်းတွင်းမှာလည်း သိတဲ့တရားကလည်း သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာ သမာဓိဆိုတဲ့ ဒီငါးခုပေါင်းပြီးတော့ မြင်စိတ်ကလေးပေါ် တိုင်း သူက သိလို့ရှိရင် ဒီငါးခုကသိတယ်။ မြင်စိတ်ကလေးပေါ်တာကို သိအောင် ဒီငါးခုက လိုက်နေတယ်။ ဒါဖြင့် နားထဲမှာ နဂိုက ကြားစိတ်ရှိသလားတဲ့။ အသံထွက်မှ ကြားစိတ်ပေါ် ပါတယ်နော်။ ဩော်. . ဒါဖြင့် သူလည်း အသစ်ကလေးပဲ၊ မျက်လုံးလိုပဲ အသစ်ကလေးပဲလို့ မှတ်လိုက်စမ်းပါ။ ဒါဖြင့် ဒါကလေးလာလည်း ကြားစိတ်ပေးလို့ရှိရင် နောက်က ဩော်. . ကြားစိတ်ပေါ်ပြီလို့ ဝမ်းထဲက သိပေး။ ကောင်းပြီ တစ်ခါ အနံ့ကလေးတွေ၊ ဘာကလေးတွေ လေကယူလာတော့ နှာခေါင်းထဲမှာ ပုပ်တယ်၊ ညှီတယ်၊ မွှေး တယ်အစရှိသည်နဲ့ ဩော်. . မွှေးလိုက်တာလို့ နှာခေါင်းထဲမှာ မွှေးတဲ့စိတ်ကလေးပေါ် လာတယ်။

ဝမ်းထဲက သိပေး၊ ဩော်. . မွှေးတဲ့စိတ်ကလေးပေါ်ပြီလို့ သိပေး။ ဒါဖြင့် ပေါ်တာက တခြား၊ သိတာက တခြားရှင်းပြီနော်။

ကျေးဇူးတော်ရှင် အဂ္ဂမဟာ ပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး

ခိုင်ခိုင်ကျော် မြန်မာထမင်းဆိုင် ချိုင့်ဆွဲပို့ဆောင်ရေး
စားသုံးသူတို့ပေါင်း၏ တောင်းဆိုမှုအရ Breakfast (နံနက်ခင်းစာ) ပါဖြစ်
မြန်မာ့ရိုးရာပဲပြုတ်ထမင်းကြော် နှင့် မြန်မာ့ဟင်းမျိုးစုံကိုအဓိကထား၍ ကောင်းမွန်ပိုင်နိုင်စွာစီစဉ်ချက်ပြုတ်နိုင်သောမြန်မာ့ရိုးရာစားဖွယ်များကိုတွဲဖက်၍ တည်ခင်းရောင်းချနေပြီဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။
စတင်ရောင်းချမည့်ဆိုင်ခွဲလိပ်စာသတိပြုပါရန်
ပြည်လမ်းဆိုင်ခွဲ - မဟာဆောင်မှတ်တိုင်၊ ၅-မိုင်ခွဲ၊ ကမ္ဘာ့ဇေယျာဘုရား (ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမအနီး) ပြည်လမ်း၊ ရန်ကုန်။ ဖုန်း ၀၁-၅၂၄၂၀၈၊ ၀၉-၄၂၀၀၆၀၅၅

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.11, No.42 • DECEMBER 27 , 2012

## မျက်နှာဖုံး-လာမည့်ဘတ်ဂျက်တွင် ပညာရေးနှင့်ကျန်းမာရေး အသုံးစရိတ်တိုးရရန် တွန်းအားပေးသွားမည်ဟု လွှတ်တော်ကိုယ်စားလှယ်အချို့ကဆို မှ

ကျန်းမာရေးနှင့် ပညာရေး ကဏ္ဍများသည်တိုင်းပြည်အတွက် အရေးပါသော ကဏ္ဍများဖြစ်သဖြင့် အသုံးစရိတ်များ တိုးမြှင့် ရရှိရေးသည် မလုပ်မဖြစ် လုပ်ဆောင်ရမည့် ကိစ္စရပ်များဖြစ်ကြောင်း လွှတ်တော်ကိုယ်စားလှယ် အချို့က ဆိုသည်။

“ဒီကဏ္ဍတွေမှာ တိုးသုံးဖို့ဆိုတာ မဖြစ်မနေလုပ်ကိုလုပ်ရမယ့် အချက်ပါ။ ဘယ်လောက်အထိ တိုးသုံးရမယ်ဆိုတာကိုတော့ ဆွေးနွေးရမယ့် အနေအထားမျိုး ဖြစ်နေတယ်။ လက်ရှိ တိုင်းပြည်ရဲ့ ဘဏ္ဍာရေးအခြေအနေအရဘယ်လောက်ထိ တိုးသုံးရမယ်ဆိုတာ ပညာရှင်တွေပါပါဝင်ပြီး ဆွေးနွေးရမယ့် ကိစ္စဖြစ်နေပါတယ်” ဟု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဆွေက ပြောသည်။

ကျန်းမာရေးနှင့် ပညာရေး အသုံးစရိတ်များကို တိုးမြှင့်ရေးသည် အရေးကြီးသော ကိစ္စရပ်တစ်ခုဖြစ်သကဲ့သို့ ပြည်သူများ နေထိုင်ရေးကိစ္စရပ်သည်လည်း အရေးပါသော အနေအထားတွင် ရှိလာသဖြင့် အနာဂတ်တွင်ပြည်သူများ နေထိုင်ရေးအတွက် ဆောင်ရွက်နေသော ဝန်ကြီးဌာနများသို့ ဘတ်ဂျက်ငွေများပိုမိုချထားစေလိုကြောင်း၊ ထို့ပြင် တိုင်းပြည်အတွက် လိုအပ်သော လုံခြုံရေးကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် ရဲတပ်ဖွဲ့၏ ဖွဲ့စည်းပုံ တိုးချဲ့ထားသဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနအား အသုံးစရိတ် တိုးမြှင့်ပေးရမည်ဖြစ်ကြောင်း အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်ဝိုင်းကြည်က ပြောသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေအရ မိမိတို့အနေဖြင့် ဘဏ္ဍာငွေအရ အသုံးဆိုင်ရာ ကိစ္စရပ်များကို တိုးမြှင့်သတ်မှတ်ရန် စီမံခန့်ခွဲပိုင်ခွင့်မရှိဘဲ ရွှေ့ပြောင်းသုံးစွဲစေခြင်း၊ လျှော့နည်းသုံးစွဲစေခြင်း၊ ဖြတ်တောက်ခြင်းတို့ကိုသာ ပြုလုပ်နိုင်ကြောင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောက်က ပြောသည်။

“တိုင်းပြည်မှာ အဓိကကျတဲ့ ပညာရေး၊ ကျန်းမာရေး အသုံးစရိတ်တွေကို လျှော့တာတို့၊ ဖြတ်တောက်တာတို့ လုံးဝလုပ်မှာမဟုတ်ဘူး။ တင်ပြလာတဲ့ စာရင်းတွေကမှန်သလား၊ လုပ်ပုံလုပ်နည်းလွဲနေသလားဆိုတာကိုပဲ စိစစ်ရမှာပါ” ဟု ၎င်းကဆိုသည်။

ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် သုံးစွဲနေသော ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးအသုံးစရိတ်များတွင် ကျန်းမာရေး ဘတ်ဂျက်ကို ယခင်အစိုးရသုံးစွဲခဲ့သည့် အသုံးစရိတ်ထက် လေးဆ တိုးမြှင့်သုံးစွဲခဲ့ပြီး ၂၀၁၃ - ၂၀၁၄ ဘတ်ဂျက်ခွဲဝေမှုတွင်လည်း ကျန်းမာရေးနှင့်ပညာရေးအသုံးစရိတ်များကို ယမန်နှစ်ကထက် မလျော့နည်းစေရန်နှင့် ပိုမိုတိုးတက်စေရန် လုပ်ဆောင်ရမည်ဖြစ်ကြောင်း အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြတ်ဉာဏစိုးက ပြောသည်။

ကာကွယ်ရေး အသုံးစရိတ်နှင့်ပတ်သက်၍ ယခင်နှစ်ထက် ပိုမိုမြှင့်တက်ရန်မရှိဘဲ အဆိုပါကိစ္စရပ်သည် စစ်ရေးဆိုင်ရာ ကိစ္စရပ်များ ဖြစ်နေပြီး လက်ရှိတိုင်းပြည်တွင် ဖြစ်ပေါ်နေသော အခြေအနေများကိုပါ တွက်ချက်၍ စဉ်းစားသုံးသပ်ရမည်ဖြစ်ကြောင်း လွှတ်တော်ကိုယ်စားလှယ်အချို့က ဆိုသည်။

“ကာကွယ်ရေး အသုံးစရိတ် လျှော့ချဖို့ဆိုရင် အကောင်းဆုံးကတပ်မတော်အနေနဲ့ ပီပြင်တဲ့ ငြိမ်းချမ်းရေးမရှိဘဲနဲ့ ဆက်တိုက်နေမယ်ဆိုရင် ဘတ်ဂျက်ကတော့ လိုမှာပဲ” ဟု ရှမ်းအမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ ဥက္ကဋ္ဌ ဦးခွန်ထွန်းဦးက ပြောသည်။

အစိုးရသစ်အနေဖြင့် ၂၀၁၁ ခုနှစ် မတ် ၃၀ မှ စတင်တာဝန်ယူခဲ့သော်လည်း ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်၏ အသုံးစရိတ်များကို ယခင်အစိုးရမှ ချမှတ်ပေးခဲ့ပြီး ၎င်းဘဏ္ဍာရေးနှစ်အတွက် ကျန်းမာရေးအသုံးစရိတ်အား ၁ ဒသမ ၃ ရာခိုင်နှုန်း (အမေရိကန်ဒေါ်လာ သန်း ၁၀၀ ကျော်နှင့်) ပညာရေးအသုံးစရိတ်အား ၄ ဒသမ ၁၃ ရာခိုင်နှုန်း (အမေရိကန်ဒေါ်လာ သန်း ၃၅၀ နီးပါး)သာ သုံးစွဲခဲ့ပြီး ကာကွယ်ရေးအသုံးစရိတ်အား ဘဏ္ဍာငွေတစ်ခုလုံး၏ ၂၃ ဒသမ ၆ ရာခိုင်နှုန်းကို သုံးစွဲခဲ့သည်။

၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် အသုံးစရိတ်များအတွက် အစိုးရအဖွဲ့မှ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြခဲ့ရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ဆည်တည်ဆောက်မှုလုပ်ငန်းအချို့အား ဘဏ္ဍာငွေဖြတ်တောက်ခြင်း၊ ယခုနှစ် စက်တင်ဘာ ၅ ရက်တွင် ဖျက်သိမ်းခဲ့သော မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ အသုံးစရိတ်တစ်ခုလုံးအား ဖြတ်တောက်ခြင်းတို့ကို ပြည်ထောင်စုလွှတ်တော်မှ ဆောင်ရွက်ခဲ့သည်။

ပြည်ထောင်စုလွှတ်တော်မှ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကို ပြဋ္ဌာန်းပေးခဲ့ပြီး ၎င်းနှစ်အတွက် ပညာရေး အသုံးစရိတ်အား ၇၅၂,၀၆၆ ဒသမ ၀၅၉ သန်း သုံးစွဲခွင့်ပြုခဲ့ပြီး ကျန်းမာရေးအသုံးစရိတ်အတွက် သုံးစွဲငွေ ၃၉၂,၁၉၇ ဒသမ ၂၉၅ သန်း သုံးစွဲခွင့် ပြုခဲ့သည်။

## မျက်နှာဖုံး-ကားအရောင်းပြခန်းများ ရပ်တည်ရေးခက်ခဲလာ မှ

ပြည်ပမှ မော်တော်ယာဉ် တင်သွင်းလာမှုများပြားခြင်း၊ ကားအရောင်းပြခန်းများ ပိုမိုဖွင့်လှစ်လာခြင်း၊ ကားအရောင်းပြခန်းများ၏ နေရာငှားရမ်းခနှုန်းထားကြီးမြင့်လာခြင်း၊ ရောင်းလိုအားနှင့် ဝယ်လိုအားမမျှတခြင်းတို့ကြောင့် ယခုကဲ့သို့ အရှုံးပေါ်လာခြင်းဖြစ်ကြောင်း ရန်ကုန်မြို့ ပြည်လမ်းမပေါ်တွင် ဖွင့်လှစ်ထားသည့် ကားအရောင်းပြခန်း ပိုင်ရှင်တစ်ဦးက ဆိုသည်။

“ကားအရောင်းပြခန်းတွေရောင်းအားက နောက်ပိုင်းပိုပိုကျလာတော့ တချို့ဆို သတင်းစာထဲမှာ ဈေးတွေလျှော့ရောင်းပြီး ကြော်ငြာတွေထည့်နေရတယ်” ဟု မော်တော်ယာဉ် ရောင်းဝယ်သူများအသင်းမှ ဦးမင်းဦးက ပြောသည်။

အစိုးရက ၂၀၁၃ ခုနှစ်အတွက် ထုတ်ပြန်သော ဆိပ်ကမ်းရောက်တန်ဖိုး (CIF) ပြောင်းလဲမှုကြောင့် ကားဈေးအနည်းငယ်ကျလာနိုင်သော်လည်း ဝယ်လိုအားနည်းနေပြီး စီးပွားရေးလုပ်ငန်းများ မကောင်းသဖြင့် အရောင်းအဝယ်များပြန်ကောင်းမလာနိုင်ကြောင်း ဆာကူရာ ကားအရောင်းပြခန်း မန်နေဂျာ ဦးဇော်ဇော်အောင်က သုံးသပ်သည်။

CIF တန်ဖိုးမှာပြင်ဆင်သတ်မှတ်မည်ဆိုခြင်းကိုလည်း ဝယ်သူအချို့မှ စောင့်ကြည့်နေခြင်းသာဖြစ်ပြီး ၂၀၁၃ ခုနှစ်တွင် CIF တန်ဖိုးများ ပြန်လည်ပြင်ဆင်သတ်မှတ်ပြီးပါက အရောင်းအဝယ်ပြန်သွက်လာနိုင်ကြောင်း အရောင်းမန်နေဂျာတစ်ဦးက ပြောကြားသည်။

အသစ်ထုတ်ပြန်သော CIF တန်ဖိုးများတွင် အမေရိကနှင့် ဥရောပမှတင်သွင်းလာသောကားများအတွက် ၅၀ ရာခိုင်နှုန်းသက်သာလာပြီး ၁၃၀၀ စီစီကားများမှာမူ အပြောင်းအလဲမရှိဘဲ ပုံမှန်ကားများမှာမူ ၁၀ ရာခိုင်နှုန်းခန့် ဈေးသက်သာသွားကြောင်း Farmer Auto ကားအရောင်းပြခန်းမှအုပ်ချုပ်မှု ဒါရိုက်တာ ဒေါက်တာစိုးထွန်းက ပြောသည်။

သမ္မတ ဦးသိန်းစိန်အစိုးရလက်ထက်တွင် ကားတင်သွင်းခွင့်နှင့် ပတ်သက်၍ ဖြေလျှော့မှုများ လုပ်လာခဲ့ပြီးနောက် ရန်ကုန်မြို့ရှိ အဓိကလမ်းမကြီးများပေါ်တွင် ကားအရောင်းပြခန်းများ ဖွင့်လှစ်လာခဲ့ရာ အရောင်းပြခန်း ၅၀ ကျော်ထိဖွင့်လှစ်ပြီးဖြစ်သည်။

## မျက်နှာဖုံး-ကြက်ဆူသီးစားမိသော ကျောင်းသား ၃၀ကျော် ဆေးရုံရောက် မှ

စုစုပေါင်း ကျောင်းသား ၃၈ ဦးတွင် မူလတန်းကျောင်းသား ၃၇ ဦးနှင့် အလယ်တန်းကျောင်းသား တစ်ဦးတို့ ဖြစ်စဉ်၌ ပါဝင်ခဲ့သည်။ အတွင်းလူနာအဖြစ် ၂၄ ဦး ဆေးကုသမှုခံယူခဲ့ရပြီး ကျန် ၁၄ ဦးမှာ ပြင်ပလူနာအဖြစ် ဆေးကုသမှုခံယူခဲ့ရကြောင်း နမ္မတီးတိုက်နယ်ဆေးရုံမှ ဆရာဝန်ကြီးဦးအောင်နိုင်ဝင်းက ပြောသည်။

“ကလေးတွေ ဒီနေ့မနက်ဆိုဆေးရုံက အားလုံးဆင်းလို့ရပါပြီ။ ဖြစ်ဖြစ်ချင်း ခေါင်းတွေမူးမိုက်ပြီး အန်တယ်။ ဝမ်းတွေလျှောတယ်။ တချို့ ကျောင်းသားတွေထဲက တစ်ယောက်နှစ်ယောက်က ဆေးရုံကို မလာဘဲ အိမ်ပြန်သွားတာ။ အိမ်ရောက်တော့မှ အခြေအနေအရမ်းဆိုးလာတော့ ဆေးရုံကို ပြန်ပို့ကြတယ်။ အားလုံးအချိန်မီသွားလို့ မစိုးရိမ်ရတော့ပါဘူး” ဟု ဦးအောင်နိုင်ဝင်းကပြောသည်။

ကျောင်းသား အများစုမှာ ကျောင်းဝင်းအတွင်း ကြက်ဆူပင်မှ ကြွေကျနေသည့် ကြက်ဆူသီးများကို ကောက်ယူစားသုံးရာမှ မူးဝေအော့အန်လာသဖြင့် ဆေးရုံသို့ ပို့ဆောင်ခဲ့ရခြင်းဖြစ်ပြီး အဆိုပါကျောင်းမှာ ဆရာ၊ ဆရာမ အင်အား ၁၉ ယောက်၊ ကျောင်းသူ၊ ကျောင်းသား ၆၀၀ ကျော်ဖြင့် ပညာသင်ကြားလျက် ရှိသော အထကခွဲ ကျောင်းဖြစ်ကြောင်း ကျောင်းအုပ်ဆရာမကြီးက ပြောသည်။

ယခင် အစိုးရလက်ထက်က တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် စိုက်ပျိုးခဲ့သော ကြက်ဆူပင်အများစုမှာ လက်ရှိတွင် ဒေသအချို့၌ ဖြစ်ထွန်းအောင်မြင်မှုနည်းပါးနေသည်။ အစိုးရဌာန များ၊ ကျောင်းများ၊ ဆေးရုံများတွင် ယခင်က မစိုက်မနေရ စီမံချက်ပုံစံဖြင့် စိုက်ပျိုးခဲ့ရသော ကြက်ဆူပင်မှ ကြက်ဆူသီးမှာ ဇီဝလောင်စာအဖြစ် ထုတ်လုပ်နိုင်ပြီး ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးတွင် အနည်းဆုံးကြက်ဆူပင် ဧကငါးသိန်းကျော် စီမစိုက်မနေရသတ်မှတ်ခဲ့ကြောင်း ယခင်အစိုးရ လက်ထက် ထုတ်နိုင်ငံပိုင် သတင်းစာများတွင် ဖော်ပြပါရှိခဲ့သည်။

## စာ-၅၊ ကေအင်န်ယူဥက္ကဋ္ဌသစ်သည် ငြိမ်းချမ်းရေးမြန်မြန်သွားလိုသူဟု သုံးသပ် မှ

အလားထူအထွေထွေ အတွင်းရေးမှူးအဖြစ် ဖဒိုစောကွယ်ထူးဝင်း ရွေးချယ်ခံရကြောင်း ကရင်အမျိုးသားအစည်းအရုံး ပြောရေးဆိုခွင့်ရှိသူ ဖဒိုမန်းငြိမ်းမောင်က ပြောသည်။ ကွန်ဂရက် အစည်းအဝေးမတိုင် နှစ်လအလိုခန့်က ဘားအံမြို့တွင် ဗဟိုသဘောတူညီချက်မပါဘဲ ဆက်ဆံရေးရုံး ဖွင့်လှစ်သည်ဟု ဆိုကာ စစ်ဦးစီးချုပ် ဗိုလ်မှူးချုပ်မူးတူး ဆေးဖိုးအပါအဝင် ဗဟိုအလုပ်အမှုဆောင် သုံးဦးအား တာဝန်မှ ရပ်စဲကြောင်းစာထုတ်ခဲ့သည်။

သို့သော် ကွန်ဂရက်မတိုင်ခင် အချင်းချင်းပြန်လည်ညှိနှိုင်းမှုရရှိခဲ့သဖြင့် မူလတာဝန်များ ပြန်လည်ထမ်းဆောင်ခဲ့ကြသည်။

လစ်လပ်သွားသော စစ်ဦးစီးချုပ်ရာထူးအား ယခင် ဒုတိယစစ်ဦးစီးချုပ်ဗိုလ်မှူးကြီး စော်ဂျော်နီဖြစ်လာနိုင်ပြီး တနင်္လာနေ့ ညီလာခံတွင် ဗဟိုအလုပ်အမှုဆောင်နှင့် တာဝန်ခံများကို ထပ်မံရွေးချယ်သွားမည်ဖြစ်ကြောင်း ဖဒိုမန်းငြိမ်းမောင်က ပြောသည်။

နှစ်ပေါင်း ၆၀ ကျော် အစိုးရအား လက်နက်ကိုင်တိုက်ပွဲဝင်ခဲ့သော ကရင်အမျိုးသားအစည်းအရုံး(KNU) နှင့် မြန်မာအစိုးရတို့သည် ၂၀၁၂ ဇန်နဝါရီ ၁၄ ရက်တွင် ပြည်ထောင်စုအဆင့် အပစ်အခတ်ရပ်စဲရေးကို သဘောတူလက်မှတ်ရေးထိုးခဲ့ပြီး ငြိမ်းချမ်းရေး ဆွေးနွေးမှုများ ဆက်လက်လုပ်ဆောင်လျက်ရှိသည်။

## စာ-၄၊ ရခိုင်ပြည်နယ်တွင်း နိုင်ငံသားဥပဒေဖြင့်စစ်ဆေးနေခြင်းသည် နိုင်ငံသားလက်မှတ်ထုတ်ပေးရန်မဟုတ်ဟု လဝကဝန်ကြီးဆို မှ

လူဦးရေ ၂၉,၀၀၀ ခန့်ကို စစ်ဆေးခဲ့ပြီးဖြစ်ပြီး ဆက်လက်ဆောင်ရွက်နေဆဲဟု ပြောသည်။ ၁၉၈၂ မြန်မာနိုင်ငံသားဥပဒေအရ နိုင်ငံသား ပြုခွင့်ရရန်လျှောက်ထားသူသည် ၁၉၄၈ ပြည်ထောင်စု မြန်မာနိုင်ငံသားဖြစ်မှု အက်ဥပဒေနှင့် ညီညွတ်မှုရှိရမည်ဖြစ်ပြီး ၁၉၄၈ ခုနှစ်မတိုင်မီနိုင်ငံအတွင်း အနည်းဆုံး ရှစ်နှစ်ဆက်တိုက် နေထိုင်သူ တတိယမျိုးဆက်ဖြစ်ရမည်ဟု စစ်တွေမြို့မိမြို့ဖ အထက်တန်းရှေ့နေကောင်း ဦးသာပွင့်က ဆိုသည်။

ပြည်ထောင်စုဝန်ကြီးသည် ဒီဇင်ဘာ ၁၈ ရက်တွင် ရခိုင်တိုင်းရင်းသားကိုယ်စားလှယ်များ၊ ဘင်္ဂါလီလူမျိုး ကိုယ်စားလှယ်များနှင့် တွေ့ဆုံခဲ့ရာတွင် ၁၉၈၂ ခုနှစ်ဥပဒေကို ထူးထူးခြားခြားပြင်ဆင်ရန် မလိုအပ်ကြောင်း ပြောကြားခဲ့သည်ဟု စစ်တွေမြို့မိ မြို့ဖအဖွဲ့ဝင် ဦးသန်းထွန်းက ပြောသည်။

နိုဝင်ဘာလ ၁၆ ရက်မှစတင်၍ ပေါက်တောမြို့နယ် ဆင်တပ်မော်၊ စစ်ကဲပြင်၊ အနောက်ရဲနှင့် ကြိမ်နီပြင်ရွာများတွင် ၁၉၈၂ ခုနှစ်မြန်မာနိုင်ငံသားဥပဒေနှင့်အညီ စစ်ဆေးခဲ့သည်။

၂၀၁၂ခုနှစ်ဇွန်နှင့်အောက်တိုဘာလတို့တွင် ဖြစ်ပွားခဲ့သော ပဋိပက္ခများကြောင့် ရခိုင်ပြည်နယ်မြို့နယ် ၁၇ မြို့နယ်အနက် ၁၁ မြို့နယ်တွင် ပြည်သူများအတိ ဒုက္ခရောက်ခဲ့သည်။ ဇွန်လဖြစ်စဉ်တွင် ရခိုင်နှင့်ဘင်္ဂါလီဒုက္ခသည်၇၅,၀၀၀ ရှိပြီး အောက်တိုဘာလဖြစ်စဉ်များကြောင့်ပြည်သူ၃၅,၀၀၀စုစုပေါင်း ပြည်သူတစ်သိန်းတစ်သောင်း အိုးမဲ့အိမ်မဲ့ အတိဒုက္ခရောက်ခဲ့ကြောင်း အစိုးရ၏ တရားဝင်ထုတ်ပြန်ချက်များအရ သိရသည်။ ဒုက္ခသည်များတွင် အမျိုးသမီး ၅၃ ဒသမ၈ ရာခိုင်နှုန်း၊ ၁၂နှစ်အောက်ကလေး ၄၂ ဒသမ ၉ ရာခိုင်နှုန်း ပါဝင်ပြီး အဓိက ထိခိုက်ခံစားရသူများမှာ အမျိုးသမီးနှင့် ကလေးများဖြစ်ကြောင်း သိရသည်။

## စာ-၄၊ သန်းခေါင်စာရင်း စမ်းသပ်ကောက်ယူရာတွင် ပြန့်ကျဲနေသော စစ်ဘေးဒုက္ခသည်များကိုပါ ထည့်သွင်းကောက်ယူမည်ဟုဆို မှ

သန်းခေါင်စာရင်းကောက်ယူမှုလုပ်ငန်းစဉ်တစ်ခုလုံးအတွက် ခန့်မှန်းခြေ အမေရိကန်ဒေါ်လာ ၅၈ ဒသမ ၅ သန်း ကုန်ကျမည်ဟု ခန့်မှန်းထားပြီး ကုလသမဂ္ဂ လူဦးရေ ရန်ပုံငွေ အဖွဲ့ (UNFPA) က နည်းပညာနဲ့ စက်ပစ္စည်းပိုင်းဆိုင်ရာ အကူအညီအတွက် အမေရိကန်ဒေါ်လာ ငါးသန်း ကူညီမည်ဖြစ်ကြောင်း အစိုးရအနေဖြင့် ဝန်ထမ်းများခန့်ထားရေး၊ စက်ပစ္စည်း၊ မြေနေရာ၊ ရုံးအဆောက်အအုံကိစ္စရပ်များအတွက် အမေရိကန်ဒေါ်လာ ဆယ့်ငါးသန်း သုံးစွဲမည်ဖြစ်ကာ လိုအပ်ချက်အနေဖြင့် အမေရိကန်ဒေါ်လာ ၃၈ ဒသမ ၅ သန်းခန့်ရှိမည်ဖြစ်ကြောင်း ဒေါက်တာ ခိုင်ခိုင်စိုးက ပြောကြားသည်။

ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူမှုကို ၂၀၁၄ ခုနှစ် မတ်လ ၃၀ မှ ဧပြီလ ၁၀ ရက်နေ့အထိ ၁၂ ရက်ကြာ ကောက်ယူမည်ဖြစ်ပြီး De-Facto ဟုခေါ်သော တွေ့ရာအရပ်တွင် ကောက်ယူသော မူနှင့် Canvassar Method ဟုခေါ်သော စာရင်းစစ်များက တစ်အိမ်တက်၊ တစ်အိမ်ဆင်း ကောက်ယူသော နည်းလမ်းကို အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

၎င်းကပင် ဆက်လက်၍ “၂၀၁၄ ခုနှစ် မတ်လ ၂၉ ရက်နေ့ညသန်းခေါင်ယံကို သန်းခေါင်စာရင်း ရည်ညွှန်းချိန်အဖြစ် သတ်မှတ်ပြီး အဲဒီအချိန်မှာ မြန်မာနိုင်ငံနယ်နိမိတ်အတွင်းရှိသူအားလုံးကို ကောက်ယူသွားမှာ ဖြစ်ပါတယ်” ဟု ပြောဆိုသည်။

Health
7DAY NEWS JOURNAL
Vol.11, No.42 • DECEMBER 27 , 2012

# ရန်ကုန်ဆေးရုံကြီး အဆင့်မြှင့်တင်ရေး အလှူငွေများ စတင်ရရှိ

**ဝတ်ရည်အောင်**

**ရန်ကုန်၊ ဒီဇင်ဘာ-၁၉**

ရန်ကုန်ပြည်သူ့ဆေးရုံကြီး အဆင့်မြှင့်တင်ရန် ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ အသိပညာရှင် အတတ်ပညာရှင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ စေတနာရှင်များပါဝင်သည့်ကော်မတီအဖွဲ့ဖွဲ့မည်ဖြစ်ပြီး ယခုအချိန်တွင် အလှူငွေများ စတင်ရရှိနေပြီဖြစ်ကြောင်း သတင်းရရှိသည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီးကို အဆင့်မြှင့်တင်ရန် အဆိုတင်သွင်းပြီးနောက်ပထမဆုံးအကြိမ်အဖြစ် ဒေါ်အောင်ဆန်းစုကြည်သည် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ယခုလ ၁၇ ရက်တွင် လာရောက်ခဲ့သည်။

ဆေးရုံကြီး၏ လူနာဆောင်များ၊ လူနာတက်ရောက်မှု၊ စောင့်ရှောက်ကုသမှု၊ ဝန်ထမ်းအင်အား၊ လျှပ်စစ်မီး၊ရေရရှိသုံးစွဲမှု စသည့် လက်ရှိအခြေအနေများအပြင် လူနာဆောင် ၁၊ ၂၊ ၇၊ ၈ သွား ပြင်ပလူနာဌာနနှင့်အရေးပေါ်ဌာနများ ပါ လေ့လာခဲ့ကြောင်း ဆေးရုံအုပ်ကြီး ဒေါက်တာကျော်ကျော်က ပြောသည်။

မည်သည့်အချိန်တွင် စတင်ဆောင်ရွက်မည်နှင့် မည်သည့်ပြင်ဆင်မှုများ ဆောင်ရွက်မည်ကို မသိရှိရသေးဘဲ ရုပ်ဝတ္ထုပစ္စည်း ပြုပြင်မွမ်းမံခြင်းနှင့် စောင့်ရှောက်ကုသမှု အရည်အသွေးမြှင့်တင်ခြင်းအပြင် ဆေးပညာသင်ကြားရေးနှင့် လူသားအရင်းအမြစ် အရည်အသွေးမြှင့်တင်လေ့ကျင့်ပေးခြင်းများကိုပါ ဆောင်ရွက်ရမည်ဖြစ်ကြောင်း ဒေါက်တာကျော်ကျော်က ပြောသည်။



ရန်ကုန်ဆေးရုံကြီးရှိ လူနာဆောင်အတွင်းပိုင်းအား ဒီဇင်ဘာ၂၂ရက်ကတွေ့ရစဉ် ဓာတ်ပုံ-ကျော်ဇင်သန်း

ဆေးရုံ တက်ရောက်နေသည့် လူနာများ၊ အလုပ်သင်ဆရာဝန်များနှင့်လည်း တွေ့ဆုံခဲ့ပြီး ဆေးရုံသန့်ရှင်းရေးနှင့်ပတ်သက်၍ "နိုင်ငံခြားဆေးရုံတွေမှာ သန့်ရှင်းရေးလုပ်တဲ့ သူကအမြဲလှည့်ကျင်းနေတယ်။ ဒီမှာ တက်လာတော့ တစ်ယောက်မှ မတွေ့ဘူး။ ဆေးရုံတို့ပုဂ္ဂလိက ဝန်ဆောင်မှု လုပ်တဲ့နေရာတွေက ဘယ်လောက်လှဲလှဲပြီးရင် ပြန်ညစ်ပတ်တာ။ ဒီလောက်တော့ လှဲနေမှ ဖြစ်မယ်" ဟု ဒေါ်အောင်ဆန်းစုကြည်က ပြောကြားသွားကြောင်း လူနာဆောင် ၁၊ ၂ မှ ပါမောက္ခဒေါက်တာချစ်စိုးက ပြောသည်။

နှစ်ပေါင်းတစ်ရာကျော်သက်တမ်းရှိပြီး နေ့စဉ်လူနာ ၁၂၀၀ ဝန်းကျင် တက်ရောက်ကုသနေသည့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အပါအဝင် တစ်နိုင်ငံလုံး ဆေးရုံများတွင် နှစ်ကာလများစွာ ရန်ပုံငွေရရှိမှု မလုံလောက်ခဲ့သည့်အတွက် လူနာများ ဆေးကုသမှု ဝန်ထုပ်ဝန်ပိုးများ ဖြစ်ခဲ့ကာ ဆေးရုံများပေါ်တွင်လည်း အမြင်မကြည်လင်မှုများ ရှိခဲ့သည်။

"ဆေးရုံကြီး အပါအဝင် နိုင်ငံအတွင်းမှာရှိတဲ့ ဆေးရုံ၊ ဆေးပေးခန်းတွေကို အဆင့်မြှင့်တင်ပေးသင့်တာ မှန်ပါတယ်။ ဒါပေမဲ့ လက်ရှိမှာလည်း မပြည့်စုံမှုတွေကြားထဲက ပြည်သူတွေအားကိုးထားပြုရတဲ့ ဌာနတွေ ဖြစ်နေပါတယ်။ အခက်အခဲတွေ အများကြီးကို ရင်ဆိုင်ပြီး ကြိုးပမ်းနေရတာကို နားလည်လက်ခံပြီး အားလုံးပေါင်းဆောင်ရွက်မည်ဆိုရင် ရလဒ်ကောင်းတွေ ဖြစ်လာမှာပါ" ဟု ဒေါက်တာကျော်ကျော်ကပြောသည်။

# လူသေစေသည့် မိလ္လာကန်တွင်းအဆိပ်ငွေ့များအကြောင်း

**ဝတ်ရည်အောင်**

မိလ္လာကန်အတွင်း ဆင်းရာမှ လူအများတစ်ပြိုင်နက် သေဆုံးသွားသည့် ဖြစ်စဉ်များ မကြာခဏ ဖြစ်ပွားနေသည်။ မြို့ပေါ်ထက် နယ်မြို့များတွင် ဖြစ်ပွားမှုများပြားပြီး အချို့ဖြစ်စဉ်များတွင် တစ်နေရာတည်းပင် လူ ၄၊ ၅ ဦး သေဆုံးသွားကြခြင်းဖြစ်သည်။




ယခုနှစ်အတွင်း သတင်းစာမျက်နှာများပေါ်သို့ တက်လာသည့်နေရာအသီးသီးမှ အကြောင်းအမျိုးမျိုးကြောင့် မိလ္လာကျင်းအတွင်း ဆင်းရာမှ လူသေဆုံးခဲ့မှုမှာ ငါးခုထက်မနည်းဖြစ်ပွားခဲ့ပြီး လူ ၁၄ ဦးခန့် သေဆုံးခဲ့ကြသည်။

ယခုနှစ် နိုဝင်ဘာလအတွင်း ငါန်းဇွန်မြို့နယ်အတွင်းတွင် အမ်ပီဖိုးဆင်းကောက်ရာမှ လူသုံးဦး သေဆုံးခဲ့သည့်ဖြစ်စဉ် ဖြစ်ပွားပြီး ရက်ပိုင်းအတွင်း ယခုလ ၁၉ ရက်တွင်လည်း မိတ္ထီလာမြို့နယ်အတွင်း မိလ္လာကျင်းဟောင်းဆင်းဆယ်ရာမှ လူငါးဦးသေဆုံးကာ တစ်ဦး သတိလစ်မေ့မြောခဲ့သည့် ဖြစ်စဉ်တစ်ခု ဆက်လက် ဖြစ်ပွားခဲ့သည်။

ထိုကဲ့သို့သေဆုံးမှုများသည် မိလ္လာကန်အတွင်းရှိသည့် လူအားအဆိပ်သင့်သေဆုံးစေသည့်ဓာတ်ငွေ့များ ရှူရှိုက်မိခြင်းကြောင့်ဖြစ်ပြီး အချို့ဓာတ်ငွေ့များသည် စက္ကန့်ပိုင်းအတွင်း သေဆုံးစေသည့် ဂုဏ်သတ္တိလည်း ရှိကြကြောင်း ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ပါမောက္ခဒေါက်တာ ချစ်စိုးက ပြောသည်။



မြန်မာနိုင်ငံတွင် မိလ္လာကန်သန့်ရှင်းရေးအတွက် ဝန်ဆောင်မှုပေးနေရသည့် ဌာနဆိုင်ရာ ဝန်ထမ်းများလည်း ရှိပြီး ထိုဓာတ်ငွေ့များသည် အများအပြားရှူရှိုက်ရသော သူများကို ချက်ချင်းသေစေနိုင်သကဲ့သို့ စနစ်တကျအကာအကွယ်များမရှိခြင်းကြောင့် နည်းနည်းစီ မကြာခဏ ရှူရှိုက်မိသည့်သူများတွင်လည်း နောက်ဆက်တွဲရောဂါများ ခံစားရရှိနိုင်ကြောင်း သိရသည်။

ထို့အပြင်ဆောက်ထားသည့် မိလ္လာကန်သန့်ရှင်းရေးအတွက် ဝန်ဆောင်မှုပေးနေသည့် ဌာနဆိုင်ရာ ဝန်ထမ်းများလည်းရှိပြီး

**စာ(၁၄)သို့**



Regional
7DAY NEWS JOURNAL
Vol.11, No.42 • DECEMBER 27 , 2012

# စစ်ကိုင်းပြတ်ရွေ့ကြောပေါ်ရှိ မြို့ကြီးသုံးမြို့ကို မြေငလျင် ဆန်းစစ်လေ့လာမည်

**သန်းထူး**

**နေပြည်တော်၊ဒီဇင်ဘာ-၂၀**

စစ်ကိုင်းပြတ်ရွေ့ကြောပေါ်ရှိ ပဲခူး၊ တောင်ငူနှင့် စစ်ကိုင်းမြို့ကြီးများနှင့် ဝန်းကျင်အား မြေငလျင်ဆန်းစစ်လေ့လာရေးလုပ်ငန်းများကုလသမဂ္ဂအကူအညီဖြင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်က ပြောကြားသည်။

"မြေငလျင်ဆန်းစစ်လေ့လာမှုတွေကို ပဲခူး၊ တောင်ငူနှင့် စစ်ကိုင်းဒေသများမှာ ဆောင်ရွက်ပေးခြင်းဟာ ဒေသခံပြည်သူတွေအတွက် အလွန်ကောင်းမွန်သလိုအချိန်အခါသင့် လုပ်ဆောင်ပေးခြင်းလည်း ဖြစ်ပါတယ်"ဟု နေပြည်တော်၌ ကျင်းပသော မြေငလျင်ဘေးအန္တရာယ် ကျရောက်နိုင်ခြေ ဆန်းစစ်အကဲဖြတ်ခြင်းလုပ်ငန်း စီမံကိန်းဖွင့်ပွဲအခမ်းအနားတွင် ဒေါ်မြတ်မြတ်အုန်းခင်ကပြောကြားခဲ့ခြင်းဖြစ်သည်။

ပထဝီဝင်အနေအထားအရ လှုပ်ရှားရှင်သန်လျက်ရှိသော စစ်ကိုင်းပြတ်ရွေ့ကြောပေါ်ရှိ အဆိုပါ ဒေသများသည် မြို့ပြဖြစ်ထွန်းမှု တိုးပွားလာခြင်း၊ အထပ်မြင့်အဆောက်အအုံများ များပြားလာခြင်းနှင့် လူဦးရေထူထပ်လာခြင်းများကြောင့် ဒေသခံပြည်သူများအတွက်မြေငလျင်ဘေးအန္တရာယ်ကြောင့်ထိခိုက်ဆုံးရှုံးနိုင်ခြေပိုလာကြောင်းလည်း ၎င်းကပြောသည်။

ယခုနှစ် နိုဝင်ဘာ ၁၁ ရက်က လှုပ်ခတ်ခဲ့သော သပိတ်ကျင်းငလျင်ကြောင့် လူ ၁၈ ဦး သေဆုံးခဲ့ကာ စုစုပေါင်း လူဦးရေ တစ်သောင်းခန့် ထိခိုက်ခံစားခဲ့ရပြီး လူနေအိမ်၊ စာသင်ကျောင်း၊ ကျေးလက်ဆေးပေးခန်း၊ သာသနိကအဆောက်အအုံများနှင့် ပြည်သူပိုင်အဆောက်အအုံများ ပျက်စီးခဲ့သည်။

ဟိမဝန္တာတောင်တန်း ငလျင်ရပ်ဝန်းဒေသနှင့် ဆက်စပ်နေသော မြန်မာနိုင်ငံတွင် ငလျင်ကြောကြီး သုံးခုရှိပြီး သမိုင်းကြောင်း အထောက်အထားများအရလွန်ခဲ့သည့်နှစ် ၁၀၀ အတွင်းပြင်းအား ရစ်ချ်တာစကေး ၇ ခန့်ရှိ အကြီးစားမြေငလျင် ၁၅ ကြိမ်ဖြစ်ပေါ်ခဲ့သည်။ ပျက်စီးမှုစွမ်းအားမြင့်မားသော မြေငလျင်များတွင် ပဲခူးငလျင်(၁၉၃၀ ခုနှစ်)၊ ရန်ကုန်ငလျင်(၁၉၇၀ ခုနှစ်)နှင့် ပုဂံငလျင်(၁၉၇၅ ခုနှစ်)များဖြစ်ကြောင်း၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးများသာ ငလျင်ကြောများမှ ကင်းလွတ်သော ဒေသများဖြစ်ကြောင်း သိရသည်။



**ဧရာဝတီမြစ်ကမ်းနဖူးမှ စစ်ကိုင်းတောင်ရိုးမြင်ကွင်း** ဓာတ်ပုံ - စိုင်းသာအောင်

## မန္တလေး-မြစ်ကြီးနားလမ်း မိုးညှင်းမြို့အလွန်တွင် မိုင်းခွဲခံရ၍ ကုန်တင်ရထားတစ်စီး လမ်းချော်ပြီး လူသုံးဦး ဒဏ်ရာရ

**ညီညီဇော်**

**မန္တလေး၊ဒီဇင်ဘာ-၂၀**

မန္တလေး-မြစ်ကြီးနား ရထားလမ်းပိုင်း နမ္မားဘူတာနှင့် မြို့သစ်ဘူတာအကြား မိုးညှင်းအလွန် ဆယ်မိုင်ခန့်အကွာ မိုင်တိုင် ၆၄၃/ ၂၂-၂၃ ကြားတွင် ယနေ့နံနက် ၁ နာရီ ၁၅ မိနစ်အချိန်က မိုင်းပေါက်ကွဲမှု ဖြစ်ပွားခဲ့ကြောင်း သတင်းရရှိသည်။

ပေါက်ကွဲမှုကြောင့် မန္တလေးမြို့ဟောင်း-မြစ်ကြီးနားကုန်တင်ရထား အမှတ် (၉၃၇) ၏ စက်ခေါင်း DD-1137 လမ်းချော်ပြီး ကုန်တွဲသုံးတွဲနှင့် နားနေတွဲတစ်တွဲ တိမ်းမှောက်ခဲ့ကာ ကုန်တွဲတစ်တွဲလမ်းချော်ခဲ့သည်။ ယင်းကုန်ရထားအား မောင်းနှင်သည့် စက်ခေါင်းမောင်း ဦးကျော်မြင့်နှင့် လက်ထောက်ဦးနေလင်းထွန်းမှာ ညာဘက်မျက်စိ ကိုယ်စီထိခိုက်ခဲ့ပြီး နားနေတွဲတွင် အနားယူနေသောလက်ထောက်စက်ခေါင်းမောင်း ဦးညဏ်ထွန်းမှာလည်း မျက်နှာ၌ ဒဏ်ရာရရှိခဲ့သည်။ ၎င်းတို့ သုံးဦးအား မိုးညှင်းမှ တစ်ဆင့် မြစ်ကြီးနားဆေးရုံသို့ ပို့ဆောင်ကုသနေပြီး ဒဏ်ရာအခြေအနေမှာ စိုးရိမ်စရာမရှိဟု မြန်မာ့မီးရထားလုပ်ငန်း အထက်မြန်မာပြည် အထွေထွေမန်နေဂျာရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ မီးရထားသံလမ်းမှာ ပေ ၆၀ ကျော် ပျက်စီးသွားနိုင်ကြောင်း ခန့်မှန်းပြီး မီးရထားလမ်းပိုင်း ပြုပြင်ရန်အတွက် မိုးညှင်းနှင့် မြစ်ကြီးနားမှ အင်ဂျင်နီယာများ၊ စက်ရုံလုပ်သားများ၊ တွဲပြင်လုပ်သားများသည် ကရိန်းများ၊ စက်ပြင်ကိရိယာများဖြင့် အခင်းဖြစ်ပွားရာသို့ သွားရောက်နေကြပြီဟု သတင်းရရှိသည်။ ဟိုပင်၊ မိုးညှင်း၊ မော်ဆန်၊ ပင်းဘော ဘူတာများတွင် ခေတ္တရပ်နားနေရသော မန္တလေး - မြစ်ကြီးနား အစုန်အဆန်ရထား အချို့ကို ခရီးသည်ရွှေ့ပြောင်းခြင်းဖြင့် ပို့ဆောင်သွားမည်ဖြစ်ကြောင်း အထက်ပါတာဝန်ရှိသူကပြောသည်။

မန္တလေး ဘူတာကြီးမှ မြစ်ကြီးနားရထားများ ပုံမှန်အတိုင်းထွက်ခွာပေးနေပြီး ဒီဇင်ဘာ ၂၂ ရက် နံနက် ၆ နာရီခန့်တွင် လမ်းပြန်ပွင့်ရန် ခန့်မှန်းထားကြောင်း မြန်မာ့မီးရထားလုပ်ငန်း အထက်မြန်မာပြည် အထွေထွေမန်နေဂျာရုံးမှ သိရှိရသည်။

## မန္တလေးတွင် အဆင့်မြင့်ရုပ်ရှင်ရုံသုံးရုံ တိုးလာမည်

**ညီညီဇော်**

**မန္တလေး၊ ဒီဇင်ဘာ-၂၂**

မန္တလေးမြို့တွင် ၂၀၁၃ နှစ်ဆန်းမှစတင်၍ အဆင့်မြင့်ရုပ်ရှင်ရုံသုံးရုံ တိုးလာမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါရုပ်ရှင်ရုံသုံးရုံကို ရတနာပုံဒိုင်းမွန်းပလာဇာငါးလွှာတွင် ဇန်နဝါရီနှင့် ဖေဖော်ဝါရီလခန့်တွင်စတင်ဖွင့်လှစ်နိုင်ရန် စီစဉ်နေကြောင်း၊ ယခုအခါပြင်ဆင်မှုများပြုလုပ်နေကြောင်း ရုပ်ရှင်ရုံကိုမွမ်းမံနေသည့် မင်္ဂလာကုမ္ပဏီမှတာဝန်ရှိသူတစ်ဦးက ပြောသည်။

ရုပ်ရှင်ရုံအသစ်များ ဖွင့်လှစ်ခြင်းကိုကြိုဆိုကြောင်း မန္တလေးမြို့မှ ရီမြင့်ရုပ်ရှင်ထုတ်လုပ်ရေးနှင့် မန္တလေးမြို့ရှိ နေပြည်တော်ရုပ်ရှင်ရုံလုပ်ငန်းလုပ်ကိုင်နေသူဦးဇော်မြင့်ကပြောသည်။ ရုပ်ရှင်ရုံများပိုလာသော်လည်း ထူးခြားသော တိုးတက်မှုရရှိနိုင်မည်မဟုတ်သေးကြောင်း ထုတ်လုပ်သူအချို့က ဆိုသည်။ "ဒီလောက်တုံးနေတဲ့ဇာတ်ကားရုံတင်တဲ့စနစ်ကိုမပြောင်းရင်တော့မြန်မာ့ရုပ်ရှင်အခြေအနေကထူးမလာနိုင်သေးဘူး"ဟု ဦးဇော်မြင့်က မှတ်ချက်ပြုပြောကြားသည်။

ရုံပြိုင်ပြသခြင်းမျိုးမဟုတ်ဘဲ တန်းစီစနစ်ကြောင့် ငွေများစွာနှစ်ချီမြှုပ်နှံထားရကာ ရုပ်ရှင်ဆက်ရိုက်ရန်ပင် စဉ်းစားနေရကြောင်း ထုတ်လုပ်သူတစ်ဦးက ဆိုသည်။ ယခုလက်ရှိမြန်မာရုပ်ရှင်ကားသစ်များကို တန်းစီစနစ်ဖြင့် မင်္ဂလာကုမ္ပဏီပိုင်ရုပ်ရှင်ရုံများတွင် စတင်ရုံတင်ပြသပြီးနောက် ငွေကြေးရရှိမှုအပေါ် မူတည်ကာပြသသည့်ရက်ကိုအတိုးအလျှော့ပြုလုပ်ခြင်းဖြစ်သည်။

အဆင့်မြင့်ရုပ်ရှင်ရုံများတွင် ရုံတင်ပြီးမှ မြို့ပတ်ရုပ်ရှင်ရုံများနှင့် နယ်မြို့များသို့ပြသခွင့်ရသည်။ ယခုလက်ရှိမန္တလေးမြို့ပေါ်တွင် မင်္ဂလာကုမ္ပဏီပိုင်ဝင်းလိုက်၊ မြို့မရုပ်ရှင်ရုံနှစ်ရုံနှင့် အခြားပုဂ္ဂလိကပိုင်ဖြစ်သော မြို့ဂုဏ်ရောင်နှင့် နေပြည်တော်ရုပ်ရှင်ရုံတို့ရှိကြသည်။



7 DAY NEWS JOURNAL
Vol.11, No.42 • DECEMBER 27 , 2012

# မန္တလေးတိုင်းလွှတ်တော်တွင် ရေးရာကော်မတီ(၁၁) ရပ်အထိ တိုးချဲ့ဖွဲ့စည်းမည်

**မောင်တာ**

**မန္တလေး၊ဒီဇင်ဘာ-၂၂**

ပြန်လည်ကျင်းပတော့မည့် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ပထမအကြိမ် ပဥ္စမပုံမှန်အစည်းအဝေးတွင် လွှတ်တော်ရေးရာကော်မတီ(၁၁)ရပ်အထိ တိုးချဲ့ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌဦးဝင်းမောင်ကပြောသည်။

လွှတ်တော်ရေးရာကိစ္စရပ်များ ပိုမိုပီပြင်စွာ ဆောင်ရွက်နိုင်ရန်နှင့် လွှတ်တော်ကိုယ်စားလှယ်များမှ တိုင်းဒေသကြီးအတွင်း အများပြည်သူအကျိုးစီးပွား ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရေးအတွက် ရေးရာကော်မတီ(၈) ရပ် ထပ်မံဖွဲ့စည်းသွားမည်ဖြစ်ပြီး ယခင်ဖွဲ့စည်းပြီး ကော်မတီ သုံးရပ်ကိုလည်း အမည်ပြောင်း တိုးချဲ့ဖွဲ့စည်းမည်ဖြစ်ကြောင်း ဦးဝင်းမောင်က ပြောသည်။

"ကော်မတီဖွဲ့မထားတော့ ကိုယ့်ဒေသအတွက်ပဲ ကိုယ်ကြည့်ကြတယ်။ ရေးရာကော်မတီ ဖွဲ့လိုက်ခြင်းအားဖြင့် လွှတ်တော်ကိုယ်စားလှယ်တွေမှာ သီးခြားတာဝန်တစ်ခု ပိုရှိသွားတယ်" ဟု ဦးဝင်းမောင်ကပြောသည်။

ယခုဖွဲ့စည်းထားသည့် ဥပဒေကြမ်းဆိုင်ရာကော်မတီ၊ တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ၊ လွှတ်တော်ကိုယ်စားလှယ်စိစစ်ရေးနှင့် လွှတ်တော်ရေးရာကော်မတီများအပြင် တိုင်းဒေသကြီးလွှတ်တော် ဇယား(၂)ပါပြဋ္ဌာန်းချက်များအရ ကဏ္ဍခွဲထားသည့်အတိုင်း စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်သွယ်ရေး၊ ပို့ဆောင်ရေး၊ စွမ်းအင်၊ လျှပ်စစ်၊ သတ္တု စသည့်ကဏ္ဍများတွင် ရေးရာကော်မတီများ ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း လွှတ်တော်ကိုယ်စားလှယ်များအပြင်ပြင်ပမှ သက်ဆိုင်ရာပညာရှင်များကိုပါ ကော်မတီများတွင် ထည့်သွင်းဖွဲ့စည်းမည်ဖြစ်ကြောင်း ဦးဝင်းမောင်ကဆိုသည်။

နိုင်ငံသား ပညာရှင်များပါထည့်သွင်း၍ လွှတ်တော်ရေးရာကော်မတီများ ကျယ်ကျယ်ပြန့်ပြန့် ဖွဲ့စည်းသင့်ကြောင်း ယခင်ဖွဲ့စည်းထားသည့် မန္တလေးတိုင်းလွှတ်တော်၊ တိုင်းရင်းသား လူမျိုးများအရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ မန္တလေးတိုင်းလွှတ်တော်ကိုယ်စားလှယ်ဦးသိန်းလှုကပြောသည်။




# လွှတ်တော်မှ အတည်ပြုဆုံးဖြတ်ထားသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အစိုးရအဖွဲ့ အပြည့်အဝအကောင်အထည်မဖော်နိုင်

**မောင်တာ**

**မန္တလေး၊ဒီဇင်ဘာ-၂၂**

သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်က ဒေသလိုအပ်ချက်အရ လွှတ်တော်သို့ အဆို၊ မေးခွန်းများအနေဖြင့် တင်ပြပြီး လွှတ်တော်မှ စိစစ်ကာ ဒေသဖွံ့ဖြိုးရေးအတွက် ပြုလုပ်ရန် အတည်ပြုပေးခဲ့သော်လည်း အစိုးရအဖွဲ့၏ အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်မှု အားနည်းနေသေးကြောင်း မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌဦးဝင်းမောင်ကပြောသည်။

ကျင်းပပြီးစီးခဲ့သည့်မန္တလေးတိုင်းလွှတ်တော် ပထမအကြိမ် စတုတ္ထပုံမှန်အစည်းအဝေးထိ အဆို ၄၅ ရပ် တင်သွင်းကာ မေးခွန်း ၄၀၃ ခု မေးမြန်းခဲ့သည်။ ၎င်းထဲတွင် ဒေသလိုအပ်ချက် ဖြည့်တင်းပေးရန် မေးမြန်းသည့်မေးခွန်း ၁၄၃ ခုရှိခဲ့ပြီး၊ ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်၍ လွှတ်တော်မှ အကောင်အထည်ဖော်ရန် ဆုံးဖြတ်အတည်ပြုသည်များမှ ၉၀ ရာခိုင်နှုန်းအား လုပ်ဆောင်လျက်ရှိပြီး ကျန် ၁၀ ရာခိုင်နှုန်းမှာ လုံးဝအကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်းမရှိသေးသည်ကို တွေ့ရှိရကြောင်း ဦးဝင်းမောင်ကဆိုသည်။

စက်တင်ဘာလအတွင်း ကျင်းပခဲ့သည့်မန္တလေးတိုင်းလွှတ်တော်ပထမအကြိမ် စတုတ္ထပုံမှန်အစည်းအဝေးတွင် ရေနည်းချိန် ရောဝတီမြစ်ကြောင်း ထိန်းသိမ်းရေး ဆောင်ရွက်ပေးရန် စဉ့်ကူးမဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ်က မန္တလေးတိုင်းလွှတ်တော်သို့အဆိုတင်ခဲ့ရာရောဝတီမြစ်ရေနည်းချိန် နိုဝင်ဘာ ၁၅ရက်မှ ၂၀၁၃မေလ ၁၅ရက်အတွင်း ရောဝတီမြစ်ကြောင်း ထိန်းသိမ်းရေးလုပ်ဆောင်သွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းလွှတ်တော်က အတည်ပြုခဲ့သည်။

သို့သော် ယခုအခါ အဆိုပါလုပ်ငန်းအတွက် ဘတ်ဂျက်မရရှိသေး၍ ဆောင်ရွက်နိုင်ခြင်းမရှိသေးကြောင်း မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်ဆန်းက ပြောသည်။

လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ဥပဒေပြုရေး အလေ့အထအားနည်းသော်လည်း လွှတ်တော်သက်တမ်း ၂နှစ်နီးပါး ကျင်းပပြီးစီးခဲ့သည့် လွှတ်တော်ပုံမှန်အစည်းအဝေး လေးကြိမ်တွင် ဥပဒေ ၁၃ ရပ် ပြဋ္ဌာန်းနိုင်ခဲ့ကြောင်း၊ပြဋ္ဌာန်းထားသည့်ဥပဒေများကိုလည်း လေးစားလိုက်နာမှု၊ ကျင့်သုံးမှုရှိစေရန် လွှတ်တော်မှ တွန်းအားပေး ဆောင်ရွက်နေကြောင်း ဦးဝင်းမောင်က ပြောကြားသည်။

# အလောင်းတော်ကဿပလမ်း သတ်မှတ်အချိန်ထက်စော၍ ဖွင့်လှစ်

**မျိုးမင်းဦး**

**မုံရွာ၊ ဒီဇင်ဘာ – ၁၉**

ယခုနှစ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုနည်းပါးခဲ့၍ လမ်းပိုင်းပျက်စီးမှု အနည်းငယ်သာရှိသောကြောင့် သတ်မှတ်ထားသည့် အချိန်ထက်စော၍ ဘုရားဖူးယာဉ်များသွားလာခွင့်ရရှိခဲ့ကြောင်း ဘုရားဘက်စုံထိန်းသိမ်းစောင့်ရှောက်ရေး (ဂေါပက)အဖွဲ့ ဝန်ဆောင်ဆရာတော် အရှင်သုမနက မိန့်ကြားသည်။

"ဒီနှစ်တောင်ပေါ် လည်း မိုးကမရွာဘူး။ အရင်နှစ်တွေတုန်းက မြေပြန့်မရွာတောင်တောင်ပေါ် က မိုးသည်းလေ့ရှိတယ်။ ဒီနှစ်မိုးအရွာနည်းလို့ လမ်းအပျက်အစီးလည်းနည်းတယ်။ လမ်းပိုင်းပြုပြင်ရတာ သက်သာတာပေါ့။ နှစ်တိုင်း စောရင် ဒီဇင်ဘာလကုန်ပေါ့။ ဒီနှစ်တော့ ဒီဇင်ဘာ ၁၂ရက်မှာအလောင်းတော်ရာသီလမ်းကို ဖွင့်မယ်။ လမ်းကိုဖွင့်လှစ်ပေးမယ့်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်ရဲ့ မွေးနေ့နဲ့လည်းတိုက်ဆိုင်နေတယ်"ဟု ဆရာတော် အရှင်သုမနက မိန့်ကြားသည်။

ယခုနှစ် အလောင်းတော်ကဿပရာသီတွင် ဘုရားဖူးယာဉ်ငယ်များသည် ဒီဇင်ဘာလ ၁၈ ရက်ကတည်းက စတင်ပြေးဆွဲနေပြီဖြစ်သော်လည်း အလောင်းတော်ကဿပ လမ်းပွင့်သည်ကို လူမသိသေးခြင်းကြောင့် ဘုရားဖူးကားအလာနည်းကြောင်း ယင်းမာပင်မြို့နယ်ကပိုင်ကျေးရွာဒေသခံ စားသောက်ဆိုင်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

အလောင်းတော်ကဿပရာသီလမ်းသည် မုံရွာမှကပိုင်ကျေးရွာအထိ မြေပြန့်လမ်း ၂၁ မိုင်၊ ကပိုင်ကျေးရွာမှ အလောင်းတော်ကဿပယာဉ်ရပ်နားစခန်း (သပိတ်ဆေးစခန်း)အထိ ၂၁ မိုင်ကို တောင်တက်လမ်းများဖြင့် သွားလာရမည်ဖြစ်သည်။ သဘာဝတောတောင်များ၊ ရှူခင်းများတည်ရှိသော အလောင်းတော်ကဿပသာသနာ့မြေသို့ပြည်တွင်းပြည်ပခရီးသည်များသွားရောက်သူ တစ်နှစ်ထက်တစ်နှစ်များပြားလာကြောင်း သိရှိရသည်။

# မန်းတွင် တက္ကစီအစီး ၂၀၀ အရစ်ကျစနစ်ဖြင့် စတင်ရောင်း

**မောင်တာ**

**ရန်ကုန်၊ ဒီဇင်ဘာ-၂၃**

မန္တလေးမြို့တွင် ပြေးဆွဲရန် အေအေလိုင်စင်ရ တက္ကစီအစီး ၂၀၀ အား အရစ်ကျစနစ်ဖြင့် ဒီဇင်ဘာ ၂၂ ရက်မှ စတင်ရောင်းချပေးနေပြီဖြစ်ကြောင်း သတင်းရရှိသည်။

ပြေးဆွဲရန်အသင့် တက္ကစီကားများကို မန္တလေးမြို့ Best-Auto ကားအရောင်းပြခန်းမှ အရစ်ကျစနစ်ဖြင့် ရောင်းချပေးခြင်းဖြစ်ပြီး ဝယ်ယူသူများအနေဖြင့် ပထမအရစ်ကျပ် ၃၅ သိန်းပေးသွင်းပြီးလျှင် မော်တော်ကားရရှိမည်ဖြစ်ကာ တက္ကစီစတင်ပြေးဆွဲနိုင်မည် ဖြစ်သည်။

ထို့နောက် နေ့စဉ် ၁၃,၀၀၀ ကျပ်ပေးသွင်းရမည်ဖြစ်ပြီး ဒုတိယအရစ်အဖြစ်ကျပ်သိန်း ၃၀ ကိုတစ်နှစ်အတွင်း ထပ်မံပေးသွင်းရမည်ဖြစ်ကာ ဒုတိယအရစ်ပေးသွင်းပြီးလျှင် တစ်နေ့ကျပ် ၁၁,၀၀၀ သာ နေ့စဉ်ပေးသွင်းရတော့မည်ဖြစ်ကြောင်း စုစုပေါင်း သုံးနှစ်ငွေသွင်းရမည်ဖြစ်ရာ တန်ဖိုးစုစုပေါင်း ကျပ်သိန်း ၁၈၀ ခန့်ကျသင့်မည်ဖြစ်ကြောင်း Best-Auto မှ ဒုတိယမန်နေဂျာ ဦးလှကျော်စွာက ပြောသည်။

တိုင်းဒေသကြီး အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ရောင်းချပေးသည့် ယင်းအစီအစဉ်သည် တက္ကစီသမားများ အဆင်ပြေကားပိုင်ဆိုင်စေရန်အတွက် ရောင်းချပေးခြင်းဖြစ်ပြီး ယခုထက် ဈေးနှုန်းလျှော့၍ ရောင်းချနိုင်ရန် ကြိုးစားနေကြောင်းနှင့် နောက်ပိုင်းတွင် ကိုယ်ပိုင်တက္ကစီ အသင်းတစ်ခုထားရှိနိုင်ရန် စီစဉ်နေကြောင်း ဦးလှကျော်စွာက ပြောသည်။

မန္တလေးမြို့၏ သယ်ယူပို့ဆောင်ရေး လိုအပ်ချက်အရ ကိုယ်ပိုင်တက္ကစီ ယာဉ်လိုင်းပြေးဆွဲရန်၊ တက္ကစီကားများ အရစ်ကျစနစ်ဖြင့် ရောင်းချပေးရန် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့သို့ တင်ပြထားသည့် ကုမ္ပဏီ တစ်ဆယ်ကျော်ရှိပြီး ၎င်းထဲမှ ယခု Best-Auto ကား ကုမ္ပဏီက ပထမဆုံး အကောင်အထည်ဖော်သည့်အနေဖြင့် တက္ကစီကားများ အရစ်ကျစနစ်ဖြင့် ရောင်းချပေးခြင်းဖြစ်သည်ဟုဆိုသည်။

မကြာမီ ကိုယ်ပိုင်တက္ကစီအသင်းများ ပေါ်ထွက်လာမည်ဖြစ်ပြီး မန္တလေးမြို့သွားလာရေး လွယ်ကူချောမွေ့စေရန် လုပ်ဆောင်နေကြောင်း မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်ဆန်းက ပြောသည်။

ယခုကဲ့သို့ တက္ကစီကားများ အရစ်ကျစနစ်ဖြင့် ရောင်းချပေးခြင်းသည် မန္တလေးမြို့တွင် ပထမဆုံးဖြစ်ပြီး ဝယ်ယူသူများအတွက်လည်း အဆင်ပြေနိုင်ကြောင်း သို့သော် တက္ကစီပြေးရန် မြို့ကျဉ်း၍ စိတ်ဝင်စားသူနည်းနိုင်သလို အရစ်ကျဖြင့် ကားတစ်စီး ကျပ်သိန်း ၁၈၀ ခန့် ပေးသွင်းရမည်ဖြစ်ရာ ကိုယ်တိုင်အပြင်မှ ဝယ်ပြီး အငှားယာဉ်လိုင်စင် (AA) ဖောက်လျှင် ကျပ်သိန်း ၂၀ မှ ၂၅ သိန်းဝန်းကျင်သက်သာကြောင်း မန္တလေးမြို့ ပြည်ကြီးမျက်ရှင် ကားပွဲစားဝိုင်းမှ ကားပွဲစားတစ်ဦးက ပြောကြားသည်။

# မန်းတွင် စက်ဘီး၊ ဆိုင်ကယ်သီးသန့်လမ်းများ ထပ်မံဖောက်လုပ်မည်ဟုဆို

**ညီညီဇော်**

**မန္တလေး၊ ဒီဇင်ဘာ-၂၂**

မန္တလေးမြို့တွင် စက်ဘီး၊ ဆိုင်ကယ်သီးသန့်လမ်းများ အသစ်ထပ်မံဖောက်လုပ်သွားမည်ဖြစ်ကြောင်း မန္တလေးစည်ပင် လမ်းတံတားဌာနမှ သတင်းရရှိသည်။

မန္တလေးမြို့အဝင် သံလမ်းမှ မြစ်ငယ်-ထုံးဘိုဖြတ်လမ်းအထိ ရန်ကုန်-မန္တလေးလမ်းဘေးဝဲယာတစ်လျှောက် စက်ဘီး၊ ဆိုင်ကယ်သီးသန့်လမ်း ဖောက်လုပ်သွားရန် စီစဉ်ထားကြောင်း မန္တလေးစည်ပင် လမ်းတံတားဌာနမှ ဌာနမှူး ဒေါ်ခင်မေဌေးက ပြောသည်။

သို့သော် အချို့နေရာများတွင် လမ်းဖောက်လုပ်ရန်အတွက် လမ်းမြေနေရာကျဉ်းမြောင်းမှုပြဿနာ ကြုံတွေ့နေရသည်ဟု ၎င်းကဆိုသည်။

“၆၂ လမ်း အရှေ့ဘက်ခြမ်းဆို ဆိုင်ကယ်၊ စက်ဘီး သီးသန့်လမ်းလုပ်ဖို့ နေရာမရှိတော့တာကြောင့် မလုပ်ဖြစ်သေးဘူး” ဟု ၎င်းက ပြောသည်။

ယခုလက်ရှိတွင် စက်ဘီး၊ ဆိုင်ကယ် သီးသန့်လမ်းများကို မန္တလေးမြို့အဝင် သံလမ်းမှ သိပ္ပံလမ်းအထိ အရှည်ပေ ၈၀၀၀ ခန့်ရှည်သော ရန်ကုန်-မန္တလေးလမ်းဘေးတစ်လျှောက် အရှေ့ဘက်တွင် ပေ ၃၀ ခန့်နှင့် အနောက်ဘက်တွင် ပေ ၂၀ ခန့်ကျယ်သော လမ်းများနှင့် မြို့သစ်ဘက်သွားရာတွင် အဓိကကျသောလမ်းမတစ်ခုဖြစ်သည့် ၆၂ လမ်း အနောက်ဖက်တွင် ၃၅ လမ်းမှ သိပ္ပံလမ်းအထိ ၅၅၀၀ ပေရှည်သော ၁၆ ပေ အကျယ်ရှိသည့် စက်ဘီး၊ ဆိုင်ကယ်သီးသန့်လမ်းကို ဖောက်လုပ်ထားပြီးဖြစ်သည်။



*မန္တလေးမြို့သည် စက်ဘီးနှင့် ဆိုင်ကယ်အသုံးပြုသူ အများဆုံးမြို့ဖြစ်သည်* ဓာတ်ပုံ-ညီညီဇော်

ရန်ကုန်-မန္တလေးလမ်းရှိ စက်ဘီး၊ ဆိုင်ကယ်လမ်းမှာ သွားလာအသုံးပြုသူများသော်လည်း ၆၂ လမ်းရှိ စက်ဘီး၊ ဆိုင်ကယ်သီးသန့်လမ်းမှာ ကျဉ်းနေသောကြောင့် အသုံးပြုသူနည်းကြောင်း လမ်းတံတား ဌာနမှူးက ပြောကြားသည်။

ရန်ကုန် - မန္တလေးလမ်းရှိ ဆိုင်ကယ်လမ်းကို အသုံးပြုသွားလာနေသည့် ပြည်ကြီးတံခွန်မြို့နယ်ရှိ အမျိုးသမီးတစ်ဦးကမူ “ညဘက်တော့ ကားလမ်းကပဲ သွားတယ်။ အရှေ့ဘက်ဆိုင်ကယ်လမ်းက မှောင်မဲနေတာပဲ။ မီးတစ်ချောင်းမှ ထွန်းမထားဘူးလေ”ဟုဆိုသည်။

ဖောက်လုပ်ပြီး စက်ဘီး၊ ဆိုင်ကယ်သီးသန့်လမ်းများကို ယင်းလမ်းများကိုကွန်ကရစ်လမ်းမှ နိုင်လွန်ကတ္တရာလမ်းသို့ အဆင့်မြှင့်တင်သွားမည်ဟု လမ်းတံတား ဌာနမှူးက ပြောသည်။

## အအေးပိုလာ၍ သစ်သီးအရောင်းအဝယ် ကျဆင်း

**ညီညီဇော်** **မန္တလေး၊ဒီဇင်ဘာ-၂၂**

မန္တလေးမြို့တွင် ရာသီဥတုအအေးပိုလာသောကြောင့် အအေးစာများဖြစ်သည့်သစ်သီးဈေးကွက် အရောင်းအဝယ်ကျဆင်းနေကြောင်းသတင်းရရှိသည်။

“ဒီနှစ်ရာသီဥတုက တအားအေးလာတော့ အသီးတွေ မစားကြဘူး။ တော်တော်ကိုရောင်းအားကျနေတယ်”ဟု ရတနာပုံဈေးအနီး သစ်သီးမျိုးစုံရောင်းချနေသည့် အမျိုးသမီးတစ်ဦးက ပြောသည်။

သီးနှံစုံပေါ်သည့်အချိန်အခါ ဖြစ်နေသောကြောင့် အရောင်းအဝယ်မှုသွားခြင်း၊ ဆောင်းသီးနှံများမှာ နွေအခါအသီးများလောက် ဖွံ့ထွားမှုမရှိခြင်းတို့ကြောင့်လည်းပါဝင်သည်ဟု ဈေးချိုအနီးသစ်သီးတန်းရှိ သစ်သီးမျိုးစုံရောင်းချသူများက ပြောသည်။

“အရောင်းအဝယ်မကောင်းတာက တစ်လကျော်ပြီ။ စအေးလာကတည်းက အရောင်းပါးတာ။ ဈေးတွေလည်း ထိုးကျကုန်တယ်။ အရင်က တစ်နေ့တစ်နေ့သိန်းချီရောင်းရတာ ခုဆိုသောင်းဂဏန်းဖိုးတောင် အနိုင်နိုင်ရောင်းနေရတယ်”ဟု မန္တလေးမြို့ ဈေးချိုတော်အနီး သစ်သီးပွဲရုံတစ်ခုမှ မန်နေဂျာတစ်ဦးက ပြောသည်။

ပြည်တွင်းထွက်အသီးများအပြင် တရုတ်နိုင်ငံဘက်မှ ဝင်ရောက်သည့် ပျားလိမ္မော်၊ သစ်တော်သီး၊ နှင်းလိမ္မော်၊ နဂါးမောက်သီး၊ တည်သီးအစရှိသည့် အသီးအနှံများလည်း ဈေးကျနေသည်ဟု သစ်သီးကုန်သည်အချို့ကဆိုသည်။ နိုဝင်ဘာလလယ်ခန့်မှ ရာသီဥတု အအေးပိုလာခဲ့ပြီးနောက် ဖရဲသီးတစ်လုံးလျှင် ၁,၀၀၀ ကျပ်ဝန်းကျင်မှ ၃၀၀ ကျပ်ဝန်းကျင်အထိ၊ ပျားလိမ္မော်တစ်ခြင်းလျှင် ၁၇,၀၀၀ ကျပ်ဝန်းကျင်မှ ၉,၀၀၀ ကျပ်ဝန်းကျင်ထိ၊ လိမ္မော်သီးတစ်ခြင်းလျှင် ၆၀,၀၀၀ ဝန်းကျင်မှ ၃၅,၀၀၀ ဝန်းကျင်ထိ၊ သဘော်သီးတစ်လုံးလျှင် ၃၀၀ ကျပ်ဝန်းကျင်မှ ၅၀၀ ကျပ်ဝန်းကျင်အထိ ဈေးကျဆင်းသွားကြောင်း သစ်သီးရောင်းဝယ်သူများက ပြောသည်။

# အလောင်းတော်ကဿပ ဘုရားဖူးရာသီတွင် မော်ဒယ်မြင့်ကားများ ဘုရားဖူးယာဉ်ဝန်ဆောင်မှု ထားရှိ

**မျိုးမင်းဦး**

**မုံရွာ၊ ဒီဇင်ဘာ - ၁၉**

အလောင်းတော်ကဿပ ဘုရားဖူးရာသီ (ဒီဇင်ဘာလမှ ဧပြီလကုန်)အတွင်းယခုနှစ်မှစ၍ မော်ဒယ်မြင့် ဘုရားဖူးယာဉ်များဖြင့် သီးသန့် ယာဉ်လိုင်းအဖြစ် ပြေးဆွဲသွားမည်ဖြစ်ကြောင်း မုံရွာ-အလောင်းတော်ကဿပ ဘုရားဖူးဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်လျက်ရှိသော ဦးညိုဝင်းနှင့် ရောင်းရင်းများအဖွဲ့က ပြောသည်။

“အရင်နှစ်တုန်းက လိုက်ထရပ်၊ ဆန်နီတွေပြေးခဲ့တာ ဒီနှစ်မပြေးတော့ဘူး။ မော်ဒယ်မြင့်ကားတွေနဲ့ အစားထိုးပြေးမယ်။ နေ့တိုင်းခရီးသည်အပေါ် မူတည်ပြီး နေ့ချင်းပြန်ခရီးစဉ်တွေ တိုးချဲ့ပြေးဆွဲမှာဖြစ်သလို စင်းလုံးငှားစနစ်နဲ့လည်း ပြေးဆွဲဖို့ စီစဉ်ထားပါတယ်”ဟုမုံရွာ-အလောင်းတော်ကဿပ ဦးညိုဝင်းနှင့် ရောင်းရင်းများ ဘုရားဖူးပို့ဆောင်ရေးမှ တာဝန်ရှိသူ ဦးညိုဝင်းက ပြောကြားသည်။

“ပုံမှန် ပြေးဆွဲနေကျ မှန်လုံယာဉ်ကြီးတွေ၊ မှန်လုံယာဉ်ငယ်တွေကတော့ ပြေးမှာပါ။ လိုက်ထရပ်နဲ့ ဆန်နီတွေတော့နားမယ်။ ယာဉ်ငယ်တွေနေရာမှာ မော်ဒယ်မြင့်ကားတွေဖြစ်တဲ့ ပါဂျဲရို၊ စူပါကတ်စတန်၊ ဟိုက်အေ့၊ အန်စာတုံးစတဲ့ယာဉ်တွေ အစားထိုးပြေးမယ်” ဟု အလောင်းတော်ကဿပ-မုံရွာ ဘုရားဖူးယာဉ်ငယ်အသင်းမှ ကိုဟန်လင်းအောင်က ပြောကြားသည်။

“မုံရွာ - အလောင်းတော်ကဿပ ဘုရားဖူးခရီးစဉ်များတွင် မှန်လုံအကြီးနှင့်မှန်လုံအသေးခရီးစဉ်များ၌ ခရီးသည်တစ်ဦး ကျပ်တစ်သောင်း၊ စူပါကတ်စတန်၊ ဟိုက်အေ့စ်၊ အန်စာတုံး မော်ဒယ်မြင့်ကားခရီးစဉ်တွင် ခရီးသည်တစ်ဦး ကျပ်တစ်သောင်းခွဲ၊ ပါဂျဲရိုဒို ခရီးစဉ်တွင် ကျပ်နှစ်သောင်းခွဲဖြင့် ပြေးဆွဲလျက်ရှိသည်။

စင်းလုံးငှားစနစ်ဖြင့် မုံရွာ-အလောင်းတော်ကဿပနေ့ချင်းပြန်ခရီးတွင် ပါဂျဲရိုတစ်စီးလျှင် ကျပ်တစ်သိန်းခွဲ(ခရီးသည် ၇ ဦးလိုက်ပါနိုင်)၊ စူပါကတ်စတန်တစ်စီးလျှင် ကျပ် တစ်သိန်းသုံးသောင်း၊ ဟိုက်အေ့စ်တစ်စီးလျှင်ကျပ်တစ်သိန်းသုံးသောင်း၊ အန်စာတုံးတစ်စီးလျှင် ကျပ်တစ်သိန်း ခုနစ်သောင်း၊ မှန်လုံအကြီးတစ်စီးလျှင် ကျပ်နှစ်သိန်းခွဲ၊ မှန်လုံအသေးတစ်စီးလျှင် ကျပ်နှစ်သိန်းနှုန်းဖြင့် ငှားရမ်းနိုင်ကြောင်း သိရသည်။

**ဝန်ထမ်းအလိုရှိသည်**

အပတ်စဉ်နှင့် လစဉ်ထုတ်ဝေလျက်ရှိသော 7Day News၊ 7Day Sports၊ 7Day Shopping Guide၊ အင်တာနက် ဂျာနယ်နှင့် မြန်မာဝီးပလ် မဂ္ဂဇင်းတို့တွင် တာဝန်ထမ်းဆောင်ရန် ငွေကောက်ဝန်ထမ်းများ အမြန်အလိုရှိသည်။

Junior Cashier ကျား (၂) ဦး

- အသက် ၁၈ နှစ် မှ ၂၅ နှစ်အတွင်း ဘွဲ့ရဦးစားပေးမည်။
- ရန်ကုန်မြို့တွင်း ကျွမ်းကျင်စွာ သွားလာနိုင်ရမည်။
- အကျင့်စာရိတ္တ ကောင်းမွန်၍ ကျန်းမာရေး အထူးကောင်းမွန်ရမည်။
- မိမိအလုပ်ကို တာဝန်ယူလုပ်ကိုင်နိုင်ရမည်။ ပေါင်းသင်းဆက်ဆံရေး ကောင်းရမည်။

လျှောက်ထားလိုသူများ ကိုယ်ရေးရာဇဝင်နှင့် ဓာတ်ပုံ(၁)ပုံ၊ မှတ်ပုံတင်မိတ္တူ၊ အလုပ်သမား မှတ်ပုံတင် မိတ္တူ၊ ပညာအရည်အချင်း အထောက်အထား မိတ္တူ တို့နှင့်အတူ (၁၁.၁.၁၃) ရက်နေ့နောက်ဆုံးထား၍ အောက်ပါလိပ်စာသို့ လာရောက် လျှောက်ထားနိုင်ပါသည်။

အခန်းအမှတ် (G-12)၊ မြေညီထပ်၊ တိုက် (B)၊ Diamond Center ၊ အမှတ် (၅၉၇) ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ Ph: 512887, 513515~519

# အလုပ်သမားပို့သည့် အေဂျင်စီများ ဝန်ဆောင်ခမြင့်မားနေခြင်းက လူကုန်ကူးမှုဖြစ်ပေါ်စေ

**အေးမြတ်သူ**

**ရန်ကုန်၊**

**ဒီဇင်ဘာ-၂၂**

မြန်မာရွှေ့ပြောင်းလုပ်သားများ ပြည်ပသို့သွားရောက်လုပ်ကိုင်ရန် အေဂျင်စီများအား ဝန်ဆောင်ခ နှုန်းထားအဖြစ် အခကြေးငွေ မြင့်မားစွာ ပေးရခြင်းသည် လူကုန်ကူးမှုကို ဖြစ်ပေါ်စေနိုင်ကြောင်း အမေရိကန်ပြည်ထောင်စုဝါရှင်တန်ဒီစီမှ လူကုန်ကူးတိုက်ဖျက်ရေးအဖွဲ့မှ အကြီးတန်းညှိနှိုင်းရေးအရာရှိက ပြောသည်။

အမေရိကန်ပြည်ထောင်စုတွင် အလုပ်အကိုင်ရှာဖွေရေး အေဂျင်စီများသည် အလုပ်ရှာဖွေသူများထံမှဝန်ဆောင်ခနှုန်းထားသုညရာခိုင်နှုန်းအဖြစ် သတ်မှတ်ထား၍ ဝန်ထမ်းအလိုရှိသည့် ကုမ္ပဏီများတို့ကိုသာ ဝန်ဆောင်ခနှုန်းထား ယူရမည်ဟု ဥပဒေပြဋ္ဌာန်းထားကြောင်း မစ္စတာ Mark B. Taylor က ပြောသည်။

"အလုပ်သမားတွေ ပိုက်ဆံရှာဖို့ အလုပ်ခန့်ဖို့အတွက် အေဂျင်စီကို လုံးဝပိုက်ဆံမပေးရဘူး။ အလုပ်သမားတွေအတွက် ဝန်ဆောင်ခ သုညရာခိုင်နှုန်းဆိုပြီးပြဋ္ဌာန်းထားတယ်။ အလုပ်ခန့်ဖို့အတွက် ပိုက်ဆံယူလိုက်တာနဲ့ တစ်ပြိုင်နက်တည်း အဓမ္မစေခိုင်းမှုဖြစ်စေတယ်"ဟု Mr. Mark B.Taylor က ပြောသည်။

ပြည်ပသို့ သွားရောက်လုပ်ကိုင်မည့်မြန်မာအလုပ်သမားတစ်ဦးအနေဖြင့် အေဂျင်စီသို့ ပေးရသည့် ဝန်ဆောင်ခနှုန်းထားသည် ကျပ်ငါးသိန်းမှ ဆယ်သိန်းခန့်ထိရှိသည်။ ယင်းကဲ့သို့ ဝန်ဆောင်ခ ပေးရန် မတတ်နိုင်သူများသည် အကြွေးစနစ်ဖြင့် သွားနိုင်သည့်အတွက် အကြွေးဆပ်ရန် အရင်လုပ်ကြရပြီး အချို့သော အလုပ်နေရာများတွင် ပိတ်လှောင်သော အခန်းမျိုးတို့၌ ခြိမ်းခြောက်မှုများဖြင့် လုပ်နေကြရသူများလည်း ရှိသည်။

"ဒီအကြွေးဆပ်ဖို့အတွက်အလုပ်တွေလုပ်နေတာတွေရှိတယ်။ သူတို့သွားလုပ်တဲ့ နေရာမျိုးတွေမှာ အခန်းထဲမှာ ပိတ်လှောင်ပြီး ဘယ်မှသွားလို့မရတာ။ အဲဒီပုံစံထဲမှာ နိုင်ငံကူးလက်မှတ်တွေပါ သိမ်းထားတာတွေ လျော်ကြေးမပေးနိုင်ရန် ခြိမ်းခြောက်မှုတွေနဲ့ အလုပ်လုပ်ကြတာ" ဟု မစ္စတာ Mark B.Taylor က ပြောသည်။

UNIAP မှ မြန်မာနိုင်ငံဆိုင်ရာစီမံချက် ညှိနှိုင်းရေးမှူး ဒေါ်ဥမ္မာအိအိချောက "ပြည်ပကို အလုပ်သွားလုပ်မယ့် သူတွေကလည်း ကုန်ကျစရိတ်က ဘယ်လိုကြောင့် ဒီလောက်ကုန်ကျတယ်ဆိုတာ သေချာမသိဘူး။ အချို့အေဂျင်စီတွေကနေ ဟိုလူကြီးကို ဘယ်လောက်ပေးရလို့ဆိုပြီး လျှောက်ပြောတာကို တကယ်ရောက်လား မရောက်လားလည်း ဆိုတာ မသိကြဘူး။ ဝန်ဆောင်ခတွေ တဖြည်းဖြည်းလျှော့ဖို့ အေဂျင်စီတွေဘက်က လုပ်ဖို့လိုပါတယ်" ဟု ဆိုသည်။

အလုပ်ရှာဖွေရေးအေဂျင်စီများသည် အလုပ်သများထံ ဝန်ဆောင်ခနှုန်းထားယူမည်ဆိုပါက အတတ်နိုင်ဆုံး သင့်တင့်သောနှုန်းထားကိုသာ ယူသင့်ပြီး ကုမ္ပဏီအလုပ်ရှင်ထံကိုသာ ဝန်ဆောင်ခ အခကြေးငွေယူသင့်ကြောင်း မစ္စတာ Mark B.Taylor က ဆက်လက်ပြောကြားသည်။

ယခင်မြန်မာလုပ်သားများ အနေဖြင့် ထိုင်းနိုင်ငံသို့ သွားရောက်လုပ်ကိုင်မည်ဆိုပါက နှစ်နိုင်ငံနယ်စပ်မှ ပွဲစားတို့မှတစ်ဆင့် တရားမဝင် သွားရောက်ကြခြင်းကြောင့် လူကုန်ကူးမှုများ ဖြစ်ပွားလျက်ရှိသည်။

ထို့ကြောင့် မြန်မာအစိုးရက ထိုင်းနိုင်ငံသို့ အလုပ်သမားပို့မည့် တရားဝင်လိုင်စင်ရအေဂျင်စီများကို ပြီးခဲ့သည့် ဩဂုတ်လအတွင်း သတ်မှတ်ပေးခဲ့၍ ဝန်ဆောင်ခနှုန်းထားများကိုလည်း ကျပ်ငွေတစ်သိန်းခန့်သာ ပေးရမည်ဟု သတ်မှတ်ပေးခဲ့သည်။

"အခု အလုပ်အကိုင်ရှာဖွေရေးအေဂျင်စီ ၁၄၇ ခုကို မှီပြီး သွားကြတယ်။ အဲဒီလူတွေထဲမှာလည်း လူဆိုတာတော့ အတ္တရှိကြတာပဲ။ လိုင်စင်ရှိပေမယ့် အမှားခံတာရှိကြတယ်။ အဲဒီတော့ သွားမယ့်လူတွေက သေချာစိစစ်ပြီးတော့ သွားပါ။ ငါးရာခိုင်နှုန်းလောက်မသေချာရင်ကိုမသွားပါနဲ့"ဟု ပြည်ထဲရေးဝန်ကြီးဌာနမှ နယ်စပ်ဖြတ်ကျော် မှုခင်းဌာနရဲမှူးကြီး ရာလျန်မုန်းက ပြောကြားသည်။

ဆက်လက်၍ ၎င်းက "ခိုင်လုံတဲ့ အလုပ်ပါမစ်ရှိတယ်ဆိုရင်တောင် ဘာအလုပ်လုပ်မှန်း မသိလို့မဖြစ်ဘူး။ သေချာစစ်ဆေးပြီးမှ သွားသင့်တယ်" ဟု ဆိုသည်။

## Free Classified — ဝန်ထမ်းအလိုရှိသည် — အခမဲ့ကြော်ငြာကဏ္ဍ

**ဝန်ထမ်းအလိုရှိသည်**

Preschool Teachers (English and Chinese)
(University graduate, Specialization in Early Years Teaching with at least 1 year experience)
imperialmerit@gmail.com.
Ph: 095057367

---

**ဝန်ထမ်းအလိုရှိသည်**

translator (၅) ဦး
office staff (၅) ဦး
**ဖုန်း - ၀၉-၇၃၁၉၂၈၅၉**

---

**ဝန်ထမ်းအလိုရှိသည်**

Graphic Designer (M/F) 2 Posts
No. 51, Shwe Hinthar Tower (A), Room 202, 6½ miles, Pyay Road.
**Ph: 01-502286**
(form closing date: 10-1-2013)

---

**ဝန်ထမ်းအလိုရှိသည်**

TLCC ကွန်ပျူတာစင်တာ
လက်ကမ်းကြော်ငြာဝေ/ ကြော်ငြာကပ်ရန် မ (၁) ဦး
**အမှတ် ၇၆/ ၈၀၊ ဗညားဒလလမ်း၊(သိမ်ဖြူကားမောင်းကွင်းရှေ့-မဆလာမှတ်တိုင်အနီး) ဖုန်း - ၀၉၅၁၉၆၀၆၇**

---

**ဝန်ထမ်းအလိုရှိသည်**

1. Chinese-Burmese Transla-tor
2. Driver
3. Administrative Commisioner
**ဖုန်း - ၀၉၄၃၀၇၄၈၃၈**
FL-8, KanyakeTar Rd, FMI City, Hlaingthayar Tsp.

---

**ဝန်ထမ်းအလိုရှိသည်**

အသစ်တွေအလိုရှိသည်။
တေးရေး၊တေးဆို၊သရုပ်ဆောင်၊တေးသီချင်းဗီစီဒီ အသစ်ရိုက်ကူးမည်။
**ဖုန်း - ၂၂၇၁၉၉**

---

**ဝန်ထမ်းအလိုရှိသည်**

Account (LCCI-III) မ (၃) ဦး
Office Staff မ (၃) ဦး
Driver/ Sale driver ကျား (၅) ဦး
**ဖုန်း - ၂၄၃၈၁၉**

---

**ဝန်ထမ်းအလိုရှိသည်**

Marketing Supervisor မ(၂)ဦး၊
Sales & Marketing Assistant မ (၂)ဦး၊ကြော်ငြာလုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။
**ဖုန်း-၀၁-၃၇၄၂၈၃**

---

**ဝန်ထမ်းအလိုရှိသည်**

စတိတ်မန်နေဂျာ
အကြော်ဆရာ
**ဖုန်း - ၀၉-၅၁၁၂၉၅၆**
**အမှတ် (၇၁၅)၊ အောက်မင်္ဂလာဒုံလမ်း၊ စဥ့်ငူရပ်ကွက်၊ အင်းစိန်မြို့နယ်။**

---

**ဝန်ထမ်းအလိုရှိသည်**

Myanmar Crimson Co.,Ltd
1. Project Assistant (F/M) 2 Posts
**ဖုန်း - ၀၁-၅၁၄၃၂၄**

---

**ဝန်ထမ်းအလိုရှိသည်**

Rattan Studio Co.,Ltd
1. Operation Assistant (F) 2 posts
**ဖုန်း - ၀၁၅၂၄၆၁၁**

---

**ဝန်ထမ်းအလိုရှိသည်**

ဓာတ်ခွဲခန်းဝန်ထမ်း မ (၅) ဦး
( B.Sc (Micro;) ဘွဲ့ရဖြစ်ရမည်)
(၁၈. ၁. ၂၀၁၃ နေ့ နောက်ဆုံးထားလျှောက်ထားရန်)
**အမှတ် ၁၀၁/၁၀၂၊ ချယ်ရီလမ်း၊ စက်မှုဇုန် (၁)၊ ရွှေပြည်သာစက်မှုဇုန်၊**

---

**ဝန်ထမ်းအလိုရှိသည်**

B.L. ACTY Co.,Ltd
Japanese Language Trainner (1) Post
Room (506), 5th Floor, La Pyayt Wun Plaza.

---

**ဝန်ထမ်းအလိုရှိသည်**

အထွေထွေဝန်ထမ်း ကျား (၁၀) ဦး၊
ယာဉ်မောင်းကျွမ်းကျင် ကျား (၂) ဦး အလိုရှိသည်။
**ဖုန်း - ၀၉-၇၃၀၂၇၇၃၃**
**အမှတ် (၄၅)၊ သမာဒိဌ္ဌိလမ်း၊ တာမွေ**

---

**ဝန်ထမ်းအလိုရှိသည်**

MANS Security Agency
Security Guard ကျား (၂၀) ဦး
**အမှတ် (၇၃)၊ ၄ လွှာ၊ ၁၆၆ လမ်းတို၊ တာမွေမြို့နယ်။**
**ဖုန်း - ၀၉၇၃၀၆၄၂၉၈**

---

**ဝန်ထမ်းအလိုရှိသည်**

Pink Lotus Travel
(1) Accountant (Level 3 experie-nced) 1 post
(2) Office Staff (2) Posts
(3) Admin Manager (1) Post
**ဖုန်း - ၃၇၇၆၉၄**

---

**ဝန်ထမ်းအလိုရှိသည်**

Tour & Travel ကုမ္ပဏီတစ်ခုမှ Tourism နှင့်ပတ်သက်သော အတွေ့အကြုံအနည်းဆုံး (၂) နှစ်ရှိသူ ကျား/မ အလိုရှိသည်။
**ဖုန်း- ၀၁-၂၅၀၅၈၂**

---

**ဝန်ထမ်းအလိုရှိသည်**

၁။ Service Manager ကျား (၁) ဦး
၂။ Receptionist မ (၁) ဦး
(အမှတ်စဉ် (၁၊၂) အတွက် အင်္ဂလိပ်စာ အရေး၊ အပြောတတ်ရမည်)
**ဖုန်း - ၀၉၇၃၁၇၀၆၂၃**

---

**ဝန်ထမ်းအလိုရှိသည်**

ဆိုပ်ကမ်းစားသောက်ဆိုင်
၁။ Cashier ကျား (၃) ဦး
၂။ waiter ကျား (၇) ဦး
၃။ ဂိတ်ကြေးကောက်စာရေး မ (၂) ဦး
၄။ အကင်ဆရာ ကျား (၂) ဦး
**ဖုန်း - ၀၉-၅၀၉၃၈၇၀**

---

**ဝန်ထမ်းအလိုရှိသည်**

Media & Advertising လုပ်ငန်းအတွက်အတွေ့အကြုံရှိ Marketing ကျား (၃) ဦး၊ မ (၃) ဦး
**ဖုန်း - ၀၁-၂၀၂၈၂၅**

---

**ဝန်ထမ်းအလိုရှိသည်**

ဆံပင်ညှပ်လျှော် ကျွမ်းကျင် (မ) ဦး
ခေါင်းလျှော်အလုပ်သင် မ (၁၀) ဦး
**ဖုန်း - ၀၉-၇၃၀၀၅၆၁၁**
No.86-C **လေးထောင့်ကန်လမ်းမကြီး၊ တာမွေလေး၊ သံလမ်း။**

---

**ဝန်ထမ်းအလိုရှိသည်**

Web Developer (1) Post
(Experience in Drupal CMS, Proficient in PHP, HTML, CSS, Ajax, JavaScript)
amkyaw1@gmail.com

---

**ဝန်ထမ်းအလိုရှိသည်**

ကွန်ပျူတာ အခြေခံ၊ အဆင့်မြင့် သင်ကြားနိုင်သော ဆရာမ (၃) ဦး
Auto CAD, 3Ds Max သင်ကြားနိုင်သော အချိန်ပိုင်း ဆရာ၊ ဆရာမ (၂) ဦး
**ဖုန်း - ၀၉၄၃၁၆၀၀၃၀**
MPEC **(မြေနီကုန်း)**

---

**ဝန်ထမ်းအလိုရှိသည်**

၁။ ယာဉ်မောင်း ကျား (၅) ဦး
၂။ Lenovo Sales Promoter မ (၅၀) ဦး
**ဖုန်း - ၂၄၅၁၈၀**
No 174-182, Pansodan Road (Middle Block), Kyauktada.

---

**ဝန်ထမ်းအလိုရှိသည်**

အိမ်ခြံမြေကျွမ်းကျင် Supervisor (ကျား/မ) ၂ဦး
အိမ်ခြံမြေလုပ်ငန်းကျွမ်းကျင် Marketi-ng ကျား (၅) ဦး၊ မ (၅) ဦး
**ဖုန်း - ၀၁-၂၁၅၉၃၉**

---

**ဝန်ထမ်းအလိုရှိသည်**

အယ်ဒီတာ (ကျား/မ) ၁ ဦး
Marketing ဝန်ထမ်း ကျား/မ (၂) ဦး
ရုံးအကူ ကျား (၁) ဦး
**ဖုန်း- ၂၁၀၈၀၀**

---

**ဝန်ထမ်းအလိုရှိသည်**

Lin Yaung Chi Jade, Gems Art & Jewlelly
ဘာသာစကားကျွမ်းကျင် မ (၃) ဦး
**ဖုန်း- ၀၉၅၁၁၇၁၅၂၊ ၃၈၈၇၄၅**
**အမှတ် (၆/၉၉)၊ အရှေ့မျက်နှာစာတန်းဗိုလ်ချုပ်ဈေး။**

---

**ဝန်ထမ်းအလိုရှိသည်**

Cook (2) Male
Cashier (2) Female
Waiter အမြန် ကျား (၂) ဦး
(နှစ်ပတ်အတွင်းလာရောက်လျှောက်ထားရန်)
**ဖုန်း- ၀၁-၆၆၀၇၉၂**

---

**ဝန်ထမ်းအလိုရှိသည်**

အရောင်းကြီးကြပ်ရေးမှူး ကျား (၁) ဦး၊ မ (၁) ဦး
အရောင်းမြှင့်တင်ရေးဝန်ထမ်း ကျား (၂) ဦး၊ မ (၃) ဦး
အရောင်းဝန်ထမ်း ကျား (၁) ဦး၊ မ (၂) ဦး
**ဖုန်း- ၀၉၅၀၁၆၃၂၈**

---

**ဝန်ထမ်းအလိုရှိသည်**

1. Management Employment (10) M
2. Chinese-Myanmar-English Translator (10) M/F
3. Admin Officer (5) F
4. Accountant (3) M
**ဖုန်း- ၀၉၄၃၁၆၁၀၀၅**

---

**ဝန်ထမ်းအလိုရှိသည်**

Admin Staff မ (၁) ဦး
(ဘွဲ့ရ၊ အင်္ဂလိပ်စာ ကျွမ်းကျင်ရမည်)
**တိုက် (၂၂)၊ ဒုတိယထပ်၊ ရွှေပုန်းညက်ရိပ်မွန်၊ ဘုရင့်နောင်လမ်း၊ ကမာရွတ် မြို့နယ်။ ရေကြောင်းကောလိပ်ရှေ့**

---

**ဝန်ထမ်းအလိုရှိသည်**

ဆံပင်ညှပ်/ကောက် ကျွမ်းကျင်အမျိုးသမီး (၂) ဦး
ခေါင်းလျှော်ကျွမ်းကျင် အမျိုးသမီး (၃) ဦး
ခြေသည်း၊ လက်သည်း အလှပုံဖော် (၂) ဦး
**ဖုန်း- ၀၉၅၃၈၀၁၂၀**

---

**ဝန်ထမ်းအလိုရှိသည်**

English, Maths, Chemistry, Physics, Bio Teacher (5) Female
Computer Operator, Office Staff (3) Female
**Ph: 400769**

---

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ်ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။
အမှန်တကယ်ဝန်ထမ်းခေါ်ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။


TIGER BALM
နာကျင်ရာ နာစမ်း . . . TIGER BALM®
Reg No. 1308AA599
Reg No. 1402AA1320
Reg No. 1308AA643
TIGER BALM
သင့်ရဲ့ နာကျင်ကိုက်ခဲမှုဝေဒနာအတွက် သက်သာပျောက်ကင်းမှုကို အလျင်မြန်ဆုံးပေးစွမ်းမည်
TIGER BALM® PLASTER
TIGER BALM PLASTER
TIGER BALM PLASTER-RD
Reg No. 1407AA1734
Reg No. 1407AA1733
• OVER 100 YEARS • OVER 100 COUNTRIES • MILLIONS OF USERS •
WORKS WHEREVER IT HURTS.

Education
7 DAY NEWS JOURNAL
Vol.11, No.42 • DECEMBER 27 , 2012

# ရန်ကုန်တက္ကသိုလ်တွင် နိုင်ငံရေးသိပ္ပံဘာသာရပ် ဒီပလိုမာသင်တန်း ဖွင့်လှစ်ဖွယ်ရှိ

**နေလင်းထွန်း**

**ရန်ကုန်၊ ဒီဇင်ဘာ-၂၂**

ရန်ကုန်တက္ကသိုလ်ရှိ နိုင်ငံတကာဆက်ဆံရေးပညာဌာနမှ နိုင်ငံရေးသိပ္ပံဘာသာရပ် ဒီပလိုမာ (DPS) သင်တန်းကို ၂၀၁၃ ခုနှစ် ဇွန်လတွင် စတင်ဖွင့်လှစ်သွားနိုင်ရန်ပြင်ဆင်နေကြောင်း သတင်းရရှိသည်။

ဘွဲ့ဒီဂရီတစ်ခု ရရှိထားသူများ တက်ရောက်နိုင်မည့် နိုင်ငံရေးသိပ္ပံဘာသာရပ် ဒီပလိုမာသင်တန်းကို စတင်ဖွင့်လှစ်နိုင်ရန် နိုင်ငံတကာဆက်ဆံရေး ပညာဌာနက ပညာရေးဝန်ကြီးဌာနသို့ တင်ပြထားကြောင်း အဆိုပါဌာနတွင် လက်ထောက်ကထိက တာဝန်ထမ်းဆောင်နေသော ဆရာတစ်ဦးက ပြောသည်။

"ပညာရေးဝန်ကြီးဌာနကို စာတင်ထားတယ်။ သင်ရိုးညွှန်းတမ်းလည်း ဆွဲပြီးသွားပြီ။ ခွင့်ပြုချက်ရတာနဲ့ ဖွင့်သွားမှာပါ။ ခွင့်ပြုချက်ရဖို့လည်း များပါတယ်။ ဒီဘာသာရပ်က ရေပန်းစားနေတာဆိုတော့"ဟု အထက်ပါပုဂ္ဂိုလ်က ပြော သည်။ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများကို နိုင်ငံရေးသိပ္ပံဘာသာရပ် သင်ကြားပို့ချနိုင်ရေးအတွက် ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန် အစည်းအဝေးတွင်လည်း အဆိုပြုဆွေးနွေးခဲ့ကြပြီး အများစုကထောက်ခံခဲ့ကြသည်။



**ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမကို စီးပွားရေးတက္ကသိုလ်ဘက်ကမြင်ရစဉ်** ဓာတ်ပုံ-ထက်ပိုင်ဖြိုး(ဇဝန)

မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍတွင် ကျောင်းသား၊ ကျောင်းသူများ၏ နိုင်ငံရေးအသိစိတ်ဓာတ်ပြည့်ဝစေရန်၊ နိုင်ငံရေးတွေးခေါ်မှုများ ရင့်သန်လာစေရန်အတွက် နိုင်ငံရေးသိပ္ပံဘာသာရပ်ကို တက္ကသိုလ်အဆင့်တွင် နိုင်ငံရေးသိပ္ပံဌာနတစ်ခုဖွင့်လှစ်၍ သင်ကြားပို့ချနိုင်ရန် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက ထောက်ခံဆွေးနွေးခဲ့ကြသည်။

# အမေရိကန်ပညာတော်သင် အခွင့်အလမ်းများ တိုးမြှင့်

**နေလင်းထွန်း**

**ရန်ကုန်၊ ဒီဇင်ဘာ-၂၀**

မြန်မာနိုင်ငံသားများ လျှောက်ထားနိုင်မည့် အမေရိကန်အစိုးရ၏ ပညာသင်ဆု အစီအစဉ်သစ်နှစ်ခုကို ယခုလကုန် နောက်ဆုံးလျှောက်ထားနိုင်မည်ဖြစ်ကြောင်း အမေရိကန်သံရုံးက သတင်းထုတ်ပြန်ထားသည်။

အလယ်တန်းပြ ဆရာများ၊ ပညာရေးဝန်ထမ်းများနှင့် ကျောင်းသားခေါင်းဆောင်များကိုယူအက်စ်အင်စတီကျူ့များ၌ ပညာလေ့လာနိုင်မည့် အခွင့်အလမ်းအတွက် ပညာသင်လျှောက်လွှာများ ခေါ်ယူနေခြင်း ဖြစ်သည်။

အလယ်တန်းအဆင့် သင်ကြားရေးဆရာများ၊ စီမံအုပ်ချုပ်သူများ၊ ဆရာအတတ်သင်များ၊ သင်ရိုးညွှန်းတမ်းရေးဆွဲသူများနှင့်ပညာရေးဝန်ထမ်းများအတွက် အမေရိကန်နိုင်ငံတွင်ခြောက်ပတ်ကြာ သင်တန်းဆောင်ရွက်သွားမည် ဖြစ်သည်။

ခေါင်းဆောင်မှုစွမ်းရည်ရှိ ကျောင်းသား၊ ကျောင်းသူများအတွက် အမေရိကန်နိုင်ငံတွင် ငါးပတ်ကြာ သင်တန်း ဆောင်ရွက်မည်ဖြစ်ပြီး တက္ကသိုလ်နှင့် ကောလိပ်များတွင် ဘွဲ့ကြိုတတိယနှစ် သင်တန်းတက်ရောက်နေသူများ လျှောက်ထားနိုင်မည် ဖြစ်သည်။

ပညာရေး အခွင့်အလမ်းသစ်နှင့်ပတ်သက်သော အသေးစိတ် အချက်အလက်များနှင့် လျှောက်လွှာတင်သွင်းမှုအတွက် http://burma.usembassy.gov/scholarships.html တွင် ဝင်ရောက်ကြည့်ရှု လေ့လာနိုင်မည် ဖြစ်သည်။

ပြုပြင်ပြောင်းလဲရေး လမ်းကြောင်းပေါ် ရောက်လာသော မြန်မာနိုင်ငံမှ ကျောင်းသား၊ ကျောင်းသူများအတွက် အမေရိကန်အစိုးရမှ ပညာရေးအခွင့်အလမ်းများ တိုးမြှင့်ပေးလျက်ရှိရာ လွန်ခဲ့သည့် အောက်တိုဘာလတွင်လည်း နိုင်ငံတကာ ဘွဲ့ကြိုကျောင်းသားဖလှယ်မှုနှင့် အာဆီယံပညာတော်သင် ဖိတ်ခေါ်မှုအစီအစဉ်တို့အတွက် ပညာသင်လျှောက်လွှာများ ဖိတ်ခေါ်ခဲ့သည်။

**စာ(၂၂)သို့**

# တက္ကသိုလ်ဝင်တန်းရမှတ်ကောင်းသူများ ဆေးတက္ကသိုလ်ကိုသာ ဦးစားပေးဆဲ

**နေလင်းထွန်း**

တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ရလဒ်အကောင်းဆုံး ရရှိကြသော ကျောင်းသား၊ ကျောင်းသူများ၏ ဦးစားပေးရွေးချယ်မှုကို ဆေးတက္ကသိုလ်များက ရရှိနေသည်။ တက္ကသိုလ်ဝင်ခွင့်သတ်မှတ်မှုသည် တက္ကသိုလ်ဝင်တန်းစာမေးပွဲရလဒ်တွင်မူတည်နေခြင်းကြောင့် အမှတ်အများဆုံး ရရှိသူများကသာ ဆေးတက္ကသိုလ်ဝင်ခွင့်ရရှိနေသည်။

ဆေးတက္ကသိုလ်တက်ရောက်ကြသော ကျောင်းသား၊ ကျောင်းသူများသည် မိမိတို့၏ ဝါသနာအလျောက် ရွေးချယ်ကြသလို မိဘအုပ်ထိန်းသူများ၏ တိုက်တွန်းမှု၊ လူအများကြား ရေပန်းစားမှု၊ ဂုဏ်ရှိသည်ဟူသော အမြင်သဘောထားများ၊ အခြေခံပညာပြီးဆုံးချိန်တွင် မိမိဝါသနာစိတ်ဝင်စားသော ဘာသာရပ်ကိုမဆုံးဖြတ်နိုင်ခြင်း စသည့်ပတ်ဝန်းကျင်စေ့ဆော်မှုများကလည်း အဓိကအခန်းကဏ္ဍတွင် ပါဝင်နေသည်။

မြန်မာနိုင်ငံတွင် ဆေးတက္ကသိုလ်လေးခု ဖွင့်လှစ်သင်ကြားလျက်ရှိပြီး ရန်ကုန်ဆေးတက္ကသိုလ်(၁)သည် ကျောင်းသား၊ ကျောင်းသူ ၄၃၀ ဦး၊ ရန်ကုန်ဆေးတက္ကသိုလ်(၂)သည်ကျောင်းသား၊ ကျောင်းသူ ၃၆၀ ဦး၊ မန္တလေးဆေးတက္ကသိုလ်သည် ကျောင်းသား၊ ကျောင်းသူ ၂၇၉ ဦးနှင့် မကွေးဆေးတက္ကသိုလ်သည် ကျောင်းသား၊ ကျောင်းသူ ၉၉ ဦးကို ယခုနှစ်ကျောင်းဝင်ခွင့်ပြုထားသည်။

ယခုနှစ်သည် ဆေးကျောင်းသား၊ ဆေးကျောင်းသူများ၏ အရည်အသွေးကို ထိန်းချုပ်ရန် လိုအပ်လာပြီဟူသော ဆုံးဖြတ်ချက်ဖြင့် ကျောင်းဝင်ခွင့်ကို ယခင်နှစ်ထက် ထက်ဝက်လျှော့ချလိုက်သောနှစ် ဖြစ်သည်။ လက်ခံသင်ကြားနိုင်သော ပမာဏထက်ပိုမို၍ ကျောင်းသား၊ ကျောင်းသူ လက်ခံထားခြင်း၊ ဆရာ၊ ကျောင်းသားအချိုးကွာဟချက် ကြီးမားနေခြင်းနှင့် သင်ထောက်ကူပစ္စည်းများ လိုအပ်ချက်ရှိခြင်းသည် ဆေးပညာသင်ယူနေသော ကျောင်းသား၊ ကျောင်းသူများ၏ အရည်အသွေးကို နိမ့်ကျသွားစေခဲ့သည်။

"ပြီးခဲ့တဲ့ ၂၀၁၁ ခုနှစ်လောက်ကစပြီး အရည်အသွေးပြန်ထိန်းချုပ်လိုက်ရတယ်။ ကျောင်းသားတွေရဲ့ အရည်အချင်းကို ပြန်သုံးသပ်တဲ့အခါမှာ အရည်အသွေးထိန်းဖို့ လိုတယ်လို့ သုံးသပ်လိုက်တယ်။ ဘာလို့လဲဆိုတော့ ဒီလိုအ



သက်မွေးဝမ်းကျောင်းတက္ကသိုလ်မှာ ကျောင်းသားတွေအများကြီးကို လေ့ကျင့်သင်ကြားပေးလို့ မရဘူး။ ၂၄၀၀ ခေါ် တုန်းက ကျောင်းတစ်ကျောင်းမှာ ၇၀၀၊ ၈၀၀ ပတ်ဝန်းကျင်နဲ့ သင်တော့ ကျောင်းသားဦးရေနဲ့ ဆရာ၊ ဆရာမအချိုးက လုံးဝမမျှဘူး။ နောက်တစ်ခုက စာသင်ခန်းအရေအတွက်မမျှဘူး။ ဒါကြောင့် အရည်အသွေးထိန်းချုပ်မှုကနေ ဒီနှစ်ကျောင်းသား ၁၂၀၀ ထိ လျှော့ချလိုက်တယ်"ဟု ဆေးသိပ္ပံပညာဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ဆေးတက္ကသိုလ်များ၏ ကျောင်းသားလက်ခံမှုရုတ်တရက် လျှော့ကျသွားမှုသည် တက္ကသိုလ်ဝင်စာမေးပွဲရမှတ် မြင့်မားရေးအတွက် အပြင်းအထန်လုံးပန်းခဲ့ကြပြီး ဆေးပညာသင်ယူခွင့်ရရှိရန် မျှော်လင့်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများနှင့် မိဘအုပ်ထိန်းသူများကိုစိတ်ညစ်ညူးစေခဲ့သည်။

ကျောင်းသားလက်ခံမှု သိသိသာသာ လျှော့ချလိုက်ခြင်းကြောင့် ဆေးပညာသင်ယူလေ့လာကြမည့် ကျောင်းသားများ၏ အရည်အသွေးကိုမြှင့်တင်နိုင်မည်လား၊ ကျန်းမာရေးစောင့်ရှောက်မှုအတွက် အများပြည်သူများ၏ ယုံကြည်ကိုးစားမှု ပြန်လည်ရယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ်ဖြစ်နေသည်။

"အရင်ကနဲ့ မတူတော့ဘူး။ ဆရာဝန်ဆိုတာကို ရိုသေလေးစားပြီး နားလည်ခွင့်လွှတ်ကြတယ်။ အခုတော့ အတိုက်အခိုက်များလာတယ်။

**စာ(၂၂)သို့**

COUNTRY CLUB RESTAURANT ဆိုင်က
ဘဲကင် နှင့် ဆိတ်ပေါင်းစပ်
COUNTRY CLUB BAKERY ဆိုင်က
BURGER နှင့် MINI PIZZA
COUNTRY CLUB RESTAURANT & BAKERY
No. 28, Thida Street Kyaukmyaung Tamwe
Yangon. Ph: 01-544269

B.A (Korean) MUFL
Ever Stand
(EPS-TOPIK)
09-43107402, 09 420 132133
ဝန်ဆောင်မှုပေးသည်

ဆရာဦးမောင်မောင်ဇော်

7 DAY NEWS JOURNAL
Vol.11, No.42 • DECEMBER 27 , 2012

## စာ-၂၁၊ တက္ကသိုလ်ဝင်တန်း ရမှတ်ကောင်းသူများ ဆေးတက္ကသိုလ်ကိုသာ ဦးစားပေးနေဆဲ မှ

တက္ကသိုလ်ဝင်စာမေးပွဲကို အမှတ်မြင့်မြင့်ဖြင့် အောင်မြင်ရန် ကြိုးပမ်းနေသော ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ယခင်စံချိန်စံနှုန်းများကို အခြေခံ၍ ဆေးတက္ကသိုလ်ကို ဦးစားပေးရွေးချယ်မည်လား၊ အခြားပွင့်လန်းလာသော အခွင့်အလမ်းသစ်နှင့် ဘာသာရပ်များကို ထည့်သွင်းစဉ်းစားမည်လားဆိုတာကို ကိုယ်တိုင်ဆုံးဖြတ်ရမည်ဖြစ်သည်။

“အခုခေတ်က ရွေးချယ်စရာတွေ ပိုများလာပါတယ်။ ကိုယ်တိုင် တကယ်ဝါသနာပါလား။ တကယ်လုပ်ချင်တာလားဆိုတာ စဉ်းစားစေချင်ပါတယ်။ ညီမတို့ခေတ်တုန်းက အခုလောက်ရွေးချယ်စရာမရှိဘူးလေ။ ဆယ်တန်းပြီးတဲ့ အရွယ်ကလည်း ကိုယ့်ရဲ့ရွေးချယ်မှုက မှန်၊ မမှန်ကို ဆုံးဖြတ်ဖို့ခက်ခဲခဲ့ပါတယ်”ဟု မသဲစုကပြောသည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ကြည့်ရှုလေ့လာခဲ့သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်ကလည်း ဆရာဝန်များအား ပိုက်ဆံများများရှာလိုပါက ဆရာဝန်မလုပ်ရန်နှင့် ဆရာဝန်တစ်ဦးဖြစ်လာပါက ပိုက်ဆံများများရှာ၍ မဖြစ်နိုင်ကြောင်း အကြံပြုသုံးသပ်ခဲ့သည်။

အဲဒီအတွက်တော့ စိတ်ပျက်မိတယ်။ ဆေးကျောင်းတက် ဖို့ ရွေးတုန်းကတော့ ကိုယ်ရတဲ့ အမှတ်နဲ့ ဘာတက်စရာရှိလဲပေါ့။ အခြားလည်း ရွေးစရာမရှိတော့ အခြေအနေအရ တက်ရင်းနဲ့တော့ စိတ်ဝင်စားလာပါတယ်”ဟု ရန်ကုန်ဆေးတက္ကသိုလ်(၁)တွင် နောက်ဆုံးနှစ် အပိုင်း(၁)ပြီးဆုံးထားသော မသဲစုကပြောသည်။

အခြားတက္ကသိုလ်များနည်းတူ ဆေးတက္ကသိုလ်များတွင်ပညာသင်ယူနေသော ကျောင်းသား၊ ကျောင်းသူများသည် လည်း ကျောင်းစာသင်ခန်းများသာမက ကျောင်းပြင်ပတွင်လည်း ဆေးပညာသင်ယူနေကြရသည်။ ဆေးကျောင်းသား၊ ကျောင်းသူတစ်ဦး၏ တစ်လကျူရှင်စရိတ်သည် ကျပ်ခြောက်သောင်း၊ ခုနစ်သောင်းမှ သိန်းဂဏန်းထိ ကုန်ကျနေပြီး ခြောက်နှစ်ကြာမည့် ပညာသင်စရိတ်ဝန်ကို ထမ်းထားကြရသည်။

အခြားတက္ကသိုလ်များနှင့် နှိုင်းယှဉ်လျှင် ပညာသင်ကာလကြာမြင့်သလို ပညာသင်စရိတ်ကြီးမြင့်သော ဆေးတက္ကသိုလ်တွင် ပညာသင်ယူနေသော ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းပြီးချိန်တွင် လက်ထောက်ဆရာဝန် ရာထူးနေရာအတွက် စောင့်ဆိုင်းရမှုများရှိနေခဲ့ပြီး လစာဝင်ငွေကလည်း စိန်ခေါ်မှုတစ်ခု ဖြစ်လာသည်။

“ညီမက ၂နှစ်နီးပါး လောက်စောင့်လိုက်ရတယ်။ ညီမတို့ ရှေ့တစ်နှစ်က အစ်မတွေဆို သုံးနှစ်နီးပါး စောင့်လိုက်ရတယ်။ အဲဒီတုန်းက ငါးရာပဲခေါ်တယ်။ အခု ၁၅၀၀ ခေါ်တော့ ရေးဖြေအောင်လို့ ဖောင်ကြီးသင်တန်း ရောက်နေတာပါ။ အပြင်မှာ လုပ်ရင်တော့ ပိုက်ဆံပိုရမှာပါ။ ဒါပေမဲ့ ဂုဏ်ထူးတန်းတက်ချင်လို့ ဝန်ထမ်းလျှောက်လိုက်တာပါ။ ဆရာဝန်ဘွဲ့ရထားပြီးမှတော့ ဆေးကုချင်တယ်။ အခုခံစားနေရတာကတော့ ဆရာဝန်တွေက Role သိပ်မရှိတော့သလို ဖြစ်နေတယ်။ လူတွေစိတ်ထဲမှာ ဆရာဝန်တွေကို တန်ရာတန်ကြေးပေးပြီး ဆက်ဆံတယ်ဆိုတာမျိုး ဖြစ်နေတယ်။ လူ့အသက်ကို ကယ်တယ်ဆိုတာမျိုး မမြင်ကြတော့သလိုဘဲ”ဟု လက်ထောက်ဆရာဝန်တာဝန်ထမ်းဆောင်ရန်ပြင်ဆင်နေသောမထားထားကပြောသည်။

လက်ထောက်ဆရာဝန် ရာထူးတာဝန်အတွက် လစာငွေနည်းပါးခြင်းနှင့် မြို့ပြနှင့် ဝေးလံသောဒေသများသို့ သွားရောက်တာဝန်မထမ်းဆောင်လိုသူ များပြားလာခြင်းက ယခုနှစ်တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် သွားလာရေးနှင့် လူမှုရေးခက်ခဲသော ဒေသမှ ကျောင်းသားများအတွက် သီးခြားဆေးတက္ကသိုလ်ဝင်ခွင့် အစီအစဉ်ဖြစ်ပေါ်စေခဲ့သည်။

ဆေးတက္ကသိုလ်များမှ ဆေးပညာဘွဲ့ရအားလုံးကို အစိုးရမှ တာဝန်ချထားပေးနိုင်မှု မရှိခြင်း၊ လစာငွေဆွဲဆောင်မှု မရှိခြင်းတို့က ဆေးပညာဘွဲ့ရများအား ပြည်တွင်း၊ ပြည်ပအင်န်ဂျီအိုအဖွဲ့အစည်းများ၊ ဆေးဝါးအရောင်းကုမ္ပဏီများကဲ့သို့ အခြားအသက်မွေးဝမ်းကျောင်း အလုပ်အကိုင်များသို့ ရောက်ရှိသွားစေခဲ့သည်။

“ညီမချစ်သူကတော့ လက်ထောက်ဆရာဝန်ရာထူးအတွက် ရေးဖြေအောင်တယ်။ ဒါပေမဲ့ အင်န်ဂျီအိုတစ်ခုမှာပဲ ဝင်လုပ်ဖြစ်တယ်။ လစာက စကားပြောတယ်လေ။ အင်န်ဂျီအိုက တစ်လ ကျပ်လေး၊ ငါးသိန်းတော့ရတယ်”ဟု မထားထားကပြောသည်။

ဆေးကျောင်းတက်ပြီး ဆရာဝန်ဘွဲ့ရထားပါက ဂုဏ်ရှိသည်။ ဝင်ငွေကောင်းသည်ဟူသော တစ်ချိန်က ထင်မြင်သတ်မှတ်ချက်များက လက်ရှိခေတ်ကာလအခြေအနေနှင့် အပြောင်းအလဲ သက်ရောက်မှုရှိနေပြီဖြစ်သည်။

## OPEN Universities ပညာသင်ဆု လျှောက်ထားနိုင်

နေလင်းထွန်း

ရန်ကုန်၊ ဒီဇင်ဘာ-၂၁

ဩစတြေးလျနိုင်ငံ အခြေစိုက် Open Universities Australia (OUA) ပညာသင်ဆုအတွက် ပြည် တွင်းရှိ မြန်မာကျောင်းသားငါးဦးကို ယခုနှစ်တွင် စတင်ပညာသင်ဆု ပေးအပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

Open Universities သည် ဩစတြေးလျနိုင်ငံရှိ Curtin University, Griffith University, Macquarie University, Monash University,RMIT University, Swinburne University of Technology ESifh University of South Australia တို့ကို ပိုင်ဆိုင်ထားသော အဖွဲ့အစည်းတစ်ခု ဖြစ်သည်။

ယင်းအဖွဲ့အစည်းသည် ၂၀၀၆ ခုနှစ်မှစ၍ နယ်စပ်ဒေသမှ ကျောင်းသားများနှင့်ပြည်ပရောက်အဖွဲ့အစည်းများမှ ကျောင်းသား ၂၅ ဦးကို အွန်လိုင်းဘွဲ့သင်တန်းများအတွက် ပညာသင်ဆုပေးအပ်လျက်ရှိပြီး ယခုအခါ ပြည်တွင်းရှိကျောင်းသားငါးဦးကိုပညာသင်ဆုတိုးချဲ့ပေးအပ်ရန် ကြေညာလိုက်ခြင်းဖြစ်သည်။

ပညာသင်ဆု လျှောက်ထားမည့် ကျောင်းသားများအနေဖြင့် Bachelor of Business (Swinburne), Bachelor of Business (Griffith), Bachelor of Arts (Murdoch), Bachelor of Technology (Computing Studies) (RMIT), Bachelor of Arts (Griffith), Bachelor of Arts (Macquarie), Bachelor of Communication (Griffith), Bachelor of Liberal Studies (Griffith)ESifh Bachelor of Accounting (University of South Australia) ဘွဲ့ဒီဂရီများကို ဖော်ပြပါ တက္ကသိုလ်များအလိုက် ပညာသင်ယူလေ့လာနိုင်မည်ဖြစ်သည်။

အဆိုပါ ပညာသင်ဆု အစီအစဉ်သည် အွန်လိုင်းအခြေပြုသင်ယူလေ့လာရခြင်းဖြစ်ပြီး ဘွဲ့ကြိုသင်တန်းသာမက ဘွဲ့လွန်သင်တန်းအတွက်လည်း ပညာသင်ဆုပေးအပ်လျက်ရှိသည်။

OUA ပညာသင်ဆုအစီအစဉ်အတွက်ပညာသင်ဆုလျှောက်လွှာများကို oua.scholarships@gmail.com သို့ လာမည့် ဇန်နဝါရီလ ၁၈ ရက်နောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များကို www.open.edu.au တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်မည် ဖြစ်သည်။

ဂုဏ်ထူး ဦးအောင်ခိုင် (အင်္ဂလိပ်စာ)
သမိုင်းတံခွန် ဦးထွန်းနွယ် ဦးစီးတည်ထောင်သော
ပညာနန်းတော်
၅တန်း မှ ၁၀တန်းအထိ
ကိုယ်ပိုင်အထက်တန်းကျောင်း အထူးအဆင့်မြင့်ဘော်ဒါ
အကောင်းဆုံးပညာ အကောင်းဆုံးနေရာ အကောင်းဆုံးဘော်ဒါ
ဘော်ဒါ ၈တန်း၊ ၉တန်း၊ ၁၀တန်း
(မတ်လ ဖမည်)
မြေအမှတ် 118 A/B ကျွန်းချောင်းမြိတ်လမ်း၊ VIP-1 ရပ်ကွက်၊ ဗိုလ်ချုပ်ရွာ၊ သုဝဏ္ဏ၊ ရန်ကုန်။ ဖုန်း 01-577 605

နီလာ
No.68, ၁၂လမ်း(အလယ်ဘလောက်)၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

Technology

7 DAY NEWS JOURNAL

Vol.11, No.42 • DECEMBER 27 , 2012

# အမေရိကန် Visa ကုမ္ပဏီက မြန်မာနိုင်ငံတွင် မိုဘိုင်းငွေပေးချေမှုစနစ် ဆောင်ရွက်မည်

**ယုဇနကိုကို**

**ရန်ကုန်၊ ဒီဇင်ဘာ-၂၂**




အမေရိကန်အခြေစိုက် အီလက်ထရွန်နစ် ငွေပေးချေမှုဆိုင်ရာ နည်းပညာကုမ္ပဏီဖြစ်သည့် Visa Inc က ၎င်းတို့၏ ဗီဇာကတ်များ မြန်မာနိုင်ငံတွင် အသုံးပြုနိုင်ရန် ပုဂ္ဂလိကဘဏ်များနှင့် ချိတ်ဆက်ဆောင်ရွက်ပြီး မကြာမီမှာပင် နောက်ထပ်ခြေလှမ်းသစ်ဖြစ်သည့် မိုဘိုင်းဖုန်းများနှင့် အရောင်းအဝယ်ပြုလုပ်နိုင်သည့် မိုဘိုင်း ငွေပေးချေမှုစနစ်ကို လာမည့် ၂၀၁၃ တွင် စတင်နိုင်ရန် စိုင်းပြင်းနေပြီဖြစ်ကြောင်း သတင်းရရှိသည်။

ထိုဝန်ဆောင်မှုအတွက် ဗီဇာကုမ္ပဏီက အစိုးရနယ်ပယ်မှ တာဝန်ရှိသူများ၊ ပုဂ္ဂလိကနယ်ပယ်မှ ဘဏ်လုပ်ငန်းရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် လက်တွဲဆောင်ရွက်သွားရန်စီစဉ်နေသည်ဟု ယင်းကုမ္ပဏီ၏ ဩစတြေးလျ အာရှနှင့် အရှေ့တောင်အာရှဆိုင်ဒေသဆိုင်ရာ Visa Group Country Manager ဖြစ်သူ မစ္စတာပီတာမေဟာက ၎င်းတို့၏ မိုဘိုင်း ငွေပေးချေမှုစနစ်နှင့် ပတ်သတ်သည့် သတင်းထုတ်ပြန်ချက်တွင် ပြောကြားထားသည်။

"မိုဘိုင်းဖုန်းငွေပေးချေမှုက မြန်မာနိုင်ငံလိုပေါ်ထွန်းစျေးကွက်များရဲ့ အီလက်ထရွန်နစ် ငွေပေးချေမှု အခြေခံအဆောက်အအုံ တိုးတက်လာစေရေးမှာ လုပ်ကွက်ပြောင်းပေးတဲ့ အရာတစ်ခုဖြစ်လာစေမှာပါ "ဟု မစ္စတာပီတာမေဟာက ဆက်လက်ပြောကြားထားသည်။

မြန်မာနိုင်ငံတွင် အသုံးပြုလာနိုင်ရန် စတင်ဆောင်ရွက်နေကြပြီဖြစ်သည့် မိုဘိုင်းငွေပေးချေမှု စနစ်များနှင့်ပတ်သက်ပြီး ကွန်ပျူတာလုပ်ငန်းရှင်တစ်ဦးဖြစ်သူ ဦးရဲမြတ်သူက "အခုလိုနိုင်ငံခြားမှာ အကောင့်တွေကြံဖန်ဖွင့်မသုံးကြရတော့ဘူးပေါ့။ အွန်လိုင်းကနေ နိုင်ငံတကာက ဆော့ဖ်ဝဲတွေ၊ Windows 8 လို OS တွေ ဝယ်ရလွယ်လာတာပေါ့ "ဟု သုံးသပ်ပြောကြားသည်။

အဆိုပါ မိုဘိုင်း ငွေပေးချေမှုစနစ်အတွက် ပုဂ္ဂလိကဘဏ်များဘက်ကလည်း အသင့်အနေအထားတွင် ဖြစ်နေကြကြောင်း စုံစမ်းသိရှိရသည်။

"မိုဘိုင်း ငွေပေးချေမှုကလည်း မလုပ်လို့မဖြစ်တဲ့ ဝန်ဆောင်မှုတစ်ခု ဖြစ်ပါတယ်။ နိုင်ငံတကာမှာတော့ တော်တော်လေး တိုးတက်နေပါပြီ။ ဒါပေမဲ့ မြန်မာနိုင်ငံမှာ အခုမှစမှာဆိုပေမယ့်လည်း အချိန်နောက်မကျသေးပါဘူး။ ပုဂ္ဂလိကဘဏ်တွေဘက်ကတော့ အမေရိကန်လို နိုင်ငံမျိုးနဲ့ တွဲဖက်လုပ်ရမယ့် ဒီလိုဝန်ဆောင်မှုမျိုးအတွက် အဆင်သင့်ပါပဲ။ ရှေ့နှစ်ထဲမှာ စနိုင်ပါလိမ့်မယ်" ဟု ကမ္ဘောဇဘဏ်၏ နိုင်ငံတကာဘဏ် လုပ်ငန်းဌာနမှ မန်နေဂျင်းဒါရိုက်တာဦးညိုမြင့်က ပြောသည်။

ယခုကဲ့သို့ အမေရိကန်ကုမ္ပဏီက

စာမျက်နှာ(၂၄)သို့ »

# မြန်မာ့ဆက်သွယ်ရေးကဏ္ဍအတွက် ကန်ဒေါ်လာသန်း ၅၀ကျော် ကိုရီးယား ချေးမည်

**ယုဇနကိုကို**

**ရန်ကုန်၊ ဒီဇင်ဘာ-၁၉**

မြန်မာ့ဆက်သွယ်ရေးကဏ္ဍအတွက် တောင်ကိုရီးယားသမ္မတနိုင်ငံက အမေရိကန်ဒေါ်လာ ၅၄ သန်းခန့် ပမာဏကို ချေးငွေအဖြစ် ထုတ်ချေးပေးသွားရန် နှစ်နိုင်ငံသက်ဆိုင်ရာတာဝန်ရှိသူများ အကြိုသဘောတူညီမှု ရရှိထားပြီဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ သတင်းရရှိသည်။

ကိုရီးယားနိုင်ငံက ထုတ်ချေးမည့် ငွေပမာဏသည် လတ်တလောတွင် အခြားနိုင်ငံများက ပြည်တွင်းဆက်သွယ်ရေး ကဏ္ဍအတွက် ထုတ်ချေးမည့် ပမာဏများအနက် အများဆုံးဖြစ်နေကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ မိုဘိုင်းအင်ဂျင်နီယာချုပ် ဦးဌေးဝင်းက ပြောသည်။

ချေးငွေများ ရရှိမည့် အချိန်အတိအကျကို မသိရှိရသေးသော်လည်း လာမည့် ဘဏ္ဍာနှစ်အတွင်း ရနိုင်ဖွယ်ရှိပြီး ချေးငွေရရှိသည်နှင့် ပြည်တွင်းသတင်းအချက်အလက် ဆက်သွယ်ရေးကဏ္ဍတွင် စတင်ထည့်ဝင်အသုံးပြုသွားမည်ဖြစ်ကြောင်း ဦးဌေးဝင်းက ပြောသည်။

နိုင်ငံတော်မှ ချပေးသည့် ဘတ်ဂျက်ပမာဏသည်ယခုဘဏ္ဍာနှစ်မှစတင်ကာ လျော့နည်းလာခြင်းကြောင့် နိုင်ငံတကာချေးငွေများစွာ လိုအပ်လာခြင်းဖြစ်ကြောင်း၊ ကိုရီးယားအပြင် ဂျပန်၊ အိန္ဒိယကဲ့သို့သော အာရှဒေသတွင်း နိုင်ငံများသည်လည်း ပြည်တွင်းဆက်သွယ်ရေးကဏ္ဍအတွက် ချေးငွေထုတ်ချေးရန် အစီအစဉ်များရှိကြောင်း ဆက်သွယ်ရေးဝန်ကြီးဌာနမှ စုံစမ်းသိရှိရသည်။

ချေးငွေများ ရရှိလာပါက အမှန်တကယ် လိုအပ်သည့် နေရာများတွင် စိစစ်သုံးစွဲရန်လိုအပ်ပြီး မည်သည့်နိုင်ငံက ချေးငွေပမာဏ မည်မျှရရှိသည်၊ မည်သည့်ကဏ္ဍများအတွက် မည်မျှသုံးစွဲရသည်ဆိုသည့် စာရင်းအချက်အလက်များကိုလည်း အများပြည်သူသို့

စာမျက်နှာ(၂၄)သို့ »









# ထပ်မံထုတ်လုပ်မည့် HTC ဖုန်းများ မြန်မာဘာသာ ဖတ်ရှုအသုံးပြုနိုင်မည်ဟုဆို

**ယုဇနကိုကို**

**ရန်ကုန်၊ ဒီဇင်ဘာ - ၁၉**

တိုင်ပေအခြေစိုက် မိုဘိုင်းကုမ္ပဏီကြီးတစ်ခုဖြစ်သည့် HTC က နောက်ထပ် ထုတ်လုပ်မည့် မိုဘိုင်းဖုန်းများတွင် စနစ်တစ်ခုလုံး အတွက် မြန်မာဘာသာဖြင့် ဖတ်ရှုအသုံးပြုနိုင်ရန် ထုတ်လုပ်ဖြန့်ချိတော့မည်ဖြစ်ကြောင်းသတင်းရရှိသည်။

ထိုကဲ့သို့HTC ဟန်းဆက်များတွင် ထည့်သွင်းအသုံးပြုနိုင်ရန်အတွက် စံမြန်မာစာစနစ်၊ မြန်မာဖောင့်များသုံးစွဲထားပြီး အဆိုပါ တိုင်ပေကုမ္ပဏီက မန္တလေးမြို့ရှိ ကွန်ပျူတာ လုပ်ငန်းတစ်ခုနှင့် ဆက်သွယ် ဆောင်ရွက်ကြခြင်း ဖြစ်သည်။

HTC ၏ Android OS စနစ်တစ်ခုလုံးတွင် စံမြန်မာစာစနစ်ကို ထည့်သွင်းအသုံးပြုနိုင်ရန်အတွက် ငါးလကျော်အချိန်ယူခဲ့ရပြီး အဆိုပါ ထိုင်ဝမ်မိုဘိုင်းဖုန်းကုမ္ပဏီနှင့် ယခုနှစ် မတ်လတွင် သဘောတူညီမှု ရရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါစနစ်မှာ HTC က ယခုနောက်ပိုင်း ထပ်မံထုတ်လုပ်မည့် ဟန်းဆက်စီးရီးများတွင်သာ ထည့်သွင်းအသုံးပြုနိုင်မည်ဟု အဆိုပါ အမှတ်တံဆိပ်များကို ပြည်တွင်းအတွက် တစ်ဦးတည်း ကိုယ်စားလှယ်အဖြစ် ဖြန့်ချိခွင့်ရရှိထားသော ကေအမ်ဒီ ကုမ္ပဏီမှ ဒုတိယအထွေထွေမန်နေဂျာ ကိုစိုးငွေရက ပြောသည်။

ထို့ကြောင့် HTC ဟန်းဆက်များတွင် ထိုမြန်မာစာစနစ်ကို ထည့်သွင်းအသုံးပြုခြင်းဖြင့် ဖုန်း၏ စနစ်တစ်ခုလုံး မြန်မာစာနှင့် အသုံးပြုနိုင်မည်ဖြစ်ပြီး အင်္ဂလိပ်ဘာသာသို့ ပြောင်းလိုပါကလည်း ပြောင်းလဲနိုင်မည်ဖြစ်ဟု အဆိုပါကုမ္ပဏီမှ စံမြန်မာစာဖောင့်ကို ရေးဆွဲသူကိုအေးမင်းက ပြောသည်။

စံမြန်မာစာစနစ်ဖြင့် အသုံးပြုနိုင်မည့် အဆိုပါဟန်းဆက်များသည် ယခုလကုန်တွင် ပြည်တွင်းဈေးကွက်၌ စတင်ဝယ်ယူနိုင်မည်ဟု သိရသည်။

ယခုလက်ရှိအချိန်တွင် ပြည်တွင်း၌ အသုံးပြုနေကြသည့် ဟန်းဆက်များတွင် ဇော်ဂျီဖောင့်သာ သုံးစွဲခြင်းဖြစ်ပြီး စနစ်တစ်ခုလုံး ထည့်သွင်းအသုံးပြုနိုင်ခြင်း မရှိသေးပေ။

ထို့ကြောင့် HTC ဟန်းဆက်များသည်လည်း ပြည်တွင်းဈေးကွက်၌ လူကြိုက်နည်းလာသော အမှတ်တံဆိပ်တစ်ခု ဖြစ်နေကြောင်း ရန်ကုန်အခြေစိုက်မိုဘိုင်းဖုန်းဝန်ဆောင်မှုလုပ်ငန်းများထံမှ သိရသည်။




စာမျက်နှာ(၂၃)မှ

## အမေရိကန် Visa ကုမ္ပဏီက မြန်မာနိုင်ငံတွင် မိုဘိုင်းငွေပေးချေမှုစနစ် ဆောင်ရွက်မည်

မိုဘိုင်းငွေပေးချေမှု ဝန်ဆောင်မှုတစ်ခုကို လာရောက်လုပ်ဆောင်သည့်အခါ နိုင်ငံ၏ဆက်သွယ်ရေးဝန်ဆောင်မှုစနစ်သည် လက်ရှိအခြေအနေထက် များစွာကောင်းမွန်ရန်နှင့် အစိုးရက လိုအပ်သည့်အဆင့်မြှင့်တင်မှုများကို ဆောင်ရွက်ရန် လိုအပ်နေပြီဖြစ်ကြောင်း ပြည်တွင်းကွန်ပျူတာ ပညာရှင်အချို့က သုံးသပ်သည်။

မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးစနစ် အကြောင်းအရာများနှင့် စပ်လျဉ်းလည်း မစ္စတာပီတာမေဟာက "စုစုပေါင်းလူဦးရေရဲ့ ၂ ရာခိုင်နှုန်းလောက်သာ မိုဘိုင်းဖုန်းတွေကို သုံးစွဲနိုင်တဲ့ မြန်မာနိုင်ငံမှာ မိုဘိုင်းဖုန်းရဲ့ ထိုးဖောက်ဝင်ရောက်မှုက အားနည်းနေဆဲလို့ ဆိုနိုင်ပေမယ့် လာမယ့် ၁၈ လကနေ ၁၄ လအတွင်းမှာ မိုဘိုင်းကိရိယာတန်ဆာပလာတွေရရှိနိုင်မှုက သိသိသာသာကြီး တိုးပွားလာလိမ့်မယ်လို့ ကျွန်တော်တို့ မျှော်လင့်ထားပါတယ်။ အဲ့ဒီလိုဖြစ်လာတဲ့အခါ လုံလည်း လုံခြုံ၊ အဆင်လည်းပြေ၊ အကုန်အကျလည်း သိပ်မများတဲ့ ဘဏ္ဍာရေးဝန်ဆောင်မှုတွေကို ပေးအပ်နိုင်မယ့် အခွင့်အလမ်းများဟာ မြန်မာနိုင်ငံက လူတွေနဖူးတွေ့၊ ဒူးတွေ့ တွေ့ရတော့မယ့် အခြေအနေတွေအဖြစ် မကြာခင်ရောက်လာတော့မှာပါ "ဟုရင်းတို့ကုမ္ပဏီ၏ သတင်းထုတ်ပြန်ချက်တွင် ဆက်လက်ပြောကြားထားသည်။

မိုဘိုင်းဖုန်း ဆက်သွယ်မှုများမှတစ်ဆင့် ထို Mobile Payment စနစ်ကို ဗီဇာကုမ္ပဏီနှင့် ချိတ်ဆက် ဆောင်ရွက်ထားသည့် ဘဏ်များတွင်ဘဏ်စာရင်းဖွင့်လှစ်ထားသူတိုင်း အရောင်းအဝယ်ဆိုင်ရာကိစ္စများကို ဆောင်ရွက်နိုင်မည့် ကတ်စနစ်အစားထိုး မိုဘိုင်းငွေပေးချေမှုကို ယခုလက်ရှိ Visa Card၊ Master Card ဝန်ဆောင်မှုများကို ဆောင်ရွက်နေသည့် ဘဏ်များက လုပ်ကိုင်နိုင်ကြောင်း စုံစမ်းသိရှိရသည်။

TRADEMARK CAUTION
COMPAGNIE GERVAIS DANONE a company incorporated in France at 17, boulevard Haussmann 75009 PARIS, FRANCE is the Owner and Sole Proprietor of the following Trademarks;-

Actimel

Reg : No.4/12692/2012

Actimel

Reg: No.4/12693/2012

Reg: No.4/12694/2012

In respect of : Milk, milk powder, gelled, flavoured and whipped milk, Milk porducts, namely: milkly desserts, yoghurts, yoghurt drinks, cottage cheese, plain or flavoured beverages composed mainly of milk or milk products, milky beverages mainly made of milk, milky beverages comprising fruit. Fermented plain or flavoured milky products.
Fraudulent imitation or unauthorized use of the said Trademark shall be dealt with according to law.
U Myint Lwin, Advocate, LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myintadvocate@mptmail.net.mm
www.mipadvocate.com
Ph:371990 27 Dec 2012

စာမျက်နှာ(၂၃)မှ

## မြန်မာ့ဆက်သွယ်ရေးကဏ္ဍအတွက် ကန်ဒေါ်လာ သန်း ၅၀ ကျော် ကိုရီးယားချေးမည်

တရားဝင် အသိပေးခြင်းများ ပြုလုပ်သင့်ကြောင်း ကွန်ပျူတာ ပညာရှင်နှင့် လုပ်ငန်းရှင်အချို့က သုံးသပ်ပြောကြားသည်။

ကိုရီးယားနိုင်ငံသည် ယခုကဲ့သို့ ချေးငွေများ ထုတ်ချေးမည့်အပြင် ၎င်းတို့ကိုယ်တိုင်လည်း သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးလုပ်ငန်းအတွက် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် ရန်ကုန်မြို့တွင် ဒေါ်လာသန်းပေါင်းများစွာ ရင်းနှီးရန် အစီအစဉ်ရှိကြောင်း မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းမှ စုံစမ်းသိရှိရသည်။

7 DAY NEWS JOURNAL
Vol.11, No.42 • DECEMBER 27 , 2012

■ **အိမ်ရှင်**

တရုတ်ပြည်ခရီးစဉ်တစ်လျှောက် အရေးကြီးဆုံးဖြစ်ဖွယ်ရှိသည့် နေ့သို့ ရောက်ရှိလာပါပြီ။ အရေးအကြီးဆုံးဟုယူဆရသည်မှာ အကြောင်းရှိ၍ ဖြစ်သည်။ ထိုနေ့က ကျွန်တော်တို့ကိုဧည့်ခံမည့် အိမ်ရှင်အဖွဲ့အစည်း၏ အမည်ကိုမှန်းဆနိုင်ကြလိမ့်မည်ထင်ပါသည်။ ကျွန်တော်တို့ အိမ်ရှင်မှာ အခြားမဟုတ်။ CPI ဖြစ်သည်။ China Power investment Corporation တစ်နည်း CPI Group ဆိုပါစို့။ ပြောရလျှင် မြန်မာ့နိုင်ငံရေး အလှည့်အပြောင်းတာထွက်စမှာပင် အတော်လေး လှုပ်လှုပ်ခတ်ခတ်ဖြစ်သွားခဲ့သည့် 'မြစ်ဆုံ စီမံကိန်း' ကို အေးရှားဝေါလ်ကုမ္ပဏီနှင့် ပူးတွဲအကောင်အထည်ဖော်မည့် တရုတ်အစိုးရပိုင်ကုမ္ပဏီကြီး။

# ဂန္ဓလရာဇ် ခရီးသည် (၅)

အစိမ်းရောင်လှိုင်း ( ၁ နိုဝင်ဘာ ၂၀၁၂ )

■ ကျော်ဝင်း




CPI မှာ တရုတ်ပြည်ရှိ အကြီးဆုံး စွမ်းအင်ကုမ္ပဏီ ငါးခုထဲမှ တစ်ခုဖြစ်သည်။ ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ၊ ဆောက်လုပ်ရေး လုပ်ငန်းများ၊ ဓာတ်အားပေး စက်ရုံများ လည်ပတ်ရေးနှင့် စီမံခန့်ခွဲရေးလုပ်ငန်းများ၊ စွမ်းအင်ထုတ်လုပ်ရေး လုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိသော ကုမ္ပဏီပေါင်းစုံ အစုအဝေးကြီး ဖြစ်သည်။ တရုတ်ပြည် တစ်နံတစ်လျား၊ ပြည်နယ်ပေါင်း ၂၇ ပြည်နယ်တွင် လုပ်ငန်းများခွဲဖြန့် ဆောင်ရွက်လျက် ရှိသည်။ ထို့ထက် ၂၀၀၀ ပြည့်လွန်နှစ်များက နှောင်းပိုင်းလောက်မှစ၍ CPI Group ၏ လက်တံများမှာ တရုတ်နယ်နိမိတ်ကို ကျော်ပြီး ကမ္ဘာပတ်စပြုလာသည်။ အထူးသဖြင့် အိမ်နီးချင်းနိုင်ငံအချို့နှင့် အာဖရိကနိုင်ငံများ။ 'မြစ်ဆုံ' မှာ CPI Group ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုထဲမှ တစ်ခုပင်ဖြစ်သည်။

မြစ်ဆုံစီမံချက်တွင် မြစ်ဆုံဆည်အပါအဝင် ဆည်ပေါင်း ၇ ခု တည်ဆောက်ဖို့ရှိသည်။ အမေရိကန်ဒေါ်လာ ၁၇ ဘီလီယံ အကုန်ကျခံတည်ဆောက်မည့် အကြီးစား ရေအားလျှပ်စစ် ပရောဂျက်ကြီး ဖြစ်သည်။ ၂၀၀၇ ခုနှစ်ကတည်းက စီမံကိန်း စတင်ခဲ့ပြီး ၂၀၁၇ တွင် အပြီးတည်ဆောက်ဖို့ မှန်းဆထားသည်။ စီမံကိန်းသာ အပြီးသတ်နိုင်ခဲ့လျှင် မြစ်ဆုံမှာ ကမ္ဘာပေါ်မှာ ၁၅ ခုမြောက် အကြီးဆုံး ရေအားလျှပ်စစ်ထုတ်လုပ်ရေး စခန်းကြီး ဖြစ်လာလိမ့်မည်ဟု ဆိုသည်။ တရုတ်ပြည် ယူနန်နယ်အတွက် လျှပ်စစ်ဓာတ်အား ၃,၆၀၀ မှ ၆,၀၀၀ မဂ္ဂါဝပ်အထိ ထောက်ပံ့ပေးနိုင်မည်ဖြစ်သည်။ သို့တစေ မြန်မာနိုင်ငံအနေနှင့်မူ နှစ်ပေါင်း ၅၀ ကာလအတွင်း ထုတ်လုပ်ရရှိမည့် လျှပ်စစ်ဓာတ်အား၏ ၁၀ ရာခိုင်နှုန်းသာ ခံစားခွင့်ရမည်ဖြစ်ပါသည်။ သို့နှင့်တိုင် မြန်မာလူထုကရော၊ မြန်မာပညာရှင်များကပါ ဘဝင်မကျသည်နှင့် သမ္မတဦးသိန်းစိန်က ၂၀၁၁ ခုနှစ် စက်တင်ဘာ ၃၀ ရက်နေ့တွင် "မိမိတာဝန်ယူစဉ်ကာလအတွင်း မြစ်ဆုံစီမံချက်ကို ရပ်ဆိုင်းထားမည်" ဟု ကြေငြာခဲ့သည်။

ဤသည်ပင် ကျွန်တော်တို့ခရီးစဉ်၏ စေ့ဆော်သောအကြောင်း တစ်ခု ဖြစ်ကောင်းဖြစ်ပေလိမ့်မည်။ ယနေ့တွေ့ဆုံမှု၏ နောက်ခံအခင်းအကျင်းဟုလည်း ဆိုနိုင်လိမ့်မည်ထင်ပါသည်။ CPI Group မှ တာဝန်ရှိသူများအနေနှင့် သူတို့ဘက်မှ ပြောစရာ ဆိုစရာ အသိပေးစရာများ ရှိပါလိမ့်မည်။ လွတ်လပ်စွာ ပြောဆိုခွင့်ကို လေးစားသည်ဆိုလျှင် သိတတ်စွာ နားထောင်ပေးရမည်မဟုတ်ပါလော။ ကျွန်တော်တို့ နားတွေစွင့်ထားသလို စိတ်ကိုလည်း ဖွင့်ထားလိုက်ပါသည်။

■ **ကြောင်ဖြူ ကြောင်မည်း ပြီးတော့ ကြောင်စိမ်း**

မနက် ၉ နာရီတိတိတွင် ပေကျင်းမြို့တော်ရှိ CPI ဌာနချုပ်သို့ ရောက်သွားသည်။ တကယ် အကြီးကြီးပါရောလား. . ။ သို့တစေ ပုံတုံးကြီးကား မဟုတ်။ ခေတ်မီသည်။ သွက်သည်။ ခန့်သည်။ လမ်းပေါ်မှ ဖြတ်သွားဖြတ်လာ မြင်ရသော ပြည်သူ့ခန်းမထက်ပင် အခန့်အထည်က သာသည်။

ပေါ်တီကိုအောက် ကားရပ်လိုက်သည်နှင့် အနောက်တိုင်း ဝတ်စုံပြည့်နှင့် လူလတ်ပိုင်းအရွယ် အပြုံးချိုချို လူတစ်ယောက်က ဆီးကြိုနှင့်သည်။ CPI Group ဒါရိုက်တာ ဘုတ်အဖွဲ့ ဥက္ကဋ္ဌ မစ္စတာ လူချိကျိုး . . ။ သူက ကျွန်တော်တို့တစ်ယောက်ချင်းစီကို အားပါးတရလက်ဆွဲနှုတ်ဆက်သည်။ မစ္စတာလူမှာ နိုင်ငံရေးသမားနှင့်တော့ မတူ။ ဘိဇနက်သမားပုံစံမျိုးလည်း မဟုတ်။ သံတမန်တစ်ယောက်နှင့် ပိုတူသည်။ ထူးခြားထင်ရှားသည်မှာ သူ၏ ထူထူထဲထဲ မျက်ခုံးမွေးများ။ "မျက်ခုံးထူရင် အကြံကြီးတယ်" ဆိုသော ယဉ်ကျေးမှုတော်လှန်ရေး ကာလက ပြက်လုံးကို ဖျတ်ခနဲ သတိရ၍ စိတ်ထဲက ပြုံးမိသေးသည်။ ထိုစဉ်က တရုတ်ခေါင်းဆောင်များထဲတွင် မျက်ခုံးထူတွေ အတော်များသည်။ ဥပမာ-ဝန်ကြီးချုပ် ချိုအင်လိုင်း၊ နောက် 'မော်' ဆက်ခံသူအဖြစ် သတင်းကြီးခဲ့သူ 'လင်းပြောင်း' နောက်တော့ သူ့မှာ မော်ကို လုပ်ကြံသူအဖြစ် မွန်ဂိုလီးယားတွင် လေယာဉ်ပျက်ကျ ကွယ်လွန်သွားသည်။ ကျွန်တော်တို့ရှေ့မှ မျက်ခုံးထူကရော ဘာလဲ. . ဘယ်လိုလဲ။

မစ္စတာလူကပင် ဦးဆောင်ပြီး ဒုတိယလွှာရှိ ကွန်ဖရင့်ခန်းမသို့ ခေါ်သွားသည်။ သန့်ရှင်းသပ်ရပ်သည်နှင့် အမျှ ကြီးကျယ်ခန်းမားသော ခန်းမကြီးပင်။ လူတစ်ရာလောက်တော့ အသာလေး ဆံ့လောက်သည်။ ကွန်ဖရင့်စားပွဲကြား၊ အလှစိုက် 'ဘွန်စိုင်း' ပင်လေးများက ရောင်စုံ။ တကယ့်ပန်းဥယျာဉ် အသေးစားလေး။ ကျွန်တော်တို့ရောက်သည်နှင့် အစီစဉ်တန်းစသည်။ တရုတ်တွေကို မချီးကျူးဘဲမနေနိုင်သည့် တစ်ချက်မှာ 'အချိန်တိကျခြင်း'။ မြန်မာစံတော်ချိန် အကျင့်ပါနေသော ကျွန်တော်တို့ကသာ နောက်ကျချင် နောက်ကျမည်။ သူတို့က ဘယ်တော့မှ နောက်မကျ။

ကျွန်တော်တို့နှင့် ကျွမ်းဝင်ပြီးသော CNIE အထွေထွေ အတွင်းရေးမှူး မစ္စတာရိုကျန်းဟွာ၏ မိန့်ခွန်းနှင့် စဖွင့်ပါသည်။ ပွင့်ပွင့်လင်းလင်းဆွေးနွေးကြဖို့ ဖိတ်မန္တက ပြုသည်။ ပြီးတော့ . . ဆုတောင်းသည်။ ဒါပဲ . . ။ နောက် ဥက္ကဋ္ဌ မစ္စတာလူ၏ နှုတ်ခွန်းဆက်စကား။ သူကတော့ တကယ့်သံတမန်ပင်။ 'ဂရုသံ' ကဲသည်ဟု ထင်သော တရုတ်စကားကိုပင် ပေါ့ပေါ့ပါးပါး လျှာဖျားလေးနှင့် ပြောသွားသည်။ ပြောသည့် အကြောင်းအရာကလည်း သဘာဝပတ်ဝန်းကျင် အကြောင်းမပါ။ မြစ်ဆုံအကြောင်းမဟာ။ တရုတ်-မြန်မာချစ်ကြည်ရေးကိုသာ ပြောသွားသည်။ ကျွန်တော်တို့ အဖွဲ့ခေါင်းဆောင် ဆရာဦးကိုကိုလှိုင်ကလည်း တူညီသော သံခင်း တမန်ခင်းနှင့်ပင် တုံ့ပြန်ပြောဆိုသွားသည်။

ထိုနေ့၏ တကယ့်စပီကာမှာ မဒမ်ကျန်းရှောင်လူ။ သူမမှာ CPI ၏ အကြီးတန်းအကြံပေး။ CPI ယူနန်အင်တာနေရှင်နယ်၏ ဥက္ကဋ္ဌ။ Western train ပညာတတ်တစ်ယောက်ဟု နောက်မှသိရသည်။ သူမရွေးချယ်လိုက်သည့်အကြောင်းအရာက တရုတ်ပြည်စီးပွားရေးပြုပြင်ပြောင်းလဲမှုနှင့် သဘာဝ ပတ်ဝန်းကျင်ပြဿနာ ။ သူမ၏ 'လက်ချာ' က ကျွန်တော့်ကို ဆွဲခေါ်သွားသည်။ ၁၉၇၀ ပြည့်လွန်နှစ်များ. . မော်အလွန် 'လေးဦးဂိုဏ်း' အလွန်. . ။ တိန့်ရှောက်ဖိန် ခေတ်ဦး. . ။

ထိုစဉ်က ကမ္ဘာ့နိုင်ငံရေးမှာ တစ်နေ့ရွှေ တစ်နေ့ငွေ ဆိုရမလိုပင်။ ကြည့်. . ။ ၁၉၇၅ အင်ဒိုချိုင်းနား စစ်ပွဲတွင် အမေရိကန်ပြည်ထောင်စု အရှုံးနှင့် ရင်ဆိုင်လိုက်ရရာ နိုင်ငံရေးချိန်ခွင်လျှာမှာ လက်ဝဲဘက်သို့ အလေးသာသွားသလိုရှိသည်။ သို့တိုင် သိပ်မကြာ။ စီမံကိန်းစီးပွားရေး၏ ကျိုးကျိုးကျဲကျဲ အသံများနှင့်အတူ အရှေ့ဥရောပ တစ်လွှား အိုင်ဒီအိုလိုဂျီ လက်သီးဆုပ်ဖြည်ကျစပြုလာသည်။ တရုတ်ပြည်တွင်တော့ အခြေအနေမှာ ပိုဆိုးသည်။ 'ရှေ့သို့ ခုန်ပျံရေးလှုပ်ရှားမှု' နှင့် 'ယဉ်ကျေးမှု တော်လှန်ရေး' တို့ကို ဆက်တိုက်ဆိုသလို ရင်ဆိုင်လိုက်ရရာ တရုတ်လူထုမှာ ကွန်မြူနစ်ဆေးခါးကြီးကို အလန့်ကြီးလန့် အဖျံ့ကြီးဖျံ့သွားကြတော့သည်။

ဤတွင် လက်တွေ့ဝါဒီ 'တိန့်' က ကြောင်ဖြူ-ကြောင်မည်း ဒဿန' ကို တင်လိုက်သည်။ "ကြောင်ဖြူဖြူ မည်းမည်း ကြွက်ခုတ်ဖို့က ပဓာန" ။ ဆိုလိုသည်မှာ လက်ဝဲဖြစ်စေ၊ လက်ယာဖြစ်စေ တိုင်းပြည်ချမ်းသာဖို့က အဓိက. . ။ ဆိုရလျှင် တိန့်၏ ပေါ်လစီမှာ ကွန်မြူနစ်အိုင်ဒီအိုလိုဂျီ နေရာတွင် ဂျီဒီပီနှင့် အစားထိုး လိုက်ခြင်းဖြစ်သည်။ မြန်နှုန်းမြင့် ဂျီဒီပီတိုးတက်မှုနှုန်းဖြင့် လူထုကို စည်းရုံးကာ ကွန်မြူနစ်ပါတီ၏ ခေါင်းဆောင်မှုကို ခိုင်မာစေလိုက်ခြင်းပင်ဖြစ်သည်။ အကျိုးဆက်ကား တရုတ်စီးပွားရေးမှာ ဆယ်စုသုံးစုနီးပါးမျှ နှစ်စဉ် ၁၀ ရာခိုင်နှုန်းဝန်းကျင် တိုးတက်လာခြင်းပင်ဖြစ်ပါသည်။ သို့နှင့်တိုင် ဤသို့သော အံ့မခန်း တိုးတက်မှုကို ရခဲ့သည်မှာ ကုန်ကျစရိတ် သက်သာသော လုပ်အားကြောင့်ချည်းတော့မဟုတ်။ ညစ်ညမ်းမှုနှင့် စွန့်ပစ်ပစ္စည်းမျိုးစုံကို လေထုရေထုထဲသို့ အကြောင်းမဲ့ စွန့်ပစ်ခွင့်ရနေသောကြောင့်လည်း ဖြစ်သည်။ ရုပ်ကြွင်းလောင်စာတွေကို အထိန်းအကွပ်မဲ့ သုံးခဲ့သောကြောင့်လည်း ဖြစ်သည်။

အမှန်စင်စစ် တရုတ်ပြည်အနေနှင့် အနောက်နိုင်ငံများ လျှောက်ခဲ့သည့်လမ်းကြောင်းအတိုင်း လိုက်လျှောက်ခြင်းသာဖြစ်ပါသည်။ "လောလောဆယ်စီးပွားရေးတိုးတက်အောင် အရင်လုပ်။ နောက်မှ သဘာဝပတ်ဝန်းကျင်အပါအဝင် ဘေးထွက်ဆိုးကျိုးတွေ ကြည့်ရှင်းမယ်" ဆိုသော လောဂျစ်နှင့် မောင်းခဲ့ခြင်းဖြစ်သည်။ ဤလောဂျစ်ကို ဝေဖန်လျှင် ထိုစဉ်က တရုတ်ခေါင်းဆောင်များအနေနှင့် ဘယ်လိုမှ လက်ခံနိုင်ကြလိမ့်မည် မဟုတ်ပါ။ တကယ့်လက်တွေ့တွင်လည်း တရုတ်စက်မှုနဂါးကြီး မီးခိုးတွေ တဝေါဝေါ မှုတ်မထုတ်ခင် ဟိုးရှေးပဝေဏီကပင် အနောက်တိုင်းစက်မှုနိုင်ငံကြီးများအနေနှင့် ကမ္ဘာ့လေထုထဲသို့ ကာဗွန်ဒိုင်အောက်ဆိုက်တွေ အထိန်းကွပ်မဲ့ ထုတ်လွှတ်ခဲ့ကြပြီး မဟုတ်ပါလော. . ။

သို့နှင့်တိုင် သဘာဝမိခင်ကား အရှေ့၊ အနောက် မရွေး။ လက်ဝဲ၊ လက်ယာ စိတ်မဝင်စား။ အသည်းမာသော သိပ္ပံနှင့် ဘက်မလိုက်သော သင်္ချာကိုသာ သိမှတ်လက်ခံသည်။ သိပ္ပံနှင့် သင်္ချာကို ဥပေက္ခာပြုပြီး သဘာဝမိခင်ကို စီးပွားရေးမက်လုံးတစ်ခုတည်းဖြင့် အတင်းအဓမ္မ ဇက်ကြိုးတက်မောင်းနှင်သူများကို မခံနိုင်တော့သော မိခင်ကြီးက ကျကျနန ဒဏ်ခတ်ပါလေတော့သည်။ ဤဒဏ်ကို တိန့်အလွန် တရုတ်ပြည်ကြီး ကျောကော့ခံရလေတော့သည်။

မဒမ်ကျန်းက တရုတ်ပြည်ကြီး၏ ဂျီဒီပီဘေးထွက်ဆိုးကျိုးများကို ကိန်းဂဏန်းအချက်အလက်တွေနှင့် ဝေဝေဆာဆာတင်ပြနေသည်။ တရုတ်လူဦးရေမှာ ကမ္ဘာ့လူဦးရေ၏ ငါးပုံတစ်ပုံကျော်လာပြီ(လူဦးရေပေါက်ကွဲမှု)၊ ရေနံတင်သွင်းမှု ဒုတိယအများဆုံး နိုင်ငံဖြစ်နေပြီ(လောင်စာငတ်မွတ်မှု)၊ ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှု အများဆုံးနိုင်ငံဖြစ်နေပြီ(လေထုညစ်ညမ်းမှု)၊ တရုတ်လူထု၏ လေးပုံတစ်ပုံတွင် သန့်ရှင်းသော သောက်သုံးရေ မရနိုင်တော့ (ရေထုညစ်ညမ်းမှု) ကမ္ဘာ့အညစ်ညမ်းဆုံးမြို့ကြီး ဆယ်မြို့တွင် တရုတ်ပြည်မှ ငါးမြို့ပါနေပြီ (သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှု)

ကျွန်တော့်အာရုံတွင် မဒမ်ကျန်း၏ အသံမှာ ဝေး၍ ဝေး၍ သွားပြီး ယန်စီမြစ်ကြီးမှာ နီး၍ နီး၍လာသည်။ စိတ်မှတ်က လွန်ခဲ့သော နှစ်အနည်းငယ်က ဖတ်ခဲ့ဖူးသော စာတစ်ပုဒ်ကို အမှတ်ရနေသည်။ 'ယန်စီမြစ်ကြီး အဆိပ်သင့်နေပြီလေ ' ဆိုသည့် ဆောင်းပါး။ ဆောင်းပါးရှင်မှာ စိနဗေဒ ကျွမ်းကျင်ဟန်ရှိသည်။ ၁၉၆၀ ပြည့်လွန်နှစ်များ၏ အစောပိုင်းက ဥက္ကဋ္ဌကြီးမော်တစ်ယောက် ယန်စီမြစ်ကို လက်ပစ်ကူးပြရာ လာတော့မည့် ယဉ်ကျေးမှုတော်လှန်ရေးအတွက် 'သူမအိုသေးကြောင်း' အချက်ပြရာရောက်သည်။ ယခုနေများ မော်စီတုန်းကြီး ယန်စီမြစ်ထဲ ရေဆင်းကူးလျှင် "ဒီလူကြီး ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံနေပြီ" ဟု ထင်ကြပေတော့မည်. . စသဖြင့် သူက ရေးခဲ့သည်။

ဆိုခဲ့ပြီးသည့်အတိုင်း တိန့်ရှောက်ဖိန်က ကွန်မြူနစ် အိုင်ဒီအိုလိုဂျီနေရာတွင် ဂျီဒီပီဖြင့် အစားထိုးခဲ့သည်။ ယခု တရုတ်လူထုမှာ ဂျီဒီပီ၏ အဆိပ်သင့်ဒဏ်ကို နဖူးတွေ့ ဒူးတွေ့ကြုံလာရရာ တိန့်အလွန်ခေါင်းဆောင်တွေမှာ မလွှဲသာမရှောင်သာပင် ဂျီဒီပီကို အစိမ်းရောင်ပြောင်းရပေတော့မည်။ တိန့်၏ ကြွက်ခုတ်ကောင်းသော ကြောင်ကို အစိမ်းရောင် ဆိုးရပေတော့မည်။ သူတို့တတ်နိုင်ပါမည်လော. . . . ။

■ **စပိ**

မဒမ်ကျန်း၏ 'လက်ချာ' ဆုံးတော့ tea break ခေတ္တပေးသည်။ ကျွန်တော်က တရုတ်လက်ဖက်ရည် အချိုထက် ရေနွေးကြမ်းကို ပိုမက်သည်။ စံပယ်ရနံ့တသင်းသင်း။ လျှာဖျားပေါ်တွင် ခါးသက်ရှတ. . ။ ရေနွေးကြမ်းတစ်ကျိုက် စီးကရက်တစ်ဖွာ ဟန်ကျနေတော့သည်။ ဤနေရာတွင်လည်း တရုတ်တို့၏ ဧည့်ဝတ်ကျေပွန်မှုကို သြချလောက်ပါသည်။ No Smoking ဆိုသော သတိပေးစာတွေ CPI ရုံးချုပ်တွင် အနှံ့အပြားတွေ့ရသည့်တိုင် ကျွန်တော်တို့မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များကိုတော့ ဆေးလိပ်သောက်ခွင့်ပြုထားသည်။

စာ(၁၈) သို့

7 DAY NEWS JOURNAL
Vol.11, No.42 • DECEMBER 27 , 2012

# မိုင်ထောင်ချီ ပျံသန်းသွားသော ကြိုးကြာ

( အနုပညာရှင်ရုပ်ပုံလွှာ )

**ချမ်းငြိမ်း**




> အဆောင်သူတွေရဲ့ အိပ်ခန်းမှမီးပွင့်ကလေးတွေ လက်ခနဲ၊ ဇာခန်းဆီးလေးတွေ လှုပ်ခနဲ၊ ဆံနွယ်ရှည်ရှည်နဲ့ နွဲ့ပျောင်းသော ပုံရိပ်များ မပီဝိုးတဝါး၊ လေပြည်လေညင်းလေးက ဂစ်တာသံနဲ့ အတူသာသာညှင်းညှင်းလေးတိုက်ခတ်နေသည်။
> ဒီတစ်ညတော့ မင်းရင်ခွင်မှာ
> အိပ်ဖို့ရောက်လာပြီ
> အချစ်ကလေးရယ်
> တံခါးဖွင့်တော့ကွယ် . . .
> တုန်ရီလှိုက်မောသော ဆိုသံသည် ဂစ်တာသံနွဲ့နွဲ့နှင့်အတူ အဆောင်ပြတင်းပေါက်များမှတစ်ဆင့် နားထောင်သူရင်ထဲ တိုးဝင်ငြိတွယ်သွားသည်။

မင်း၏တန်ဖိုးကို
ငါသိလိုက်ရသည့်
အချိန်မှာတော့
မင်းကား ငါ့အပါး မရှိတော့ပြီ။
မင်းချသွားခဲ့တဲ့ ခြေရာက
မြေမှုန့်ကို နမ်း၍
ငါပေးဆပ်ပါ၏။ ။

*(ရာဘင်ဒြာနတ်တဂိုး)*

၂၀၁၂ဆောင်းဦး မနက်ခင်း . . . စမ်းချောင်းလမ်းပေါ်က **လေးညှို့ရှင်** လက်ဖက်ရည်ဆိုင်မှာ ထိုင်နေတုန်း **ပန်းချစ်သူ** သီချင်း သွင်းထားတဲ့ ဖုန်းခေါ်သံ မြည်လာလို့ ကိုင်လိုက်တဲ့တစ်ခဏ . . . . "ကိုခင်မောင်တိုး ဆုံးသွားပြီ" ဆောင်းရန့်တွေ တနင့်တပိုးကြီး ဝဖြိုးနေတဲ့ **လေပြည်ညင်း** ထဲ မနက်ခင်းလေးဟာ မမျှော်လင့်ဘဲ ကျကွဲသွားတော့တယ်။

(၁)

**ဝိုင်းရဲ့ဆည်းဆာ၊ စောင်းကြိုးရှိုက်သံ၊ မဟာဆန်သူ၊ ကြိုးကြာသံ၊ မျက်သွယ်၊ ရောင်စဉ်ခုနစ်သွယ်၊ ဝေးခဲ့ပြီ ပန်းခရမ်းပြာ၊ ပန်တော်ဦး၊ လေးညှို့ရှင်၊ ခွန်အားဖြည့် မိငယ်** သီချင်းများနှင့် ထင်ရှားကျော်ကြားခဲ့သူ တေးရေးဆရာ အဆိုတော် ခင်မောင်တိုးကို စစ်ကိုင်းတိုင်း မော်လိုက်မြို့တွင် အဖအရေးပိုင် ဦးခင်မောင်၊ အမိဒေါ်ခင်လှတို့က ၁၉၅၀ ဖေဖော်ဝါရီ ၁ ရက်၌ မွေးဖွားခဲ့သည်။ မွေးချင်း ၁၃ ယောက်ထဲတွင် တတိယမြောက် သားဖြစ်သည်။

ဖခင်ဖြစ်သူမှာ အစိုးရဝန်ထမ်းတစ်ဦးဖြစ်၍ မိသားစုသည် ဖခင်အလုပ်တာဝန် ကျရာသို့ မကြာခဏ ပြောင်းရွှေ့နေထိုင်ခဲ့ရသည်။ သူငယ်တန်းမှ ဆဋ္ဌမတန်းအထိ အညာဒေသ ရွှေဘို၊ သတ္တမတန်းမှ အဋ္ဌမတန်းအထိ ရခိုင်ပြည်နယ် စစ်တွေ၊ ဒသမတန်းရောက်တော့ သထုံရောက်သွားသည်။ ဤသို့ ဖခင်အလုပ်တာဝန်ကျရာ ပြောင်းရွှေ့နေထိုင်ရသော်လည်း ပင်ကိုပါလာသော ဂီတမျိုးစေ့သည် ငယ်စဉ်ကပင် သန္ဓေတည်ခဲ့သည်။

စနစ်တကျ သင်ကြားပေးသူမရှိသော်လည်း ကိုတိုးသည် ဆဋ္ဌမတန်းအရွယ်မှာပင် ဂစ်တာစတင်တီးခဲ့သည်။ ရောက်လေရာမြို့တိုင်း၌ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာများမှတစ်ဆင့် ဂစ်တာတီးတတ်လာသည်။ ရစ်သမ်အခတ်ကောင်းလာသည်။ ထိုကာလသည် စန္ဒရားချစ်ဆွေ၊ စန္ဒရားလှထွဋ်၊ ကိုတင်လှိုင်၊ ကိုသန်းလှိုင် သီချင်းများ လွှင့်ပျံ့ဆဲကာလ . . . ။

သည်လိုနဲ့ဆယ်တန်းရောက်တော့ သထုံမှာ . . . ၊ ဝါသနာကို ခေတ္တရပ်နား အတန်းပညာကို ကြိုးစားလိုက်တော့ အမှတ်ကောင်းကောင်းဖြင့် ဆယ်တန်းအောင်ပြီး စက်မှုတက္ကသိုလ်တက်ခွင့်ရသည်။ ဤသည်ပင် ကိုတိုးဘဝ၏ တစ်ဆစ်ချိုး . . . ၊ ၁၉၆၆ ရန်ကုန်စက်မှုတက္ကသိုလ် တက်ရောက်စဉ်နောင်တွင် ဂီတမိတ်ဆွေ လက်တွဲဖော်များ ဖြစ်လာမည့် ကျောင်းသားတွေနှင့် ဆုံသည်။ စက်မှုတက္ကသိုလ် ဒုတိယနှစ်တွင် ရတနာသူ သီချင်းရေးသားသူကုန်ထုတ်ဓာတုမှ ကိုတင်မောင်လှိုင်၊ ကိုမောင်မောင် (အဥ္စလီ)၊ မောင်စိန်ဝင်း(ပုတီးကုန်း)၊ တတိယနှစ်တွင် စက်မှုအင်ဂျင်နီယာတက်နေသော ကိုရဲလွင်နှင့် ဆုံတွေ့ပြီး မန္တလေးမှ ကိုနေဝင်းနှင့်ပါ သိခွင့်ရခဲ့သည်။ သိဒ္ဓတ္ထလှိုင် (နောင်သုခမိန်လှိုင်) ဖြစ်လာသူကတော့ ပြည်မှ တက်လာပြီး ကဗျာတွေရေး၊ သီချင်းတွေရေးကာ အဆောင်ညများမှာ လာလာဆိုသည်။

(၂)

ထိုကာလကစက်မှုတက္ကသိုလ် ကျောင်းသားဆိုတာတက္ကသိုလ် ကျောင်းသားများထဲတွင် အရှိန်အဝါ အတော်ကြီးပါသည်။ ပညာတော်၍ စက်မှုတက္ကသိုလ် ရောက်ခဲ့သည်ကို လူတိုင်းသိကြသည်။ ထို့ပြင် ဆေးကျောင်းသားတွေ စာသင်ခန်းထဲမှာ တကုပ်ကုပ်စာဖတ်နေချိန်မှာစက်မှုတက္ကသိုလ်ကျောင်းသားတွေက ကဗျာရေးသည်။ စာရေးသည်။ ဂစ်တာတီးကြသည်။ ပြီးတော့ . . . ကျောင်းသားအရေး၊ သည့်ထက်ကျယ်ပြန့်သည့် နိုင်ငံရေးတွေ လုပ်ကြမြဲ။ ရန်ကုန်တက္ကသိုလ် ပင်မနှင့်လည်း အမြဲလိုလို ဆက်စပ်မှုရှိ၍ ရာဇူးထဲ ခဏခဏ သွားကြသည်။ ကျောင်းသူများသော စီးပွားရေးတက္ကသိုလ်ဘက် လှည့်ကြမြဲ။

ဂီတမိတ်ဆွေ တဖြည်းဖြည်းများလာသော ကိုတိုးတို့အုပ်စုလေးသည်စီးပွားရေးတက္ကသိုလ်ကျောင်းသူများနေသည့် နှင်းဆီ၊ ကံ့ကော်၊ သရဖီ၊ အဆောင်များတစ်ဝိုက်တဝဲလည်လည်၊ သီချင်းတွေ အပျော်တမ်း ဆိုကြရာမှ တလေးတနက်ကြီးဖြစ်လာကာ တစ်ဖွဲ့လုံး ဂီတကို အရူးအမူး ဖြစ်လာကြသည်။ စားလည်း သည်ဂီတ၊ အိပ်လည်း သည်ဂီတ၊ သံစဉ်လှိုင်းတွေကြား အားလုံးငြိမ့်ငြိမ့်မူးမူး ဂီတကို ရူးသွပ်ခဲ့ကြသည်။ ကိုယ်ပိုင်သံစဉ်လေးတွေ ရေးဖွဲ့ကြည့်ကြသည်။ မန္တလေးမှလာသော ကိုမောင်မောင်က ဂီတကို သီအိုရီပိုင်း၌ နိုင်နင်းသည်။ ငယ်စဉ်ကပင် စန္ဒရားကို နိုင်ငံတကာသုံး ဂီတသင်္ကေတဖြင့် သင်ကြားခဲ့ရ၍ သီချင်းရေးစပ်ရာ၌ အတော် အဆင်ပြေသည်။ သို့သော် အဲသည့်တုန်းက ကိုမောင်မောင်သည် စန္ဒရားကို ခေတ္တရပ်နားကာ ကလပ်ဆစ်ကယ်ဂစ်တာဘက် လှည့်နေသည်။ ကိုရဲလွင်သည်လည်း E-Mechine က ဂစ်တာသမား၊ ဘေ့စ်ဂစ်တာအတီးကောင်း၊

တငွေ့ငွေ့ လွှမ်းထားတဲ့ မြူပဝါ
တရွေ့ရွေ့ လှမ်းသွားဆဲ
ညဒီအချိန်အခါ
လေပြည်ညင်း ပွေ့ဖက်ကာ
မွှေးကြူစဉ်မှာ
သဇင်ပန်း သင်းရနံ့ဟာ
မူးယစ်ရီဝေ . . .

တေးရေး ကိုရဲလွင်၏ နာမည်ကျော် **သဇင်ည** သီချင်း သဇင်ဆောင်ရှေ့မှာ ဝေ့ဝဲလှုပ်ခတ်သွား၊ အဆောင်သူတွေရဲ့ အိပ်ခန်းမှ မီးပွင့်ကလေးတွေ လက်ခနဲ၊ ဇာခန်းဆီးလေးတွေ လှုပ်ခနဲ၊ ဆံနွယ်ရှည်ရှည်နဲ့ နွဲ့ပျောင်းသော ပုံရိပ်များ မပီဝိုးတဝါး၊ လေပြည်လေညင်းလေးက ဂစ်တာသံနဲ့အတူ သာသာညှင်းညှင်းလေး တိုက်ခတ်နေသည်။

ဒီတစ်ညတော့ မင်းရင်ခွင်မှာ
အိပ်ဖို့ရောက်လာပြီ
အချစ်ကလေးရယ်
တံခါးဖွင့်တော့ကွယ် . . .

တုန်ရီလှိုက်မောသော ဆိုသံသည် ဂစ်တာသံနွဲ့နွဲ့နှင့်အတူ အဆောင်ပြတင်းပေါက်များမှတစ်ဆင့် နားထောင်သူရင်ထဲ တိုးဝင်ငြိတွယ်သွားသည်။

တက္ကသိုလ်အဆောင်ညများ ဤသို့ လှပစွာ ဖူးပွင့်ခဲ့ပါသည်။ ချစ်ခြင်းတရားတို့ ထုံမွှမ်းနေသော အဆောင်ညများ၊ လရောင်စိုစိုထဲမှာ နှင်းတွေရွှဲရွှဲအိအောင် ကျနေသော အဆောင်ညများ ကိုတိုးတို့တစ်တွေဖြတ်သန်းခဲ့ကြသည်။ သို့သော် . . . ဘဝသည် ဤသို့မပြီးသေး။ ဂီတကို တစိုက်မတ်မတ်လုပ်မိတော့ ပညာရေးဘက် လစ်ဟင်းခဲ့ရသည်။ တစ်ဖွဲ့လုံးလိုလို စာမေးပွဲကျကုန်သည်။ ကိုတင်မောင်လှိုင်နေသော ရာဇူးထဲက သထုံဆောင်မှာ ကိုတိုးလိုက်နေသည်။ စာမေးပွဲကျသော်လည်း ဂီတပိုးက သေမသွား။ ပို၍ပင် ရှင်သန်လာပြီး စီးရီးသွင်းဖြစ်အောင် ကိုတိုးကြိုးစားသည်။ အချိန်ကလည်း စတီရီယိုဂီတ လွှန့်နိုးချိန်၊ တက္ကသိုလ် အေးမောင်၊ မင်းမင်းလတ်၊ လားရှိုးသိန်းအောင်၊ စိုးပိုင် သီချင်းတွေ ကြားရသည်။ "မေမေရေ . . . မငိုနဲ့နော်လေ " ဟု ဆွဲငင်ဟစ်ကြွေးလိုက်သော **အမေတစ်ခု သားတစ်ခု** ၊ "မြို့ရဲ့ အစွန်တစ်နေရာမှာ ချစ်သူနှစ်ဦးတို့ အတွက်သာ"ဟုဆွေးဆွေးမြည့်မြည့် သီဆိုလိုက်သော **စက်ခေါင်း အမှတ်၀၀၉**၊ "ဆူးခင်းလမ်း လျှောက်ကာနေ" ဟု စူးစူးဝါးဝါး အော်ဟစ်လိုက်သော **ဆူးခင်းလမ်း** ကြားရချိန် ၊ တစ်စုံတစ်ရာကို ဖန်တီးထုတ်လုပ်ချင်သော စိတ်ကို ကိုတိုး ချွန်းမအုပ်နိုင်။ ပထမဆုံး စီးရီးဖြစ်သည့် **ကျေးဇူးတင်တယ် ကမ္ဘာကြီးရယ်** စီးရီးကို ကိုတိုး၊ ကိုစိုးဝင်းမောင် (နွယ်ပန်းအိမ်)၊ ကိုတင်မောင်လှိုင်တို့ရေးကြပြီး ၁၃ ပုဒ်တိတိပါဝင်ကာ E-Mechine တီးဝိုင်းဖြင့် ကိုအံ့ကြီး စတူဒီယိုမှာ သွင်းကြသည်။ သီချင်းအများစုမှာ ကော်ပီတွေ၊ အခွေကို ရန်ကုန်တေးသံသွင်းဆိုင်တွေမှာ စာရင်းစာအုပ်ကြီး တကိုင်ကိုင် လှည့်ရောင်းကြသည်။ မည်မည်ရရ မရောင်းရ။ အသံသွင်းစဉ်က အဆိုရော အတီးပါ တစ်ပြိုင်တည်းသွင်းရ၍ မကြာခဏ မှားသည်။ ခဏခဏ ပြန်တီး၊ ပြန်ဆို၊ ပြန်သွင်းရသည်။ ထိုစီးရီးသည် ရှင်းရှင်းပြောလျှင် မအောင်မြင်။ သို့သော် အတွေ့အကြုံတွေ တနင့်တပိုးကြီးကို တိုးရလိုက်သည်။ ဂီတအပေါ်မှာကား စူးစူး နစ်နစ် ချစ်ခင်ဆဲ၊ လမ်းတစ်ခုထွင်ချင်မြဲ။ ၁၉၇၃၊ ၇၄၊ ၇၅ နှစ်တွေအတွင်း ဂီတအရင်းအချာများ ဖြစ်သည့် ကိုမောင်မောင်၊ ကိုရဲလွင်၊ ကိုနေဝင်းတို့နှင့်အတူ ကြို့ကုန်းလမ်းကြားရှိ ဒေါ်ကြည်ကြည် အဆောင်မှာနေကြသည်။ သီချင်းအသစ်တွေ၊ သံစဉ်အသစ်တွေ ရှာကြ၊ ဖွေကြ၊ ရေးစပ်ကြ။ ၁၉၇၆ တွင် ကိုတင်မောင်လှိုင်နှင့် သုခမိန်လှိုင်တို့ ရေးသော **ရင်ခုန်နေသော အိပ်မက်ငယ်** ဒုတိယစီးရီး ထုတ်သည်။ ထင်သလို မပေါက်။ တိုင်းရေးပြည်ရေးအခြေအနေကြောင့်လည်း ပါမည်။ ဦးသန့်အရေးအခင်း၊ အလုပ်သမားသပိတ်များ၊ မှိုင်းရာပြည့်အရေးတော်ပုံ စသည့် လှုပ်ရှားမှုကြီးများက ဆက်တိုက်ဆိုသလို ဖြစ်နေသည်။ ကိုတိုးတို့တစ်တွေသည် ထိုကာလအငွေ့အသက်များ အဖြစ်အပျက်များအား နိမိတ်ပုံယူ၍ သီချင်းများထဲတွင် ပုံသဏ္ဌာန်တစ်မျိုးဖြင့် ရေးစပ်ခဲ့ကြသည်။ ဒုတိယစီးရီးမအောင်မြင်၍ ရန်ကုန်တွင် ဘာလုပ်ရမှန်းမသိ ယောင်ချာချာဖြစ်နေပြီး ကိုတိုး မန္တလေး ပြန်သွားသည်။ သည်အချိန်မှာ အိမ်ထောင်လည်း ကျနေပြီ။ ပထမစီးရီးမထွက်ခင်ကပင် နောင်အိမ်ထောင်ဖက် ဖြစ်လာသော ဝေဝေခိုင်နှင့် လက်ထပ်ဖြစ်ခဲ့သည်။

မန္တလေးပြန်သွားသော ကိုတိုးသည် **ယဉ်မွန်** တေးဂီတအဖွဲ့နှင့် သီချင်းလိုက်ဆိုသည်။ ကိုမောင်မောင်နှင့်လည်း ပို၍ တွဲဖြစ်သွားသည်။ ကိုမောင်မောင်လည်း ကျောင်းမပြီး၊ ပညာတစ်ပိုင်းတစ်စနှင့် မန္တလေးပြန်ရောက်နေသည်။ ယင်းနောက် ကျနေသော စိတ်ဓာတ်အားပြန်ကောက်ကာ ကိုနေဝင်း၊ ကိုရဲလွင်၊ ကိုမောင်မောင်တို့နှင့်အတူ **လိစ္ဆဝီများ** တေးဂီတအဖွဲ့ကို တည်ထောင်ကြသည်။

(၃)

ရာဇဝင်သမိုင်းအရ **လိစ္ဆဝီ** ဆိုသည်မှာ ဗုဒ္ဓဘုရားရှင်လက်ထက်က အဇာတသတ်မင်းသည် လိစ္ဆဝီဟူသော နိုင်ငံသို့ သွားရောက်တိုက်ခိုက်ရာ၌ အကြိမ်ကြိမ်တိုက်သော်လည်း မအောင်မြင်၊ လိစ္ဆဝီသားများသည် စည်းလုံးညီညွတ်မှုအား အလွန်ကောင်းခဲ့သည်။ ထိုစည်းလုံးညီညွတ်မှုမျိုးပြသလို၍ သူတို့အဖွဲ့ကို **လိစ္ဆဝီများ** ဟူ၍ အမည် ပေးခဲ့သည်။

အဖွဲ့တွင် လိဒ် - ဇော်မျိုးထွဋ်၊ ဘေ့စ် - ကိုရဲလွင်၊ ဒရမ် - ကျော်ဆွေဟန်၊ စန္ဒရားနှင့် ဂီတစီမံခန့်ခွဲသူအဖြစ် ကိုမောင်မောင် ပါဝင်ခဲ့သည်။ သည်လိုနဲ့ ၁၉၇၉ - ၈၀ နှစ်များတွင် ကိုမောင်မောင်ရေးဖွဲ့သော **အဥ္စလီအတွက် ဂီတဥ္စလီ** သီချင်းကို ခေါင်းစီးထား၍ မေစတူဒီယိုမှာ အသံသွင်းကြသည်။ တကယ်တော့ **အဥ္စလီအတွက် ဂီတဥ္စလီ** သည် ခိုင်ထူးထံရောင်းလိုက်သော **အဥ္စလီ** သီချင်းနှင့် တစ်ဆက်တည်း . . . ၊ နှစ်လွှာပေါင်းမှတစ်ရွက်၊ နှစ်ပုဒ်ပေါင်းမှ တစ်ပုဒ်ဖြစ်နိုင်သည့် သီချင်း။ ယင်းသီချင်းနှစ်ပုဒ်ကို စုစည်း၍ တစ်ပုဒ်တည်းအဖြစ် ပေါ်ထွက်လာမည်လားဟု ထိုစဉ်က ဂီတပရိသတ်များ မျှော်မိသည်။ မည်သို့သော အကြောင်းကြောင့်ရယ်မသိ ပေါ်ထွက်မလာ၊ ဘာပဲပြောပြော တတိယမြောက် ယင်းစီးရီးသည် တစ်စုံတစ်ရာအတိုင်းအတာအထိ သက်ရောက်မှုရှိခဲ့သည်။ ရန်ကုန်မြို့ကြီးမှာ သိပ်မကြားရပေမယ့် နယ်မြို့လေးတွေမှာ လူကြိုက်အတော်များသွားသည်။ **စောင်းကြိုးရှိုက်သံ၊ တံခါးဖွင့်ပါ၊ တို့ရင်ထဲ** သီချင်းတွေ ဂစ်တာသမားတိုင်း ကြိုက်သွားသည်။ ကိုတိုးသည် တတိယအခွေထွက်ပြီးနောက်ဂီတလမ်းကြောင်းပေါ် မှန်မှန်လျှောက်လှမ်းသည်။ တစ်နှစ်အကြာ ၁၉၈၁ တွင် **ဝိုင်းရဲ့ဆည်းဆာ** ထွက်လာသည်။

***စာ(၄၀) သို့***

# အိမ်ရာမူဝါဒနှင့် တန်ဖိုးနည်းအိမ်ရာ

မြင့်မိုရ်ဆွေ

ဒီမိုကရေစီ ခေတ်သစ်တည်ဆောက်မှုအချိန်ကာလကိုတွက် စစ်လျှင် ၂ နှစ်နီးပါး ရှိလာပေပြီ။ အဆိုပါကာလအတွင်းနိုင်ငံတစ်ဝန်း အိမ်ရာကဏ္ဍ ဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ချက်များမှာ ကျေနပ်အားရဖွယ် မရှိသေးကြောင်း တွေ့ရှိရ၏။ ပြန်လည်သုံးသပ်ကြည့်လျှင်မှတ်မှတ်ရရအလွန်ထင်ရှားသော လုပ်ငန်းရှင်တစ်ဦးက အများပိုင် ကုမ္ပဏီတစ်ခုထူထောင်ပြီး မန္တလေးမြို့တွင် မြို့သစ်နှင့် အိမ်ရာစီမံကိန်း အကောင်အထည်ဖော်မည့် အစီအစဉ်နှင့် အစုရှယ်ယာများ ခေါ်ယူမည့် သတင်းကြေညာချက်ဖြင့် ၂၀၁၂ ခုနှစ် ခေတ်သစ်အိမ်ရာ ဖွံ့ဖြိုးရေးကဏ္ဍကို စတင်ဖွင့်လှစ် ရန် ကြိုးပမ်းခဲ့လေသည်။


လုပ်ပိုင်ခွင့် မရှိဘဲ ခြေလှမ်းကျဲသော အဆိုပါ လှုပ်ရှားမှုမှာ အချိန်တိုအတွင်း ဇီဝိန်ချုပ်သွားခဲ့၏။ ထို့နောက် ၂၀၁၂ ခုနှစ် ဩဂုတ်လတွင် နိုင်ငံရေးပါတီတစ်ရပ်က ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့တွင် ဆင်းရဲသား မြို့တော်တည်ထောင်ရေးဟု အမည်ပေးထားသော စီမံကိန်းဖဲကြိုးကို မဆီမဆိုင် ဖြတ်ဖို့ကြိုးစားခဲ့ပြန်၏။ ဖဲကြိုးနှင့် ကတ်ကြေးကို ရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်က အချိန်မီ သိမ်းယူလိုက်၍ ဆင်းရဲသား ပြည်သူတို့ သက်သာရာရသွားခဲ့လေသည်။

၂၀၁၂ ခုနှစ် ဩဂုတ် ၁၂ ရက်တွင် ကျင်းပခဲ့သော စီမံကိန်းကော်မရှင် ဒုတိယအစည်းအဝေး၌ ကော်မရှင်ဥက္ကဋ္ဌဖြစ်သော နိုင်ငံတော်သမ္မတကြီးက မြို့ပြနှင့် ကျေးရွာ ဖွံ့ဖြိုးရေးအတွက် ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အခြေခံလိုအပ်ချက်ဖြစ်သည့် City Plan, Town Plan နှင့် Village Plan များကို ရေးဆွဲရေးနှင့် စပ်လျဉ်း၍ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့၏ City Plan များကိုလေ့လာဆွေးနွေးအကောင်အထည်ဖော်ဆောင်ရွက်ကြရန်နှင့် ကျေးလက်ဖွံ့ဖြိုးရေးသည် အခြေခံလိုအပ်ချက်ဖြစ်သကဲ့သို့ အနာဂတ်မြို့ပြများ၏ စနစ်တကျမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးသည် များစွာအရေးပါလာမည်ဖြစ်ကြောင်း ပြောကြားခဲ့၏။

ထို့အပြင် နိုင်ငံတော်သမ္မတကြီးက ကော်မရှင် အစည်းအဝေးနောက်ဆုံးနေ့ဖြစ်သော ၂၀၁၂ ခုနှစ် ဩဂုတ် ၁၈ ရက်တွင်ပြည်သူများ နေရေး ထိုင်ရေးခက်ခဲသည့်အပိုင်း၊ မီးဘေးစိုးရိမ်ရသည့်အပိုင်း၊ မြို့ပြအင်္ဂါရပ်နှင့် မညီညွတ်သည့်အပိုင်းကို ၂၀၁၅ ခုနှစ်မတိုင်မီ နှစ်စဉ်တစ်နှစ်ချင်း ပြည်သူအကြား ပြည်သူ့ဆန္ဒနှင့်အညီ သိသိသာသာ တိုးတက်အောင် ပြောင်းလဲဆောင်ရွက်မည့်လတ်တလောစီမံချက်ဖြင့် အကောင်အထည်ဖော်ရန် လိုအပ်ကြောင်းလည်း ဆွေးနွေးမှာကြားခဲ့ပေသည်။

စာရေးသူအနေဖြင့် သမ္မတကြီး ပြောကြားသကဲ့သို့ပြည်သူတို့၏ နေရေး ထိုင်ရေးခက်ခဲသည့် အပိုင်းကို သိသိသာသာ ပြောင်းလဲ တိုးတက်အောင် ဆောင်ရွက်ရာတွင် ပြည်ထောင်စုအစိုးရ၏ အိမ်ရာမူဝါဒ(Housing Policy) လိုအပ်ချက်ရှိကြောင်း ဆွေးနွေးလိုပါသည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၉၆ အရ ပြည်ထောင်စု ဥပဒေပြုစာရင်းတွင် အိမ်ရာနှင့် အဆောက်အအုံများ(Housing and Buildings) ပါဝင်သဖြင့် အိမ်ရာမူဝါဒကိုပြည်ထောင်စု အစိုးရကသာ ချမှတ်ပေးနိုင်မည် ဖြစ်ပါသည်။ မူဝါဒလမ်းညွှန်ချက် မရှိဘဲ လတ်တလောဖြစ်စေ၊ ကာလတိုဖြစ်စေ၊ ကာလရှည်ဖြစ်စေ လုပ်ငန်းအကောင်အထည်ဖော်မှုမှန်သမျှသည် ရေကြောင်းပြမပါဘဲ သင်္ဘောကို မောင်းနှင်သကဲ့သို့ ခရီးမတွင်နိုင်ပေ။ လမ်းကြောင်းမှား၍ လိုရာခရီးမရောက်ဘဲ သောင်တင်သွားလျှင်လည်း ဆုံးရှုံးမှုများကို ရင်ဆိုင်ကြုံတွေ့ကြရမည် ဖြစ်ပေသည်။ ထို့အပြင် မူဝါဒ မရှိသော လုပ်ငန်းမှန်သမျှသည် အဂတိလေးပါးနှင့် မကင်းနိုင်သဖြင့် ပြည်သူတို့၏ အကျိုးစီးပွားနှင့် ဓမ္မာသောကဖြစ်လေ့ရှိပေသည်။ ဒီမိုကရေစီ နိုင်ငံများ၌ အစိုးရသည် ပြည်သူတို့၏ လိုလားချက်ကို ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ သက်ဆိုင်ရာကဏ္ဍ၏ လုပ်ငန်းဆိုင်ရာ မူဝါဒအဖြစ် ချမှတ်ပေးပြီး ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အတတ်ပညာရှင်များ၊ ရင်းနှီးမြှုပ်နှံသူများနှင့် ပြည်သူများ(Stakeholders) အားလုံးက ဝိုင်းဝန်းအကောင်အထည်ဖော်ကြရမည်ဖြစ်ပေသည်။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ အခန်း(၁)၊ ပုဒ်မ(၃၆)၊ ပုဒ်မခွဲ(ဂ)တွင် "နိုင်ငံတော်သည် အများပြည်သူတို့၏ နေထိုင်မှုအဆင့်အတန်း မြှင့်တင်ရေးကို ရှေးရှုဆောင်ရွက်မည်"ဟူသော ပြဋ္ဌာန်းချက်ပါရှိပြီး ဖြစ်၏။ ထို့ပြင် တစ်ဝ နိုင်ငံတော်သမ္မတကြီးကလည်း အထက်ပါအတိုင်း ပြည်သူများ နေရေး ထိုင်ရေးခက်ခဲသည့် အပိုင်းကို ပြည်သူ့ဆန္ဒနှင့်အညီ တိုးတက်အောင် ဆောင်ရွက်ရန် ညွှန်ကြားခဲ့၏။ သို့ရာတွင် ပြည်ထောင်စုအတွင်းရှိပြည်နယ်တိုင်းဒေသကြီးအားလုံး တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်း မဖြစ်ကြရလေအောင် အိမ်ရာကဏ္ဍဖွံ့ဖြိုးရေးလုပ်ငန်းကို ထိန်းညှိပေးမည့် ပြည်ထောင်စုအစိုးရ၏ အိမ်ရာမူဝါဒမှာ ယခုအချိန်အထိ အထင်အရှားပေါ်ပေါက်လာခြင်း မရှိသေးပေ။




မြန်မာနိုင်ငံ၏ လက်ရှိစီးပွားရေး အခြေအနေအရ နေရေးထိုင်ရေး အခက်အခဲရှိသည့် ပြည်သူများအားလုံးအတွက် အိမ်ရာလိုအပ်ချက်ကို တစ်ပြိုင်တည်းဖြည့်ဆည်းပေးရန် မဖြစ်နိုင်သည့်အလျောက် ပြည်ထောင်စုအစိုးရ၏ အိမ်ရာမူဝါဒဖြင့် ဦးစားပေးမှုကို သတ်မှတ်ပေးနိုင်မည် ဖြစ်ပေသည်။ ယေဘုယျအားဖြင့် အခြားဖွံ့ဖြိုးဆဲ နိုင်ငံများကဲ့သို့ ဝင်ငွေအလွှာအလိုက် ဝယ်ယူနိုင်စွမ်းရှိသော အိမ်ရာများ (Affordable Housing) ကို ဆောက်လုပ်ကြရမည် ဖြစ်သော်လည်း ၂၆ ရာခိုင်နှုန်းသော ဆင်းရဲမွဲတေသူများ အပါအဝင် ဝင်ငွေနည်းသော ပြည်သူများ၏ နေရေးလိုအပ်ချက်ကို အတိအလင်း ဦးစားပေးသတ်မှတ်၍ ဖြည့်ဆည်းရမည်သာ ဖြစ်ပါသည်။

မျက်မှောက်ကာလ နိုင်ငံပိုင်ကဏ္ဍ(Public Sector)မှဆောက်လုပ်လျက်ရှိသော လုံးချင်းနေအိမ်များ၊ တိုက်ခန်းများ စသည့်အိမ်ရာစီမံကိန်းများတွင် တန်ဖိုးနည်းအိမ်ရာများ လုံးဝပါဝင်ခြင်း မရှိပေ။ ထို့အပြင် ပွင့်လင်းမြင်သာမှုမရှိသော ဖြည့်ဆည်းမှု အခင်းအကျင်း၌ ပြည်သူ့ကဏ္ဍဖြင့် မွေးဖွားပေးခဲ့သည့် အိမ်ရာသားသမင်ကို အရေခြုံအိမ်ရာလိုအပ်မှု(Artificial Demand)ကျားဆိုးက ဝါးမျိုဖျက်ဆီးခြင်းလည်း ခံရပြန်၏။ ၁၉၉၈ ခုနှစ်က ရန်ကုန်မြို့တွင် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနသည် လှိုင်သာယာတွင် ကျန်စစ်သားအိမ်ရာ၊ ဗိုလ်အောင်ကျော်အိမ်ရာ၊ ဒဂုံမြို့သစ်(တောင်ပိုင်း)တွင် အောင်ဇေယျအိမ်ရာစသည့် တန်ဖိုးနည်းအိမ်ရာ အိမ်ခန်းပေါင်း ၃,၀၀၀ ခန့် ဆောက်လုပ်ခဲ့ပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီသည် ဒဂုံမြို့သစ် မြောက်ပိုင်းတွင် မြိုင်ဟေဝန်အိမ်ရာ၊ တော်ဝင်အိမ်ရာ စသည့် တန်ဖိုးနည်းအိမ်ရာ အိမ်ခန်း ၁,၀၀၀ ခန့် တည်ဆောက်ခဲ့ကြောင်း တွေ့ရှိရ၏။ တဲပေါ်မှ တိုက်ပေါ်တင် စီမံကိန်းအရ အဆိုပါ ဌာနအဖွဲ့အစည်းနှစ်ရပ်သည် အိမ်ထောင်စုပေါင်း ၁၅,၀၀၀ ခန့်ကို တိုက်ခန်းများပေါ်သို့ တင်ပေးနိုင်ခဲ့၏။ ယင်းကာလမတိုင်မီ သုဝဏ္ဏတန်ဖိုးနည်း အိမ်ရာ စီမံကိန်း၊ တောင်ဥက္ကလာပမြင်သာတန်ဖိုးနည်း အိမ်ရာစီမံကိန်း၊ သာကေတမြင်သာတော်လမ်း ပျဉ်ထောင်သွပ်မိုး တန်ဖိုးနည်း လုံးချင်းအိမ်ရာစီမံကိန်း၊ သာကေတ သန်လျင်တံတား၌ အသုံးပြုပြီး သစ်သားများကိုပြန်လည်သုံးစွဲသည့် ပျဉ်ထောင်သွပ်မိုးတန်ဖိုးနည်း လုံးချင်းအိမ်ရာ စီမံကိန်း စသည်များကိုလည်း ခေတ်အဆက်ဆက် တည်ဆောက်ခဲ့ကြောင်း လေ့လာတွေ့ရှိနိုင်၏။ သို့သော် ဒီမိုကရေစီခေတ်သစ်တွင်မူ အဆိုပါ ဌာနနှစ်ခုစလုံးမှ ဝင်ငွေနည်းပြည်သူများအတွက် မည်သည့် တန်ဖိုးနည်းအိမ်ရာကိုမျှ ဟုတ်တိပတ်တိ တစ်လုံးမျှမဆောက်နိုင်ခဲ့သေးသည်မှာ ပြည်ထောင်စုအစိုးရ၏ အိမ်ရာမူဝါဒနှင့် တွန်းအားပေးမှု အားနည်းခြင်းကြောင့် ဖြစ်မည်ဟု ကောက်ချက်ချရန်မှတစ်ပါး အခြားမရှိနိုင်ပေ။

၂၀၁၂ ခုနှစ် နိုဝင်ဘာ ၁၄ ရက်ထုတ် မြန်မာအလင်းသတင်းစာ၌ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီသည် ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ဒဂုံမြို့သစ်(တောင်ပိုင်း)နှင့် ဒဂုံမြို့သစ်(အရှေ့ပိုင်း)တွင် အိမ်ခန်းပေါင်း ၉,၀၀၀ ကျော်ကိုစည်ပင်ဘက်နှင့် အခြားဘက်များ၏ ရင်းနှီးမှုဖြင့် ဆောက်လုပ်မည်ဖြစ်ကြောင်း သတင်းတစ်ရပ်ပါရှိ၏။ သတင်းစာအရ သင့်တင့်လျောက်ပတ်သော တန်ဖိုးနည်းအိမ်ရာဟု သိရပြီး အချို့သော ဂျာနယ်သတင်းများ၌ ယာဉ်ရပ်နားရန် နေရာ၊ အပန်းဖြေ နေရာ၊ လူနေဆိုင်ခန်းနှင့် စူပါမားကက်များပါဝင်ကြောင်း၊ တစ်ခန်းလျှင် ကျပ်သိန်း ၄၀၀ မှ ၅၀၀ ခန့်ဟု တန်ဖိုးခန့်မှန်းခြေများ ဖော်ပြကြသည်ကိုလည်း တွေ့ရှိရပြန်ရာ တန်ဖိုးနည်း အစစ်အမှန်ဖြစ်ပါမည်လောဟု ယုံရခက်ခက် ဖြစ်နေလေ၏။ အထူးသဖြင့် "သင့်တင့်လျောက်ပတ်သော" တန်ဖိုးနည်း အိမ်ရာစီမံကိန်းဟူသော ဝေါဟာရသစ်ကို အဓိပ္ပာယ်မည်သို့ ဖွင့်ရမည်နည်းဟုလည်း စဉ်းစားရခက်နေပြန်၏။

ထို့နောက် တစ်ဖန် ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၉ ရက်တွင် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနက ရန်ကုန်မြို့၊ ဒဂုံ(ဆိပ်ကမ်း)မြို့နယ်ရှိ မြေကေ ၂၂၀ ခန့်တွင် အိမ်ရာစီမံကိန်းများကို Precast စနစ်ဖြင့် အကောင်အထည်ဖော်မည်ဖြစ်ကြောင်းနှင့် ငွေကြေးအပြည့်အဝရင်းနှီး၍ ၃ နှစ်အတွင်းပြီးအောင် ဆောင်ရွက်နိုင်သူများထံမှ တင်ဒါ အဆိုပြုလွှာများ ပေးသွင်းရန် ကြော်ငြာချက်ကို တွေ့ရှိပြန်ပါသည်။ အဆိုပါ ကြော်ငြာတစ်ခုလုံးကို အခေါက်ခေါက်အခါခါ အပြန်ပြန်အလှန်လှန် ဖတ်ကြည့်ရာ "တန်ဖိုးနည်း" ဟူသော စကားလုံးမှာ လုံးဝမပါရှိကြောင်း တွေ့ရှိရ၏။

အထက်ပါ ကြော်ငြာနှစ်ခုကို ယှဉ်၍ သုံးသပ်ကြည့်သောအခါ ရန်ကုန်မြို့တော်စည်ပင်၏ စီမံကိန်းသည် "ငွေကိုရင်းမည့် စီမံကိန်း" ဖြစ်၍ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာန၏ စီမံကိန်းသည်"မြေကိုရင်းမည့်စီမံကိန်း"ဟု ခန့်မှန်းနိုင်ပေသည်။ မည်သည့်စီမံကိန်းဖြစ်စေ ဝင်ငွေနည်း ပြည်သူတို့အတွက် အရစ်ကျငွေပေးသွင်းစနစ်ဖြင့် ဝယ်ယူနိုင်မည့် တန်ဖိုးနည်းအိမ်ရာ အစစ်အမှန် မပါဝင်လျှင် "ရွှေစော်နံပြန်လိုက်ဦး" ဟု ဆိုချင်ပါသည်။

အမှန်အားဖြင့် ရန်ကုန်မြို့တွင် သာမက မန္တလေးမြို့ အပါအဝင်ပြည်နယ်တိုင်းဒေသကြီးများရှိ မြို့ကြီးများ၌ တန်ဖိုးနည်းအရောင်းအိမ်ရာ (Purchasing Flat) သို့မဟုတ် အငှားအိမ်ရာ(Rental Flat)များကိုလည်း ဆောက်လုပ်သင့်၏။ အဆိုပါ မြို့ကြီးများတွင် လွတ်လပ်ရေး ရရှိပြီးနောက် လွန်ခဲ့သော အနှစ် ၅၀ ကျော်က ပြည်တော်သာ စီမံကိန်းအရ ဆောက်လုပ်သည့် အငှားအိမ်ရာ အဟောင်းများကိုသာ အားပြုနေကြရပြီး ဝန်ထမ်းများမှာလည်း ရရှိသော လစာဖြင့် ပြင်ပတွင် အိမ်ငှားနေထိုင်ရန် လုံးဝလက်လှမ်းမမီကြပေ။ ၎င်းတို့အတွက် အငှားအိမ်ရာများကိုတိုးချဲ့ဆောက်လုပ်ပေးရန် အထူးလိုအပ်လျက်ရှိရာ ပြည်ထောင်စုအစိုးရ၏ အိမ်ရာမူဝါဒတွင် အခြားသော ပြည်နယ်နှင့် တိုင်းဒေသကြီးများအတွက် မလွဲမသွေ ဦးစားပေးရမည့် အိမ်ရာစီမံကိန်းတစ်ရပ်ဖြစ်ကြောင်းလည်း တင်ပြလိုပါသည်။

လူဦးရေအများဆုံးဖြစ်သော ရန်ကုန်မြို့တွင် လက်ရှိလူ ဦးရေငါးသန်းအနက် ဆင်းရဲမွဲတေသူ ၂၆ ရာခိုင်နှုန်းမှာ လူဦးရေ ၁၃ သိန်းဖြစ်၏။ ၂၀၁၅ ခုနှစ်တွင် ၁၆ ရာခိုင်နှုန်းသို့ လျှော့ချနိုင်ရန်အတွက် ဆင်းရဲမွဲတေသူ ၁၀ ရာခိုင်နှုန်းအား နေရေးဆင်းရဲမှုမှ ၂ နှစ်အတွင်း လွတ်မြောက်အောင် ဆောင်ကြဉ်းပေးနိုင်ရန် လိုအပ်ပါသည်။

အဆိုပါ ၁၀ ရာခိုင်နှုန်းသည် လူဦးရေငါးသိန်းဖြစ်၍ ပျမ်းမျှ အိမ်ထောင်စုအရွယ်အစား (Family Size ) ကို တစ်အိမ်ထောင်လျှင် လူငါးဦးနှုန်းဖြင့် အိမ်ထောင်စု တစ်သိန်းအတွက် တန်ဖိုးနည်းအိမ်ရာ တစ်သိန်းတိတိ လိုအပ်မည်ဖြစ်ပါသည်။ နှစ်စဉ် လူဦးရေတိုးပွားမှုအရ အိမ်ရာလိုအပ်ချက်ကလည်း ၃၀,၀၀၀ ခန့်ရှိနေပြန်သေးရာ စာရေးသူတို့နိုင်ငံတွင် အိမ်ရာကဏ္ဍ ဖွံ့ဖြိုးရေးကို မလွဲမသွေ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရန်နှင့် ထိုကဲ့သို့ ဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းလမ်းညွှန်ဖြစ်သော အိမ်ရာမူဝါဒကိုပြည်ထောင်စုအစိုးရက အမြန်ဆုံးချမှတ်ပြီး တန်ဖိုးနည်းအိမ်ရာကိုလည်း မူဝါဒအရ အတိအလင်း ဦးစားပေးသတ်မှတ် အကောင်အထည်ဖော်ရန် လိုအပ်ကြောင်း နှိုးဆော်တိုက်တွန်းအပ်ပါသည်။

အထူးသဖြင့် ၁၂-၁၂-၂၀၁၂ နေ့ထုတ် မြန်မာ့အလင်း သတင်းစာပါသတင်းတစ်ပုဒ်အရ ဘရာဇီးနိုင်ငံတွင် ဝင်ငွေနည်းသောမိသားစုများအတွက် ၂၀၁၄ ခုနှစ်မတိုင်မီ ၂ နှစ်အတွင်း တန်ဖိုးနည်းအိမ်ရာ သုံးသန်းတိတိ ဆောက်လုပ်မည်ဟူသော မင်္ဂလာသတင်းကို သမ္မတကိုယ်တိုင် အသံလွှင့်ကြေညာသကဲ့သို့ စာရေးသူတို့၏ နိုင်ငံတွင်လည်း ဒီမိုကရေစီခေတ်သစ်၌ ခတ်ကွင်းပြင်ကာလ ၂ နှစ်အလွန် နောင်လာမည့် ၂ နှစ်အတွင်း ဘရာဇီးထက် အဆတစ်ရာလျှော့၍ တန်ဖိုးနည်းအိမ်ရာ ၃၀,၀၀၀ ခန့်ပင်ဖြစ်စေ၊ ထို့ထက်ပို၍ ဖြစ်စေ ဆောက်လုပ်မည်ဖြစ်ကြောင်း သမ္မတကြီးကိုယ်တိုင် ပြည်ထောင်စုအစိုးရ အိမ်ရာမူဝါဒနှင့်တကွ ကြေညာနိုင်ပါက ပြည်သူအပေါင်းတို့ အတိုင်းအထက်အလွန် ရွှင်မြူးအားရ ကြိုဆိုမည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသတည်း။ ။

7DAY NEWS JOURNAL
Vol.11, No.42 • DECEMBER 27 , 2012

# လှောင်အိမ်အတွင်းမှ ဂန္ထဝင်များ လွတ်လပ်စွာပျံသန်းချိန်

အားမာန်

**၁၉၃၃ မေလ ၁၀ ရက်တွင် ဂျာမနီနိုင်ငံ ဘာလင်မြို့၌ နာဇီတို့က လူပေါင်းတစ်သိန်းခန့်ရှေ့မှာပင် စာအုပ်ပေါင်း နှစ်သောင်းကျော်ကို မီးရှို့ခဲ့ဖူးသည်။ စိတ်ဓာတ် အပေါင်း၊ အယူအဆပေါင်းများကို ဖျက်ဆီးသည်ဆိုကာ အဆိုပါ စာအုပ်မီးရှို့ပွဲကို ဂျာမနီဝါဒဖြန့်ချိရေးဝန်ကြီး ဂိုးဘဲလ်(စ်) က ဦးဆောင်ကျင်းပခဲ့ခြင်းဖြစ်သည်။**

သက်မဲ့စာအုပ်များအား ဖျက်ဆီး၊ မီးရှို့ခဲ့ဖူးသော ဖြစ်စဉ်များတွင် သမိုင်းတစ်လျှောက် အကြီးမားဆုံးဖြစ်စဉ်မှာ တရုတ်မဟာတံတိုင်းကြီး၏ ပထမဆုံး ဖန်တီးရှင် ဧကရာဇ် "ရှီဝမ်တီ" လက်ထက်က ဖြစ်ပွားခဲ့သည်။ ရှီဝမ်တီက ဘီစီ ၂၅၉ ခန့်တွင် တရုတ်စာပေ၊ တရုတ်သမိုင်း၊ တရုတ်အတွေးအခေါ်ကျမ်းအားလုံးကို မီးရှို့ခဲ့ခြင်း ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ထိုသို့ကမ္ဘာ့သမိုင်းတွင် စာတင်ရအောင် စာအုပ်၊ စာပေများ မီးရှို့ဖျက်ဆီးခဲ့ခြင်းမျိုး မရှိခဲ့ပါ။ သို့သော် စာအုပ်၊ စာပေ ဖန်တီးရေးသားထုတ်ဝေခြင်းကိုမူ အစိုးရအဆက်ဆက်က နှစ် ၅၀ နီးပါး စိစစ်၊ ဖြတ်တောက်ထိန်းချုပ်ထားခဲ့ဖူးသည်။ မြန်မာနိုင်ငံတွင်မူ ဗိုလ်ချုပ်နေဝင်း၏ တော်လှန်ရေးကောင်စီ လက်ထက်မှစ၍ ဆယ်စုနှစ်ငါးခုကြာ သတင်းမီဒီယာနှင့် စာပေလွတ်လပ်ခွင့်ကို တင်းတင်းကျပ်ကျပ် ထိန်းချုပ်ထားမှုမှာ ၂၀၁၂ ဩဂုတ်လ ၂၀ ရက်တွင်မှ နိဂုံးချုပ်ခဲ့သည်။

လောကသစ်စာပေထုတ်ဝေသူ ဦးဝင်းတင်မှာ စာအုပ်တစ်အုပ်ထုတ်ဝေနိုင်ရန် ၁၅ နှစ်ကြာ စောင့်ဆိုင်းခဲ့ရသည်။ ဆရာကျော်အောင်က ၁၉၉၇ မေလတွင် ဘာသာပြန်ပြီးခဲ့သော အဆိုပါစာမူကို စာပေစိစစ်ရေးက အကြိမ်ကြိမ်ပယ်ချ၍ စာပေစိစစ်နှင့် မှတ်ပုံတင်ဌာန မရှိတော့သည့် ၂၀၁၂ အောက်တိုဘာတွင်မှ လောကသစ်စာပေက တရားဝင် ပုံနှိပ်ထုတ်ဝေခွင့်ရ၏။

"အံ့ဩဖို့ကောင်းတယ်။ တရုတ်နိုင်ငံ အကြောင်းစာရေးဆရာက ရေးထားတာ။ ကိုယ့်နိုင်ငံအကြောင်း ပါတာလည်း မဟုတ်ဘူး။ ဒါကို ဘာကြောင့် ခွင့်မပြုတာလဲဆိုတာ အရင်တုန်းကတော့ နားမလည်ခဲ့ဘူး။ နောက်မှ သိတာ တရုတ်အကြောင်းမကောင်းရေးရင်လည်း သူတို့က ခွင့်မပြုဘူး" ဟု ဦးဝင်းတင်က သူ၏အတွေ့အကြုံကို ပြောသည်။ တရုတ် စာရေးဆရာမ ယန်ချန်း (Jung Chang) ရေးသားခဲ့၍ ဆရာကျော်အောင် ဘာသာပြန်သော ငန်းရိုင်းများ (Wild Swans) စာအုပ်ဖြစ်ပါသည်။ တရုတ်နိုင်ငံ မိသားစုတစ်ခု၏ မျိုးဆက်သုံးဆက် ဘဝ ဖြတ်သန်းမှုများကို တရုတ်ကွန်မြူနစ်နှင့် ကူမင်တန်တို့၏ တိုက်ပွဲများ၊ မော်စီတုန်းကာလ မဟာခုန်ပျံကျော်လွှားရေး၊ ယဉ်ကျေးမှုတော်လှန်ရေးကာလများ စသောတရုတ်နိုင်ငံ၏ နိုင်ငံရေးနောက်ခံသမိုင်းတို့ဖြင့် စာရေးဆရာမ ယန်ချန်းက ရေးသားခြယ်မှုန်းထားသော နာမည်ကြီး စာအုပ်ဖြစ်သည်။

ထုတ်ဝေခွင့်ရအောင် ၁၅ နှစ်ကျော်စောင့်ဆိုင်းခဲ့ရသော ငန်းရိုင်းများ စာအုပ်ဈေးကွက်သို့ ရောက်လာရာတွင် စာပေချစ်မြတ်နိုးသူများ၏ အားပေးမှုရနေလေသည်။

"ဒီစာအုပ် ရောင်းကောင်းတာ မအံ့ဩဘူး။ ဒီစာအုပ်က စာအုပ်ကောင်းပဲ။ ထွက်လာရင်ရောင်းရမယ်ဆိုတာသိတယ်" စာအုပ်ထူ၍ တစ်အုပ်လျှင် ၅,၀၀၀ ကျပ်ဖြင့် ရောင်းသော်လည်း စာဖတ်သမားများ၏ အားပေးမှုကြောင့် ယခုလပိုင်းအတွင်း ရောင်းအကောင်းဆုံး စာရင်းဝင်ဖြစ်နေသည့်အပေါ် ဦးဝင်းတင်၏ မှတ်ချက်ပေးသည်။

တရားဝင် စာအုပ်အဖြစ် ထုတ်ဝေခွင့်မရခဲ့၍ မှောင်ခိုစာအုပ်ဈေးကွက်တွင်သာရှိခဲ့သော ဦးနု၏ 'တာတေစနေသား' စာအုပ်သည် မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် ၂၀၁၂ စက်တင်ဘာလ၌ စာအုပ်ဈေးကွက်သို့ ဝင်ရောက်လာသည်။

ဝန်ကြီးချုပ်ဟောင်းဦးနုက ၁၉၇၄ တွင် ရေးသားပြီးစီးခဲ့သော အဆိုပါလက်ရာကို မှောင်ခိုဈေးကွက်မှ ဝယ်ယူဖတ်ရှုပြီး နှစ်သက်လွန်း၍ ငါတို့စာပေတိုက်၏ ထုတ်ဝေသူ ကိုစန်းမွန်အောင်က တရားဝင် ထုတ်ဝေခွင့်ရအောင် ကြိုးပမ်းခဲ့ခြင်းဖြစ်သည်။ ဦးနု၏ သမီး ဒေါ်စန်းစန်းနုနှင့် ဆက်သွယ်၍ ထုတ်ဝေခွင့်ပြုရန် ခွင့်တောင်းပြီးနောက် စာပေစိစစ်သို့ သုံးနှစ်အတွင်း အကြိမ်ကြိမ်တင်ပြခဲ့သော် ထုတ်ဝေခွင့်မရခဲ့ပါ။ ထို့ကြောင့် စာပေစိစစ်မှုမရှိသောအခါတွင်မှ အနှစ်နှစ် အလလက သူ၏ဆန္ဒ အကောင်အထည်ဖော်နိုင်ခဲ့ခြင်း ဖြစ်၏။

"ပထမဆုံးနှစ်ရက်နဲ့တင် အုပ်တစ်ထောင်ကုန်သွားတယ်" ဟုကိုစန်းမွန်အောင်က ပြောသည်။ လွန်ခဲ့သည့် နှစ် ၄၀ ခန့်က ဦးနု၏ လက်ရာမှာ တစ်အုပ် ၈,၅၀၀ ကျပ်ဖြစ်သော်လည်း စာအုပ်ချစ်သူများ၏ အားပေးမှုကြောင့် ယခုအခါ အုပ်ရေ သုံးထောင်ဝန်းကျင် ရောင်းကုန်သွားသည်။ စာအုပ်ဈေးကွက်တွင် အုပ်ရေတစ်ထောင် ရောင်းကုန်လျှင် ထိုစာအုပ်မှာ ရောင်းကောင်းသည် ဆိုနိုင်သည်။

"ဒီစာအုပ်ကို လူများများ ဖတ်စေချင်လို့ ဈေးလျှော့ရသလောက် လျှော့ရောင်းဖို့စီစဉ်ထားတယ်" ကိုစန်းမွန်အောင်က မျှော်လင့်ထားသည့်ထက် စာဖတ်ပရိသတ်၏ အားပေးမှုပိုမိုရခဲ့သောကြောင့် စာအုပ်ဈေးလျှော့၍ လူများများဖတ်နိုင်ရန် စီစဉ်ထားသည်ဟုလည်းဆိုသည်။

လွန်ခဲ့သည့် လေးနှစ်ခန့်ကတည်းက ထုတ်ဝေရန် အိပ်မက်မက်ခဲ့သော စာအုပ်တစ်အုပ်ကို ဖြိုးမောက်သာစာပေမှ ကိုဘိုဘိုက အောက်တိုဘာလတွင် အကောင်အထည်ဖော်နိုင်ခဲ့သည်။ ဗိုလ်မှူးချုပ်ဟောင်းကျော်ဇော၏ "ဆိုင်းစုမှသည် မန်ဟိုင်းဆီသို့" စာအုပ်ဖြစ်၏။

စာ( ၂၉)သို့



ဦးနု၏ တာတေစနေသားဝတ္ထုကို မြည်းစမ်းနေသော စာဖတ်သူတစ်ဦး

ဓာတ်ပုံ-ထက်ပိုင်ဖြိုး (ဇဝန)



7 DAY NEWS JOURNAL
Vol.11, No.42 • DECEMBER 27 , 2012



စာ(၂၈)မှ

ရဲဘော်သုံးကျိပ်ဝင်ဟောင်း လွတ်လပ်ရေးရပြီးစ ပြည်တွင်းစစ်ဖြစ်ပွားစဉ် ရန်ကုန်မြို့ကြီးမကျဆုံးစေရန် အင်းစိန်တိုက်ပွဲကိုဦးဆောင်ပြန်လည်တိုက်ခိုက်ခဲ့သူ၊တရုတ်ဖြူကူမင်တန်များ၏ ကျူးကျော်မှုများကိုဦးဆောင်တိုက်ထုတ်ခဲ့သူ၊ပြည်တွင်း ငြိမ်းချမ်းရေးအတွက် ရှေ့တန်းမှ ပါဝင်ခဲ့သူ၊ လွတ်လပ်ရေးမော်ကွန်းဝင် နိုင်ငံ့ဂုဏ်ရည် တံဆိပ်များ အပ်နှင်းစဉ် လျှောက်လွှာမတင်ခဲ့သူ၊ ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီခေါင်းဆောင်တစ်ဦးဖြစ်သူ၊ ရွှေတိဂုံစေတီတော်ကြီးကို ဖူးမြော်ချင်ပါလျက် အိမ်လွမ်းစိတ်ဖြင့် ရေခြားမြေခြားတွင် ၂၀၁၂ အောက်တိုဘာ ၁၀ ရက်က ကွယ်လွန်ခဲ့သော ဗိုလ်မှူးချုပ်ဟောင်းကျော်ဇော၏ လွန်ခဲ့သည့် ငါးနှစ်ကျော်မှ လက်ရာကို မြန်မာနိုင်ငံပြင်ပတွင် ရှုဝံစာပေကထုတ်ဝေခဲ့ဖူးသည်။

ကိုဘိုဘိုက ဗိုလ်မှူးချုပ်ဟောင်းကျော်ဇော၏ သားကြီးဖြစ်သူ ဦးအောင်ကျော်ဇောနှင့်တိုင်ပင်၍ တရားဝင်ထုတ်ဝေခဲ့ခြင်းဖြစ်သည်။

"အဲဒီလောက်တော့ မမျှော်လင့်ဘူး" ဟု ကိုဘိုဘိုက ဆိုင်းစုမှသည် မန်ဟိုင်းဆီသို့ စာအုပ်ကိုစာဖတ်ပရိသတ်၏ အားပေးမှုနှင့် ပတ်သက်၍ မှတ်ချက်ပေးသည်။ ၎င်းတို့က စာအုပ်ရောင်းရာမှ ရရှိသော အမြတ်ငွေများကိုနာရေးကူညီမှုအသင်းပရဟိတလုပ်ငန်းများသို့ လှူဒါန်းခဲ့ကြသည်။

စာအုပ်တန်ဖိုး ၇,၅၀၀ ကျပ် သတ်မှတ်ထားသော်လည်း ဈေးကွက်သို့စတင်ဖြန့်ချိပြီး ရက်သတ္တပတ်နှစ်ပတ်ကျော်အတွင်း အုပ်ရေ ၂,၀၀၀ ကျော်ရောင်းကုန်၍ အုပ် ၅၀၀ ထပ်ရိုက်ခဲ့ရသည်။

ထူးခြားမှုမှာ ထုတ်ဝေထားသော စာအုပ်များ ရောင်းကုန်နေချိန်တွင် အကွက်မြင်သူအချို့က ပထမအကြိမ်ထုတ်ဝေစဉ်အခါက ရှိခဲ့သောမှောင်ခိုဈေးကွက်မှစာအုပ်ကို မိတ္တူကူး၍ ရောင်းသည်ကိုပင် ပရိသတ်များက အားပေးခဲ့သည်။ ဆိုင်းစုမှသည်မန်ဟိုင်းဆီသို့ စာအုပ်နည်းတူ တာတေစနေသားမှာလည်း အလားတူဖြစ်ရပ်ကြုံခဲ့သည်။

"နိုင်ငံရေးကို အရင်ကလည်း လူတွေစိတ်ဝင်စားပါတယ်။ ဒါပေမဲ့ အရင်က ဖတ်စရာမှ မရှိတာ။ အရင်က အလိမ်အညာတွေ၊ ဖြတ်တောက်ထားတဲ့စာတွေ၊ ဝါဒဖြန့်တဲ့ နိုင်ငံရေးစာအုပ်တွေကိုပဲ ဖတ်ကြရတာကိုး" ကိုစန်းမွန်အောင်က စာပေစိစစ်ဖြတ်တောက်မှုများ အလွန် ယခင်က မြန်မာနိုင်ငံတွင် ထုတ်ဝေခွင့်မရခဲ့သော စာအုပ်များကို စာဖတ်ပရိသတ်များ၏ စိတ်ဝင်စားမှုများသည့်အပေါ် သူ၏ အမြင်ကို ပြောသည်။

"လူတွေက ကိုယ်မသိတဲ့ မြုပ်ကွယ်ခံရတာတွေကို ဖတ်ချင်ကြလို့ ရောင်းကောင်းတယ်လို့မြင်တယ်။ အခုနောက်ပိုင်း နိုင်ငံရေးသမားတွေရေးတဲ့ စာအုပ်တွေ ရောင်းကောင်းတာဆိုရင်လည်း ရေးတဲ့သူတွေရဲ့ စေတနာ ဖြတ်သန်းမှုနဲ့လည်းဆိုင်တယ်" စိတ်ကူးချိုချိုစာပေပိုင်ရှင် ဦးစန်းဦးကလည်း သုံးသပ်သည်။

ယခင် သိခွင့်မရခဲ့သော၊ သမိုင်းကွင်းဆက် ပြန်ဆက်နိုင်ရန် အထက်ပါစာအုပ်များနှင့် နိုင်ငံရေးသမားတို့၏ ပင်ကိုရေး စာအုပ်များက အထောက်အကူပြုပါသည်။ သမိုင်းကို အမှန်အတိုင်းသိပြီး သမိုင်းတွင် မှားခဲ့ဖူးသော အမှားမျိုး ထပ်မံမကျူးလွန်ရန် ထိုကဲ့သို့ စာအုပ်များက အထောက်အကူပြုလိမ့်မည်ဟု ဦးအောင်ကျော်ဇောကလည်းပြောသည်။

ပုံနှိပ်ထုတ်ဝေသော စာအားလုံးကို စိစစ်ဖြတ်တောက်မှုမရှိတော့ဘဲ လွတ်လပ်စွာ ထုတ်ဝေခွင့်ရရှိခဲ့ခြင်းက ကျဆင်းနေသော စာအုပ်ထုတ်ဝေရေးလောကကို ပြန်ဦးမော့ရန် များစွာအထောက်အကူဖြစ်ကြောင်း ဦးစန်းဦးက သုံးသပ်သည်။ လူတစ်ဦးချင်းဝင်ငွေကျဆင်းပြီး တိုင်းပြည်စီးပွားရေးမကောင်းမှုက စာအုပ်ထုတ်ဝေရေးလောကကို လွန်ခဲ့သော ငါးနှစ်၊ ခြောက်နှစ်ဝန်းကျင်မှစ၍ အေးစက်စေခဲ့ကြောင်း ၎င်းက ပြောသည်။

သို့သော် လွတ်လပ်စွာ ထုတ်ဝေ၊ ဖန်တီးခွင့် ရလာပြီးနောက် စာအုပ်ဈေးကွက်တွင် အထူးသဖြင့် နိုင်ငံရေးနှင့်ပတ်သက်သော စာအုပ်များ အရေအတွက်များစွာ ထွက်ရှိလာကာ စာချစ်သူများ၏ အထူးအားပေးမှုရနေကြောင်းလည်း အရုဏ်သစ်စာပေပိုင်ရှင် ဒေါ်သီတာဝင်းက သုံးသပ်သည်။ စာအုပ်အရေအတွက်ယခင်ကထက် ပိုမို များပြားစွာ ထွက်ရှိနေသောကြောင့်ရောင်းအားမှာပျံ့နှံ့သွားပြီး စာဖတ်သူများအတွက်မူ ယခင်ကထက် ရွေးချယ်ခွင့်ပိုရလာကြောင်းလည်း ဒေါ်သီတာဝင်းက ပြောကြားသည်။

ယခင် အမျိုးသားခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ပတ်သက်သောစာအုပ်များကိုပင် လွတ်လပ်စွာ ထုတ်ဝေခွင့်မရှိခဲ့ရာမှ ဗိုလ်ချုပ်အောင်ဆန်း၊ ဒေါ်အောင်ဆန်းစုကြည်တို့နှင့် ပတ်သက်သော စာအုပ်များ လွတ်လပ်စွာထုတ်ဝေခွင့်ရခြင်း၊ ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင် ကိုမင်းကိုနိုင်၊ ကိုမြအေးတို့မှစကာ အဆိုပါ မျိုးဆက်နှင့် နိုင်ငံရေးအကျဉ်းသားဟောင်းများ၏ ဖန်တီးမှု အသီးသီး လွတ်လပ်စွာ ပျံသန်းခွင့်ရလာခဲ့သည်။ ဇာဂနာ၏ "ပထမ"၊ ဇော်သက်ထွေး၏ "ကြမ်းတမ်းသော စစ်ပွဲနှင့် နူးညံ့သော နှလုံးသား"၊ မသီတာ (စမ်းချောင်း)၏ "စမ်းချောင်း အင်းစိန် ဟားဗတ်"၊ သခင်ဖေငွေး၏ လွန်ခဲ့သော နှစ် ၅၀ ခန့်က လက်ရာဖြစ်သော "သခင်ဖေငွေး၏ သခင်ဖေငွေး"၊ ဆမားညီညီ၏ "ဝံပုလွေများထံမှလွတ်မြောက်ခြင်း"၊ ဂျော့ချ်အော်ဝဲလ် ဖန်တီး၍ ဝင့်ပြုံးမြင့် ဘာသာပြန်သော "၁၉၈၄" စသည့် နိုင်ငံရေးနှင့် ပတ်သက်သော ဖန်တီးမှုအသစ်နှင့် ယခင်ထုတ်ဝေခွင့်မရသော လက်ရာများ မြိုင်မြိုင်ဆိုင်ဆိုင်ကြီး ထွက်လာနေသည်။

အဆိုပါ စာအုပ်အများစုမှာလည်းပရိသတ်အားပေးမှု ရရှိနေသည်။ ကိုမင်းကိုနိုင်၏ "နောက်ကြည့်မှန်" ဝတ္ထုမှာ ယခုနှစ် ဇူလိုင် ၁၅ ရက်က စတင်ဖြန့်ချိရာ ယနေ့အထိ ငါးလကျော်အတွင်း အုပ်ရေ ၃၀,၀၀၀ ကျော် ရောင်းချခဲ့ရပြီး စာအုပ်ထုတ်ဝေရေး လောကတွင် ရောင်းအကောင်းဆုံးအဖြစ် မှတ်တိုင်စိုက်ထူနိုင်ခဲ့သည်အထိ ပရိသတ်က အားပေးသည်။ နိုင်ငံရေးက ဘာသာရေး၊ ပညာရေးတို့ကိုကျော်၍ စာအုပ်ဈေးကွက်၌ရောင်းအကောင်းဆုံးဘာသာရပ်ဖြစ်လာသည်။

"အခုလောက်ကြီး မြန်မြန်ဆန်ဆန်ကြီး ရလာလိမ့်မယ်လို့ ထင်မထားဘူး။" လောကသစ်စာပေတိုက်မှ ဦးဝင်းတင်က စာပေလွတ်လပ်ခွင့်ရရှိခဲ့ခြင်းအပေါ် အံ့အားသင့်စွာ မှတ်ချက်ပြုသည်။ နှစ် ၂၀ ကျော်ကြာ စာအုပ်ထုတ်ဝေရေးလုပ်ခဲ့သော ဦးဝင်းတင်က စာပေစိစစ်ခေတ်အလွန် စာအုပ်ထုတ်ဝေရေး လုပ်ကိုင်ရသည်မှာ ပိုမိုကောင်းမွန်လာကြောင်း ၎င်းက ဆက်လက်ပြောသည်။

"ဒါက သိပ်အားရကြည်နူးစရာပေါ့။ စာပေလောကအတွက် ကြီးစွာသောတိုးတက်မှုပါ။ ကြီးစွာသောဆုတ်ယုတ်မှုပြီးမှ ကြီးစွာသောတိုးတက်မှု ပြန်လာလို့ ဒါက မူလအနေအထားကို ပြန်ရောက်တာပေါ့"ဟု စာဖတ်ဝါသနာကြီးသူ ဦးသိန်းထွန်းကမှတ်ချက်ပြုသည်။ စာပေစီစစ်တွင် နောက်ဆုံးညွှန်ကြားရေးမှူးအဖြစ် တာဝန်ယူခဲ့သော ဦးမျိုးမြင့်မောင်ကလည်း ဒီမိုကရေစီစနစ်နှင့်အညီ စာပေလွတ်လပ်ခွင့်ရခြင်းအပေါ် ကြိုဆိုဂုဏ်ယူကြောင်းပြောသည်။ စာပေစီစစ်မရှိတော့သော်လည်း ဌာနက ထုတ်ပြန်ထားသော ညွှန်ကြားချက်များနှင့်အညီ ထုတ်ဝေကြစေလိုကြောင်းလည်း၎င်းကအကြံပြုသည်။

လွတ်လပ်စွာ ဖန်တီးထုတ်ဝေခွင့်ရသောကြောင့် စာကောင်း၊ ပေကောင်းများ ပိုမိုထွက်ရှိလာသည်။ ထုတ်ဝေသူများကိုဖိအားပိုမိုနည်းသွားပြီး စာပေစိစစ်သို့ မတင်ရ၍ အချိန်ကုန်လူပန်း မဖြစ်တော့ပါ။ ထို့အပြင်မိမိတို့ အစွမ်းအစရှိသရွေ့ ဆန္ဒရှိသလောက် ဖန်တီးနိုင်ခွင့်စသည်တို့ကို ထုတ်ဝေသူနှင့် စာရေးသူတို့ ခံစားခွင့်ရပြီဖြစ်သည်။

စာ(၃၀)သို့



7 DAY NEWS JOURNAL
Vol.11, No.42 • DECEMBER 27 , 2012

## စာ–၉၊ သီချင်းက မဟောင်းသေးတာလား ခေတ်က မပြောင်းသေးတာလား မှ

လယ်သမားတစ်ယောက်အဖို့တော့ လယ်ကန်သင်းဆုံတွင် ရပ်ကာအဲ့သည့်ရွှေဝါရောင်လယ်ကွင်းကြီးကို ကြည့်ရမြင်ရရုံနှင့်ပင် တစ်မိုးလုံး ရွှံ့ထဲ၊ ရေထဲ နွားနှင့်အတူ ကုန်းရုန်းလာခဲ့ရသည့် အမောတွေကပြေသည်။ ကောက်သင်းရနံ့တွေလှိုင်နေသည့် မြောက်ပြန်လေ ကိုတစ်ဝကြီး ပြင်းပြင်းရှိုက်ရှူလိုက်ရင်းလည်း ဆောင်းသီးနှံအတွက် အစိုဓာတ်မီအောင် အမြန်ထွန်ဖို့ယက်ဖို့ အားယူရသည်။ ငွေပေါ်ချိန်နီးပြီမို့ စိတ်လက်ပေ့ါပါး ပျော်ရွှင်နေတတ်ကြသည်။

ဟိုယခင် မြန်မာ့ဆိုရှယ်လစ်ဆိုသည့် ခေတ်အခါတုန်းကတော့ စပါးပေါ် သည်နှင့် တာဝန်ကျေစပါး၊ တပ်မတော်ရိက္ခာစပါး၊ ဟိုစပါးသည်စပါး၊ ဘာညာစပါးနှင့်ပင် တလင်းထဲစပါးမကျန်တတ်။ တာဝန်ကျေစပါးမချနိုင်သဖြင့် ရဲစခန်းထဲကိုယ့်ထမင်းထုပ်နှင့်ကိုယ် သွားအချုပ်ခံရလိုခံရနှင့် စပါးပေါ် ချိန်မြင်ကွင်းက မလှပခဲ့။ လယ်သမား ဆန်ဝယ်စားခဲ့ရသည့်ခေတ်။

ယခုတော့ တောင်းခဲ့သည့် ဒီမိုကရေစီရနံ့လေး သဲ့သဲ့ရလာသလိုရှိသဖြင့် လယ်ယာထွက်ပစ္စည်းတွေကို လွတ်လပ်စွာ သိုလှောင်ကြိတ်ခွဲ၊ သယ်ယူရောင်းချခွင့်ရှိလာသောကြောင့် အထိုက်အလျောက်တော့ဖြင့် လယ်သမားဘဝထူထူထောင်ထောင်ရှိလာပြီဟု ဆိုရမည်လားမသိ။ သို့သော် သိပ်တော့ဖြင့်လည်း ထူးထူးခြားခြား တိုးတက်လာမှုတွေမရှိလှ။ တိုးတက်လာနိုင်အောင်လည်း နည်းပေးလမ်းပြ ပို့ချသင်ကြား ထောက်ပံ့ကူညီမှုတွေ မမြင်ရသေး။ လုပ်ငန်းသုံး ပစ္စည်းကိရိယာနှင့် နည်းပညာတွေက ဟိုဘက်ရာစုထဲမှာပင် အိပ်မောကျနေဆဲဆိုလျှင်လည်း မှားမည်မဟုတ်။

သို့သော်လယ်သမားဆိုသည်က သူ့လယ်သူ့မြေလေးပေါ် အပိတ်အပင် အတားအဆီး အနှောင့်အယှက်ကင်းကင်း ရာသီဥတုမှန်မှန်ကန်ကန်လေးနှင့် ကိုယ်စိုက်ချင်တာလေးကိုစိုက်ပျိုးနေရလျှင် လူဖြစ်ရကျိုးနပ်လိုက်တာဟု ရောင့်ရဲပျော်ရွှင်နေတတ်သူတွေဖြစ်လေသည်။

သို့သော် သည်နှစ်ထဲတွင်တော့ မြန်မာပြည် မြေလတ်ပိုင်းဒေသ တော်တော်များများမှ လယ်သမားတွေ ဝမ်းမမြောက်နိုင်ကြ။ စပါးတွေ နှံ့ရည်တည်ပြီး အောင်ချိန်ကျခါမှ နောက်မိုးက တဲ့တာလုပ်သွားသည်။ တော်သလင်းလဆန်းကတည်းကပင် မိုးက ပြန်စောင်းတောင်လှည့်မကြည့်ဘဲ ထွက်ခွာသွားခဲ့သည်။ ရာသီမိုးကိုသာ အမှီပြုသည့်အခြေအနေတွင် လယ်သမားတွေ ခြေမကိုင်မိလက်မကိုင်မိ ဖြစ်ကြရသည်။ ရေစီးရေလာရှိသေးသည့် ချောင်းနှင့် အင်းနှင့် နီးသည့် လယ်တချို့ ရေစုပ်စက်ဖြင့် ရေတင်ကာ အသက်ဆက်နိုင်ခဲ့သေးသော်လည်း အများစုကြီးကမူ ဆေးမမီတော့သည့် ကိုယ့်သားသမီးဝေဒနာသည်ကို သည်အတိုင်း လက်ပိုက်ကာ ငုတ်တုတ်ထိုင်ကြည့်နေလိုက်ကြရသလို ရင်ထဲမချိကြ။

တကယ်တော့ ကောက်တစ်ပင် လယ်တစ်ကွက် ဖြစ်လာဖို့ဆိုသည်က လုပ်အား၊ ငွေအားရင်းနှီးမတည်ရမှုတွေက မနည်းလှ။ မျိုးစပါး၊ ထွန်ခယက်ခ၊ ပျိုးနုတ်ခ၊ ကောက်စိုက်ခ၊ ရိတ်သိမ်းခ၊ သယ်ယူခြွေလှေ့ခ စုစုပေါင်းလိုက်သည့်အခါ လယ်တစ်ဧက စရိတ်စုစုပေါင်း ငွေ ခြောက်သောင်း ခုနစ်သောင်းအောက်တွင်မရှိ။ ကိုယ်တိုင်ပါဝင်ရသည့် လုပ်အားခမပါသေး။ ထွန်သမား ထယ်သမား၊ ပျိုးနုတ်ကောက်စိုက်၊ ကောက်ရိတ်လုပ်သားတွေ မနက်အစော ထမင်းကြမ်း ရေနွေးလှလှပပ ဖြစ်အောင် စီမံပို့ပေးရတာမပါသေး။ ကောက်လှိုင်းတိုက် လက်စားလိုက်ကူညီသူ လယ်နီးနား၊ အိမ်နီးနားချင်းတွေကို ညနေ မှောင်တရီကျွေးမွေးပြုစုရတာ မပါသေး။

လယ်ယာ လုပ်ငန်းခွင်၏ နောက်ဆုံးအဆင့် စပါးလှေ့စပါးယပ်ကာ တလင်းထဲ စပါးပုံမြင်ရပြီဆိုသည့်အခါ စပါးယပ်အလုပ်ကူသူတွေနှင့် အိမ်နီးချင်းတွေကို ကျတော့ ငါးပေါ်ပေါ်နှင့် ချက်သည့် မြန်မာ့ရိုးရာမုန့်ဟင်းခါး။ ဒါကလည်း အစဉ်အလာလယ်သမား ထုံးဓလေ့ပေမို့ ကျွေးရမွေးရ အကုန်အကျများလှဟု မစဉ်းစားကြ။ ဤသည်ပင် ဒါနတစ်ခုဖြစ်လေသည်။

သို့သော် လယ်တွေကိုဖြင့် မြေဆီဝအောင် မကျွေးနိုင်ကြတော့။ သုံးမျိုးစပ်ဓာတ်မြေဩဇာတစ်အိတ်က ငွေနှစ်သောင်းခွဲဖြစ်နေပြီ။ တစ်ဧကကိုဓာတ်မြေဩဇာကျွေးမည်ဆို တစ်အိတ်။ ထိုတစ်အိတ်တန်ဖိုးကိုပါ ထည့်တွက်လျှင် လယ်တစ်ဧက ကုန်ကျစရိတ်က ငွေတစ်သိန်းနား ကပ်သွားပြီ။ စပါးထွက်နှုန်းက အကောင်းအဆိုးပျမ်းမျှတစ်ဧက တင်း ၄၀ မျှသာ ရှိသည်ဆိုသည့်အခါ တွက်ခြေမကိုက်တော့။ သည်တော့လည်း ငါ့လယ်အနေတော် ဇယော်ဇယရှိတော်ရောပေ့ါဖြင့် ဓာတ်မြေဩဇာမကျွေးနိုင်ကြတော့။ သဘာဝမြေဩဇာနွားချေးက လှည်းတစ်စီးငွေလေးထောင်။ နွားကောင်ရေကပေါပေါကိုင်နိုင်သည်မဟုတ်သဖြင့် လယ်မြေအနှံ့နွားချေးဝယ်ချဖို့ကလည်း မလွယ်။

စပါးပေါ် ချိန်ဆို ကုန်သည်ပွဲစားတွဝယ်သည့်ဈေးက စပါးတင်းတစ်ရာကို ငွေသုံးသိန်းပဲပေးကြ၏။ နှောင်းပိုင်းအထိ ထားနိုင်မည်ဆိုလျှင်တော့ သုံးသိန်းခွဲ သာသာရတတ်သည်။ များသောအားဖြင့် လယ်သမားတွေကတော့ ထိုအချိန်အထိ စောင့်နိုင်အားမရှိကြ။ စပါးပေါ် ချိန်ပေါက်ဈေးနှင့်ပင် ရောင်းကြရသည်။ သည်တော့ တစ်ဧကထွက်သည့် စပါးတင်း ၄၀ က ငွေတစ်သိန်းနှစ်သောင်း။ ထိုရငွေထဲမှ ဓာတ်မြေဩဇာဖိုးမပါ။ စရိတ်စက လုပ်အားခ တိုလီမိုလီကို ပြန်နုတ်သည့်အခါ ထွန်ပြင်ထယ်ပြင်နှင့် တန်ခူးကဆုန်မှ အစပြုလုပ်ငန်းခွင်ဝင်ခဲ့သည့် လယ်သမားတစ်ယောက် အတွက် နတ်တော်၊ ပြာသိုစပါးပေါ် ချိန်အရောက်တွင် လုပ်ခဲ့ရသည့် လယ်တစ်ဧကမှ ငွေငါးသောင်းမျှလောက်သာ အဖတ်တင်လေတော့သည်။

သည်နှုန်းဖြင့် တွက်သည့်အခါ လယ်လေးဆယ်စိုက်(ဆယ်ဧက) ပိုင်သည့် လယ်ပိုင်တစ်ယောက်အဖို့ စပါးတစ်ရာသီ၏ ဝင်ငွေက ငွေငါးသိန်းမျှသာရှိလေ၏။

သို့တိုင်လည်း အနောက်တောင်ဆီမှ မိုးလေးညို့ တိမ်ရိပ်ဆင်သည့် မိုးဦးကျ လေဦးကျဆို ထွန်ထယ်ပြင်ရင်း လယ်သမားတို့ ပျော်ကြသည်ပဲ။

သို့သော် သည်နှစ်လို မိုးမမှန်လေမမှန် ရာသီဥတုဖောက်ပြန်ပြီဆိုလျှင်တော့ လယ်သမားတို့ စိတ်မချမ်းသာကြတော့။ စားစရာမရှိကာမှနေ၊ လျော်စရာတော့ရှိရမည်ဆိုသည့် မြန်မာစကားက ရှိသေးသည်။ ဘဏ်ကြွေးက မဆပ်ဘဲနေလို့မရ။ ဆပ်ရလေဦးမည်။ သူ့ငွေယူထားမိသည်ပဲ။ ပြီး လယ်သမားဘဝ ဆိုသည်က ဘယ်လောက်ပင် ခေတ်တွေပြောင်းခဲ့ဆိုဦး၊ နောက်တွင်သာကျန်နေခဲ့မြဲ ရှိသေးသည်မို့ ရုံးပြင်ကနားနှင့် ရင်ဆိုင်ရမည့်ကိစ္စတွေဆို ကြောက်တတ်ကြသည်။ သည်တော့ အစိုးရထံမှ ချေးထားသည့် ဘဏ်ငွေက ဆပ်ရမည့်အချိန်ဆို ရှိတာမရှိတာ၊ စပါးအောင်တာ မအောင်တာ အပထားမရှိ၊ ရှိတာ ရောင်းချပေါင်နှံကာဆပ်ကြရသည်။

မနှစ်ကလည်း မိုးလယ်နှင့်မိုးနှောင်း မိုးအလွန်ကောင်းသဖြင့် လယ်တွေရေနစ်ကုန်ကြသည်။ လယ်သိမ်းချိန် တိုင်အောင်ပင် ကန်သင်းတွေပေါ် ရေတွေလျှံနေတုန်း။ လုပ်ရကိုင်ရအတော်ပင် ကသီခဲ့ကြရသည့်အပြင် ရေနစ်စပါးတွေက ထွက်နှုန်းမကောင်းခဲ့။ ထွက်နှုန်းတွေ မကောင်းလေမှ စပါးဈေးကလည်း မကောင်း။ သည်တုန်းကလည်း စားစရာမရှိနေစေ လျော်စရာဖြင့်ရှိရပေမပေ့ါ နှင့်ပင် ဘဏ်ကြွေးဆပ်ဖို့ နွားပေါင်ဖဲ့၍ ရောင်းခဲ့ကြရသေးသည်။

“နွားပေါင်ဖဲ့” ဆိုသည်က နွားနှစ်ကောင်ရှိသည့် အထဲမှ တစ်ကောင်ဖဲ့ရောင်းရခြင်းကို ဆိုသည်။ သည်ခေတ်ထဲ နွားပေါင်ဖဲ့ရပြီဆိုလျှင်တော့လယ်သမားတစ်ယောက်အဖို့ လိုက်လို့မမီနိုင်တော့။ အောက်ထစ် ခိုင်းနွားတစ်ကောင်က သုံးသိန်းရှိသည်။ ထမ်းပိုးကောင်း အသားပြည့် နွားလှနွားချောချောဆို ငါးသိန်းအောက်မဆင်း။ ကိုယ်နှင့်အတူ မိုးထဲရေထဲမှ ဖက်ရုန်းလာခဲ့ကြရသည့် သည်ကောင်ကြီးတွေကို မရောင်းချင်ကြပေမင့် အစိုးရနှင့် ပတ်သက်သည့် ဘဏ်ကြွေးရုံးပြင်ကနားကိစ္စဆိုတော့ မနေရဲကြ။ ရှိတာလေးဖြင့် ရောင်းကြရမည်ပ။

သည်နှစ်လည်း သည်နှယ်ပင် ရင်ဆိုင်လာကြရပြန်သည်။ မိုးခေါင်သဖြင့် စပါးတွေ မအောင်ကြ။ အတော်များများမှာ တံစဉ်ပင်လွတ်ကြသည်။ တစ်ပင်မျှမရိတ်လိုက်ကြရ။ သို့သော်လည်း ယူထားမိခဲ့ကြသည့် ဘဏ်ကြွေးကတော့ ဆပ်ကြရလိမ့်မည်။ သည်နှစ် နွားပေါင်ထပ်၍ ဖဲ့ရလျှင် နွားပြုတ်ပေတော့မည်။

သက်ဆိုင်ရာ ကျေးရွာအုပ်စုတာဝန်ရှိသူတွေနှင့် တင်ပြတိုင်ပင်ဆွေးနွေးကြည့်တော့လည်း သည်အကြွေးက ဖေဖော်ဝါရီနောက်ဆုံးထား၍ မဆပ်မနေ ဆပ်ရမည်ဟု ဆိုကြသည်။ ရွှေ့လို့ ဆိုင်းလို့မရ။ ဘာတတ်နိုင်ပါမည်နည်း။ သည်လိုပဲ ကြံ့ကြံ့ဖန်ဖန်ကြရတော့မည်ထင်သည်။ ဘယ်တော့များမှ ရာသီဥတုသက်သက်ကိုသာ မှီခိုနေကြသည့် လယ်သမားဘဝမှ လွတ်ပါမည်လဲတွေးတော့ ဘာကိုမျှ သဲကွဲစွာ မမြင်ကြရသေး။ လယ်သမားတွေ၏ တကယ့်အကျိုးစီးပွားကို တကယ်အစစ်အမှန် ရှေ့ရှုသည့် ခေတ်ကို ဘယ်တော့များမှ ရောက်ကြရပါမည်လဲ တွေးတော့လည်း အနာဂတ်က မှုန်တိမှုန်ဝါးရှိနေဆဲပင်။

ယခုတော့ ဒီမိုကရေစီကြက်ဦးတွန်ကာလသို့ ရောက်လာခဲ့သဖြင့် တောင်သူလယ်သမား အကျိုးစီးပွား ကာကွယ်ရေးအသံတွေ ကျယ်ကျယ်လောင်လောင် ကြားလာရသည်။ နိုင်ငံတော်ဆီကလည်း ဆင်းရဲမွဲတေမှု လျှော့ချရေး အစီအမံ အသံတွေ ကြားလာရသည်။ မြန်မာနိုင်ငံ လူဦးရေ၏ အများဆုံးသော အခြေခံလူတန်းစားမှာ လယ်သမားတွေသာဖြစ်သဖြင့် တောင်သူလယ်သမားလူတန်းစားတို့၏ ဘဝများ တိုးတက်မလာနိုင်သေးသရွေ့ နိုင်ငံတော်သည်လည်း သီးခြားကင်းလွတ်ကာ တိုးတက်လာနိုင်စရာ အကြောင်းကား မမြင်။

ယနေ့ တောင်သူလယ်သမားများ၏ ဘဝအခြေအနေကမူ လွတ်လပ်ရေးမရမီ သူ့ကျွန်ဘဝတုန်းက လယ်သမားများ၏ ဘဝကို ထင်ဟပ်ရေးစပ်ခဲ့သည့် ဆရာရွှေတိုင်ညွန့်၏ “လယ်တောသူ” သီချင်းထဲမှအတိုင်းသာ ရှိနေချေသေးသည်။ ထိုသီချင်းကို ခေတ်ဟောင်းအဆိုတော်ကြီး စိန်ပါတီကကရုဏာရသပါအောင် ပျစ်ပျစ်နှစ်နှစ် သီဆိုသွားခဲ့သည်။

“ဩော် . . ဝမ်းစာရေးပေမို့ ပျော်ရွှင်ကာရယ် . . အေးရှာသေးတယ် ချမ်းရှာသေးတယ် . . အပင်ပန်းခံကာ မိုးရေထဲမှာ . . ပျိုး တွေလည်း ကြဲလို့ အမြဲနေ့စဉ်ဝယ် . . သာယာတဲ့ ရွာနံဘေးမှာ လယ်တောသူတွေတေးဆိုတယ် . . ဆင်းရဲသားပေမို့ နေကုန်အောင်ပင်ပန်းတယ် . . သဘောဖြူစွာ တော်သူအပေါင်း . . ယာပြင်စောင်းဝယ် . . နွားတွေကျောင်းလို့နေရပါလေတယ် . . ”

လွတ်လပ်ရေးမရခင် သူ့ကျွန်ဘဝက လယ်သမားများ၏ ဘဝကို ရေးစပ်သီဆိုခဲ့သည့် သည်သီချင်းသံလေးက လွတ်လပ်ရေးရပြီး၍ ၆၅ နှစ်နီးပါးရှိသည့် ယခုတိုင် ခေတ်မီနေဆဲဖြစ်နေသည်။

သီချင်းက ခေတ်နောက်သို့ အပြေးလိုက်လာခဲ့သည်တော့ မဟုတ်တန်ရာ။ ခေတ်က မရွေ့ဘဲ ရပ်နေတာထင်ပါရဲ့ တွေးမိတော့ စိတ်ထဲမှာဖြင့် အမှန်မချမ်းသာ။

## စာ–၂၉၊ လှောင်အိမ်အတွင်းမှ ဂန္ထဝင်များ လွတ်လပ်စွာပျံသန်းချိန် မှ

အခွင့်အလမ်းနည်းတူ စိန်ခေါ်မှုများလည်း ရှိနေပါသေးသည်။

“ထုတ်ဝေသူတွေက အရင်ထွက်ပြီးသား ပြန်ထုတ်ရတာ ပိုထုတ်ရဲတယ်။ ထွက်ပြီးသားက အကြောင်းတစ်စုံတစ်ရာကြောင့် အမှုရင်ဆိုင်ရစရာမရှိဘူး။ အသစ်တွေမှာတော့ ဥပဒေပိုင်းကို ပိုဂရုစိုက်ရတယ်” ဟု စိတ်ကူးချိုချို ကိုစန်းဦးက ထုတ်ဝေသူများ၏ ပူပန်မှုကို မျှဝေသည်။

၁၉၆၂ ပုံနှိပ်အက်ဥပဒေမှာ တည်ရှိနေသေး၍ အာဏာပိုင်များက အရေးယူလိုလျှင် အချိန်မရွေး အကြောင်းတစ်ခုခုပြ၍ တရားစွဲထောင်ချနိုင်ခြင်း၊ ကာလရှည်တင်းကျပ်စွာ ထိန်းချုပ်ရာမှ ရုတ်တရက် လွတ်လပ်ခွင့်ပေးလိုက်ရာတွင် စာရေးသူ၊ ဘာသာပြန်သူ ခါးဆက်ပြတ်သွား၍ စာရေးဆရာနှင့် ဘာသာပြန်ဆရာကောင်းများ နည်းလွန်းပြီး ထပ်မံမွေးထုတ်ရန်လိုနေခြင်း၊ ဖန်တီးမှုအသစ်များကို မကျေနပ်၍ တရားစွဲဆိုခံရနိုင်ခြင်း၊ ရှုထောင့်ပေါင်းစုံ တင်ပြမှုမယဉ်ပါးသေးသော စာဖတ် ပရိသတ်များ လက်ခံရန် ချိန်ဆနေရခြင်း၊ စီးပွားရေးကျဆင်းမှုကြောင့် စာအုပ်ဝယ်အား ကျဆင်းနေခြင်းစသည်တို့မှာ စာအုပ်ထုတ်ဝေသူများအတွက် စိန်ခေါ်ချက်များဖြစ်သည်။

ပြင်သစ်နိုင်ငံနယ်စည်းမခြားသတင်းထောက်များအဖွဲ့ (RSF) ၏ မြန်မာနိုင်ငံ၏ သတင်းလွတ်လပ်ခွင့်အပေါ် ၂၀၁၁ - ၂၀၁၂ ခုနှစ်အတွက် အဆင့်သတ်မှတ်ချက်မှာ အဆင့် ၁၆၉ ဖြစ်သည်။ ၂၀၁၂ ဇန်နဝါရီ ၂၅ ရက်က ထုတ်ပြန်သော အဆိုပါထုတ်ပြန်ချက်တွင် မြန်မာမှာ ယခင်ထက် တိုးတက်လာသော်လည်း အဆင့် ၁၇၉ ဆင့်တွင် ၁၆၉ ဖြစ်၍ အောက်ဆုံးမှရေလျှင် အဆင့် ၁၁ ဖြစ်၏။

အမေရိကန်နိုင်ငံ ဝါရှင်တန်အခြေစိုက် Freedom House ၏ ကမ္ဘာ့ အဖိနှိပ်ဆုံး နိုင်ငံအဆင့်သတ်မှတ်ရာတွင် နိုင်ငံ၏ စာပေလွတ်လပ်ခွင့်၊ ဘာသာရေးလွတ်လပ်ခွင့်၊ လူ့အခွင့်အရေး၊ တရားဥပဒေစနစ် လွတ်လပ်ခွင့်စသော လူမှုရေးဆိုင်ရာ လွတ်လပ်ခွင့်ရှိ၊ မရှိကို လွှမ်းခြုံတွက်ချက်သော ပြည်သူ့ လွတ်လပ်ခွင့်များ (Civil Liberties) သတ်မှတ်ချက်တွင် ၂၀၁၁၌ယခင်နှစ်များထက်အဆင့်တက်လာပြီး အဆင့် ၇ မှ ၆ ဖြစ်ခဲ့သည်။

နိုင်ငံရေး လွတ်လပ်ခွင့်တွင်မူ ယခင်ကဲ့သို့ အဆိုးဆုံးအဆင့် ၇ ပင် သတ်မှတ်ထားသောကြောင့် ပြည်သူများ၏ လွတ်လပ်ခွင့်နှင့် နိုင်ငံရေးလွတ်လပ်ခွင့်နှစ်ခုပေါင်းသုံးသပ်သောအခါ ကမ္ဘာ့အဖိနှိပ်ဆုံးနိုင်ငံ ၁၆ နိုင်ငံစာရင်းဝင်နေဆဲဖြစ်သည်။

သို့သော် ထိုသတ်မှတ်ချက်နှစ်ခုလုံးမှာ ၂၀၁၂ တွင် သတင်းမီဒီယာနှင့် စာပေအားလုံး လွတ်လပ်ခွင့် ပြုခဲ့သောကြောင့် အဆင့် ကောင်းလာတော့မည်ဖြစ်သည်။

အဆိုးဆုံးအဆင့်မှ လွတ်မြောက်လာသည့်နည်းတူ စာပေလွတ်လပ်ခွင့်ကြောင့် စာကောင်းပေကောင်းများ ပိုထွက်လာတော့မည်ဟု ထုတ်ဝေသူများက ပြောသည်။ “ပြောင်မြောက်တဲ့ စာရေးဆရာ၊ ကာတွန်းပညာရှင်တွေ မရှိလို့မဟုတ်ဘူး၊ အခွင့်မရှိလို့။ အခုတော့ အရင်ကထက်စာရင် စာပေ၊ သီချင်း၊ ကာတွန်းလက်ရာကောင်းတွေ ပေါ်ထွန်းလာတော့မယ်လို့ ယုံကြည်တယ်”ဟု ဦးသိန်းထွန်းက ဆိုသည်။

“စာကောင်းပေကောင်းထွက်လာရေးကို ဂရုမပြုလျှင် စာညံ့ပေညံ့များသာ တောထလာဖွယ်ရှိပါသည်။ စာညံ့ပေညံ့များဖြင့် ကြီးပြင်းရသော လူမျိုးသည် ခပ်ညံ့ညံ့လူမျိုးသာဖြစ်တတ်ပါသည်”ဟု ငန်းရိုင်းစာအုပ်၏ အမှာစာတွင် လောကသစ်စာပေက မြန်မာ့ စာပေလောကအတွက် အရေးကြီးသော မှတ်ချက်စကား ရေးသားထားလေသည်။ ။



(တစ်)

စိတ်နှလုံး ရွှင်မြူးဖွယ်ရာ ဟာသစာပေအမျိုးအစားတစ်ရပ်ကို သရော်စာ(Satire) ဟု အမည်ပေးထားကြရာ လောက၏ ကမောက်ကမနှင့် ချောက်ကျစရာ အဖြစ်အပျက်များကို အခြေခံလျက် သရော်စာပေါင်းများစွာကို ကျွန်တော်ရေးခဲ့ဖူးပါသည်။ တစ်ပုဒ်က အရက်သေစာနှင့် သက်ဆိုင်ပါသည်။

စာဖတ်သူတို့သိထားပြီး ဖြစ်သည့်အတိုင်း ယခု ၄၄ ဦးမြောက် အမေရိကန်သမ္မတက ဘားရက်အိုဘားမား (Barrack Obama) ဖြစ်ပါသည်။ သူ့အရင် ၄၃ ဦး မြောက် သမ္မတကဂျော့ဒဗလျူဘုရှ်(George W Bush) ဖြစ်ပါသည်။

ဂျော့ဒဗလျူဘုရှ်၌ သမီးကလေးနှစ်ယောက်ရှိပါသည်။ တစ်ယောက်က ဘာဘရာ(Barbara)၊ နောက်တစ်ယောက်က ဂျင်နာ(Jenna)။ အမြွှာသမီးကလေးနှစ်ယောက်ပင်ဖြစ်ပါသည်။

တစ်နေ့ သမ္မတဘုရှ်နှင့် သူ၏ဇနီးသည် လော်ရာဘုရှ်တို့ ခရီးသွားကြပါသည်။ ကယ်လီဖိုးနီးယားပြည်နယ်မှ ဝါရှင်တန်သို့ ဖြစ်ပါ၏။

# ဘာဘရာနဲ့ ဂျင်နာတို့ကလည်း ပျော်ပါတယ်ဆိုလား

မောင်သာချို

ထုံးစံအတိုင်း လေယာဉ်ကတော့ Air Force One။ ထိုအချိန်တွင် တက္ကဆက်ပြည်နယ်ကနေ၍ သမ္မတထံသို့ တိုင်ကြားမှုတစ်ခု ရောက်ရှိ၍ လာခဲ့ရာ သမ္မတဇနီးမောင်နှံတို့ ထိုလေယာဉ်ဖြင့်ပင် တက္ကဆက်သို့ ခရီးနှင်ကြရပြန်ပါသည်။ အမှုက သမီးနှစ်ယောက်၏ အမှု။

ထိုနေ့ကား ၂၀၀၁ ခုနှစ် မေ ၂၉ ရက်ဖြစ်ပါသည်။ တက္ကဆက်ပြည်နယ် အော်စတင်(Austin) အရပ်၌ Chuy's ဟု အမည်ရသည့် စားသောက်ဆိုင်ကလေးတစ်ဆိုင် ရှိပါသည်။ ထိုဆိုင်သို့ သမ္မတ၏ သမီးနှစ်ယောက်ဖြစ်သော ဂျင်နာ (Jenna)နှင့် ဘာဘရာ(Barbara) တို့ရောက်ရှိလာကြကာ ဂျင်နာက အရက်ဝယ်ပါသည်။ သူများတကာ မှတ်ပုံတင်တစ်ခုကို ငှားလာကာ ယင်းကိုပြ၍ အရက်ဝယ်ယူရန် ကြိုးစားခြင်း ဖြစ်ပါသည်။ ယင်းကို စားသောက်ဆိုင်က မကျေနပ်၍ ရဲကိုတိုင်ရာက ရဲပါ ရောက်လာပြီး ပြဿနာဖြစ်ကာ သမ္မတကို လှမ်းခေါ်ခြင်း ဖြစ်ပါသည်။

တက္ကဆက်ပြည်နယ်၏ ဥပဒေက အသက် ၂၁ နှစ်အောက်လူငယ်များ အရက်၊ ဘီယာ သောက်သုံးခွင့် မရှိပါ။ ထို့ထက် ပိုမို၍ တိတိကျကျ ပြောရလျှင် သောက်သုံးဖို့ အသာထား ဝင်ဝယ်၍ပင် မရပါ။ သူတစ်ပါးကပဲ ဝယ်ခိုင်း၊ ကိုယ့်ဘာသာကိုယ်ပဲ ဝယ်ဝယ် မည်သို့မှ ဝယ်၍ မရပါ။ ထို့ကြောင့် ဂျင်နာနှင့် ဘာဘရာတို့က သူတစ်ပါး မှတ်ပုံတင်ကို ခဏငှားလာကာ အသက်ပြည့်သူအသွင်နှင့် အရက်ဝင်ဝယ်ခြင်း ဖြစ်ပါသည်။ အဖေနှင့် အမေတို့ အိမ်တွင် မရှိခိုက် သောက်မည်စားမည် ပျော်မည် ပါးမည်ဟု ဆိုပါတော့။

သို့သော် ထင်တိုင်း မပေါက်ဘဲ ပြဿနာတက်ပါသည်။ ဥပဒေကို တိကျစွာ လေးစားလိုက်နာသော အရပ်မို့ သမ္မတ၏ သမီးဘာညာ နားမလည်ဘဲ တိတိကျကျ ကိုင်တွယ်လာရာက အမှုပွေခဲ့ခြင်း ဖြစ်ပါသည်။ တက္ကဆက်ပြည်နယ်၌ အသက်မပြည့်ဘဲ အရက်၊ ဘီယာဝင်ဝယ်သော် ဝယ်သူဒေါ်လာ ၅၀၀ ဒဏ်ဆောင်စေ။ ရောင်းချသူက ရက်ပေါင်း ၆၀ ဆိုင်ပိတ်စေ။ ယင်းကား နောက်တစ်ကြိမ် ထိုပြစ်မှုမျိုး ထပ်မံကျူးလွန်သည်ရှိသော် အသင့်စောင့်ဆိုင်း၍ နေသည်က ပိုမိုပြင်းထန်သည့် ဒဏ်ငွေများ အရေးယူမှုများ။

ကျွန်တော့်က AFP, AP, BBC တို့က ထုတ်ပြန်သည့် ထိုသတင်းကလေးကို အခြေခံကာ သရော်စာရေးခဲ့ခြင်း ဖြစ်ပါသည်။ အမေရိကန်သမ္မတ၏ သမီးနှစ်ယောက်တို့ကျွန်တော်တို့ဆီ ရောက်လာကြပုံ၊ တင်းကျပ်သည့် အဖျော်ယမကာ ဥပဒေအရ အမေရိကန်၌ သူတို့မပျော်ပိုက်တော့ပုံ၊ ကျွန်တော်တို့ အရပ်၌ ပျော်မဆုံး မော်မဆုံး ဖြစ်သွားကြပုံ၊ သည်မှာပဲ အခြေချတော့မည်ဟု ဆုံးဖြတ်ကြပုံ စသည် စသည်တို့ကို ရေးဖြစ်ခဲ့ခြင်း ဖြစ်ပါသည်။

တကယ့်ကိုလည်း ကျွန်တော်တို့ဆီက အဖျော်ယမကာ လောကကြီးက လွတ်လပ်လွန်းလှပါသည်။

> ဥပဒေကို တိကျစွာလေးစားလိုက်နာသော အရပ်မို့ သမ္မတ၏ သမီးဘာညာ နားမလည်ဘဲ တိတိကျကျ ကိုင်တွယ်လာရာက အမှုပွေခဲ့ခြင်း ဖြစ်ပါသည်။ တက္ကဆက်ပြည်နယ်၌ အသက်မပြည့်ဘဲ အရက်၊ ဘီယာဝင်ဝယ်သော် ဝယ်သူ ဒေါ်လာ ၅၀၀ ဒဏ်ဆောင်စေ။ ရောင်းချသူက ရက်ပေါင်း ၆၀ ဆိုင်ပိတ်စေ။ ယင်းကား နောက်တစ်ကြိမ် ထိုပြစ်မှုမျိုး ထပ်မံကျူးလွန်သည်ရှိသော် အသင့်စောင့်ဆိုင်း၍ နေသည်က ပိုမိုပြင်းထန်သည့် ဒဏ်ငွေများ အရေးယူမှုများ။

(နှစ်)

ယခုခေတ်၌ စားသောက်ဆိုင်နှင့် အဖျော်ယမကာ လုပ်ငန်းများ ထွန်းကား၍ လာခဲ့ရာ ဘီယာဆိုင်တို့ အရက်ဆိုင်တို့ ဆိုသည်မှာ နေရာတိုင်း၌ ရှောင်၍ မလွတ်လောက်အောင်ကို ဖြစ်လာကြပါသည်။ ယင်းသည် ဆန်းကြယ်လှသည့် ကိစ္စတော့ မဟုတ်ပါ။ ကမ္ဘာ့နေရာ တော်တော်များများ၌လည်း သည်လိုပဲ ရှိတတ်ကြမြဲ ဖြစ်ပါသည်။

သို့သော် ကျွန်တော်တို့က ဝယ်ယူသောက်သုံးနိုင်သည့် အသက်အရွယ် အပိုင်းအခြားကို တိတိကျကျ ပိုင်းဖြတ်သတ်မှတ်၍ မထား၊ ပိုင်းဖြတ်သတ်မှတ်ထားသည့်အတိုင်း အရေးယူမှုကလည်း မရှိသည့် အရပ်ဒေသဖြစ်၍ နေပေရာ အဖျော်ယမကာနှင့် ဘီယာမုန်တိုင်းကြီးများကြား၌ နုသစ်ပျိုမျစ်သည့် မျက်နှာပေါင်းများစွာကို တွေ့နေကြရပြီ ဖြစ်ပါသည်။ အထူးသဖြင့် မိန်းမပျို ငယ်ငယ်ကလေးများကပင်လျှင် ခွက်ကိုကိုင်မြှောက်ကာ ချီးယား(Chcer)ဟု ပိုင်ပိုင်နိုင်နိုင် ကောင်းချီးပေးလိုက်ပုံများကို မမြင်ချင်အဆုံး တွေ့စပြုလာရပါသည်။

နှပ်ချေးတွဲလောင်းနှင့် ရွှေပန်းကလေး တန်းလန်းနှင့် စကားမပီတပီ ကလေးငယ် ကလေးက "ဖေကြီးက အရက်တစ်ပိုင်း ပေးလိုက်ပါတဲ့" ဟု လာဝယ်သည်ကိုပင် "လိမ္မာလိုက်တဲ့ကလေးဟု" ဆိုကာ ရောင်းချပေးနေသည့် အရပ်ဒေသပဲ မဟုတ်လား။

(သုံး)

ချောက်မြို့နေ ဆရာဝန်စာရေးဆရာ တစ်ယောက်က အင်္ဂလန်ရောက် သူ့အတွေ့အကြုံများကို အလျဉ်းသင့်ရာ စကားဝိုင်းကလေးတစ်ခု၌ ရင်ဖွင့်ခဲ့ဖူးပါသည်။

ထိုဆရာဝန်၏ သမီးကလည်း ဆရာဝန်ပဲဖြစ်ကာ လန်ဒန်မြို့တော်၌ သွားရောက်နေထိုင် အလုပ်လုပ်ကိုင်နေသူ ဖြစ်ပါသည်။ တစ်ခါမှာတော့ ဆရာဝန်စာရေးဆရာ လန်ဒန်သို့ ရောက်သွားပါသည်။ မြေးကို ထိန်းဖို့။

သို့ဖြင့် တစ်နေ့ သမီးဖြစ်သူက ဖခင်နှင့်အတူ ဈေးတစ်ခုထဲသို့ ဝင်ပါသည်။ ဝီစကီအကောင်းစားတစ်ပုလင်းကို ဝယ်ပါသည်။ ဆိုင်ရှင်က ဝီစကီပုလင်းဖိုးကို မည်သူပေးမှာလည်း မေးပါသည်။ ဆရာဝန်စာရေးဆရာက သမီးကို ညွှန်ကာ သူပေးမည်ဖြစ်ကြောင်း ဖြစ်ပါသည်။ သမီးဆရာဝန်က မျက်နှာနုနုကလေးဖြစ်ကာ အရက်ဝယ်နိုင်သည့် အသက်သို့ မရောက်သေးဟု သံသယအနည်းငယ်ဝင်ပုံဖြင့် ဆိုင်ရှင်က ထိုဆရာဝန်မကလေး၏ မှတ်ပုံတင်ကတ်ကို တောင်းပါသည်။

"ပြောရရင် ဆရာရယ် အရွယ်မရောက်သေးသူ တစ်ယောက်အတွက် အရက်သောက်ဖို့ အလွန်ခက်ပါတယ်။ ဝယ်ဖို့တောင် ဒီလောက်ခက်ခဲနေတာ ဆရာရယ်။ အခုကြည့်လေ သမီးက ကျွန်တော့်ကို ဝယ်ပေးတာ။ အဲဒါပိုက်ဆံရှင်းမယ့် သမီးကိုအသက်ငယ်တယ်ထင်လို့ မှတ်ပုံတင်ကတ်တောင်းနေတာ"

လုံခြုံလိုက်တာနော်ဟု ကျွန်တော်အသံတိတ် ညည်းညူမိပါသည်။ သည်လို ဥပဒေတွေနဲ့များ တင်းတင်းကျပ်ကျပ် ပြဋ္ဌာန်းကိုင်တွယ်နိုင်ခဲ့လျှင် ကျွန်တော်တို့တွေ ဘယ်လောက်များ နောက်ကျောလုံကြရလေမလဲ။ ကိုယ့်နောက်ကွယ်မှာပင်လျှင် ကိုယ့်သား၊ ကိုယ့်သမီး၊ ကိုယ့်တူ၊ ကိုယ်တူမ၊ ဘယ်လိုနည်းနဲ့မှ သောက်လို့စားလို့ မရအောင် ဥပဒေ စည်းကမ်းတွေက ခိုင်မာနေမှတော့ ကိုယ့်နောက်ကွယ်တစ်နေရာရာကိုလည်း ကိုယ်စိတ်ချဖို့ ရဲပေမပေ့ါ။

ဟော. . ညနေခင်းက မှုန်မှုန်မွှားမွှား ဖြစ်စပြု၍ သွားပြန်ပါပြီ။ လမ်းမီးတချို့ လင်းစပြုပြီ။ အကင်ဆရာက အသားချောင်းတွေကို ရဲနေသည့် မီးပေါ်က သံဆန်ခါပေါ်မှာ လှိမ့်၍နေသည်။ မြေပဲပြုတ်၊ လက်ဖက်သုတ်၊ တညင်းသီးပြုတ်ရောင်းသူ ကလေးတစ်ယောက်စ၊ နှစ်ယောက်စက ဆိုင်ထဲမှာ ဝင်ချည်၊ ထွက်ချည်။

ဩော် . . ညီမငယ်ကလေးတွေဆိုင်ထဲကိုဝင်လာကြပြန်ပေ့ါ။ ကောင်ကလေးတချို့နဲ့။ ကျောင်းသား၊ ကျောင်းသူလေးတွေ ထင်ပါရဲ့။ ဒါမှမဟုတ် ကုမ္ပဏီဝန်ထမ်းကလေးတွေလည်း ဖြစ်ကောင်းဖြစ်လေမပေ့ါ။

ဂျော့ဒဗလျူဘုရှ်(George W Bush)ရဲ့သမီးနှစ်ယောက် ဘာဘရာနဲ့ ဂျင်နာတို့ ကျွန်တော်တို့ဆီမှာ ပျော်ရှာပေမပေ့ါလို့ ကျွန်တော်သရော်စာရေးခဲ့မိတာ မလွန်ဘူးထင်ပါရဲ့နော်။ ။

## စာ(၃၃) ဗီဇာကတ်များ ပုဂ္ဂလိကဘဏ် ၃ ဘဏ်ရှိ ATM စက်များတွင် အသုံးပြု ထုတ်ယူနိုင်ပြီ မှ

စနစ်တခုဖြစ်ကြောင်း CB ဘဏ်၏တာဝန်ရှိသူတစ်ဦးဖြစ်သော ဦးဖေမြင့်က ပြောသည်။

ကမ္ဘာလှည့်ခရီးသွားများအနေဖြင့် အဆိုပါ အီလက်ထရွန်နစ် ငွေပေးချေမှုကတ်များကို ကမ္ဘောဇဘဏ်၏ ATM စက် ၃၇ လုံးနှင့် CB ဘဏ်၏ ATM စက် ၄၅ လုံးတို့တွင် မြန်မာကျပ်ငွေဖြင့် လဲလှယ်ထုတ်ယူအသုံးပြုနိုင်ပြီဖြစ်သည်။

ကမ္ဘာလှည့် ခရီးသွားများအနေဖြင့် ၎င်းတို့၏ ဗီဇာကတ်များဖြင့် CB ဘဏ်နှင့်ချိတ်ဆက်ထားသောစက်များတွင် ငွေထုတ်ယူသည့်အခါ တစ်ရက်လျှင်ငွေကျပ်ဆယ်သိန်းအထိ ထုတ်ယူနိုင်မည်ဖြစ်ပြီး တစ်ကြိမ်ထုတ်ယူတိုင်း ဝန်ဆောင်ခကျပ်ငါးထောင်ကို ATM စက်မှတစ်ခါတည်းအလိုအလျောက်ဖြတ်တောက်မည်ဖြစ်ကြောင်း သိရသည်။

ကမ္ဘောဇဘဏ်ကမူ ဝန်ဆောင်ခမည်မျှ သတ်မှတ်မည်ကို ဆုံးဖြတ်ချက်မရသေးဟု ဆိုသည်။ ဗီဇာကတ်နည်းတူ အီလက်ထရွန်နစ် ငွေပေးချေမှုကတ်စနစ်ဖြစ်သော နိုင်ငံပေါင်း ၂၁၇ နိုင်ငံတွင် အသုံးပြုနေသည့် မာစတာကတ် (Master Card) များကို လည်း CB ဘဏ်နှင့် ကမ္ဘောဇဘဏ်များရှိ ATM စက်များတွင် ထုတ်ယူနိုင်ပြီဖြစ်သည်။

7 DAY NEWS JOURNAL
Vol.11, No.42 • DECEMBER 27 , 2012

7 ရ ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL

| | |
|---|---|
| အယ်ဒီတာချုပ် | သောင်းစုငြိမ်း |
| အမှုဆောင်အယ်ဒီတာ | အားမာန်၊ ငြိမ်းငြိမ်းနိုင် |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်းအယ်ဒီတာ | စောစည်သူမိုး |
| သတင်းအယ်ဒီတာ | အေးမြကျော်၊ သီဟ၊ နေလင်းအောင်၊ မေဝင်းမွန် |
| ဘာသာပြန် | ရဲမင်း၊ ကျော်မျိုးဦး |
| စာပြင်အယ်ဒီတာ | ချမ်းငြိမ်း |
| သတင်းထောက်ချုပ် | အောင်သူရ |
| ဒု-သတင်းထောက်ချုပ် | နေလင်းထွန်း၊ ပြည်သိမ်း၊ ဗိုလ်ဗိုလ်ဝင်း |
| အကြီးတန်းသတင်းထောက် | အိဖြူမွန်၊ အိဖြူလွင်၊ သိမ့်သိမ့်စိုး၊ ယုဇနကိုကို၊ ဝတ်ရည်အောင်၊ ဥက္ကာကိုကို၊ မြတ်စုမွန်၊ အေးသူစံ၊ သန်းငွေး၊ ဇာဇာနို၊ သန်းထူး |
| သတင်းထောက်များ | အေးမြတ်သူ၊ ခိုင်ထွန်း၊ အောင်ခိုင်၊ ရန်မျိုးနိုင်၊ မိုးညို၊ မင်းဟိန်းကျော်၊ ကြူကြူဟန်၊ ခိုင်ချိုနွယ်၊ |
| ဓာတ်ပုံသတင်းထောက် | ဂျေမောင်မောင်(အမရပူရ) |
| မန္တလေးသတင်းထောက် | စိုင်းသာအောင်၊ ညီညီဇော် |
| နယ်သတင်းထောက် | မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွန့်(ရေနံချောင်း)၊ မောင်ကံ |
| ဒီဇိုင်နာ | ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက် |
| လက်ထောက်ဒီဇိုင်နာ | နွယ်မွန်ဖြိုး |
| ကွန်ပျူတာစာစီ | စန်းစန်း၊ မေဇင်သိန်းဇော်၊ ဇော်ဝင်းအောင်၊ ယဉ်မျိုးပိုင် |
| သရုပ်ဖော် | စိုးသော်တာ |
| ပြင်ပဆက်သွယ်ရေး | သက်ပိုင်ငွေး |
| လိုဂိုဒီဇိုင်း | ကျောက်ဆည် |
| ဘဏ္ဍာရေး | ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး၊ ဖြိုးသူဇာအောင် |
| ကြော်ငြာတာဝန်ခံ | မိုးပပ၊ လင်းလင်းဦး၊ နှင်းဝေဝေ |
| ထုတ်ဝေသူ | ဦးမျိုးလှိုင်အောင် |
| ပုံနှိပ်စက် | သုဝဏ္ဏသိဂီပုံနှိပ်တိုက် |
| ဖလင် | Sunn Colour Separation |
| စောင်ရေ | ၃၅,၀၀၀ |
| ရောင်းဈေး | ၄၅၀ ကျပ် |

7Day News ဂျာနယ်တိုက် - Diamond Centre (G-12) မြေညီထပ်၊ တိုက် (B)၊ အမှတ်(၄၉၇)၊ ပြည်လမ်း၊ (၇)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၅၁၂၀၇၇၊ ၅၁၃၅၁၅~၅၁၉၊ ၀၉ ၇၃၂၂၄၅၄၁။
ဖက်စ် - ၅၁၃၅၁၉
Website : www.7daynewsjournal.com
E-mail : editor@7daynewsjournal.com
Hotline : 0973032006

ကျန်းမာရေးအတွက်လမ်းလျှောက်သင့်ကြောင်း မီဒီယာများမှာ ဖတ်ရတယ်။ လမ်းလျှောက်ခြင်းဟာ တခြားအားကစားနည်းများလို လေ့ကျင့်ဖော်၊ ကစားဖော်မလိုဘူး။ အချိန်အကန့်အသတ်မရှိဘူး။ ငွေကုန်ကြေးကျမများဘူး။ တစ်ယောက်တည်းလျှောက်လည်း ဖြစ်တယ်။ အဖော်အပေါင်းနဲ့ လျှောက်သူတွေလည်းရှိတယ်။ များသောအားဖြင့် နံနက်စောစောနဲ့ ညနေပိုင်းတွေမှာ လမ်းလျှောက်ကြတာများတယ်။




# မြင်တာလေးတော့ ပြောချင်တယ်

ဒဲ့ဟစ်

တစ်နေ့ညနေပိုင်း အင်းလျားကန်ပေါင်ပေါ် လူငယ်ငါးယောက်အုပ်စု စားစရာ၊ သောက်စရာများနဲ့ ရောက်လာကြတယ်။ ပျော်ပွဲစားထွက်လာတဲ့ ပုံစံမျိုး။ အိတ်ထဲမှာ အသင့်ယူလာတဲ့ အရက်ပုလင်းရဲ့ အဖုံးကို အလုအယက် ဖွင့်ဖောက်ပြီး ကံစမ်းမဲကို ကြည့်ကြတယ်။ ဆုမဲမပေါက်တော့ လူငယ်တစ်ဦးက နောက်တစ်လုံးထပ်ဖောက်ကွာလို့ ပြောတယ်။ အဖုံးကို အလုအယက် ကြည့်ကြပြန်တယ်။ ဆုမဲမပါဘူး။ အဖုံးကိုလွှင့်ပစ်လိုက်တယ်။ မထူးပါဘူးကွာ မူးအောင်သောက်ပစ်မယ်လို့ ပြောတယ်။ ကျွန်တော် လမ်းလျှောက်ပြီး အကြောလျှော့ လေ့ကျင့်ခန်းလုပ်နေတဲ့ နေရာအနီးမှာဖြစ်လို့ အားလုံး မြင်တွေ့ကြားသိနေသည်။

လူငယ်လေးများသည် အသက်နှစ်ဆယ်ဝန်းကျင် အရွယ်ကောင်းလေးတွေပါ။ တိုင်းပြည်အတွက် အားကိုးအားထားပြုရမည့် အနာဂတ်စွမ်းအားရှင်များ ဖြစ်တယ်။ ပညာရှာရမည့် အရွယ်၊ အလုပ်ကြိုးစားရမည့် အရွယ်တွေဖြစ်တယ်။ ဘာကြောင့် အခုလို လမ်းမှားရောက်နေရတာလဲ။ ဘာတွေက တွန်းအားပေးလို့လဲ။ လှုံ့ဆော်နေတာလဲ စတဲ့ မေးခွန်းများ ကျွန်တော့်ခေါင်းထဲ ဆက်တိုက်ဝင်လာတယ်။

လူလတ်တန်းစားနဲ့ အခြေခံလက်လုပ်လက်စား လူတန်းစားတွေကို ပစ်မှတ်ထားပြီး ကား၊ ဆိုင်ကယ်၊ ဖုန်းစတဲ့ မက်လောက်စရာကံစမ်းမဲတွေပေး၊ အသက်နဲ့ ဘဝကို အလျော်အစားပြုရလောက်အောင် အပြိုင်မြူဆွယ်သလို ကြော်ငြာနေတဲ့ အရက်ကြော်ငြာတွေ ယနေ့ထုတ် ဂျာနယ်အချို့မှာ တွေ့နေရတယ်။ (အောင်မြင်သော၊ စောင်ရေများများ ထုတ်ဝေသော ဂျာနယ်များမှာ ပိုတွေ့ရတယ်။)

ကံစမ်းမဲ ပေါက်သူတွေကလည်း အောင်နိုင်သူ သူရဲကောင်းကြီးများကဲ့သို့ လက်မထောင်ပြီး ဓာတ်ပုံတွေနဲ့ ထောက်ခံတယ်။ ဂျာနယ်များကလည်း စာမျက်နှာအပြည့် ရောင်စုံဝေဝေဆာဆာ ကြော်ငြာထည့်ပေးတယ်။ ငွေမျက်နှာတစ်ခုတည်းကြည့်ပြီး စာနယ်ဇင်းကျင့်ဝတ် ဖောက်ဖျက်ပြီး သိက္ခာမဲ့စွာ လုပ်နေကြတယ်။ လူငယ်တွေကို လွဲမှားသော အားကျမှုဖြစ်စေတယ်။ အတုယူမှားစေတယ်။

မော်ဒယ် မိန်းမပျိုလေးတွေ အရက်တရားကို ထင်ထင်ပေါ်ပေါ် ဖွင့်ပြပြီး ရီဝေဝေ ပုံစံအမျိုးမျိုးနဲ့ ရိုက်ထားတဲ့ အရက်ကြော်ငြာတွေ ပြည်သူတွေကြားမှာ ပလူပျံနေတာ သင့်တော်ရဲ့လား။ မြန်မာ့ယဉ်ကျေးမှုကို သေးသိမ်စေတယ်။ မုဒိမ်းမှုတွေ ဖြစ်ပေါ်စေတယ်။

အရက်ကုမ္ပဏီကြီးတွေက တကယ်စေတနာ၊ သဒ္ဓါတရားရှိရှိနဲ့ လှူချင်တယ်။ သုံးစွဲသူတွေကို ကျေးဇူးတုံ့ပြန်ချင်တယ်ဆိုရင် ဆေးရုံတွေမှာ ဆေးဝါးတွေ၊ စာသင်ကျောင်းတွေမှာ လိုအပ်နေတဲ့ ကျောင်းသုံးပစ္စည်းတွေ၊ တကယ်လိုအပ်ချက်ရှိတဲ့ ဘာသာရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး စတဲ့ နယ်ပယ်စုံမှာ လှူဒါန်းနိုင်တယ်။ အရက်ဝယ်သောက်တဲ့ လူကိုမှ ကျေးဇူးတုံ့ပြန်တယ်။ စေတနာထားတယ်ဆိုတာ လူကြားကောင်းအောင် ပြောနေတာ။

အမှန်အတိုင်း သိထားရမှာက အရက်ကုမ္ပဏီတွေက အလှူဒါနပြုချင်လို့ ကံစမ်းမဲတွေ ဖောက်ပေးနေတာ မဟုတ်ဘူး။ သူတို့ထုတ်တဲ့ အရက်တွေ ရောင်းအားကောင်းအောင်၊ အမြတ်ရအောင်လို့ ကံစမ်းမဲနဲ့ မြူဆွယ်နေတာ ဖြစ်တယ်။ ဒါကို နားမလည်ပဲ အရက်သမားတွေ ရွှေခေတ်ရောက်ပြီလို့ ပြောနေကြတာဟာ တံလျှပ်ကိုရေထင်ပြီး အလိုက်မှားခဲ့တဲ့ ရွှေသမင်လို နောက်ဆုံး ကိုယ်ပဲဒုက္ခရောက်မယ်။ ကိုယ့်သေတွင်း ကိုယ်တူးနေတာလို့ သိထားစေချင်တယ်။

ပြည်တွင်း အဖျော်ယမကာ လုပ်ငန်းများက ထုတ်လုပ်ရောင်းချနေတဲ့ အရက်ကြော်ငြာတွေမှာ Premium Drinking Water, Purefied Drinking Water, PH စတဲ့ စာသားတွေနဲ့ ဖော်ပြထားကြတယ်။ အရက်ကုမ္ပဏီတွေက ထုတ်တဲ့ ကံစမ်းမဲပေးသော သောက်ရေသန့် ဈေးကွက်မှာရှိလား။ ဝယ်လို့ ရလား။ ယစ်မျိုးဥပဒေနဲ့ ငြိစွန်းမှာ ကြောက်လို့ အရက်ကြော်ငြာကို ရေသန့်စာလုံး သေးသေးလေးနဲ့ ထည့်ပြီး ဝိနည်းရှောင်ဖော်ပြထားတာ။

အရက်ကို သန့်စင်တဲ့ သောက်ရေသန့် လိုသဘောထားပြီး သောက်ရမှာလား။

ကမ္ဘာကျော် အရက်ကုမ္ပဏီကြီးတွေက အရည်အသွေးနဲ့ ထုပ်ပိုးမှုတွေကို အကောင်းဆုံးဖြစ်အောင်လုပ်တယ်။ ရိုးရှင်းစွာကြော်ငြာတယ်။ ဘာကံစမ်းမဲမှ မပေးဘူး။ သုံးစွဲသူကို မလှည့်စားဘူး။ အရည်အသွေးပေါ် လိုက်ပြီး ဈေးနှုန်းအမျိုးမျိုးနဲ့ ရောင်းတယ်။

ပြည်တွင်းမှာ အရက်ကို မထုတ်ရဘူး။ မရောင်းရဘူးလို့ မပြောလိုပါ။ ဘေးထက်ဆိုးကျိုးနည်းအောင်၊ အရည်အသွေးကောင်းအောင် ထုတ်လုပ်ပြီး ရိုးသားစွာဈေးကွက်ရှာပါ၊ရောင်းပါ။

မက်လောက်စရာ ကံစမ်းမဲတွေပြပြီး အပြိုင်ကြော်ငြာနေတာကြောင့် Cherry, MarkII, Belta ကားတွေ မစီးရဘဲ ကျော်သူ (နာရေးကူညီမှုအသင်း) ကားတွေသာစီးပြီး လူ့ဘဝထဲက အချိန်မတိုင်ဘဲ ထွက်ခွာသွားကြရသူတွေ မနည်းတော့ပါဘူး။

**မက်လောက်စရာ ကံစမ်းမဲတွေပြပြီး အပြိုင်ကြော်ငြာနေတာကြောင့် Cherry, MarkII, Belta ကားတွေမစီးရဘဲ ကျော်သူ (နာရေးကူညီမှုအသင်း) ကားတွေသာစီးပြီး လူ့ဘဝထဲက အချိန်မတိုင်ဘဲ ထွက်ခွာသွားကြရသူတွေ မနည်းတော့ပါဘူး။**

အရက်ကြောင့် မုဒိမ်းမှု၊ လူသတ်မှု၊ ယာဉ်တိုက်မှု စတာတွေ မီဒီယာတွေ ဖော်ပြလို့ စိတ်မကောင်းစွာ ထိတ်လန့်စွာ ကြားသိနေရတယ်။

ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးစတဲ့ မဏ္ဍိုင်ကြီးတွေကို ဝေဖန်ထိန်းကျောင်းနေတဲ့ စတုတ္ထမဏ္ဍိုင်ကို ကိုယ်စားပြု မီဒီယာသမားတွေဟာ ပြည်သူ့အကျိုးအတွက်အရက်ကြော်ငြာတွေကို ဝေဖန်ထိန်းကျောင်းဖို့ မေ့နေတာလား။ မမြင်လို့လား။ မသိလို့လား။ ကြော်ငြာခ မြက်မြက်လေးရတာကို မက်လို့လား။

လား . . ပေါင်းများစွာ၊

မေးခွန်းပေါင်းများစွာ ရှိနေပါပြီ။

မိတ်ဆွေတစ်ဦးက သူဂျာနယ် ဝယ်ဖတ်တိုင်း ဂျာနယ်မှာ အရက်ကြော်ငြာပါရင် အိမ်ကိုဘယ်တော့မှ ယူမသွားဘူး။ ဖတ်ပြီးရင် လမ်းမှာ ထားခဲ့တယ်။ အိမ်ကို ဂျာနယ်ယူသွားရင် ဂျာနယ်မှာပါတဲ့ အရက်ကြော်ငြာတွေကို တွေ့ပြီး သား၊ သမီးတွေ အတုယူမှားမှာ စိုးရိမ်တယ်လို့ ပြောတယ်။

အရက်ကြော်ငြာပါတဲ့ ဂျာနယ်ကို သားသမီးတွေ၊ ဖတ်မှာကို စိုးရိမ်တဲ့၊ မဖတ်စေချင်တဲ့ မိဘတွေရှိနေကြပြီဆိုတာကို မီဒီယာသမားများ သတိပြုမိစေချင်တယ်။ သိစေချင်တယ်။

ဥပဒေကျူးလွန်မှု အပြစ်ပေးအရေးယူခြင်းထက် ဥပဒေ မကျူးလွန်အောင် ဝိုင်းပြီး ပညာပေးစေချင်ပါတယ်။ ထိန်းသိမ်းစေချင်ပါတယ်။ အမှားမပြုလုပ်မိအောင် သွန်သင်ဆုံးမစေချင်ပါတယ်။

ဘဝနဲ့ ရင်းပြီးမှရတဲ့ နောင်တ၊ ဆိုးမွေများ အနာဂတ်ရဲ့ စွမ်းအားရှင် လူငယ်လေးများကို မရစေချင်ပါ။

တစ်မျိုးသားလုံး၏ အကျင့်စာရိတ္တနှင့် ကျန်းမာကြံ့ခိုင်ရေးအတွက် ကျွန်တော်တို့အားလုံးက "ပြည်သူ့အတွက်နံပါတ်တစ်" လို့ ခံယူပြီး အချိန်မီ ဝိုင်းဝန်းထိန်းသိမ်း လက်တွဲဆောင်ရွက်နိုင်ရန်အတွက် မြင်တာလေးတော့ ပြောချင်ပါတယ်။ ။

Business
7Day News Journal
Vol.11, No.42 • DECEMBER 27 , 2012

# မြန်မာ့စီးပွားရေးတိုးတက်မှုနှုန်း ၂၀၁၃ တွင် ၆ ရာခိုင်နှုန်းကျော်ရှိမည်ဟု ကမ္ဘာ့ဘဏ်ခန့်မှန်း

**ဘန်ကောက်၊ ဒီဇင်ဘာ - ၁၉**

မြန်မာ့စီးပွားရေးသည် ယခုနှစ် ၂၀၁၂ အတွင်း တိုးတက်မှုနှုန်း ၅ ဒသမ ၅ ရာခိုင်နှုန်းရှိခဲ့ပြီး ၂၀၁၃ တွင် ၆ ဒသမ ၃ ရာခိုင်နှုန်းရှိလိမ့်မည်ဖြစ်ကြောင်း ကမ္ဘာ့ဘဏ်က ခန့်မှန်းဖော်ပြသည်။

ပြုပြင်ပြောင်းလဲမှုများ ဖြစ်ပေါ်နေသော်လည်း မြန်မာသည် ယခုအထိ အာရှတိုက်၏ အဆင်းရဲဆုံးနိုင်ငံများတွင် အပါအဝင် ဖြစ်နေဆဲရှိကာ လူဦးရေ၏ ၂၆ ရာခိုင်နှုန်းကျော်မှာလည်း တစ်နေ့ဝင်ငွေ တစ်ဒေါ်လာအောက်သာ ရရှိသည့် ဆင်းရဲမွဲတေမှု မျဉ်းအောက်၌ရှိနေဆဲဖြစ်ကြောင်း ကမ္ဘာ့ဘဏ်က ဆိုသည်။

မြန်မာနိုင်ငံသည်ကမ္ဘာ့ဘဏ်က နှစ်စဉ် နှစ်ကုန်ခါနီးထုတ်ပြန်လေ့ရှိသော အရှေ့အာရှနှင့် ပစိဖိတ်စီးပွားရေးဆိုင်ရာ အစီရင်ခံစာတွင် ယခုနှစ်ကျမှ ပထမ ဆုံးအကြိမ် ထည့်သွင်းဖော်ပြခံရခြင်းဖြစ်သည်။

ကမ္ဘာ့ဘဏ်၏ ထုတ်ပြန်ချက်တွင် "မြန်မာကို သုံးထပ်ကွမ်း ပြောင်းလဲမှုလမ်းကြောင်းပေါ်တွင်ရှိနေသော နိုင်ငံတစ်နိုင်ငံအဖြစ် အကောင်းဆုံး သရုပ်ဖော်သတ်မှတ်နိုင်ကြောင်း" ဆိုထားသည်။

ကမ္ဘာ့ဘဏ်က ထုတ်ပြန်သော ယင်းအစီရင်ခံစာတွင် မြန်မာသည် ပြောင်းလဲမှုများဆီ ဦးတည်နေသော်လည်း ထူးခြား

**စာမျက်နှာ(၃၄)သို့ »**

# ပုဂ္ဂလိကဘဏ် ၃ ဘဏ်ရှိ ATM စက်များတွင် ဗီဇာကတ်များ အသုံးပြု ထုတ်ယူနိုင်ပြီ




*စီဘီဘဏ်တွင် ဗီဇာကတ်နှင့်ငွေထုတ်နေသော နိုင်ငံခြားသားများ* **ဓာတ်ပုံ - ထက်ပိုင်ဖြိုး(ဇဝန)**

**ယုဇနကိုကို**

**ရန်ကုန်၊ ဒီဇင်ဘာ- ၂၂**

ကမ္ဘာလုံးဆိုင်ရာ ငွေပေးချေမှုနည်းပညာ ကုမ္ပဏီကြီးဖြစ်သည့် Visa Inc မှ ထုတ်လုပ်သည့် အီလက်ထရွန်နစ် ငွေပေးချေမှုဆိုင်ရာ ဗီဇာကတ်များကို မြန်မာနိုင်ငံတွင်ယခုလ ၂၁ရက်မှစတင်အသုံးပြုနိုင်ပြီဖြစ်ကြောင်း ယင်းကုမ္ပဏီမှထုတ်ပြန်သော သတင်းထုတ်ပြန်ချက်များအရ သိရသည်။

အမေရိကန်နိုင်ငံ အခြေစိုက် Visa ကုမ္ပဏီ၏ ကမ္ဘာတစ်ဝန်းတွင် အသုံးပြုနေသော အဆိုပါ ငွေပေးချေမှုကတ်များကို ပြည်တွင်း ပုဂ္ဂလိကဘဏ်များဖြစ်သော CB၊ ကမ္ဘောဇနှင့် မြန်မာအရှေ့တိုင်းဘဏ် (MOB)တို့၏ ATM စက်များတွင် အသုံးပြုနိုင်မည်ဖြစ်ကြောင်း ကမ္ဘောဇဘဏ်၏ မန်နေဂျင်းဒါရိုက်တာ (International Banking) မှ ဦးညိုမြင့်က ပြောသည်။

ယခုလတ်တလောတွင်မူ CB နှင့် ကမ္ဘောဇဘဏ် နှစ်ဘဏ်တွင်သာ အဆိုပါ အီလက်ထရွန်နစ်ငွေပေးချေမှုကတ်များကို အသုံးပြုနိုင်သေးပြီး MOB ဘဏ်အနေဖြင့်မူ လာမည့်ဇန်နဝါရီလအတွင်းမှသာ အသုံးပြုနိုင်ဖွယ်ရှိကြောင်း စုံစမ်းသိရှိရသည်။

ဗီဇာကုမ္ပဏီသည် ၎င်းတို့၏ ငွေပေးချေမှုကတ်များကို ရန်ကုန်၊ မန္တလေး အပါအဝင် ပဲခူးတိုင်းဒေသကြီးတွင် အသုံးပြုနိုင်ရန် ဆောင်ရွက်ထားသည်ဟု သိရသည်။

ထိုဗီဇာကတ်များကို ပြည်တွင်းရှိချိတ်ဆက်ထားသောဘဏ်များ၏ ATM စက်များတွင် ၂၄ နာရီပတ်လုံး ငွေထုတ်ယူနိုင်မည်ဖြစ်သဖြင့် အချိန်နှင့်သာ ဖွင့်လှစ်သော ငွေလဲကောင်တာများ ၏ အားနည်းချက်ကို ဖြေရှင်းပေးနိုင်မည့်

**စာမျက်နှာ(၃၁)သို့ »**




## ပြည်တွင်းငွေလဲနှုန်း

| ယူနစ် | ဝယ် | ရောင်း | |
|---|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၈၅၅ | ၈၆၃ | ကျပ် |
| ၁ အက်ဖ်အီးစီ | ၈၅၅ | ၈၆၃ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၆၉၅ | ၇၀၇ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁၁၂၀ | ၁၁၃၉ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၂၇. ၇ | ၂၇. ၈ | ကျပ် |
| ၁ ယွမ် (တရုတ်) | ၁၃၄ | ၁၃၅ | ကျပ် |

၂၀၁၂ ဒီဇင်ဘာ ၂၂ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၁၈၂ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၅၇၉ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၈၄. ၂၀ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၂၂၈၄ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၅၅. ၀၆ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၂၀၂ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၀၇၅. ၄၀ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၀၅၈၅ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၀. ၅၉ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၉,၇၈၀. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၀,၈၃၀. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၁. ၀၇ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၇. ၇၄၉၆ | ဒေါ်လာ | (ဟောင်ကောင်) |
| ၁ ဒေါ်လာ | ၀. ၉၆၀၆ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၁. ၂၁၃ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၀. ၉၉၂၅ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၃၀. ၈၂၁၉ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃. ၆၇၂၉ | ဒါရမ် | (UAE) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁,၆၅၄. ၀၀ |
| ရေနံစိမ်း | စည် | ၁၀၉. ၁၀ |
| ငွေ | ၁ အောင်စ | ၃၀. ၂၀ |
| ကြေးနီ | ပေါင် | ၃၅၅. ၂၅ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၃. ၄၅ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၂ ဒီဇင်ဘာ ၂၂ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။



7 DAY NEWS JOURNAL
Vol.11, No.42 • DECEMBER 27 , 2012







# တရုတ်က ဆန်အဝယ်နည်းသဖြင့် ဆန်ကြမ်းဈေးနှင့်အတူ စပါးဈေးပါ ကျဆင်းလာနိုင်

**အောင်သူရ၊ ပြည်သိမ်း**

**ရန်ကုန်၊ ဒီဇင်ဘာ-၂၂**

တရုတ်နိုင်ငံမှ ဆန်အဝယ်နည်းသွားသဖြင့် တရုတ်နိုင်ငံသို့ တင်ပို့နေသာ ဆန်ကြမ်းဈေးများကျ ဆင်းသွားကာ ယင်းဂယက်ကြောင့် လာမည့်တစ်ပတ်မှစ၍ စပါးဈေးများလည်း ကျဆင်းလာနိုင်ကြောင်း ကျွမ်းကျင်သူများက သုံးသပ်သည်။

"အဖမ်းအဆီးများလာပြီး အဝယ်မရှိဘူး။ အရင်တစ်အိတ်ကို ၁၈,၅၀၀ လောက်ကနေ အခု ၁၇,၀၀၀ လောက်ပဲ ရတော့တယ်" ဟု မူဆယ်ကုန်သွယ်ရေးဇုန်မှ ဆန်ကုန်သည်တစ်ဦးက ပြောသည်။

ထို့အတူ ပြည်တွင်းစပါးဈေးကွက်တွင်လည်း ဒီဇင်ဘာလဆန်းပိုင်းထိ ဝယ်ယူမှုများပြီး ဧည့်မထစပါးတင်းတစ်ရာလျှင် ၄၀၀,၀၀၀ ကျပ် ပျမ်းမျှရှိခဲ့သော်လည်း ယခုရက်ပိုင်းတွင် ဝယ်ယူသူနည်းသွားပြီး တင်းတစ်ရာလျှင် ၃၅၀,၀၀၀ ကျပ်ဝန်းကျင်သာ ဈေးရှိတော့ကြောင်း စုံစမ်းသိရှိရသည်။

ယခုနှစ် စပါးစပေါ်ချိန်ပြီး နိုဝင်ဘာနှင့် ဒီဇင်ဘာလဆန်းပိုင်းက တရုတ်နိုင်ငံမှ ဆန်အဝယ်များခြင်းနှင့် အင်ဒိုနီးရှားနှင့် ဂျပန်နိုင်ငံတို့က ဆန်ဝယ်ယူမည့်သတင်းများကြောင့် ဧည့်မထစပါးတင်းတစ်ရာလျှင် ကျပ် ၄ သိန်းခန့်ထိဈေးရှိခဲ့သည်။

"ဂျပန်က ဝယ်မယ်ဆိုတာတင်ဒါဝင်ပြိုင်ခိုင်းတာ။ မြန်မာနိုင်ငံက ဆန်ဘယ်လောက် ဝယ်မယ်ဆိုပြီး ဝင်ပြိုင်ခိုင်းတာမဟုတ်ဘူး။ အင်ဒိုနီးရှားကလည်း MOU ထိုးတဲ့အဆင့်ပဲ။ ကမ္ဘာ့ဈေးမှာလည်း တစ်တန်ကို ဒေါ်လာ ၁၀ လောက်ကျလာတယ်" ဟု မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဗဟိုအလုပ်အမှုဆောင် ဒေါက်တာစိုးထွန်းက ပြောသည်။

သို့သော်ပြည်တွင်းဈေးကွက်တွင် ဆန်ဈေး ကျမသွားစေရန် MAPCO အများပိုင် ကုမ္ပဏီအနေဖြင့် တစ်လလျှင် တန်ချိန် ၄ သောင်းခန့် နိုင်ငံခြားသို့ ရသည့်ဈေးဖြင့် တင်ပို့ရန် စီစဉ်ထားကြောင်း ဒေါက်တာစိုးထွန်းက ပြောသည်။

မြန်မာအစိုးရက ပြီးခဲ့သည့်နှစ်ကုန်ပိုင်းမှစ၍ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ တရုတ်နိုင်ငံသို့ ဆန်တင်ပို့ခွင့်ပြုခဲ့ရာ ယခုနှစ်တွင် ပြည်ပသို့ ဆန်တင်ပို့မှု တန်ချိန်တစ်သန်းနီးပါးထိ ရောက်ရှိလာနိုင်ကြောင်း ကုန်သည်များက သုံးသပ်သည်။

မြန်မာနိုင်ငံက တရုတ်နိုင်ငံသို့ ဆန်တင်ပို့ခွင့်ကို တရားဝင်ခွင့်ပြုထားသော်လည်း တရုတ်နိုင်ငံက တရားဝင် တင်သွင်းခွင့်မပြုထားသဖြင့် မကြာခဏ အဖမ်းအဆီးများ ရှိခဲ့သည်။ မြန်မာနိုင်ငံက ဆန်များမှာ တရုတ်နိုင်ငံမှ တစ်ဆင့် မြောက်ကိုရီးယားကဝယ်ယူခြင်း ဖြစ်သည်။


ဓာတ်ပုံ - ကျော်ဇင်သန်း

စာမျက်နှာ(၃၃)မှ

## မြန်မာ့စီးပွားရေးတိုးတက်မှုနှုန်း ၂၀၁၃ တွင် ၆ရာခိုင်နှုန်းကျော်ရှိမည်ဟု ကမ္ဘာ့ဘဏ်ခန့်မှန်း

သည့် စိန်ခေါ်မှုများ ရင်ဆိုင်ရန် ကျန်ရှိနေသေးကြောင်း၊ ယင်းတို့တွင် အခြေခံ အဆောက်အအုံဆိုင်ရာ အခက်အခဲများ၊ ဘဏ္ဍာရေးကဏ္ဍ တိုးတက်ရေးများ၊ ဆက်သွယ်ရေးကဏ္ဍနှင့် သဘာဝရင်းမြစ်များ စီမံခန့်ခွဲရေးတို့ ပါဝင်နေကြောင်း ဖော်ပြထားသည်။

ကမ္ဘာ့ဘဏ်၏ ယခု အရှေ့အာရှနှင့် ပစိဖိတ်ဒေသ စီးပွားရေးဆိုင်ရာ အစီရင်ခံစာကို တစ်နှစ် ၂ ကြိမ် ထုတ်ပြန်လေ့ရှိပြီး ဒေသတွင်းနိုင်ငံများ၏ စီးပွားရေးအလားအလာများ ဖော်ပြလေ့ရှိသည်။ *—Ref: World Bank Bangkok Post*

7DAY NEWS JOURNAL
Vol.11, No.42 • DECEMBER 27 , 2012

# Commodity Watch

## ပဲဈေးများ ကျဆင်းနေ

သိမ့်သိမ့်စိုး

**ရန်ကုန်၊ ဒီဇင်ဘာ-၂၂**

ပဲအရောင်းအဝယ် ကောင်းနေသော်လည်း ဈေးနှုန်းများမှာ ကျဆင်းနေကြောင်း ဘုရင့်နောင် ပဲကုန်သည်များက ပြောကြားသည်။

"သင်္ဘောတင်ဈေးတွေအေးနေတာကြောင့် ဈေးကျတာပါတယ်။ အဓိကက ဈေးကွက်ထဲမှာ သင်္ဘောတင်မယ့် ကုန်သည်တွေ အဝယ်နည်းပြီး ဈေးကစားတဲ့ သူတွေ အရောင်းအဝယ် လုပ်တာများနေတာကြောင့်လည်း ပါတယ်" ဟု ပဲကုန်သည်တစ်ဦးက ပြောသည်။

မတ်ပဲမှာ ဈေးကျဆင်းမှု အများဆုံးဖြစ်နေပြီး ကျန်ပဲများမှာ ဈေးအကျနည်းနေကြောင်း သိရသည်။

မတ်ပဲ RC မှာ ဒီဇင်ဘာ ၂၀ ရက်တွင် တစ်တန်လျှင် ၄၉၆,၀၀၀ ကျပ်ရှိနေရာမှ ၄၇၅,၀၀၀ ကျပ်သို့ ကျဆင်းလာခဲ့ရာ တစ်တန်လျှင် ကျပ် ၂၀,၀၀၀ ဝန်းကျင် ကျဆင်းလာခဲ့ခြင်း ဖြစ်သည်။ SQ မှာလည်း တစ်တန်လျှင် ၅၃၅,၀၀၀ ကျပ်ရှိနေရာမှ ၅၂၅,၀၀၀ ကျပ်သို့ ဈေးနှုန်းများ ကျဆင်းနေ၍ တစ်တန်ပေါ်တွင် ကျပ်တစ်သောင်းနီးပါး ဈေးနှုန်းများ ကျဆင်းနေခြင်း ဖြစ်သည်။

ပဲစင်းငုံ ဈေးနှုန်းမှာလည်း တစ်တန်လျှင် ၅၃၅,၀၀၀ ကျပ်မှ ၅၃၀,၀၀၀ ကျပ်သို့ ကျဆင်းနေသကဲ့သို့ ပဲတီစိမ်း ဈေးနှုန်းမှာလည်း အချိန် ၃၀ ဝင်တစ်အိတ်လျှင် ၇၈,၀၀၀ ကျပ်ဝန်းကျင်တွင် ကျပ်ထောင်ဂဏန်း အတက်အကျဖြစ်နေသည်။

"သင်္ဘောတင်သမားတွေ ဝယ်လာတာ များလာရင်တော့ ဈေးတွေ ကောင်းလာနိုင်တယ်" ဟု ပဲကုန်သည်တစ်ဦးက ပြောသည်။ လက်ရှိတွင် ပဲအသစ်များ ဝင်လာပြီးဖြစ်သော်လည်း ပဲဈေးနှုန်းများမှာ ကျဆင်းခြင်း မရှိသေးကြောင်း သိရသည်။ ပဲတီးစိမ်းအသစ်များ ဝင်ရောက်လာပါကယင်းအချိန်တွင် တရုတ်ဝယ်လိုအား ကောင်းတတ်သဖြင့် ဈေးနှုန်းများ မြင့်တက်နိုင်ကြောင်း ပဲကုန်များက ပြောသည်။

## ရွှေဝယ်လိုအားမြင့်တက်နေ

သိမ့်သိမ့်စိုး

**ရန်ကုန်၊ဒီဇင်ဘာ-၂၂**

ယခုတစ်ပတ်အတွင်း ဈေးနှုန်းအကျဘက်ကို ဆက်သွားနေ၍ ဝယ်လိုအားများ သိသာစွာမြင့်တက်လာကြောင်း ရွှေလုပ်ငန်းရှင်များကပြောသည်။

"ဈေးတွေကျနေတာကြောင့် ဝယ်လိုအားက အထည်ရော အပိုင်းဘက်မှာပါ တက်နေတယ်။ ဒီဈေးက ကြိုက်ဈေးဖြစ်နေတာကြောင့်လည်း ဝယ်လိုအား တက်လာတာပါတယ်။ ဈေးက နှစ်သောင်းနီးပါးလောက် ကျသွားတော့ ဒီရက်ပိုင်းတွေမှာ နေ့တိုင်းလောက်ကို ဆိုင်မှာလူစည်နေတယ်"ဟု အောင်သမာဓိရွှေဆိုင်မှ ကိုဝင်းငယ်က ပြောသည်။

ကမ္ဘာ့ ရွှေဈေးနှုန်းများမှာ တစ်အောင်စလျှင် ၁,၆၇၀ ဒေါ်လာဝန်းကျင်မှ ၁,၆၄၀ ဒေါ်လာထိ ဈေးနှုန်းများ ကျဆင်းလာသဖြင့် ယခုရက်ပိုင်းတွင် ပြည်တွင်း ရွှေဈေးနှုန်းများမှာ ဈေးနှုန်းများ ၇၇၀,၀၀၀ ကျပ်ဝန်းကျင် ရှိနေရာ ၇၅၄,၀၀၀ ကျပ်ထိ ကျဆင်းခဲ့ကြောင်း သိရသည်။

ယင်းသို့ ဈေးနှုန်းများ ကျဆင်းနေခြင်းကြောင့် ဝယ်လိုအားရပ်ဆိုင်းခဲ့သော အပိုင်းဈေးကွက်တွင်လည်းဝယ်လိုအားများသိသာစွာမြင့်တက်လာကြောင်း ရွှေလုပ်ငန်းရှင်များက ပြောသည်။

"ဈေးက အတက်အကျမှန်းဖို့တော့ ခက်နေတယ်။ ကမ္ဘာ့ရွှေဈေး ကျတာကြောင့် တောက်လျှောက်ကျနေတာ။ တချို့က လည်း ဒီဈေးထက် မကျနိုင်တော့ဘူးလို့လည်း ခန့်မှန်းနေတယ်။ ဒါပေမဲ့ ဈေးကွက်က ခန့်မှန်းရခက်တယ်"ဟု ရွှေလုပ်ငန်းရှင်တစ်ဦးကပြောသည်။

ရွှေဘုံသာလမ်း၌ ပြုလုပ်သော အပိုင်းဈေးကွက်တွင်လည်း ပြင်ပဈေးကွက်မှ ရွှေအပိုင်းဝယ်လိုအားများ မြင့်တက်နေကြောင်း ဈေးကွက်မှ ကုန်သည်တစ်ဦးက ပြောသည်။

"အပိုင်းဘက်က ဝယ်စုတဲ့သူတွေ ဝယ်လိုအား များတာကြောင့် ဈေးကျတာတောင်နည်းတယ်။ ကမ္ဘာ့ဈေးကျသလောက်ကို မကျသေးဘူး။ ပြည်တွင်းဈေးမာနေတော့ နယ်စပ်ဝယ်လက်က မရှိဘူး။ အဝယ်လည်းလိုက်တော့ ဒီရက်ပိုင်းမှာ ပစ္စည်းလည်းရှားနေတာကြောင့် ဈေးမာနေတာ" ဟု ရွှေဈေးမာနေခြင်းအကြောင်းကို ရွှေလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

လက်ရှိတွင် ပြည်တွင်းရွှေဈေးနှုန်းမှာ တစ်ကျပ်သားပေါ်၌ ၆,၀၀၀ ကျပ်ဝန်းကျင် ဈေးနှုန်းများ ကွာခြားမှုရှိနေကြောင်း သိရသည်။

## ဟန်းဆက်ဈေးနှုန်းများ

### Samsung

| Model | Price |
|---|---|
| Galaxy Y | 103,500 |
| Galaxy GIO | 123,500 |
| Galaxy Ace | 154,000 |
| Galaxy Ace Plus | 185,000 |
| Galaxy Ace 2 | 224,000 |
| Galaxy S Advance | 268,000 |
| Galaxy S2 | 330,000 |
| Galaxy S3 | 435,000 |
| Galaxy Note II | 510,000 |
| Galaxy Tab 7.1 | 300,000 |

YANGON MOBILE ဆိုင်မှ ဈေးနှုန်းများဖြစ်သည်။

### Sony

| Model | Price |
|---|---|
| Xperia X8 | 110,000 |
| Xperia Go | 182,000 |
| Xperia Acr S | 236,000 |

### iPhone

| Model | Price |
|---|---|
| iPhone 5 (64 GB) | 780,000 |
| iPhone 5 (32 GB) | 730,000 |
| iPhone 4S (64 GB) | 640,000 |
| iPhone 4S (32 GB) | 620,000 |
| iPhone 4S (16 GB) | 554,000 |

### Huawei

| Model | Price |
|---|---|
| C 8800 | 85,000 |
| C 8812 | 112,000 |
| C 8810 | 96,000 |
| T 8600 | 79,000 |
| T 8830 | 106,000 |
| C 8825 D | 128,000 |
| U 8836 D | 172,000 |
| U 8825 D | 118,000 |
| U 8950 D | 165,000 |
| Ascend P1 | 272,000 |

ဒီဇင်ဘာ(၂၂) ရက် ဈေးနှုန်းများဖြစ်ပြီး ဈေးနှုန်းအပြောင်းအလဲရှိနိုင်သည်။

## အီလက်ထရွန်နစ်ပစ္စည်းများဈေးနှုန်း

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| Toshiba (LCD) | 32BX10T | 230,000 |
| Panasonic(LCD) | 32SC4S | 230,000 |
| Sony (LCD) | 35BX | 265,000 |
| Toshiba (TV) | LZE 21-28 | 105,000 |
| **DVD** | | |
| EVD (coeco) | 8082 | 20,000 |
| EVD(Sony) | DVK75 | 20,000 |
| I-MAX | DVD-SR81220XDM2 | 28,500 |
| EVD (AEK) | HDMI | 27,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RA20F17 | 160,000 |
| Hitachi | 190W | 220,000 |
| Panasonic | NR.BT224 | 225,000 |
| **Washing** | | |
| Samsung | $WA85V_3$ | 150,000 |
| Samsung | WT10J | 145,000 |
| **Aircon** | | |
| Chigo | 1.0HP | 190,000 |
| Mitsubishi | 1.0HP | 228,000 |
| Samsung | 1.0HP | 190,000 |

အထက်ပါဈေးနှုန်းများမှာ ဒီဇင်ဘာ(၂၂) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့် OK မြန်မာဆိုင်တို့မှ ကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းများဈေးနှုန်း

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၅,၃၀၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၅,၂၀၀ |
| ဘိလပ်မြေ (မြင်းခေါင်းတံဆိပ်) | တစ်အိတ် | ၄,၆၀၀ |
| ဘိလပ်မြေ (ကျောက်ဆူးတံဆိပ်) | တစ်အိတ် | ၄,၉၀၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၉၈ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၈၅ |
| အုတ် (၈ ပေါက်အုတ်) (အထိုင်ဈေး) | တစ်လုံး | ၉၃ |
| အုတ် (၁၀ ပေါက်အုတ်)(အထိုင်ဈေး) | တစ်လုံး | ၂၂၅ |
| သဲ (အကြမ်း) | တစ်ကျင်း | ၁၁,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၆,၅၀၀ |
| ကျောက် | တစ်ကျင်း | ၄၀,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၅၀၀-၆၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၆၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.36mm) | ၁ ပေ | ၈၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၈၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.4mm) | ၁ ပေ | ၉၀၀ |
| Posco ကြယ်စိမ်း (၆။၇။၈ ပေ) | ၁ ပေနှုန်း | ၄၆၀ |
| Posco ကြယ်စိမ်း (၉။၁၀ ပေ) | ၁ ပေနှုန်း | ၄၆၅ |
| Posco ကြယ်စိမ်း (၁၁။၁၂ ပေ) | ၁ ပေနှုန်း | ၄၇၀ |
| ရိုးရိုးသွပ်မိုးပြား(ဆင်နီ ၆။၇။၈။၉။၁၀။၁၁။၁၂) | ၁ ပေ | ၅၃၀ |
| ရိုးရိုးသွပ်မိုးပြား(ဆင် ၆။၇။၈) | ၁ ပေနှုန်း | ၂၅၀ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၁၀၀ |

အထက်ပါဈေးနှုန်းများမှာ ဒီဇင်ဘာ(၂၂) ရက်တွင် ကောက်ယူထားသောဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၈၀၀-၁,၇၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၃၀၀ |
| ဆန်(ဇီယာ) | တစ်ပြည် | ၆၀၀-၁၀၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၆၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၁,၄၀၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၄,၁၀၀ |
| ဆား(အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၁,၅၀၀-၁,၆၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၁,၅၀၀-၁,၈၀၀ |
| သကြား | တစ်ပိဿာ | ၁,၁၀၀-၁,၂၅၀ |
| မန်ကျည်းမှည့်(အစေ့လွတ်) | တစ်ပိဿာ | ၁,၃၀၀ |
| အာလူး | တစ်ပိဿာ | ၆၀၀-၇၀၀ |
| နို့ဆီ | တစ်ဘူး | ၅၀၀-၇၂၀ |
| နို့စိမ်း | တစ်ဘူး | ၆၀၀-၇၀၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၉၀-၁၁၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၂၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၅၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၆,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၅,၅၀၀ |
| အမဲသား | တစ်ပိဿာ | ၅,၀၀၀ |
| ခရမ်းချဉ်သီး (အင်းသီး) | ၁ သေတ္တာ | ၅,၀၀၀-၅,၅၀၀ |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၃၀၀-၄၀၀ |
| ငရုတ်သီး(အပု) | ၁ ပိဿာ | ၅,၀၀၀-၆,၀၀၀ |

## ငါး၊ ပုစွန်ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၃၀၀-၁,၈၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၄၀၀-၃,၄၀၀ |
| ငါးသလောက် | ၁ ပိဿာ | ၄,၅၀၀-၃၈,၀၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၂,၂၀၀-၃,၂၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၂,၅၀၀-၄,၀၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | ၁ ပိဿာ | ၁၂,၀၀၀-၂၈,၀၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁,၂၀၀-၂,၀၀၀ |

ဒီဇင်ဘာ(၂၂)ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသောလက်ကားဈေးနှုန်းများဖြစ်သည်။

## ပုဂ္ဂလိကစက်သုံးဆီဈေးနှုန်းများ

| နေ့စွဲ | ဓာတ်ဆီ | ဒီဇယ် | Octane | Premier |
|---|---|---|---|---|
| Dec(16) | 3,650 | 3,950 | 4,000 | 4,000 |
| Dec(17) | 3,650 | 3,950 | 4,000 | 4,000 |
| Dec(18) | 3,650 | 3,950 | 4,000 | 4,000 |
| Dec(19) | 3,650 | 3,950 | 4,000 | 4,000 |
| Dec(20) | 3,650 | 3,950 | 4,000 | 4,000 |
| Dec(21) | 3,650 | 3,950 | 4,000 | 4,000 |
| Dec(22) | 3,650 | 3,950 | 4,000 | 4,000 |

ပုဂ္ဂလိက စက်သုံးဆီဆိုင်များမှ ဈေးနှုန်းများဖြစ်ပါသည်။ ဈေးနှုန်းပြောင်းလဲမှု အနည်းငယ် ရှိနိုင်သည်။

## Note Book

| Model | Price |
|---|---|
| **Acer** | |
| Intel 1.86 GHz, 2GB DDR3, 320GB HDD, 10.1" | 253,500 |
| Intel 1.5 GHz, 2GB DDR3, 320GB HDD, 11.6" | 254,000 |
| Intel 1.7 GHz, 6GB DDR3, 500GB HDD, HD, 14" | 760,000 |
| Intel 2.5 GHz, 4GB DDR3, 750GB HDD, HD, 14" | 645,000 |
| **MSI** | |
| Intel 2.1 GHz, 2GB DDR3, 320GB HDD, 1GB VGA,14" | 400,000 |
| Intel 2.1 GHz, 2GB DDR3, 500GB SATA, HD, 14" | 435,000 |
| Intel 2.5 GHz, 4GB DDR3, 500GB SATA,HD, 14" | 574,000 |
| Intel 2.5 GHz, 2GB DDR3, 500GB HDD, 1GB VGA, 14" | 550,000 |
| **Asus** | |
| Intel 2.4 GHz, 4GB DDR3, 500GB HDD, 1GB VGA,14" | 433,000 |
| Intel 2.4 GHz, 2GB DDR3, 500GB HDD, HD, 14" | 379,000 |
| Intel 2.4 GHz, 4GB DDR3, 750GB HDD, 2GB VGA, 14" | 709,000 |
| Intel 2.3 GHz, 4GB DDR3, 1TB HDD, 2GB VGA, 14" | 853,500 |

7 DAY NEWS JOURNAL
Vol.11, No.42 • DECEMBER 27 , 2012

# တရုတ်ကွန်မြူနစ်ပါတီက ၂၀၃၀ ပြည့်နှစ်အထိ တရုတ်ပြည်ကြီးကို ဆက်လက်စိုးမိုးထားနိုင်ဦးမှာလား

**ရွှေနှယ်**

Economist မဂ္ဂဇင်းက လာမည့် ၂၀၃၀ ပြည့်နှစ်အထိ တရုတ်ပြည် ကွန်မြူနစ်ပါတီက တရုတ်ပြည်ကြီးအား ဆက်လက်အုပ်ချုပ်ထားနိုင်ခြင်းရှိ၊ မရှိဟူသော အချက်ကို Online ပေါ်မှ ဆွေးနွေးပေးရန် ဖိတ်ခေါ်ခဲ့ပါသည်။ ထိုသို့ ဆွေးနွေးခဲ့သူပေါင်းများစွာထဲမှ ဆွေးနွေးချက်များအပေါ် ထောက်ခံသူ ရာချီပြီးရှိသော ဆွေးနွေးချက်အချို့ကို ဤဆောင်းပါး၌ ကောက်နုတ်ဖော်ပြပါသည်။



“ ကျွန်တော်သာ ၂၀၃၀ အထိ ဆက်အသက်ရှင်နေဦးမယ်ဆိုရင် ၂၀၃၀ အရောက်မှာ တရုတ်ပြည်ဟာ ပြိုကွဲသွားမှာပါ။ တရုတ်ပြည်နဲ့အတူတူ တရုတ်ပြည်ကွန်မြူနစ်ပါတီလည်း ပြိုကွဲပျက်စီးသွားမှာ ဖြစ်ပါတယ်။ ထိုင်ဝမ်တို့ တိဗက်တို့ဟာ တရုတ်ပြည်လူ့အဖွဲ့အစည်းတွေ၊ ယဉ်ကျေးမှုတွေနဲ့ ဆက်စပ်မှုရှိကောင်းရှိနိုင်ပါတယ်။ ဒါပေမဲ့ ထိုင်ဝမ်တို့၊ တိဗက်တို့ဟာ ပီကင်းရဲ့ နိုင်ငံရေးအရိပ်အောက်က မလွတ်နိုင်သေးသရွေ့ ဒီနှစ်နိုင်ငံအတွက် အနာဂတ် မရှိနိုင်ပါဘူး။

— Libertos

“ တရုတ်ပြည် ကွန်မြူနစ်ပါတီက ကွန်မြူနစ်ဝါဒကို မယုံကြည်တော့ဘူးဆိုတာ အားလုံးသိနေတဲ့ လျှို့ဝှက်ချက်ကြီးပဲ။ ခုအချိန်မှာ ကမ္ဘာ့မြင်ကွင်းကနေ တရုတ်ပြည် ကွန်မြူနစ်ပါတီက ပျောက်ကွယ်သွားခဲ့ပါပြီ။ တရုတ်ပြည်သူပြည်သားတွေအနေနဲ့လည်း ပါတီရဲ့အမည်နဲ့ အယူဝါဒကို သိပ်ဂရုမစိုက်ကြတော့ပါဘူး။ ကောင်းအောင် လုပ်နိုင်ရင် “အိုကေ” တာပါပဲ။ တရုတ်ပြည်ရဲ့ ယဉ်ကျေးမှုက သိပ်လက်တွေ့ဆန်လွန်းပါတယ်။ ခေတ်ရေစီးကြောင်း ပြောင်းလဲမှုနဲ့အတူ နိုင်ငံရေးစနစ်ဟာ လိုက်ပါပြောင်းလဲရမယ်ဆိုတာကို လက်ခံကြပြီးသားပါ။ ကြောင်ဖြူတာ ကြောင်မဲတာ အဓိကမကျဘူး။ ကြွက်ဖမ်းမိဖို့သာ လိုရင်းပါလို့ တိန်ရှောင့်ဖိန်က ပြောခဲ့ဖူးတယ်လေ။ တရုတ်ပြည်မှာ ကွန်မြူ နစ်ပါတီအပါအဝင် ဘယ်သူကမှ ၂၀၃၀ ဘာဖြစ်မလဲဆိုတာကို တိတိကျကျ မပြောနိုင်ကြပါဘူး။ ၂၀၃၀ မှာ တရုတ်ပြည်သူအများစု ကြောင်စိမ်းမှ ကြိုက်မယ်။ ကြောင်ပြာမှ ကြိုက်မယ်ဆိုရင် တရုတ်ပြည် ကွန်မြူပါတီလည်း ကြောင်စိမ်းသော်လည်းကောင်း၊ ကြောင်ပြာသော်လည်းကောင်းဖြစ်သွားနိုင်တာပဲ။ တရုတ်ပြည်သူအများစုက ကြောင်စိမ်းသည်ဖြစ်စေ၊ ကြောင်ပြာသည်ဖြစ်စေ ကြွက်ကိုမဖမ်းပေးနိုင်ရင် ဆက်ပြီး ကျေနပ်နေကြဦးမှာပါ။ ဒါကြောင့် ၂၀၃၀ မှာလည်း တရုတ်ပြည်ကွန်မြူနစ်ပါတီဟာ နိုင်ငံကို ဆက်လက်အုပ်ချုပ်နေမယ့် ပါတီဖြစ်နေဦးမှာပါ။

— Silent Night

“ ၂၀၃၀ ပြည့်နှစ်မှာ တရုတ်ပြည်ဟာ ကမ္ဘာ့စီးပွားရေး အင်အားအကြီးဆုံးနိုင်ငံဖြစ်လာမှာပါ။ နိုင်ငံသားတစ်ဦးချင်းရဲ့ တစ်ဦးကျ ဝင်ငွေဟာလည်း ဖွံ့ဖြိုးပြီး နိုင်ငံက လူတွေရဲ့ ဝင်ငွေအဆင့်ကို မီလာနိုင်ပါတယ်။ တရုတ်ပြည် ကွန်မြူနစ်ပါတီအနေနဲ့ ပါတီကြီး နှစ်ခုအဖြစ် ထွက်ပေါ်လာနိုင်ပါတယ်။ ပထမပါတီက ကွန်မြူနစ်ပါတီအဖြစ်နဲ့ ဆက်ရှိနေမှာပါ။ နောက်ပါတီတစ်ခုက တရုတ်ပြည်ဆိုရှယ်လစ်ပါတီဖြစ်ပါတယ်။

— Showcat

“ တရုတ်ပြည်ရဲ့ စီးပွားရေးတိုးတက်မှုနှင့်အတူ နိုင်ငံသားတစ်ဦးချင်းဟာ လုပ်ပိုင်ခွင့်တွေ ပိုရလာကြမှာဖြစ်ပါတယ်။ နိုင်ငံတော်တည်ငြိမ်အေးချမ်းသာယာရေးနှင့်ပြည်သူတွေရဲ့ လိုလား တောင့်တချက်တွေကို ဖြည့်ဆည်းနိုင်ဖို့အတွက် နိုင်ငံရေးစနစ်ဟာ ပိုမိုပျော့ပျောင်းညင်သာလာဖွယ်ရာရှိပါတယ်။

— Novohispano

“ ၂၀၃၀ ဆိုတာ အဝေးကြီးပါ။ ဘာမှသေသေချာချာ မပြောနိုင်ပါဘူး။ ဒါပေမဲ့ တရုတ်ကွန်မြူနစ်ပါတီနှင့် နိုင်ငံရေးစနစ်ကတော့ တစ်စုံတစ်ရာသော အတိုင်းအတာအထိရောက်အောင် ပြောင်းပေးရမယ်။ ဒါကြောင့် ပါတီတွင်းမှာ တစ်ပါတီစနစ်နဲ့ ဆက်သွားမလား၊ မသွားဘူးလားဆိုတာကို အကျေအလည်ဆွေးနွေးကြဖို့ လိုပါတယ်။ ပါတီအနေနှင့် ပတ်ဝန်းကျင် အပြောင်းအလဲနှင့် လိုက်လျောညီထွေအောင် ဘယ်လိုဆောင်ရွက်မလဲဆိုတာ အင်မတန်မှ အဓိကကျပါတယ်။ ဒီကနေ့ အခြေအနေမှာ တရုတ်ကွန်မြူနစ်ပါတီက နိုင်ငံတော်ကို ဘယ်အတိုင်းအတာအထိ ချုပ်ကိုင်ထားသလဲဆိုတာကို ဘယ်သူမှ တိတိကျကျ မသိပါဘူး။ ခုချိန်ထိတော့ တရုတ်ပြည်ဟာ လျှို့ဝှက်ချက်တွေ ရှိနေဆဲ နိုင်ငံပါ။

— Vanbrugh

“ ၂၀၃၀ ရောက်ရင် တရုတ်ကွန်မြူနစ်ပါတီက ဝါဒရှိနေဦးမလားလို့ မေးလာခဲ့ရင် မရှိနိုင်ဘူးလို့ ဖြေချင်ပါတယ်။ တရုတ်ပြည်ကို ၂၀၃၀ အထိ တစ်ဆက်တည်း ဆက်လက်အုပ်ချုပ်သွားမယ့် အဖွဲ့အစည်းဟာ တရုတ်ပြည်ကွန်မြူနစ်ပါတီကနေ မြစ်ဖျားခံ ဆင်းသက်လာတဲ့ အဖွဲ့အစည်းလားလို့ မေးရင် “ဟုတ်တယ်” လို့ ဖြေပါရစေ။

— Young Weber

“ ၂၀၃၀ ပြည့်နှစ်အထိ တရုတ်ကွန်မြူနစ်ပါတီက တရုတ်ပြည်ကို ဆက်ပြီး အုပ်စိုးနေမှာပါ။ ဒါပေမဲ့ အရင်ကလို အထူးအခွင့်အရေးတွေနဲ့ အုပ်ချုပ်နိုင်ဦးမလားဆိုတာကိုတော့ သံသယရှိပါတယ်။

— Spectaculari

“ တရုတ်ပြည်ကွန်မြူနစ်ပါတီက တရုတ်ပြည်ကို ၂၀၃၀ ပြည့်နှစ်အထိဆက်ပြီး အုပ်ချုပ်နေဦးမှာလားလို့ ပွင့်ပွင့်လင်းလင်းဖြေရရင် အဖြေက အရှင်းကြီးပဲလေ။ တခြားဘယ်ပါတီရှိလို့လဲ။

တရုတ်နိုင်ငံသားတွေရဲ့ DNA မျိုးရိုးဗီဇစရိုက်မှာ ဒီမိုကရေစီမရှိဘူး။ လွတ်လပ်မှုဆိုတာ မရှိဘူး။ ဒါကြောင့် တရုတ်ပြည် ကွန်မြူနစ်ပါတီဟာ ဆက်လက်ရှင်သန်ခွင့် ရနေဦးမှာပါ။

— VyBFtsdfzy

“ နိုင်ငံတစ်နိုင်ငံက ဒီမိုကရေစီစနစ်ကို ဘယ်လောက်မြန်မြန်၊ ဘယ်လောက်ချောချောမွေ့မွေ့ အသွင်ကူးပြောင်းနိုင်တယ်ဆိုတဲ့ ကိစ္စဟာ နိုင်ငံရေးသမိုင်းကြောင်း၊ ယဉ်ကျေးမှုအစရှိတဲ့ အချက်အလက်ပေါင်းများစွာအပေါ်မှာ အကျုံးဝင်ပါတယ်။ တရုတ်ပြည်က လူတွေရဲ့ အသွေးအသားထဲမှာ ဒီမိုကရေစီ DNA ရှိတယ်၊ မရှိဘူးဆိုတာ ပြောရခက်ပါတယ်။

— Chinese Liberal

“ တရုတ်ပြည်ကွန်မြူနစ်ပါတီက ဆက်ရှိနေမှာပါ။ ၂၀၃၀ ပြည့်နှစ် အထိတော့ တရုတ်ပြည်ကြီး တစ်ခုလုံးကို စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ တိုင်းပြည်စီးပွားရေးလည်း တိုးတက်ဖွံ့ဖြိုးလာအောင် ဆောင်ရွက်နိုင်တဲ့ အဖွဲ့အစည်းဟာ ကွန်မြူနစ်ပါတီကလွဲပြီး ဘယ်အဖွဲ့အစည်းမှ မရှိပါဘူး။ တရုတ်ပြည်အတွက် နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုလုပ်ဖို့ ဖိအားတွေက ရှိလာမှာ သေချာပါတယ်။ ဒါပေမဲ့ လာမယ့် ၁၀ နှစ်နှင့် အနှစ် ၂၀ အတွင်းမှာ တရုတ်ပြည်အနေနဲ့ ဒီမိုကရေစီ အသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်အတွက် အဆင်သင့်မဖြစ်နိုင်သေးပါဘူး။ ၂၀၃၀ အလွန်နောက်ပိုင်းရေရှည်မှာတော့ ကွန်မြူနစ်ပါတီဟာ နိုင်ငံရေးမှာ အင်အားကြီးတဲ့ ပါတီတစ်ခုအနေနဲ့ ဆက်ရှိနိုင်ပါတယ်။ အခုတောင် ကွန်မြူနစ်ပါတီတွင်းမှာ မော်ဝါဒီ ရှေးရိုးစွဲသမားတွေနဲ့ ပြုပြင်ပြောင်းလဲရေးကို လိုလားသူတွေကြားမှာ အကွဲအပြဲ တချို့ရှိနေပုံရပါတယ်။

— Felix den Ottolander

“ တရုတ်ပြည်ကွန်မြူနစ်ပါတီ ရဲ့အပြင်ဘက်မှာ အရည်အချင်း ပြည့်မီတဲ့ နိုင်ငံရေးသမားတွေ ရှားပါးတဲ့အတွက် ၂၀၃၀ အထိ ကွန်မြူနစ်ပါတီဟာ နိုင်ငံတော်ကို ဆက်လက်ဦးဆောင်သွားရမှာပါ။

— Fernandezdavila

“ လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာ ကတည်းက တရုတ်ပြည်ကြီးဟာ ရှိခဲ့တာပါ။ ကမ္ဘာမှာ ရောမ၊ အီဂျစ်၊ အိန္ဒိယ အစရှိတဲ့ အင်အားကြီး နိုင်ငံတွေ ပြိုကွဲမှုဖြစ်ခဲ့ပေမယ့် တရုတ်ပြည်ဟာ မပြိုကွဲမပျက်စီးဘဲ ပိုမိုအားကောင်းရှင်သန်ကြီးထွားလာတာကို တွေ့ရမှာဖြစ်ပါတယ်။ တရုတ်ပြည်ရဲ့ ယဉ်ကျေးမှုဟာ သူများနဲ့မတူပါဘူး။ ဒီယဉ်ကျေးမှုကြောင့် တရုတ်နိုင်ငံသားတွေဟာ တစ်စည်းတစ်လုံးတည်းရှိကြပါတယ်။ တရုတ်ပြည်ရဲ့ ဘယ်အစိတ်အပိုင်းမှာနေနေ တရုတ်နိုင်ငံသားတွေကို တောင်ပိုင်းသား၊ မြောက်ပိုင်းသားဆိုပြီး သွေးခွဲလို့မရပါဘူး။ တရုတ်ပြည်နဲ့ တရုတ်ယဉ်ကျေးမှုကို ကျွန်တော်တို့ အင်မတန် ချစ်မြတ်နိုးပါတယ်။

အာဏာရှင်စနစ်အောက်မှာပဲဖြစ်ဖြစ်၊ ဒီမိုကရေစီစနစ်အောက်မှာပဲဖြစ်ဖြစ် တရုတ်နိုင်ငံသားတွေဟာ ဘယ်တော့မှ သွေးမကွဲပါဘူး။ ဒါပေမဲ့ ထိုင်ဝမ်တို့ တိဗက်တို့ကို စူပါ ပါဝါနိုင်ငံကြီးတစ်ခုခုရဲ့ ပယောဂကြောင့် တရုတ်ပြည်ဘက်ကနေ ခွဲထွက်လိုက်ရင် စစ်ဖြစ်သွားမှာကို စိုးရိမ်ပါတယ်။

— Qing Song








SWEETY HOME
i can't sleep without you
HOTEL သုံး စပရိန်မွေ့ရာနှင့် ဟိုတယ်သုံး ပစ္စည်းအမျိုးမျိုး
Sweety Home မှ ထုတ်လုပ်သော Hotel Classic စပရိန်မွေ့ရာသည် Hotel သုံးစပရိန်မွေ့ရာအဖြစ် ရည်ရွယ်ထုတ်လုပ်ထားပါသည်။ မွေ့ရာ၏အပေါ်ယံ Cover ဝိတ်စသည် Fire Guard System ပါရှိသောကြောင့်ဆေးလိပ်မီးပွားများ မွေ့ယာပေါ်ကျလျှင်ဘေးသို့ ကူးစက်လောင်ကျွမ်းမှုမရှိနိုင်သော မီးခံစဖြင့်ချုပ်လုပ်ထားခြင်း၊ အင်းဆက်ပိုးမွှားများမကပ်ညိနိုင်ခြင်း၊ လေဝင်လေထွက်ကောင်းအောင်နှင့် စိုစွတ်ခြင်းမှ ကာကွယ်နိုင်အောင် စပရိန်ဘေးနံရံတွင် လေပေါက်များပါဝင်ပြီး (၁၅)နှစ် Warranty ပါရှိသော အရည်အသွေး မြင့်မားသည့် စတီးစပရိန်ဂွင်းများကို အသုံးပြုထားပါသည်။
15 YEARS WARRANTY
Tel : (01)535694,205224 (02)65938,60810,34021


ဖေါ်မို့(စ်) သောက်လို့
နို့အလှူ အလွယ်တကူကူသိုလ်ယူစို့!
FOREMOST
၁၀ ကျပ်
K B5 B12 B3 E B6 A C D
55
အပတ်စဉ် ကျောင်းသား အယောက် (၁၀၀၀) တို့အား
နို့တိုက်ကျွေးလှူဒါန်းမှု အစီအစဉ်ကို
နှင့်
တို့မှ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။
ယခုနှစ် ၂၀၁၃ မတ်လကုန် အထိ


Games for Windows
1444 DVD
1DVD
Sniper
The Manhunter
EXCELLENT

# 7DAY BOOK REVIEW

## ဘာလဲဟဲ့ မောင်စွမ်းရည်

ဒုတိယကမ္ဘာစစ်ကြီး မတိုင်မီက စာအုပ်တစ်အုပ် ပေါ်ထွက်ခဲ့ဖူးရာ ထိုစာအုပ်သည် လူတို့၏ စိတ်ဓာတ်မြှင့်တင်ရေး၊ ကြုံတွေ့လာသည့် အခက်အခဲများကို ရှောင်ကွင်းမသွားဘဲ ရင်ဆိုင်ပြေးတွေ့ခြင်း၊ ကြံ့ကြံ့ခံ ဖြတ်သန်းခြင်း စသည့် အကြောင်းအရာများကို ရေးသားထားရာ အလွန်ရောင်းကောင်းခဲ့ပြီး အကြိမ်ကြိမ် ပြန်လည် ပုံနှိပ်ထုတ်ဝေရလေသည်။ ထိုစာအုပ်မှာ **ဘာလဲဟဲ့ လောကဓံ** ဟု အမည်ရပြီး စာအုပ်ရေးသားသူမှာလည်း **လောကဓံဦးထွန်းလှ** ဟူ၍ တစ်မုဟုတ်ချင်း နာမည်ကျော်သွားသည်။

ထို့အတူ ထိုကာလက ဘာလဲဟဲ့ ငါလင်၊ ဘာလဲဟဲ့ ငွေဟူ၍ လူထုကြား အသုံးအနှုန်းများ ကျယ်ပြန့်စွာ ပေါ်ထွက်ခဲ့သည်။ တကယ်တမ်းဘာလဲဟဲ့ဆိုသော ဝေါဟာရမှာ စိန်ခေါ်သည့်အသွင် ဆောင်သည်။ ထို့ကြောင့်မို့ ထင်သည်။ ကဗျာဆရာ စာရေးဆရာမောင်စွမ်းရည်က ယခု ဆောင်းပါးများကို ရေးရာ၌ လက်သံပြောင်လွန်း၍ ဘာလဲဟဲ့ မောင်စွမ်းရည်ဟု အမည်ပေးထားသည်။ စာအုပ်တွင် စုစုပေါင်း ဆောင်းပါး ၃၃ ပုဒ်ပါဝင်ပြီး မောင်စွမ်းရည် အမေရိကန်ပြည်ထောင်စုသို့ ရောက်ရှိနေထိုင်စဉ်အတွင်း ပြည်ပမီဒီယာများဖြစ်သည့် ဗမာသတင်းသမဂ္ဂက ထုတ်ဝေသော ဥဒါန်းမဂ္ဂဇင်း၊ ခေတ်ပြိုင်၊ ဟစ်တိုင် အစရှိသည့် စာနယ်ဇင်းများ၌ ၂၀၀၄ စက်တင်ဘာမှ ၂၀၀၆ ခုနှစ်အတွင်းရေးသား ဖော်ပြသော ဆောင်းပါးများ ဖြစ်သည်။




စာအုပ်တစ်နေရာတွင် "ဘုန်းကြီးကအစ ကျောင်းသားအဆုံး လမ်းလယ်ကောင်မှာလူအုပ်နဲ့ရိုက်သတ်၊ သေနတ်နဲ့ ပစ်သတ်နေတဲ့ လူတွေက သူတစ်ပါးကို အကြမ်းဖက်သမားလို့ စွပ်စွဲတာလည်း ၂၁ ရာစုရဲ့ ကမ္ဘာ့ဟာသကြီး၊ ကမ္ဘာ့ပြက်လုံးကြီး ဖြစ်နေပါပြီ။ ဒီချုပ်ကို ကွန်မြူနစ်နဲ့ ပေါင်းသတဲ့။ အခုတရုတ်ကွန်မြူနစ်နဲ့ ပေါင်းနေတာ ဘယ်သူတွေလဲ၊ ကမ္ဘာက သိပါတယ်"ဟု ရေးသားထားသည်။

ဘာလဲဟဲ့ မောင်စွမ်းရည် ဆောင်းပါးတွင် "ကျွန်တော့်ရဲ့ မူရင်း စာရေးဆရာဘဝက ကဗျာဆရာပါ။ ရသ စာပေသမားပါ။ နိုင်ငံရေး သိပ္ပံဘာသာရပ်ကို တက္ကသိုလ်မှာ တစ်နှစ်ပဲ သင်ယူဖူးပါတယ်။ မဆလ နိုင်ငံရေး သိပ္ပံမဟုတ်ပါဘူး။ မန်းတက္ကသိုလ်မှာပါ။ ဒီမိုကရေစီခေတ်ကပါ။ မဆလခေတ်မှာ သတင်းစာတိုက်နဲ့ အလွတ်ကျောင်းတွေ ပြည်သူပိုင်သိမ်းတာကြောင့် အစိုးရအမှုထမ်းဘဝကို လျှောက်လွှာမတင်ရဘဲ ရောက်သွားပေမယ့် မဆလပါတီကို လုံးဝမဝင်ခဲ့ပါဘူး။ ပါတီမိတ်ဆွေလည်း မဖြစ်ခဲ့ဘဲ 'ပါတီရန်သူ' ဘဝကို ခံယူလာခဲ့ပါတယ်။ မန်းတက္ကသိုလ်မှာ ကျောင်းသားသမဂ္ဂ အမှုဆောင်၊ 'တပ်ဦး' လုပ်ဖူးတာလေးတွေ ရှိပါတယ်။ ဘကြီးမှိုင်းငြိမ်းချမ်းရေးလှုပ်ရှားမှုတွေမှာ အများနည်းတူ ပါဝင်လှုပ်ရှားဖူးပါတယ်။ နိုင်ငံရေးသမားတွေနဲ့ တစ်သက်လုံး ပေါင်းသင်းကျွမ်းဝင်လာခဲ့ပေမယ့် တခြား ဘယ်ပါတီတွေကိုမှလည်း မဝင်ခဲ့ဖူးပါဘူး။ ဒါကြောင့် နိုင်ငံရေးသင်တန်းတွေကိုလည်း လုံးဝမတက်ခဲ့ဖူးပါဘူး။ အဲဒီလို စနစ်တကျ မသင်ယူခဲ့ဖူးပေမယ့် ရောက်တတ်ရာရာ နိုင်ငံရေးစာပေတွေကိုတော့ ကြုံသလိုဖတ်ဖူးပါတယ်။ လူဆိုတာ နိုင်ငံရေးသတ္တဝါပဲဆိုတဲ့ စကားအတိုင်း တိုင်းပြည်ကြီး မီးလောင်တော့ မိမိကိုယ်တိုင်လည်း မီးမြိုက်ခံရတဲ့အတွက် ပြည်သူတွေနဲ့အတူ ဘဝအတွေ့အကြုံအရ မသိမဖြစ် သိလာရတဲ့ ဘဝနိုင်ငံရေး ဓာတ်ခံတော့ဖြင့် ငါ့မှာ ရှိလေရဲ့လို့ ခံယူပါတယ်" ဟု ရေးသားဖော်ပြထားသည်။ စာအုပ်ကိုငါတို့စာပေက တန်ဖိုး ၂,၀၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

# Knowledge ဗဟုသုတ

## ပက်စီနဲ့ ကိုကာကိုလာထုတ်လုပ်မှု ဘယ်သူပိုစောလဲ

ကမ္ဘာကျော်အချိုရည်အမှတ်တံဆိပ်နှစ်ခုဖြစ်သော ပက်စီကိုလာနှင့် ကိုကာကိုလာတို့မှာအမေရိကန်ကုန်အမှတ်တံဆိပ်နှစ်ခုအဖြစ် လူသိများကြသည်။ သို့သော် ယင်းအချိုရည် အမှတ်တံဆိပ်နှစ်ခုတွင် ပေါ်ပေါက်ခဲ့သည့် သက်တမ်းချင်းယှဉ်ပါက ပက်စီကိုလာကုမ္ပဏီမှာ နောက်ကျသည်။ ပက်စီကိုလာ အချိုရည်ကို ၁၈၉၃ ခုနှစ်တွင် Brad's Drink အမည်ဖြင့် စတင်ထုတ်လုပ်ခဲ့ပြီး ၁၈၉၈ ဩဂုတ် ၂၈ ရက်တွင် ပက်စီကိုလာအမည်ဖြင့်ထုတ်လုပ်ကာ ၁၉၆၁ ခုနှစ်တွင်မှ ပက်ပ်ဆီ (Pepsi) အမည်သို့ပြောင်းလဲခဲ့သည်။

ကိုကာကိုလာ အချိုရည်ကုမ္ပဏီမှာ ဂျော်ဂျီယာပြည်နယ် အတ္တလန်တာမြို့အခြေစိုက်ဖြစ်ပြီး ၁၈၈၆ ခုနှစ်မှစ၍ အချိုရည်များထုတ်လုပ်ရောင်းချလာခဲ့သည်။ ကိုကာကိုလာဖျော်ရည်အမျိုးမျိုးကို ကုတ်(Coke)ဟူသော အမှတ်တံဆိပ်ဖြင့်လည်း ၁၉၄၄ ခု နှစ်တွင် စတင်မှတ်ပုံတင်ပြီး ထိုအမည်ဖြင့်ပင် လူအများက ခေါ်ဝေါ်ကြသည်။ ကိုကာကိုလာအချိုရည်များတွင် ကဖိန်းဓာတ်မပါသော Caffeine-Free Coca- Cola ကို ၁၉၈၃ တွင်စတင်မိတ်ဆက်ခဲ့ပြီး လိမ္မော်ကိုကာကိုလာ Coca-Cola Orange အထိအချိုရည်ပေါင်း ၁၀ မျိုးခန့်ထုတ်လုပ်ထားသည်။ ပက်စီအချိုရည်များတွင်လည်း ၁၉၈၂ ခုနှစ်မှစ၍ ကဖိန်းဓာတ်လုံးဝမပါဝင်သော Pepsi Free အချို့ရည်မှစ၍ ၂၀၁၀ ပြည့်နှစ်တွင်ထုတ်လုပ်သော ပက်စီချယ်ရီဗန်နီလာအထိ အချိုရည်မျိုးကွဲပေါင်းစုံရှိသည်။

—Source: Wikipedia



ဒီဇင်ဘာ ၂၆ ရက်မှ ဇန်နဝါရီ ၁ ရက်အထိ

စံဇာဏီဘို

### ARIES — မိဿရာသီဖွား (မတ်၂၁-ဧပြီ၂၀)

အကြီးအကဲတစ်ဦးထံမှ မျှော်လင့်မထားသော အထောက်အကူရခြင်းနှင့် ကြည့်ရှုထောက်ပံ့ခြင်း ခံရမည်။ အရွယ်လွန် အပျိုကြီးများအဖို့ ထူးခြားသော အချစ်ရေးကံပွင့်ခြင်းများ ကြုံကာ ဘဝရှေ့ရေး ရင်အေးဖွယ် အဖော်မွန်ကောင်းများ ရရှိမည်။ ငွေကြေးလုပ်ငန်းကိစ္စများတွင် သစ္စာမဲ့သည်ဟု ယူဆသတ်မှတ်ထားသူက မှန်မှန်ကန်ကန် ငွေကြေးလုပ်ငန်းရေးရာ အထောက်အကူပြုမည်။

### TAURUS — ပြိဿရာသီဖွား (ဧပြီ၂၁-မေ၂၁)

စိတ်ကစားကာ မိမိထံမှ ခွဲခွာသွားသော ချစ်သူက မိမိအား ပြန်လည်ဆက်သွယ်လာခြင်းများ ကြုံမည်။ အခွင့်အရေးဟောင်းများ ပြန်ရမည်။ ခရီးကိစ္စများအဆင်ပြေမည်။ ဆုံးဖြတ်ချက် မှန်မည်။ လမ်းသစ်ထွင်ခွင့်ရမည်။ တစ်ပြိုင်နက်တည်း တစ်ခုထက်မကသော လုပ်ငန်းများ လုပ်ကိုင်ရမည်။ ဝေးကွာနေသော သူများနှင့် ပြန်လည်ဆုံစည်းမည်။ ပညာကံကောင်းမည်။

### GEMINI — မေထုန်ရာသီဖွား (မေ ၂၂-ဇွန် ၂၁)

ရည်ရွယ်ချက်သစ်များကို လက်တွေ့အကောင်အထည်ဖော်သင့်သည်။ ငွေကြေးနှင့်ပတ်သက်သော ကံကောင်းသည်။ အပြိုင်အဆိုင်များကို ကျော်လွှားပြီး အလိုရှိရာ ဆောင်ရွက်အောင်မြင်မည်။ အမျိုးသမီးမိတ်ဆွေတစ်ဦးထံမှ အကူအညီကောင်းရမည်။ စုပေါင်းလုပ်ငန်း လုပ်ကိုင်ရန် အခါကောင်းကျရောက်သည်။ မိတ်ဆွေသစ် တိုးပွားမည်။

### CANCER — ကရကဋ်ရာသီဖွား (ဇွန် ၂၂-ဇူလိုင် ၂၂)

အကြီးအကဲနှင့် နီးစပ်သော လုပ်ငန်းများတွင် တာဝန်ယူရမည်။ လုပ်ရိုးလုပ်စဉ် မဟုတ်သော ကိစ္စများကို ကိုင်တွယ်လုပ်ကိုင်၍ အကျိုးကောင်းရရှိမည်။ ဝေးကွာနေသော အဆက်အသွယ်များနှင့် ပြန်လည်ချိတ်ဆက်ရမည်။ ဝေးကွာနေသော အဆက်အသွယ်များနှင့် ပြန်လည်ချိတ်ဆက်ရမည်။ အသက်ကွာခြားသော သူများနှင့် မေတ္တာရေးကိစ္စပေါ်မည်။ မိမိထက် အသက်ကြီးသူများနှင့် မေတ္တာရေးနှောင်ဖွဲ့မည်။

### LEO — သိဟ်ရာသီဖွား (ဇူလိုင်၂၃-ဩဂုတ်၂၃)

မေတ္တာထား၍ ကူညီသော သူများနှင့် တွေ့မည်။ ကိုယ်ဆောင်ရွက်ထားသော ကိစ္စအဝဝအပေါ် နားလည်လက်ခံသူများ ရှိမည်။ ကောင်းသော အမည်ကျော်ကြားခြင်းကို ရမည်။ ပြဿနာအခက်အခဲများကို ဖြေရှင်းနိုင်မည်။ ဝေးကွာနေသော သူများ၊ ကွဲကွာနေသော ချစ်သူနှင့် ပြန်ဆုံမည်။ မေတ္တာရေးရာ ဇာတ်လမ်းဟောင်းများ အသစ်တစ်ဖန် ပြန်လည်ရှင်သန်မည်။

### VIRGO — ကန်ရာသီဖွား (ဩဂုတ်၂၄-စက်တင်ဘာ၂၂)

အခက်အခဲများကို ကျော်လွှား၍ မြင့်မားသော အနေအထားသို့ ရောက်ရှိမည်။ ပညာအတတ်နှင့် လုပ်ငန်းပိုင်းကို စနစ်တကျ ဆောင်ရွက်၍ တိုးတက်အောင်မြင်မှုရမည်။ လူမျိုးကွဲ၊ လူမျိုးခြားများနှင့် ဆက်သွယ်လုပ်ကိုင်ခြင်းများမှ တိုးတက်မှုအဆင့်ဆင့် ဖြစ်ပေါ်မည်။ လုပ်ငန်းခွင်မှ သူများ ရာထူးတိုးမည်။ ကိုယ်ပိုင်လုပ်ငန်းလုပ်သူများ ဆုံးဖြတ်ချက် မှန်ကန်၍ အောင်မြင်မှုရမည်။

### LIBRA — တူရာသီဖွား (စက်တင်ဘာ၂၃-အောက်တိုဘာ၂၃)

အရေးပါသော ဆုံးဖြတ်ချက်များ ချမှတ်ရမည်။ အခက်အခဲများ ကျော်လွှားနိုင်မည်။ လူမျိုးကွဲ၊ လူမျိုးခြားများနှင့် ပူးပေါင်းဆက်စပ်သော လုပ်ငန်းများ အကျိုးပေးမည်။ နေအိမ်နေရာ အပြောင်းအရွှေ့ စီစဉ်သူများအဖို့ ကောင်းသော အဆင့်မြင့် အပြောင်းအလဲများ ကြုံမည်။ ဆုံးဖြတ်ချက်များ မှန်ကန်မည်။ သူတစ်ပါးအံ့ဩလောက် ဆောင်ရွက်နိုင်စွမ်းရှိမည်။

### SCORPIO — ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄-နိုဝင်ဘာ၂၂)

မိတ်ဆွေအကြီးအကဲထံမှ အကြံဉာဏ်ကောင်းရရှိမည်။ သွားရင်း၊ လာရင်း ကြုံသောအနေအထားမှ အတုယူ အလေးထားသော အရာများမှ အကျိုးရှိသော အချင်းအရာများဖြစ်ပေါ်မည်။ ငွေကြေးကိစ္စ၊ လူမှုရေးကိစ္စများတွင် ပြောဆိုဆောင်ရွက်သမျှ အဆင်ပြေချောမွေ့စွာ ဖြစ်ထွန်းမည်။ ငွေအစုလိုက်ဝင်မည်။ လာဘ်လာဘ တိုးပွားမည်။

### SAGITTARUS — ဓနုရာသီဖွား (နိုဝင်ဘာ၂၃-ဒီဇင်ဘာ၂၁)

ဆုံးဖြတ်ချက် မှားယွင်းပြီး လျှောက်လှမ်းရာလမ်းစ နှစ်မျိုးပေါ်သည့်အနက် တိုးတက်ရန် အခွင့်အလမ်းနည်းပါးပြီး ဘဝကြမ်းကို ဦးတည်ဝေသော လမ်းကြောင်းအား ရွေးချယ်မိမည်။ လူပေါင်းများ ဆုံးဖြတ်ချက်မှားတတ်သည်။ မပေါင်းအပ်သူကို ပေါင်းခြင်း၊ အများတကာနှင့် ဆန့်ကျင်ဘက်လမ်းကြောင်းကို လုပ်ခြင်း၊ ပြဿနာအမှုများသော ကိစ္စများကို ဆောင်ရွက်မိသောကြောင့် စိတ်သောကရောက်ရမည်။

### CAPRICORN — မကာရရာသီဖွား (ဒီဇင်ဘာ၂၂-ဇန်နဝါရီ၂၀)

အတတ်ပညာကို အခြေတည်၍ တိုးတက်မည်။ လုပ်ငန်းအကြံအမည်များ အဆင့်ဆင့် အောင်မြင်မည်။ လုပ်ငန်းခွင်မှသူများ ပညာသင်တန်းတက်ရောက်ရမည်။ တစ်ခုထက် မကသော လုပ်ငန်းများ လုပ်ရမည်။ မိဘဆွေမျိုး အကြီးအကဲကြောင့် စိတ်သောက ရောက်ရမည်။ လူအများကိစ္စများတွင် ပါဝင်ပတ်သက်ရမည်။ လူမျိုးကွဲ၊ လူမျိုးခြား အကျိုးပေးမည်။

### AQUARIUS — ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁-ဖေဖော်ဝါရီ၁၈)

အလှူမင်္ဂလာကိစ္စများ ပါဝင်ပတ်သက်ရမည်။ အချစ်ရေး၊ မေတ္တာရေးကိစ္စများ အထူးကံကောင်းသည်။ စုပေါင်းတွဲဖက်လုပ်ကိုင်ရန် ကမ်းလှမ်းခံရမည်။ အပြိုင်အဆိုင်အားလုံးကို ကျော်လွှားနိုင်မည်။ မြှုပ်နှံထားသော ငွေကြေးစီးပွားများမှ ကောင်းသော အကျိုးဆက် ရရှိမည်။ လာဘ်လာဘပွင့်မည်။ သွားနာ၊ သွားကိုက်ဖြစ်တတ်သည်။

### PISCES — မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉-မတ်၂၀)

သူတစ်ပါးပြဿနာများ မိမိထံကူးစက်ရောက်ရှိတတ်သည်။ ရန်ပဋိပက္ခများနှင့် ရင်ဆိုင်ရမည်။ အခက်အခဲများနှင့် ထိပ်တိုက်တွေ့မည်း။ နာမည်သိက္ခာ ထိခိုက်အောင် စွပ်စွဲပြောဆိုခံရမည်။ ငွေကြေးစာရင်း ဇယားအရှုပ်အထွေးများ ဝင်ရောက်ပတ်သက်ရမည်။ သူတစ်ပါးအပေါ် အားနာခြင်း အနစ်နာခံခြင်းကြောင့် ကိုယ်တိုင်တွင် ဒုက္ခရောက်မည်။

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.11, No.42 • DECEMBER 27 , 2012

## စာ-၂၆၊ မိုင်ထောင်ချီ ပျံသန်းသွားသော ကြိုးကြာ မှ

ယင်းမာ တေးသံသွင်းက ဖြန့်ချိသော ထိုအခွေမှာ ခင်မောင်တိုးမှန်း ပရိသတ်သိသွားသည်။ ထိုအခွေတွင် သူတို့တစ်ဖွဲ့လုံးကြိုးစားထားသည်။ **ရတနာသူ၊ ဝိုင်းရဲ့ဆည်းဆာ၊ ကြိုးမဲ့ချည်တိုင်၊ မင်းတို့ဘယ်တော့လဲ** သီချင်းတွေ လက်ဖက်ရည်ဆိုင်များမှာ ကြားရသည်။ ထိုကာလက သီချင်းတစ်ပုဒ်ပေါက်၊ မပေါက်ကို လက်ဖက်ရည်ဆိုင်ဖြင့် အဆုံးအဖြတ်ပေးနိုင်သည်။ အထူးသဖြင့် ကိုတိုးနှင့်ကိုမောင်မောင်တို့ တွဲဖက်ရေးသားသော **ဝိုင်းရဲ့ဆည်းဆာ(၁၊ ၂)** ကို ဂစ်တာသမားတွေ အလွန်ကြိုက်သည်။ လမ်းဘေး ဂစ်တာဝိုင်းမှာ တခုပ်တရ တီးကြသည်။ တကယ်တော့ **ဝိုင်းရဲ့ဆည်းဆာ** သည် မြန်မာ့ရိုးရာဟန် မယ်ဒလင်တီးကွက်နှင့် ဂီတသစ်ကို အမှီပြုထားသည်။ စည်းအဝင်အထွက် ပညာပါသည်။ စာသားက ချစ်ခြင်းမေတ္တာကို သင်္ခါရဖြင့် ဆက်စပ်ဖော်ကျူးထားသည်။ နောက်တစ်ပုဒ် **ကြိုးမဲ့ချည်တိုင်** သည်ကား ယနေ့တိုင် မရိုးဟောင်းနိုင်သော သီချင်း၊ ၅၂၈ သမုဒယမေတ္တာ၊ သမုဒယတရားကို ပီပြင်စွာ ဖော်ကျူးထားသည်။ အိမ်ထောင်သည်ဖခင်တိုင်း လှုပ်နှိုးထိခတ်စေသော သီချင်း။

(၄)

တစ်နေ့. . . ကိုမောင်မောင်က ပြောသည်။ လိစ္ဆဝီများကို အမည်ပြောင်းရန်၊ ကိုမောင်မောင့်ပြေကြားချက်အရ လိစ္ဆဝီများ ဆိုသည် လူအများခေါ်ရာ၌ အခက်အခဲအနည်းငယ်ရှိကြောင်း ထို့ကြောင့် **မဇ္ဈိမလှိုင်း (Medium Wave)** အမည်သစ်ဖြင့် တီးဝိုင်းကို ယခုထက် ပိုမိုကျယ်ပြန့် ကျစ်လျစ်စွာ ဖွဲ့စည်းပြီး ဂီတလမ်းကြောင်းပေါ် ဆက်လက်လျှောက်လှမ်းလိုကြောင်း၊ နဂိုကတည်းက စည်းလုံးညီညွတ်သော အဖွဲ့ဖြစ်၍ ကိုမောင်မောင်ပေးသော အမည်ပြောင်းလိုက်ပြီး တီးဝိုင်းကိုလည်း ပရော်ဖက်ရှင်နယ် ပီသစွာ ပြန်လည်ဖွဲ့စည်းခဲ့ကြသည်။ လိဒ်ဂစ်တာနှင့် စီမံခန့်ခွဲမှု - ဇော်မျိုးထွဋ်၊ ဘေ့စ်- ကိုရဲလွင်၊ ဒရမ် - တွတ်ကီ၊ ရစ်သမ်- ခင်မောင်တိုး၊ တယော- ကိုတင်ငွေ၊ လေမှုတ်တူရိယာ- ကိုစောနု၊ စန္ဒရားနှင့် ကီးဘုတ်- မောင်မျိုးခင်တို့ဖြင့် မဇ္ဈိမလှိုင်းကို ခိုင်ခိုင်မာမာ ဖွဲ့စည်းလိုက်ကြသည်။ ကိုမောင်မောင်နှင့် ကိုနေဝင်းတို့က တိုက်ရိုက် အမည်မခံဘဲ အင်အားတစ် ရပ်အဖြစ် ပါဝင်ခဲ့သည်။

၁၉၈၀ ပြည့်လွန်နှစ်တွေမှာ တံတားဖြူနားက ခရမ်းပြာဆောင်မှာ အတူနေကြရင်း သီချင်းအသစ်တွေ ရေးဖွဲ့ကြသည်။ သည်တုန်းက ကိုတိုးသည် အရှေ့ရန်ကင်း၌ နေသော်လည်း ခရမ်းပြာသည် သူ၏ အသိုက်အမြုံတစ်ခု၊ ခရမ်းပြာတွင်ပန်းချီကိုမြိုး၊ ကိုခင်ဝမ်းတို့ကလည်း မဇ္ဈိမလှိုင်းနှင့် ထွေးရောယှက်တင်၊ မကြာခဏ ရောက်လာလေ့ရှိသော မန္တလေးသား ဂျေမောင်မောင်လည်း မဇ္ဈိမလှိုင်းနှင့် မခွဲမခွာ။

တူရိယာပိုင်းမှစ၍ အားကောင်းလာသော မဇ္ဈိမလှိုင်းသည် အမျိုးသားဟန်နှင့် ပေါင်းစပ်ထားသော စတီရီယိုဂီတသစ်လမ်းကြောင်းကို ဖောက်ခဲ့ကြသည်။ မှတ်မှတ်ရရ မဇ္ဈိမလှိုင်းဂီတအဖွဲ့ကို ၁၉၈၂ ဒီဇင်ဘာလအတွင်း ဖွဲ့ခဲ့ခြင်းဖြစ်၍ ယခုဆိုလျှင် နှစ်ပေါင်း သုံးဆယ်တိတိ တည်တံ့နိုင်ခဲ့ပြီ။

၁၉၈၅ ဇန်နဝါရီ ၁ ရက်၊ **မဟာဆန်သူ** စီးရီးထွက်လာသည်။ မဇ္ဈိမလှိုင်းအဖွဲ့သားအားလုံး ကြိုးစားရေးသား၊ တီးခတ်ထားသော ယင်းအခွေမှာ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ပေါက်သွားသည်။ မဟာဆန်သူနှင့် အတူ **ထားရစ်တော့အလွမ်း၊ အချစ်စစ်ဆိုတာ၊ ဆည်းလည်းလှိုက်သံ၊ ပြန်မလှည့်တော့ဘူး၊ ဒဏ္ဍာရီ၊ လွန်ခဲ့သောနေ့** သီချင်းတွေ လူငယ်ထုထဲ စိမ့်ဝင်ပျံ့နှံ့သွားသည်။ လူငယ်တွေသာမက လူကြီးပိုင်းပါ ငဲ့ကြည့်လာရသည်။ အသေအချာနားထောင်ကြည့်တော့ ထူးခြားဆန်းသစ်သည့်သံစဉ်တွေကြားရသည်။ ဂီတစီမံခန့်ခွဲမှု အားကောင်းကောင်း၊ ပြီးတော့. . . ကော်ပီတွေမဟုတ်၊ ကိုယ်ပိုင်သံစဉ်တွေ၊ အထူးသဖြင့် အဆိုနှင့်အတီးပိုင်းတွင် မဟာဆန်သူ၊ ထားရစ်တော့အလွမ်း၊ ပြန်မလှည့်တော့ဘူး၊ ဒဏ္ဍာရီတို့ကို ဂစ်တာသမားတိုင်းလိုလို ကြိုက်ကြသည်။ လမ်းဘေးတီးသည့်အခါ ဂစ်တာနှစ်လုံး၊ သုံးလုံး တွဲဖက်တီး၍ မြိုင်ဆိုင်လှသည်။ အဆိုပိုဒ် သတ်သတ်၊ အတီးပိုဒ် သတ်သတ်၊ အတီးပိုဒ်တွင်လည်း ကျရာကဏ္ဍ၌လက်စွမ်းပြခွင့်ရကြသည်။ **ထားရစ်တော့အလွမ်း** ဆိုလျှင် Solo အပိုဒ်များ၌ လိဒ်ဂစ်တာ ဇော်မျိုးထွဋ် လက်စွမ်းပြတီးခတ်ထားရာ မြန်မာဟိုင်းဝေးစတားသီချင်းဟုပင် သတ်မှတ်ခံရသည်။ ထိုအချိန်က ကမ္ဘာတွင် ဟိုင်းဝေးစတားအဖွဲ့သီချင်း အလွန်ပေါက်နေချိန်၊ **ပြန်မလှည့်တော့ဘူး** သီချင်းမှာ အသက်ငယ်ငယ်နှင့် ကွယ်လွန်သွားရှာသော **Aces** တီးဝိုင်းမှ လိဒ်ဂစ်တာတီးခတ်သူ မိုးကျော်ကို ရည်စူး၍ ကိုမောင်မောင် ရေးဖွဲ့ခဲ့ခြင်းဖြစ်သည်။ အထူးပြောစရာရှိသည်မှာ ကိုနေဝင်း ရေးဖွဲ့ထားသော **လွန်ခဲ့သောနေ့** သီချင်း၊ လွန်ခဲ့သောနေ့မှာ ပြည်တွင်းငြိမ်းချမ်းရေးရရှိရေး၊ လက်နက်ကိုင်စစ်ပွဲများအဆုံးသတ်ရေးအတွက် ရည်ရွယ်၍ ကို နေဝင်းက ရေးဖွဲ့ထားခြင်းဖြစ်သည်။ ထိုသီချင်းမှာ နှစ်များစွာကြာသည့်တိုင် တောတွင်းလက်နက်ကိုင်တပ်ဖွဲ့များကြား ငြိမ်းချမ်းရေးကို မက်မောတောင့်တကာ သီဆိုခဲ့သည့်သီချင်း. . .

မိုးမခပင်တွေ တို့သက်သေတည်
စိမ်းယဉ်သော အေးမြကန်သာမြေ
ရိုးမတောင်ခြေ
ရင်ဝယ်အလှသစ္စာတည်
ငြိမ်းအေးစေ. . .

ကိုတိုး၏ ဘယ်သံဝါဝါကြီးဖြင့် သီဆိုလိုက်သော Chorus အပိုဒ်သည် မြင့်မားသောအသံမှ ချက်ချင်းအနိမ့်ဆုံးအသံ Tune အထိ နှိမ့်ချလိုက်ခြင်းမှာလည်း ကိုတိုးရဲ့ဟန်တစ်မျိုးပင်ဖြစ်လိမ့်မည်။ လွန်ခဲ့သောနေ့ သီချင်းတွင် ပါဝင်သော စာသားတစ်လုံးချင်းစီသည် လေးနက်မှု အပြည့်ရှိပြီး ယင်း၏နောက်ကွယ်တွင် အနှစ်သာရအားဖြင့် အပြည့်ရှိခဲ့သည်။ ဥပမာ - **ထွေးပွေ့မယ့်လက်ရယ် သဘောချင်းမျှစေ** စာသား၌ ငြိမ်းချမ်းမှုရရှိရေး၊ တစ်ဖက်နှင့်တစ်ဖက် အပစ်အခတ်ရပ်စဲပြီး တစ်ဦးကိုတစ်ဦး ပွေ့ဖက်မည့် လက်များတွင် ယုံကြည်ခိုင်မြဲခြင်းဟူသော သဘောထား မျှတစွာ ပါဝင်နေရမည် ဟု သုံးနှုန်းထားခြင်းမျိုး ဖြစ်ပါသည်။ ကိုတိုး၏ ထိုသီချင်းသံ ကြားရလေတိုင်း သီချင်းအနှစ်သာရကိုသိသူတိုင်း ပြည်တွင်းငြိမ်းချမ်းရေးကို ငတ်မွတ်တောင့်တခဲ့ကြသည်။

*(ဆက်လက်ဖော်ပြပါမည်)*

JOKE

### ကတိတည်ပါ

အက်ဝပ်တစ်ယောက် အိမ်ထောင်ကျသွားသည်မှာ တစ်နှစ်ရှိပြီဖြစ်သည်။ တစ်နေ့တွင် အက်ဝပ်ဆီသို့ ပြန်ပေးဆွဲသူများထံမှ စာတစ်စောင်ရောက်လာသည်။ စာထဲတွင် . . .

"မင်း ငါတို့ဆီကို ဒေါ်လာတစ်ရာ ပို့မပေးဘူးဆိုရင် မင်းရဲ့မိန်းမကို ပြန်ပေးဆွဲရလိမ့်မယ်" ဟုရေးသားထားသည်။ အက်ဝပ်ကလည်း စာပြန်ရေးသည်။ "ဒီမှာမိတ်ဆွေ၊ ငါ့အနေနဲ့ ကတိမတည်နိုင်ဘူးလို့ မင်းထင်လား။ ဒေါ်လာတစ်ရာဟာ ငါ့အတွက်များလွန်းနေတယ်လို့ မင်းထင်လား။ မင်းသာပြန်ပေးဆွဲမယ်ဆိုတဲ့ ကတိတည်ပါစေ" ဟု ပြန်ရေးလိုက်သည်။

### လွဲချက်

လူစီတစ်ယောက် အပျော်ကြီးပျော်နေသည်။ သူ့ယောက်ျားရာထူးတက်ခြင်းနှင့်အတူ လက်ဆောင်အသစ်ရရှိသောကြောင့်လည်းဖြစ်သည်။ သို့သော် သူမမှာ ပြဿနာတစ်ခုကြုံနေရသည်။ သို့ဖြင့် ဆရာဝန်တစ်ဦးထံ ဖုန်းဆက်သည်။ "ဒေါက်တာရှင့် ကျွန်မကိုယ်အလေးချိန် အမြန်လျော့သွားအောင်ဆေးပေးပါရှင်။ ကျွန်မယောက်ျားရဲ့ လက်ဆောင်လှလှလေးထဲကို ကျွန်မဝင်မရဖြစ်နေတယ်" ဟုဆိုရာ ဆရာဝန်ကလည်း "ဒီနေ့တော့ ဆရာ မအားသေးဘူး။ မနက်ဖြန်မနက်လာခဲ့လေ။ ဆရာဆေးပေးလိုက်မယ်။ သေချာပါတယ်။ မင်းယောက်ျားဝယ်ပေးတဲ့ ညနေခင်းဝတ်စုံကို ဝတ်လို့အဆင်ပြေသွားမှာပါ" ဟုပြောပါသည်။ ဤတွင်လူစီက "ကျွန်မယောက်ျားရဲ့ လက်ဆောင်က ညနေခင်းဝတ်စုံလို့ ကျွန်မ မပြောရပါလားရှင်။ ကျွန်မပြောနေတာ နှစ်ယောက်စီးဆလွန်းကားလှလှလေးရှင့်" ဟု ပြန်ပြောပါသည်။

ဒဂုံမြို့သစ်အရှေ့ပိုင်း မြေကွက်များတွင် ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားသူများ ဆက်သွယ်နိုင်ပါသည်။
ပေ ၄၀' ၊ ၆၀' မြေကွက်များ တစ်ကွက်လျှင် ၁၀ သိန်းမှ သိန်း ၃၅၀ ထိ စုံစမ်းနိုင်ပါသည်။
ဦးဇော်ဝင်းစိန်
ဇမ္ဗူသီဟ အိမ်ခြံမြေ
ဖုန်း - ၀၉ ၅၃၂ ၃၄၉၄၅ ၊ ၀၉ ၅၃၂ ၃၁၃၈၈

ဒူဘိုင်း UAE နိုင်ငံ အဆင့်မြင့် Super Market တွင်လုပ်ရန်
* Cashier/-(ကျား/မ) (ငွေကိုင်) (၃၀)ဦး US 600 + (အချိန်ပို)
* Counterhand/-(ကျား/မ) (၃၀)ဦး US 600 + (အချိန်ပို)
* Merchandisers (၃၀)ဦး US 600 + (အချိန်ပို)
* Porter (၂၀)ဦး US 600 + (အချိန်ပို)
* Baker/Confectioner/- (၁၀)ဦး US600+(အချိန်ပို)
Housing Allowance: Dhs 800 U.A.E Labour Law ... US 600 ... 15% Discount
... ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၂၇ ရက် မှ ၃၀ ရက် ထိ
Licence No.023/2012
ကောင်းလာဘ်စုံ ပြည်ပအလုပ်အကိုင်ရှာဖွေရေးကုမ္ပဏီ
Global(Tower) ...

TRADEMARK CAUTION
Apollo Tyres Ltd. a company incorporated in India at Apollo House, 7, Institutional Area, Sector-32, Gurgaon, Haryana - 122 001, India is the Owner and Sole Proprietor of the following Trademark:-
apollo
Reg:No.4/9164/2009
In respect of : Int'l Class 12 : Tyres, tubes and flaps for automobiles.
Fraudulent imitation or unauthorized use of the said Trademarks shall be dealt with according to law.
U Myint Lwin, Advocate, LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
www.mipadvocate.com
Ph : 371990 27 Dec 2012

## စာ(၄၁) အားနည်းချက်များစွာနှင့် ပုဂ္ဂလိကစိုက်ခင်းတည်ထောင်ခြင်း မှ

ဒေသခံပြည်သူများ သစ်တောစီမံအုပ်ချုပ်ခြင်းတွင် ကိုယ်တိုင်ကိုယ်ကျပါဝင်လာရန် အစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်းကို ဆောင်ရွက်နေသည့် အခြားနိုင်ငံများတွင် သစ်ပင်များစိုက်ပျိုးနေစဉ်အတွင်း သစ်ပင်ကြီးများကြားတွင် ကြားညှပ်စိုက်ပျိုးခွင့်ပေးလာပြီး စီးပွားဖြစ်ထုတ်ကုန်တည်ထောင်သည့်စနစ်ကိုပြောင်းလဲလာကြသည်ဟု ဦးကျော်တင့်ကပြောသည်။

"အောင်မြင်မှုရနေတဲ့ နိုင်ငံတွေ ဆယ့်လေး၊ ငါးနိုင်ငံလောက်ရှိနေပြီး ကိုယ်နဲ့အနီးဆုံးက နီပေါနိုင်ငံပဲ။ ဥရောပမှာတော့ ဆွီဒင်နိုင်ငံပဲ" ဟု ဦးကျော်တင့်က ပြောသည်။

ယခင်က အစုအဖွဲ့ပိုင်သစ်တောတည်ထောင်လုပ်ကိုင်မှုများကို ဆောင်ရွက်နေသည့် အဖွဲ့များက ရာသီဥတုပြောင်းလဲခြင်းဖြစ်စဉ်တွင် သစ်တောထိန်းသိမ်းခြင်းက အရေးပါသော အခန်းကဏ္ဍက ပါဝင်သောကြောင့် အနာဂတ်ကာလတွင် ကာဗွန်ရောင်းဝယ်ခြင်း ထွန်းကားလာပါက အစုအဖွဲ့ပိုင်သစ်တောတည်ထောင်သူများ အရေးပါလာမည်ဟုတွက်ဆထားကြသည်။

မည်သို့ပင် တွက်ဆထားသော်လည်း ကာဗွန်ရောင်းဝယ်ခြင်းနှင့် အာအီးဒီဒီသည် လမ်းကြောင်းပေါ် သို့ရောက်ရန် အချိန်ကာလများစွာ လိုအပ်နေသောကြောင့် လက်တွေ့ကျသည့် စီးပွားဖြစ်သီးနှံများ ကြားညှပ်စိုက်ပျိုးခွင့်ပေးရန် အစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်းများတွင် ဆောင်ရွက်နေသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆောင်ရွက်နေသူများက အကြံပြုသည်။

လက်ရှိမှာလည်း အစုအဖွဲ့ပိုင်သစ်တောတည်ထောင်ခြင်း ရေရှည်တည်တံ့စေရေးအတွက် ပတ်ဝန်းကျင်ကို မထိခိုက်သော ဈေးကွက်အခြေခံသောနည်းလမ်းကို ကျင့်သုံးရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆောင်ရွက်နေသည့် ၁၇ ဖွဲ့နှင့်အတူ သစ်တောပညာရှင်များက ဝိုင်းဝန်းဆွေးနွေးနေကြသည်။

မကြာမီ အသစ်ပါဝင်ဖြည့်စွက်ချက်များနှင့် ထွက်ရှိလာမည့် သစ်တောဥပဒေတွင် အစုအဖွဲ့ပိုင်သစ်တောတည်ထောင်ခြင်း၏ လိုအပ်ချက်များ ပါဝင်လာရန်ပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားများက မျှော်လင့်နေကြသည်။

Environment
7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.11, No.42 • DECEMBER 27 , 2012

ဒေသခံ လူတန်းစားပါဝင်သည့် အစုအဖွဲ့ပိုင်သစ်တော တည်ထောင်အကောင်အထည်ဖော်သော လုပ်ငန်းစဉ်များတွင် အားနည်းချက်နှင့်ပြင်ဆင်စရာအချက်ပေါင်းများစွာရှိနေသေးကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလှုပ်ရှားသည့် အဖွဲ့အစည်းများက ထောက်ပြပြောဆိုကြသည်။

သစ်တောဥပဒေတွင် ခေါင်းစဉ်ငယ်တစ်ခုအဖြစ် ပါဝင်ခဲ့သော အစုအဖွဲ့ပိုင်သစ်တောတည်ထောင်ခြင်းကို ဆယ်စုနှစ်တစ်ခုကျော် အကောင်အထည်ဖော်ခဲ့သော်လည်း အားနည်းချက်များကြောင့် ခရီးမရောက်သေးကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားများက ပြောကြားသည်။

သစ်တောစီမံအုပ်ချုပ်ခြင်း နှစ် ၃၀ စီမံချက်တွင် ဒေသခံပြည်သူများက ထိန်းသိမ်းအုပ်ချုပ်ပြီး စီမံပိုင်ခွင့်ရှိသည့် အစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်းမှာ ဧကနှစ်သန်းကျော်ရှိရမည်ဟု ဝန်ကြီးဌာနက ရည်မှန်းထားသော်လည်း ဆယ်စုနှစ်တစ်ခုကျော်သည့် ကာလတွင် တည်ထောင်ပြီး ဧကမှာတစ်သိန်းကျော်သာရှိသည်ဟု သစ်တောဦးစီးဌာနမှ စာရင်းဇယားများအရ သိရသည်။



ပိုင်းမော်မြို့နယ်ရှိ အစုအဖွဲ့ပိုင်သစ်တောတစ်ခု

ဓာတ်ပုံ - အိဖြူမွန်

# အားနည်းချက်များစွာနှင့် ပုဂ္ဂလိကစိုက်ခင်း တည်ထောင်ခြင်း

အိဖြူမွန်

၁၉၉၂ ခုနှစ်တွင် နောက်ဆုံးပြဋ္ဌာန်းခဲ့သော သစ်တောဥပဒေကို ယခုပြောင်းလဲလာသော ကာလတွင် အသစ်ဖြည့်စွက်ချက်နှင့် ပြင်ဆင်မည်ဟု ဝန်ကြီးဌာနက နှစ်ဆန်းပိုင်းတွင် အသံများ ထွက်လာခဲ့ခြင်းကြောင့် လက်ရှိ လုပ်ကိုင်နေသော သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးသမားများအတွက် မျှော်လင့်ချက်တစ်ခု ဖြစ်လာခဲ့သည်။

ကျန်ရှိနေသော သစ်တောများကို ထိန်းသိမ်းရာတွင် ဝန်ကြီးဌာနမှ ပါဝင်ရန်လိုအပ်ပြီး တစ်ဖက်ကလည်း ဒေသခံ ပြည်သူများက ပတ်ဝန်းကျင်ဆိုင်ရာ ပူးပေါင်းပါဝင်လာပါက အောင်မြင်မည်ဟု ပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားများက ပြောသည်။ သစ်တောစီမံအုပ်ချုပ်ခြင်းတွင် ဒေသခံပြည်သူများ ပူးပေါင်းပါဝင်သော အစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်းကို အားနည်းချက်များ ပြုပြင်ပြီး အကောင်အထည် ဖော်သင့်ကြောင်းလည်း ၎င်းတို့က အကြံပြုသည်။

အစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်း၏ အဓိကပြဿနာမှာ မြေယာလုံခြုံမှုမရှိဘဲ အချိန်မရွေး အစိုးရကဖျက်သိမ်းနိုင်သော အချက်များရှိခြင်းကြောင့် အစုအဖွဲ့ပိုင်သစ်တောတည်ထောင်သူများအဖို့ ရင်တထိတ်ထိတ်ရှိနေဆဲဖြစ်ကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ဆောင်သူများက ထောက်ပြကြသည်။

“အချို့ စီအက်ဖ်(အခု အဖွဲ့ပိုင်သစ်တော) တွေက ဒေသအာဏာပိုင်တွေက တခြားအသုံးချမယ်ဆိုရင်အသုံးချတယ်။ ဒီလိုအခြေအနေမှာစီအက်ဖ်တွေရေရှည်တည်တံ့ဖို့ တိကျသေချာတဲ့ဟာတွေ ချစေချင်ပါတယ်။ ဆုံးဖြတ်ချက် ချတဲ့သူတွေကိုလည်း စီအက်ဖ်နဲ့ ပတ်သက်တဲ့အရာတွေ ကျွမ်းကျင်ဖို့လိုပါတယ်။ လူ့စွမ်းအား အရင်းအမြစ်တွေလုပ်ဖို့ လိုတယ်ဗျ။ ဒီနေရာမှာ ဖြည့်ဆည်းချင်တာအဲဒါတွေလိုတယ်”ဟုသစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်ဟောင်း ဦးတင်အေးက ပြောသည်။

“ဘယ်လိုမှ အယုံကြည် မရှိတော့ဘူးဗျာ။ အစုဖွဲ့ပိုင် သစ်တောကို လျှောက်တုန်းကလည်း ခက်ခက်ခဲခဲနဲ့ လျှောက်ရတယ်။ အခုအဲဒီလို လုပ်သွားတာ တရားဥပဒေမဲ့တယ်လို့ ထင်တယ်။ သူတို့ထုတ်ပြန်ချက်ထဲမှာတော့ သားစဉ်မြေးဆက်လုပ်ပိုင်ခွင့်ရတယ်လို့ ပြောထားတယ်။ အခုဟာက ရှုံ့ချည်နှပ်ချည်လုပ်တယ်”ဟု မြေလတ်ကျေးရွာတွင် အစုအဖွဲ့ပိုင်သစ်တောတည်ထောင်ပြီးမှ မြေပြန်သိမ်းခံရသူ ဆလိုင်းဖဲဖဲက ပြောသည်။

ရခိုင်ရိုးမ အနောက်ဘက်ပိုင်းတွင် အနှစ် ၃၀ လုပ်ပိုင်ခွင့်ရသော မြေလတ်ကျေးရွာသား ၂၀ ကျော်ပိုင်ဆိုင်သည့် အစုအဖွဲ့ပိုင်သစ်တော တည်ထောင်သူများသည် တရုတ်-မြန်မာ ဂက်စ်ပိုက်လိုင်းဖြတ်သန်းမှုကြောင့် မြေဧက ၂၀ ကျော်ကို ဖျက်သိမ်းခံရသည်။ ယင်းကဲ့သို့ အခကြေးငွေနှင့် ခွင့်တောင်းခြင်းမရှိဘဲ လုပ်ပိုင်ခွင့်ရထားသော အစုအဖွဲ့ပိုင်မြေကို ဖျက်သိမ်းလိုက်ခြင်းကြောင့် အစုအဖွဲ့ပိုင်သစ်တော တည်ထောင်ခြင်းကို အယုံအကြည်မရှိတော့ကြောင်း မြေလတ်ကျေးရွာတွင် အစုအဖွဲ့ပိုင်သစ်တော တည်တောင်ထားသူ ဆလိုင်းဖဲဖဲက ပြောသည်။

နှစ်သုံးဆယ်လုပ်ပိုင်ခွင့် ပေးထားသော်လည်း အခြားမြေအသုံးချမှုများရှိပါက အချိန်မရွေးဖျက်သိမ်းနိုင်ခြင်းနှင့် စီးပွားရေးအတွက် ရည်ရွယ်စိုက်ပျိုးခြင်းကို ခွင့်မပြုထားဘဲ ထင်း၊ မီးသွေးနှင့် မျောတိုင်ထုတ်ယူခြင်းမျှသာ ခွင့်ပြုထားသောကြောင့် အစုအဖွဲ့ပိုင်သစ်တော တည်ထောင်ရာတွင် ဒေသခံပြည်သူများအဖို့ စိတ်ပါဝင်စားမှုကို လျော့ကျစေကြောင်း အစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်းလုပ်ငန်းများ ဆောင်ရွက်သူ သစ်တောထိန်းသိမ်းရေးသမား ဒေါက်တာမောင်မောင်သန်းကသုံးသပ်ပြောကြားသည်။

“စီအက်ဖ်ကိုစလုပ်ကတည်းက သူ့ရဲ့ရည်ရွယ်ချက်က ရောင်းရေးဝယ်ရေးမလုပ်ဘူး။ စီအက်ဖ်ရဲ့ အဖွင့်ကို ဒီထက်ဖွင့်ပေးဖို့လိုတယ်။ လောလောဆယ်ဖွင့်မပေးတဲ့အချိန်မှာ ဘယ်လိုလုပ်မလဲစဉ်းစားဖို့လိုတယ်။ ဥပမာ-သမဝါယမဥပဒေနဲ့ ထိန်းသိမ်းဖို့လိုတယ်။ နောက်တစ်ဆင့်က ဥပဒေအရ အစုစပ် လုပ်ငန်းတစ်ခုအနေနဲ့ ဖွဲ့စည်းပြီး လုပ်ခွင့်ပေးမလား။ ဒေသခံတွေအနေနဲ့က ကုမ္ပဏီတစ်ခုတည်ထောင်ရလောက်အောင် ငွေကြေးအင်အားမရှိဘူးဆိုတော့ သူတို့တောကထွက်တဲ့သစ်မဟုတ်တဲ့ သစ်တောထွက်ပစ္စည်းတွေကို စီးပွားဖြစ်လုပ်မလား။ အသိပညာပေးရမယ်။ ကျွမ်းကျင်လာအောင် နည်းပညာပေးရမယ်။ ငွေကြေးထောက်ပံ့ရမယ်။ အဲဒီလို လုပ်ရင် အောင်မြင်ဖို့အလားအလာကောင်းပါတယ်” ဟု ဒေါက်တာမောင်မောင်သန်းက ပြောကြားသည်။

အစုအဖွဲ့ပိုင်သစ်တောများ တည်ထောင်လုပ်ကိုင်ရန်အတွက် မြေနေရာချပေးရာတွင် သစ်ပင်စိုက်ပျိုးနိုင်သော မြေကောင်းမြေသန့်ကို ပေးရန်လိုအပ်ပြီး ယင်းလုပ်ငန်းများနှင့် အကျွမ်းဝင်သော သစ်တောဝန်ထမ်းများနှင့် ထိန်းသိမ်းသော လူ့အဖွဲ့အစည်းက စနစ်တကျထိန်းသိမ်းရန် အသိပညာဆိုင်ရာ သင်တန်းများ လိုအပ်သည်။

“မြေကွက်လပ်ကိုချပေးတယ်။ သစ်ပင်ရှားတာရယ် မြေနည်းနည်းညံ့တာရယ်ကြောင့် သစ်ပင်စိုက်ရတာ ခက်ခဲတာပဲရှိတယ်”ဟု ဧရာဝတီတိုင်းဒေသကြီးတွင် အစုအဖွဲ့ပိုင်သစ်တောတည်ထောင်သူ ဦးသင်းက ပြောသည်။

သယံဇာတနှင့် သစ်ထုတ်လုပ်မှုရှိသော ဒေသများတွင် အစုအဖွဲ့ပိုင်သစ်တော တည်ထောင်ခြင်း ချမှတ်ပေးမှု ခက်ခဲသော်လည်း သစ်တောပြုန်းတီးမှုရှိသော ဧရာဝတီတိုင်းဒေသကြီးတွင် မြေယာခွင့်ပြုမှု လွယ်ကူသည်။ ဧရာဝတီတိုင်းဒေသကြီးတွင် သစ်ပင်မရှိသော မြေကွက်လပ်များကိုသာ အစုအဖွဲ့ပိုင်သစ်တော တည်ထောင်ရန် ခွင့်ပြုခြင်းဖြစ်သည်။

သစ်ပင်စိုက်ပျိုးရာတွင် နှစ်ရှည်ကြာမြင့်သောကြောင့် တည်ထောင်စဉ်ကာလအတွင်း ဒေသခံတို့၏ စားဝတ်နေရေးအတွက် အခြားစီးပွားဖြစ်သီးနှံများ စိုက်ခွင့်ပေးပါက အကျိုးအမြတ်နှင့် ယှဉ်တွဲလာပါက ဒေသခံများ စိတ်ပါဝင်စားပြီး ပါဝင်နိုင်သည်ဟု အစုအဖွဲ့ပိုင်သစ်တောတည်ထောင်ခြင်း ရေးဆွဲရာတွင် ပါဝင်ခဲ့သူ ဂေဟစနစ်ထိန်းသိမ်းရေးနှင့် လူ့အဖွဲ့အစည်းဖွံ့ဖြိုးရေးဦးဆောင်အဖွဲ့ (အီးစီစီဒီအိုင်) မှ ဥက္ကဋ္ဌဦးကျော်တင့်က ပြောသည်။

“ဒေသခံတွေကထင်းလိုမယ်။ မျှောလိုမယ်။ သစ်တောထွက်ပစ္စည်းတွေလိုမယ်။ အဲဒါတာတွေလောက်ပဲ ထုတ်ရတယ်။ အကြီးစားစီးပွားရေးလုပ်ငန်းတွေ မလုပ်ရလို့ သတ်မှတ်ထားတယ်။ စီအက်ဖ်အိုင်ရဲ့ ဥပဒေမှာ အဲဒီလို လုပ်ထားတယ်။ ဂေဟစနစ်တွေ ထိခိုက်မှာစိုးရိမ်လို့ အဲဒါကြောင့် မထည့်ထားတာ။ ဒါပေမဲ့ နောက်ပိုင်းမှာဖြစ်လာတာက ဘာဖြစ်လို့ ဒီလိုကန့်သတ်ထားမှာလည်း သစ်တောတွေ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်မလာဘူး။ သစ်တောများလာလေ အကျိုးရလာလေ။ အခြေခံစီးပွားရေးကို ဖြည့်ဆည်းရုံအောင်သာမကဘဲ ချဲ့ပြီးတော့ လုပ်လာကြတယ်”ဟု အစုအဖွဲ့ပိုင်သစ်တော တည်ထောင်ခြင်း ရေးဆွဲရာတွင် ပါဝင်ခဲ့သည့် အီးစီစီဒီအိုင် ဥက္ကဋ္ဌ ဦးကျော်တင့်က ပြောသည်။

စာ(၄၀) သို့






# Tourism

7DAY NEWS JOURNAL

Vol.11, No.42 · DECEMBER 27 , 2012


# ဒေါ်အောင်ဆန်းစုကြည် ခြံရှေ့နှင့် ရန်ကုန်တက္ကသိုလ်ကို နိုင်ငံခြားသားခရီးသွားများ မျက်စိကျလာ



*ဒေါ်အောင်ဆန်းစုကြည်နေအိမ်ရှေ့တွင် ဓာတ်ပုံလာရိုက်သည့် နိုင်ငံခြားခရီးသွားအဖွဲ့တစ်ဖွဲ့*

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

**နိုင်ချို**

**ရန်ကုန်၊ ဒီဇင်ဘာ-၁၉**

ရန်ကုန်တက္ကသိုလ်နှင့်ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်တို့မှာ ရန်ကုန်မြို့တွင် နိုင်ငံခြားသား ခရီးသွား ဧည့်သည်များ အလွန်စိတ်ဝင်စားသော နေရာများဖြစ်လာကြောင်း ဧည့်လမ်းညွှန်များထံမှ သတင်းရရှိသည်။

အမေရိကန် သမ္မတအိုဘားမား မိန့်ခွန်းပြောကြားခဲ့သော ရန်ကုန်တက္ကသိုလ်အား စိတ်ဝင်တစားကြည့်ရှုလိုသည့် ပြည်ပခရီးသွားများသည် ယခုလဆန်းပိုင်းမှစ၍ ပိုမိုများပြားလာကြောင်း သိရသည်။

"ရန်ကုန်တက္ကသိုလ်ထဲရောဒေါ်အောင်ဆန်းစုကြည်နေအိမ်ရော ဝင်ခွင့်မရှိပါဘူး။ အပြင်ပန်းကတော့ကြည့်ရှုလို့ရတယ်။ ဓာတ်ပုံရိုက်လို့ရတယ်။ ရန်ကုန်တက္ကသိုလ်ထဲကိုဂုဏ်ထူးတန်းတက်နေတဲ့သူမဟုတ်ရင်ဝင်လို့မရဘူး"ဟု Seven Star Tours ခရီးသွားလုပ်ငန်းမှ Reservation Manager တစ်ဦးဖြစ်သူ ကိုဘုန်းဇော်က ပြောသည်။

ခရီးသွားလုပ်ငန်း၏ သဘောသဘာဝမှာ ခရီးသွားဧည့်သည်များ စိတ်ဝင်စားသည့် နေရာများအားဖွင့်ပေးမှုမဟုတ်ဘဲအရောက်အပေါက်များလျှင်လည်း ခရီးစဉ်ဖြစ်သွားလေ့ရှိကြောင်း၊ ရန်ကုန်တက္ကသိုလ်ကို တရားဝင်သွားလာခွင့်ပြုမထားဘဲ တက္ကသိုလ် အတွင်းသို့ သွားရောက်ကြည့်ရှုလိုသူများအပြင် ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်အတွင်းသို့လည်း ဝင်ရောက်ကြည့်ရှုလိုသူ များပြားနေကြောင်း မြန်မာ့ခရီးသွားလုပ်ငန်း ဈေးကွက်မြှင့်တင်ရေးကော်မတီဥက္ကဋ္ဌ ဦးဖြိုးဝေရာဇာက ပြောသည်။

"ဝန်ကြီးဌာနကို Package Tour တွေ သွားချင်တဲ့ လမ်းကြောင်းအရင်ဆုံးစာတင်ရတယ်။ ခွင့်ပြုမိန့်ကျရင် သွားခွင့်ရှိပါတယ်။ ရန်ကုန်တက္ကသိုလ်ထဲကိုတော့ သွားချင်ရင် အရင်ဆုံး စာတင်ရမှာပါ။ ဝန်ကြီးဌာနအနေနဲ့ကလည်း စဉ်းစားပေးမှာပါ" ဟု ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်ခြံဝင်းအတွင်း နေ့စဉ်တာဝန်ယူနေသူတစ်ဦးက "ခြံရှေ့ကို လာကြတယ်။ နေ့တိုင်းလိုလိုကားတွေနဲ့ လာကြတယ်။ ဓာတ်ပုံတွေ ရိုက်ကြတယ်။ တံခါးပိတ်ထားတော့ အပြင်ကပဲ ခြံနားကပ်ပြီး ဓာတ်ပုံရိုက်ကြတာ" ဟု ပြောသည်။

မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှု မစတင်မီ အချိန်များက ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်ရှေ့တွင် ဓာတ်ပုံရိုက်ရန် မဆိုနှင့် လမ်းရှေ့ကပင် ဖြတ်သန်း၍ မရပေ။ ပြုပြင်ပြောင်းလဲရေးလမ်းကြောင်းသို့ စတင်လျှောက်လှမ်းချိန်မှစ၍ ခရီးသွားလုပ်ငန်းမှာ ပိုမိုလမ်းပွင့်လာပြီး ရန်ကုန်တက္ကသိုလ်မှာလည်း လာမည့် ၂နှစ်ခန့်အတွင်း ဝင်ရောက်ကြည့်ရှုခွင့် ရနိုင်လိမ့်မည်ဟု All Asia Exclusive ခရီးသွားလုပ်ငန်း၏ မန်နေဂျင်း ဒါရိုက်တာလည်းဖြစ်သူ ဦးဖြိုးဝေရာဇာက သုံးသပ်ပြောကြားသည်။

## နိုင်ငံအတွင်း ဆန္ဒပြမှုများက ခရီးသွားလုပ်ငန်းအပေါ်ထိခိုက်မှုမရှိ

**နိုင်ချို**

**ရန်ကုန်၊ ဒီဇင်ဘာ-၂၂**

ယခုနှစ်ကုန်ပိုင်းတွင် နိုင်ငံအနှံ့ ဆန္ဒပြမှုများရှိခဲ့သော်လည်း ယင်းဖြစ်ရပ်သည် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းအပေါ် ထိခိုက်မှုမရှိကြောင်း ခရီးသွားလုပ်ငန်းရှင်များထံက ပြောကြားသည်။

"ဆန္ဒပြမှုတွေက ခရီးသွားလုပ်ငန်းကို တိုက်ရိုက်မထိခိုက်ဘူး။ အရင်စစ်အစိုးရ လက်ထက်တုန်းက သတင်းအမှောင်ချချင်တော့ ခရီးသွား ဧည့်သည်အဝင်ကို ကန့်သတ်လိုက်တယ်။ ၂၀၀၇ ခုနှစ်တုန်းကဆို ခရီးသွားလုပ်ငန်းကျသွားတာ သိသိသာသာပဲ" ဟု မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ဈေးကွက်မြှင့်တင်ရေးကော်မတီဥက္ကဋ္ဌ ဦးဖြိုးဝေရာဇာက ပြောသည်။

လွန်ခဲ့သော ဆယ်စုနှစ်များအတွင်း အစိုးရက ခရီးသွားလုပ်ငန်းအား ပံ့ပိုးခဲ့သည်မှာ ယခုနှစ်သည် အမြင့်ဆုံးဖြစ်ပြီး ၁၉၉၆ ခုနှစ်အား မြန်မာ့ခရီးသွားနှစ်အဖြစ် သတ်မှတ်ခဲ့သော်လည်း ၂၀၁၂ ခုနှစ်လောက် အောင်မြင်မှုမရှိခဲ့ကြောင်း ဦးဖြိုးဝေရာဇာက ဆက်လက်ပြောကြားသည်။

"ငြိမ်းချမ်းရေးအတွက် ဆန္ဒပြတာ၊ လပ်ပံတောင်းတောင်ကိစ္စ ဆန္ဒပြတာတွေကြောင့်ပထမတော့ နည်းနည်းစိုးရိမ်တယ်။ ဒါပေမဲ့ အဲဒီဆန္ဒပြမှုတွေက တခြားခရီးသွားလုပ်ငန်းက တခြားစီလိုဖြစ်သွားတယ်။ တိုင်းပြည်ရဲ့ပွင့်လင်းမြင်သာလာမှုလို့ထင်တယ်။ အရင်တုန်းကနဲ့ မတူတာတော့ သေချာတယ်"ဟု ဧည့်လမ်းညွှန်တစ်ဦးက ဆိုသည်။

စစ်အစိုးရအုပ်ချုပ်ခဲ့စဉ်က ပြည်ပမှ သတင်းမီဒီယာများသည် ပြည်တွင်းသို့ လာရောက်သတင်းယူရန် ခရီးသွားဧည့်သည် အယောင်ဆောင်လာရောက်မှုများကြောင့် ခရီးသွားလုပ်ငန်းအပေါ် ကန့်သတ်မှုများ၊ စိစစ်မှုများရှိခဲ့သော်လည်း သမ္မတဦးသိန်းစိန် အစိုးရလက်ထက်တွင် ပြည်တွင်း၊ ပြည်ပမီဒီယာများအား လွတ်လပ်စွာ သတင်းယူခွင့်၊ ခရီးသွားဧည့်သည်များအား စိစစ်မှုမှာ ယခင်လောက် တင်းကျပ်မှုမရှိခြင်းတို့ကြောင့် ဆန္ဒပြမှုများမှာ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းအပေါ် ထိခိုက်မှုမရှိဟု သိရသည်။




7DAY NEWS JOURNAL
Vol.11, No.42 • DECEMBER 27 , 2012



























7DAY NEWS JOURNAL
Vol.11, No.42 • DECEMBER 27 , 2012

# ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေး တောင်ကိုရီးယားသို့ အထူးသံတမန် စေလွှတ်မည်

**တိုကျို၊ ဒီဇင်ဘာ - ၂၂**

ဂျပန်နိုင်ငံ၏ နောက်တက်မည့် ဝန်ကြီးချုပ်သစ် ရှင်ဇိုအာဘေးသည် တောင်ကိုရီးယားသို့ဂျပန် အထူးသံတမန်တစ်ဦးစေလွှတ်ရန်စီစဉ်ထားကြောင်းကြေညာခဲ့ပြီးနောက် တရုတ်နိုင်ငံသို့လည်း အထူးသံတမန်တစ်ဦးစေလွှတ်မည်ဖြစ်ကြောင်းသိရသည်။

ဂျပန်နှင့် တရုတ်အကြား ဆက်ဆံရေးသည် တိုကျိုဘက်မှ ထိန်းချုပ်ထားသော ဆင်ကာကူကျွန်းစုများအရေးကြောင့် တင်းမာခဲ့ရပြီး နှစ်ဖက်စလုံးမှာလည်း ပြဿနာဖြေရှင်းရန် စိတ်ဆန္ဒမရှိဖြစ်နေခဲ့သည်။ ဂျပန်နေ့စဉ်သတင်းစာ နစ်ကိုင်း၏ ဖော်ပြချက်အရ ရှင်ဇိုအာဘေးသည် ၎င်း၏ လစ်ဘရယ် ဒီမိုကရက်တစ်ပါတီမှ ထိပ်တန်းအရာရှိတစ်ဦးကို ရှေ့လတွင် တရုတ်အာဏာပိုင်များထံ ပေးစာတစ်စောင်ဖြင့် စေလွှတ်သွားမည်ဟုသိရသည်။ သတင်းစာ၏ ယခုသတင်းဖော်ပြချက်သည် တရုတ်နိုင်ငံမှ စေလွှတ်သော သင်္ဘောများက ဂျပန်နှင့်အငြင်းပွားကျွန်းစုများအနီး ရေပြင်တွင် ရောက်ရှိပြီးနောက် ပေါ်ထွက်လာခြင်းဖြစ်သည်။ ယခုဖြစ်ရပ်မှာ ရှင်ဇိုအာဘေး၏ ဂျပန်အစိုးရသစ်လက်ထက်တွင် ပထမဆုံးလည်း ဖြစ်သည်။

ရှင်ဇိုအာဘေးသည် ယမန်နေ့ကလည်း တောင်ကိုရီးယားသို့ ဂျပန်အထူးသံတမန်အဖြစ် ယခင်ဘဏ္ဍာရေးဝန်ကြီးဟောင်းဖူကူရှီရိုနုကာဂါကို စေလွှတ်သွားမည်ဖြစ်ကြောင်း၊ ၎င်းနှင့် အတူပေးစာတစ်စောင်ကိုလည်း တောင်ကိုရီးယားသမ္မတသစ်အဖြစ်ရွေးချယ်ခံထားရသော မစ္စစ်ပ့ါက်ဂျွန်ဟေးထံ ပေးအပ်စေမည်ဖြစ်ကြောင်းကြေညာခဲ့သည်။

—*Ref: AFP/CNA*



Photo - Reuters

*အမေရိကန်သမ္မတနှင့် ဖုန်းပြောနေသော တောင်ကိုရီးယားသမ္မတသစ် ပ့ါက်ဂျွန်ဟေး*




# အိုဘားမားနှင့် တောင်ကိုရီးယားသမ္မတသစ် နယ်ပယ်တိုင်း၌ ပူးပေါင်းသွားကြရန်ကတိပြု

**ဝါရှင်တန်၊ ဒီဇင်ဘာ - ၂၂**

အမေရိကန်သမ္မတ အိုဘားမားနှင့် တောင်ကိုရီးယား၏ အသစ်ရွေးချယ်တင်မြှောက်ခံရသော သမ္မတသစ်မစ္စစ်ပ့ါက်ဂျွန်ဟေးတို့သည် မြောက်ကိုရီးယားနှင့် တင်းမာမှုအပါအဝင် နယ်ပယ်တိုင်း၌ နှစ်နိုင်ငံပူးတွဲဆောင်ရွက်သွားကြရန် ကတိပြုခဲ့ကြောင်း အိမ်ဖြူတော်က သတင်းထုတ်ပြန်ခဲ့သည်။

အိုဘားမားသည် တောင်ကိုရီးယား၏ ယခင်စစ်အာဏာရှင်ဟောင်း ပတ်ချုံဟီး၏ သမီးပ့ါက်ဂျွန်ဟေးရွေးကောက်ပွဲတွင် အနိုင်ရခဲ့ပြီးနောက် ဂုဏ်ပြုကြောင်း ဖုန်းဆက်ပြောကြားခဲ့သည်ဟု သိရသည်။ အိမ်ဖြူတော်၏ ကြေညာချက်တွင်လည်း "နှစ်ဖက်စလုံးဟာ အမေရိကန်-တောင်ကိုရီးယား မဟာမိတ်ဖွဲ့ခြင်းရဲ့ အရေးပါမှုကို ထပ်မံအတည်ပြုခဲ့ပါတယ်။ ဒါဟာအာရှပစိဖိတ်ဒေသထဲမှာရော ကိုရီးယားကျွန်းဆွယ်ပေါ်မှာပါ လုံခြုံမှုနဲ့ ငြိမ်းချမ်းရေးရှိဖို့ ဖြစ်ပါတယ်" ဟုပြောသည်။

မြောက်ကိုရီးယားသည် မကြာသေးမီက တောင်ကိုရီးယားသမ္မတ ရွေးကောက်ပွဲမစခင်၌ပင် ဂြိုဟ်တုငယ်တစ်လုံးတင်ဆောင်ထားသော ဒုံးပျံတစ်စင်းကို ကမ္ဘာပတ်လမ်းကြောင်းထဲအောင်မြင်စွာ စေလွှတ်ပြခဲ့ရာ ဂျပန်၊ တောင်ကိုရီးယား စသော အိမ်နီးချင်းနိုင်ငံများကို စိုးရိမ်မှုများ ဖြစ်ပေါ်စေခဲ့သည်။ တောင်ကိုရီးယား သမ္မတသစ် မစ္စစ်ပ့ါက်ဂျွန်ဟေးကလည်း သူမသည် ရာထူးရပြီးနောက် မြောက်ကိုရီးယားနှင့် ဆက်ဆံရေးအတွက် နည်းလမ်းသစ်များ ရှာဖွေသွားမည်ဟု ပြောဆိုထားသည်။

—*Ref: AFP*

# ဖိလစ်ပိုင်တွင် ဘိုဖာမုန်တိုင်းကြောင့် လူသုံးသိန်းခန့် အိုးအိမ်မဲ့နေ

**ဟောင်ကောင်၊ ဒီဇင်ဘာ - ၂၁**

ယခုလအစောပိုင်းတွင် တိုက်ခတ်ခဲ့သော တိုင်ဖုန်းမုန်တိုင်း ဘိုဖာကြောင့် ဖိလစ်ပိုင်နိုင်ငံတွင်အိမ်ရာမဲ့ ဖြစ်ရသူ လူပေါင်း ၃၀၀,၀၀၀ ခန့် ရှိနေကြောင်း နိုင်ငံတကာကြက်ခြေနီအသင်းများ အဖွဲ့ချုပ် IFRC က ပြောကြားလိုက်သည်။

IFRC အဖွဲ့က လူပေါင်းတစ်ထောင်ကျော်သေဆုံးခဲ့ရသော ဘိုဖာမုန်တိုင်းကြောင့် လူနှစ်သိန်းခန့်မှာလည်း အရေးပေါ်အကူအညီများ လိုအပ်နေသည်ဟု ဆိုသည်။ ဖိလစ်ပိုင်ကြက်ခြေနီအဖွဲ့၏အထွေထွေအတွင်းရေးမှူးချုပ် ဂွင်ဒိုလင်ပန်က "အခြေအနေကတကယ့်ကို ဆိုးရွားနေတာပါ။ မုန်တိုင်းမဝင်ခင်က ပိုင်ဆိုင်မှုနည်းနည်းပဲရှိတဲ့သူတွေလည်း ဘာမှမကျန်ဘဲဖြစ်ခဲ့ရပါတယ်။ လာမယ့်ရက်သတ္တပတ်တွေကတော့ အရေးကြီးပါတယ်။ လူတွေရဲ့ နေ့စဉ်လိုအပ်ချက်တွေဖြစ်တဲ့ ရေနဲ့အစားအစာ လိုအပ်ချက်တွေသာမကဘဲ နေအိမ်တွေ ပြန်လည်ဆောက်လုပ်ဖို့နဲ့ အသက်မွေးဝမ်းကျောင်းအလုပ်တွေ ပြန်လုပ်ဖို့လိုနေပါတယ်" ဟုပြောသည်။

လူပေါင်း ၃၃၀,၀၀၀ ခန့်မှာ နေအိမ်များ ဖျက်ဆီးခံခဲ့ရပြီးနောက် ယာယီတဲများတွင်နေထိုင်နေရကြောင်း၊ IFRC ကလည်း အရေးပေါ်ရန်ပုံငွေယူရို ၁၃ ဒသမ ၄ သန်းထောက်ပံ့ထားသည်။ ဖိလစ်ပိုင်နိုင်ငံတွင် ဘိုဖာတိုင်ဖုန်းမုန်တိုင်းကြောင့် မင်ဒါနာအိုကျွန်းမှာ အဓိက ထိခိုက်ခဲ့ရသည်။

—*Ref: AFP*

7DAY NEWS JOURNAL
Vol.11, No.42 • DECEMBER 27 , 2012

နောက်ကျောဖုံး မှ

## အီတလီဝန်ကြီးချုပ်မွန်တီ တာဝန်ထပ်မံထမ်းဆောင်ရန် ဆန္ဒရှိ

ဝန်ကြီးချုပ် ဒုတိယသက်တမ်းရယူရန် တောင်းဆိုမှုများလည်း ကြုံတွေ့နေရသည်။

"ယုံကြည်စိတ်ချရလောက်တဲ့ နိုင်ငံရေးအင်အားစုတွေကသာ သူတို့အတွက် ဝန်ကြီးချုပ်ဝင်အရွေးခံပါလို့ တောင်းဆိုခဲ့ရင် ဒါကို ကျွန်တော် စဉ်းစားသွားပါမယ်"ဟု မစ္စတာမွန်တီကပြောကြားသည်။ မွန်တီ၏ အစိုးရလက်ထက်တွင် အီတလီနိုင်ငံ၏ ဘဏ္ဍာရေးအခြေအနေ တိုးတက်လာစေရန် အခွန်အတုတ်များ အကြိမ်ကြိမ်တိုးမြှင့်ခဲ့ပြီး သုံးစွဲမှုများကို လျှော့ချခဲ့သည်။

ရွေးကောက်ပွဲများမတိုင်မီ နိုင်ငံအား ထိန်းသိမ်းစောင့်ရှောက်သူ ခေါင်းဆောင်အဖြစ် ဆက်လက်တာဝန်ယူထားသူ မစ္စတာမွန်တီသည် ယခင်ဝန်ကြီးချုပ်ဟောင်း ဆီဗီယိုဘာလူစကိုနီလက်ထက် နာမည်ပျက်စရာများ ရှိခဲ့ပြီးနောက် အီတလီနိုင်ငံ၏ ကောင်းသတင်းများ ပြန်လည်ရရှိရေး လုပ်ဆောင်နိုင်ခဲ့ခြင်းအတွက် လူအများအပြား၏ လေးစားမှုကို ရရှိခဲ့သည်။

စီးပွားရေးပညာ ပါမောက္ခဟောင်းလည်းဖြစ်သူ မွန်တီအား အီတလီစီးပွားရေး အသိုင်းအဝိုင်းနှင့် ဂျာမနီဝန်ကြီးချုပ် အန်ဂျလာမာကယ်လ် အပါအဝင် ဥရောပသမဂ္ဂ မဟာမိတ်များကလည်း အခိုင်အမာထောက်ခံကြသည်။

—*Ref: Reuters*

နောက်ကျောဖုံး မှ

## ဆီးရီးယားတွင် ငြိမ်းချမ်းရေး ကိုယ်စားလှယ် လာရောက်စဉ်အတွင်း လေကြောင်းတိုက်ခိုက်မှုကြောင့် လူ ၆၀ ဦး သေဆုံး



ဆီးရီးယားအစိုးရရုပ်သံကမူ ယင်းတိုက်ခိုက်မှုအတွက် လက်နက်ကိုင်အကြမ်းဖက်အုပ်စုများကို ပြစ်တင်ပြောကြားခဲ့ပြီး ယင်းအုပ်စုများကပင် ထိုအဖြစ်အပျက်ကို မှတ်တမ်းတင်၍ အစိုးရလက်ချက်ဟု ပြောကြားခဲ့သည်ဟုဆိုသည်။

ကုလသမဂ္ဂနှင့် အာရပ်အဖွဲ့ချုပ်တို့၏ ပူးတွဲအထူးကိုယ်စားလှယ် မစ္စတာလက်ဒါဘရာဟီမီသည် ဆွေးနွေးပွဲများ ပြုလုပ်ရန် ဒမတ်စကတ်စ်မြို့သို့ ရောက်ရှိလာစဉ်အတွင်း ယခုနောက်ဆုံးသွေးထွက်သံယိုမှုဖြစ်ပွားလာခြင်းဖြစ်သည်။

ဂျုံမရရှိသည်မှာ သုံးရက်ခန့်ကြာပြီဖြစ်၍ ဒီဇင်ဘာ ၂၃ ရက်က ပေါင်မုန့်ဖိုတွင် လူအများအပြား တန်းစီစောင့်ဆိုင်းနေခဲ့ကြကြောင်း၊ ၎င်းတို့ထဲတွင် အမျိုးသမီးများနှင့် ကလေးများ အများအပြားပါဝင်ကြောင်း တက်ကြွလှုပ်ရှားသူတစ်ဦးက ရိုက်တာသတင်းဌာနအား ပြောကြားသည်။

ဆီးရီးယားလွတ်မြောက်ရေးတပ်မှ သူပုန်တပ်ဖွဲ့များသည် မကြာသေးမီ ရက်သတ္တပတ်များအတွင်း ဟာမာခရိုင်တွင် ထိုးစစ်များဆင်နွှဲခဲ့ပြီး ဟယ်ဖာနာဒေသမှ အစိုးရစစ်စခန်းများကို သိမ်းပိုက်ပြီးနောက် လွန်ခဲ့သော ငါးရက်ကပင် လွတ်မြောက်နယ်မြေအဖြစ် ကြေညာခဲ့သည်။

—*Ref: AFP/BBC*

နောက်ကျောဖုံး မှ

## အန္တာတိကရေခဲပြင် အရည်ပျော်မှု ပိုမိုမြန်ဆန်လာ

"အန္တာတိက အနောက်ပိုင်းရေခဲပြင် နွေရာသီပူနွေးမှု ဆက်လက်မြင့်တက်လာခြင်းဟာ ရေခဲထုမျက်နှာပြင် တည်ငြိမ်မှုကို ပျက်ပြားစေပြီး အဲဒီကနေ ပင်လယ်ရေမျက်နှာပြင် မြင့်တက်မှုကို ပိုမိုသက်ရောက်စေလိမ့်မယ်လို့ ကျွန်တော်တို့ရဲ့ မှတ်တမ်းမှတ်ရာတွေက ပြသနေပါတယ်"ဟု မစ္စတာဒေးဗစ်ဘရောင်းဝှစ်ချ်က ပြောကြားသည်။

အန္တာတိက အနောက်ဘက်ရေခဲပြင် အရည်ပျော်လာမှုသည် ကမ္ဘာကြီးပူနွေးလာမှုနှင့် ဆက်စပ်သော ပင်လယ်ရေမျက်နှာပြင်မြင့်တက်မှု ၁၀ ရာခိုင်နှုန်းကို ဖြစ်ပေါ်စေသည်ဟု သိပ္ပံပညာရှင်များက ယုံကြည်ကြသည်။ ယင်းသို့ ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာမှုကို မထိန်းချုပ်ဘဲ လွှတ်ထားပါက မျိုးဆက်အနည်းငယ်အတွင်းမှာပင် ကမ္ဘာ့ပင်လယ်ကမ်းခြေမြို့ကြီး အများအပြား ရေလွှမ်းမိုးခံရနိုင်ကြောင်း သိရသည်။

—*Ref: AFP*




# Leader's Profile
## တောင်ကိုရီးယား၏ ပထမဦးဆုံး အမျိုးသမီးသမ္မတ ပါ့က်ဂျွန်ဟေး

ရဲမင်း

မစ္စစ်ပါ့က်ဂျွန်ဟေးသည် တောင်ကိုရီးယားနိုင်ငံ၏ ရွေးကောက်ခံသမ္မတဖြစ်သည်။ ၂၀၀၄နှင့် ၂၀၀၆ ခုနှစ်ကြားနှင့် ၂၀၁၁-၂၀၁၂ကာလများတွင် ရှေးရိုးဆန်သော Grand National Party (GNP) ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့သည်။ GNP ပါတီအား ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလတွင် Saenuri Party အဖြစ်အမည်ပြောင်းလဲခဲ့သည်။ မစ္စစ်ပါ့က်သည် ၁၉၉၈ မှ ၂၀၁၂ ခုနှစ်အတွင်း ကိုရီးယား အမျိုးသားလွှတ်တော်တွင် မဲဆန္ဒနယ်ကိုယ်စားပြုအမတ်အဖြစ် လေးကြိမ်ဆက်တိုက် ရွေးကောက်တင်မြှောက်ခံရသည်။ ၂၀၁၂ ဇွန်လတွင် အချိုးကျမဲပေးစနစ် အမတ်တစ်ဦးအဖြစ် ပါဝင်လာခဲ့သည်။ ၎င်း၏ဖခင် ပါ့က်ချွန်ဟီးမှာ ၁၉၆၃ မှ ၁၉၇၉ ခုနှစ်အထိ တောင်ကိုရီးယားနိုင်ငံ၏ သမ္မတဖြစ်ခဲ့သည်။ ထို့အပြင် မစ္စစ်ပါ့က်မှာ မစ္စတာကင်ယုံဆမ်၊ ကင်ဒေးဂျုံနှင့် ကင်ဂျောင်ပီးလ်တို့နောက် တောင်ကိုရီးယားနိုင်ငံ၏ ဩဇာအကြီးမားဆုံး နိုင်ငံရေးသမားတစ်ဦးအဖြစ် ရှုမြင်ခံရသည်။

ပါ့က်ဂျွန်ဟေးကို၁၉၅၂ခုနှစ် ဖေဖော်ဝါရီလ ၂ ရက်တွင်ဒေဂူးမြို့၊ ဂျွန်ဂူးဒေသ၌ မွေးဖွားခဲ့သည်။ ဆိုးလ်မြို့ ဆောင်ဆင်းအထက်တန်းကျောင်း၌တက်ရောက်ခဲ့ပြီး ၁၉၇၄ ခုနှစ်တွင် ဆိုဂန်းတက္ကသိုလ်မှ လျှပ်စစ်အင်ဂျင်နီယာဘွဲ့ရရှိခဲ့သည်။ ဖခင်သမ္မတဖြစ်နေချိန် ၁၉၇၄ ခုနှစ်တွင် မိခင်ဖြစ်သူ မွန်ဆီဂွမ်မှာ ဆိုးလ်အမျိုးသားကဇာတ်ရုံတွင် မြောက်ကိုရီးယားနိုင်ငံသားတစ်ဦး၏ လုပ်ကြံမှုဖြင့်အသက်ဆုံးရှုံးခဲ့ရပြီးနောက် ပါ့က်ဂျွန်ဟေးမှာ ဖခင်နှင့်အတူ ပွဲများတက်ရောက်ရင်း First Lady အဖြစ် ရှုမြင်ခံရသည်။ ဖခင်ဖြစ်သူမှာလည်း ၁၉၇၉ ခုနှစ်တွင် ၎င်း၏ထောက်လှမ်းရေးမှူးချုပ်၏ လုပ်ကြံသတ်ဖြတ်ခြင်း ခံခဲ့ရသည်။

၁၉၉၈ ခုနှစ်တွင်မူ မစ္စစ်ပါ့က်ဂျွန်ဟေးသည် ဒေဂူးမြို့၊ ဒယ်ဆောင်ဒေသမှနေ၍ GNP ၏ လွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရပြီး နောက်ထပ်သုံးကြိမ်ဆက်တိုက် ထပ်မံရွေးချယ်ခံရသည်။ ၂၀၀၄ ခုနှစ်တွင် GNP ပါတီတွင်းပြဿနာများရှိနေချိန်တွင် မစ္စပါ့က်ဂျွန်ဟေးအား ပါတီဥက္ကဋ္ဌအဖြစ် ခန့်အပ်ခံရသည်။ သူမ၏ ဦးဆောင်မှုအောက်တွင် ယင်းနှစ်ရွေးကောက်ပွဲ၌ GNP ပါတီ လူများစုနေရာ ဆုံးရှုံးခဲ့သော်လည်း ထင်သလောက် ဆိုးဆိုးဝါးဝါး မဖြစ်ခဲ့ဘဲ ပါတီအမတ် ၁၂၁နေရာအနိုင်ရရှိခဲ့သည်။ ၂၀၀၆ ရွေးကောက်ပွဲများတွင်မူ လူများစုနေရာ ပြန်လည်ရရှိအောင်စွမ်းဆောင်ခဲ့သည်။ သို့သော်အဆိုပါ ရွေးကောက်ပွဲ မဲဆွယ်ကာလတွင် ရာဇဝတ်မှု ရာဇဝင်ရှိသူတစ်ဦးက ပါ့က်၏ မျက်နှာအားဓားဖြင့် ရန်ပြုခဲ့ရာ ၁၁ စင်တီမီတာရှည်သော ဒဏ်ရာရရှိခဲ့ပြီး အချက်ပေါင်း ၆၀ ချုပ်ခဲ့ရကာ နာရီပေါင်းများစွာ ခွဲစိတ်ကုသခံရသည်။ မစ္စပါ့က်ဂျွန်ဟေး ဥက္ကဋ္ဌတာဝန်ယူထားစဉ် ၂၀၀၄ မှ ၂၀၀၆ ခုနှစ်ကာလအတွင်း GNP ပါတီသည်ကြားဖြတ်ရွေးကောက်ပွဲအားလုံး (၄၀ ကျော်) ကိုအနိုင်ရရှိခဲ့သည်။ ၂၀၀၈ ခုနှစ်ရွေးကောက်ပွဲအတွက် GNP ပါတီကိုယ်စားပြု၍ သမ္မတလောင်းဖြစ်ရန်ကြိုးစားခဲ့သော်လည်း မစ္စတာလီမြောင်ဘတ်အား ရှုံးနိမ့်ခဲ့သည်။

အဆိုပါရွေးကောက်ပွဲအပြီးတွင်သမ္မတလီမြောင်ဘတ်က အစိုးရဖွဲ့ခဲ့ရာတွင် ၎င်းနှင့်နီးစပ်သူများကိုသာ ထည့်သွင်းဖွဲ့စည်းခဲ့သောအခါ GNP ပါတီတွင်း နှစ်ခြမ်းကွဲကာ မစ္စစ်ပါ့က်ဂျွန်ဟီးကို ထောက်ခံသူများကပါတီမှခွဲထွက်ခဲ့ကြသည်။ ပါ့က်ဂျွန်ဟေးကိုယ်တိုင် ယင်းအဖွဲ့တွင် မပါဝင်ခဲ့ပေ။ ယင်းခွဲထွက်အဖွဲ့ဝင်များက GNP ပါတီအတွင်းပြန်လည်ဝင်ရောက်လိုသော်လည်း မစ္စတာလီမြောင်ဘတ်က ခွင့်မပြုခဲ့ပေ။ နောက်ပိုင်းတွင် အဆိုပါ ခွဲထွက်ပါတီဝင်များ GNP အတွင်းပြန်လည်ဝင်ရောက်လာသော်လည်း ပါတီအပေါ် ထောက်ခံမှုကျဆင်းလာ၍ Saen-uri Party (New Frontier Party) ဟုပါတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး မစ္စစ်ပါ့က်ဂျွန်းဟေးအား ပါတီဥက္ကဋ္ဌအဖြစ် ခန့်အပ်ခဲ့သည်။

၂၀၁၂ခုနှစ် အထွေထွေရွေးကောက်ပွဲကျင်းပချိန်တွင်Saenuri ပါတီက ပြိုင်ဘက် Democratic United ပါတီအပေါ် အံ့အားသင့်စရာအသာစီးရရှိကာ အမတ်နေရာ ၁၅၂နေရာဖြင့် လူများစုနေရာ ပါရရှိခဲ့သည်။ မစ္စစ်ပါ့က်ဂျွန်ဟေးကလည်း မဲဆွယ်ပွဲကာလ ၁၃ ရက်တာအတွင်း ကီလိုမီတာပေါင်း ၇၂၀၀ ခရီးသွားပြီး မဲဆန္ဒနယ် ၁၀၀ ကျော်သို့ ရောက်ရှိခဲ့သည်။ ဆိုးလ်မြို့တွင်မူ ၎င်းတို့ပါတီ အနိုင်မရခဲ့ပေ။

ရွေးကောက်ပွဲများ၏ ဘုရင်မဟုကင်ပွန်းတပ်ခံရသူ မစ္စစ်ပါ့က်ဂျွန်ဟေးက ၂၀၁၂ ခုနှစ် သမ္မတရွေးကောက်ပွဲဝင်ပြိုင်မည့် အကြောင်း ဇူလိုင်လ ၁၀ ရက်တွင် ကြေညာခဲ့ပြီး ၂၀၁၂ ခုနှစ်ဒီဇင်ဘာ ၁၉ ရက်တွင် Democratic United ပါတီပြိုင်ဘက် မွန်ဂျေအင်အပေါ် အနိုင်ရရှိခဲ့ကာတောင်ကိုရီးယားနိုင်ငံ၏ ပထမဦးဆုံး အမျိုးသမီးသမ္မတအဖြစ် ရွေးကောက် တင်မြှောက်ခံရသည်။

တစ်ကိုယ်တည်းသမား မစ္စစ်ပါ့က်ဂျွန်ဟေးသည် မိမိကိုယ်ကိုဘာသာမဲ့ဟု ပြောကြားသော်လည်း ဗုဒ္ဓဘာသာနှင့် ပရိုတက်စတင့်ခရစ်ယာန်သူငယ်ချင်းများစွာ ရှိသူဖြစ်သည်။

—*Ref: Wikipedia*

နောက်ကျောဖုံး မှ

## အမျိုးသမီးငယ်တစ်ဦး အဓမ္မပြုကျင့်ခံရမှုကြောင့် ပေါ်ပေါက်လာသော အကြမ်းဖက်ဆန္ဒပြမှုများ ထပ်မံမပြုလုပ်ရန် အိန္ဒိယဝန်ကြီးချုပ် တောင်းပန်

ယင်းတွင် ရဲတပ်ဖွဲ့၏ ညအချိန်ကင်းလှည့်မှုများ၊ ဘတ်စ်ကားဒရိုင်ဘာများအား စစ်ဆေးခြင်းနှင့် ပြတင်းအလုံပိတ်ထားသော (သို့မဟုတ်) လိုက်ကာများ တပ်ထားသည့်ဘတ်စ်ကားများကိုပြေးဆွဲခွင့်မပေးဘဲ ပိတ်ပင်ခြင်းတို့ပါဝင်သည်။ ဒီဇင်ဘာ ၂၃ ရက်က ထုတ်ပြန်ခဲ့သော ကြေညာချက်ထဲတွင် ဝန်ကြီးချုပ်ဆင်းက "ရဲတပ်ဖွဲ့ဝင်များနှင့် ဆန္ဒပြသူများကြား ထိပ်တိုက်တွေ့ဆုံခဲ့မှုများအတွက် စိတ်မကောင်းဖြစ်ရကြောင်း" ပြောကြားခဲ့သည်။

ဒေလီတွင် မကြာသေးမီက အသက် ၂၃နှစ်အရွယ် အမျိုးသမီးတစ်ဦးနှင့် သူမ၏သူငယ်ချင်းတို့သည် ရုပ်ရှင်ကြည့်ရန် မူနီရာကာအရပ်မှ ဒေလီအနောက်တောင်ပိုင်းရှိဒွါကာအရပ်သို့ ဘတ်စ်ကားစီးသွားစဉ် ကားပေါ်၌ တစ်နာရီနီးပါးခန့် အဓမ္မပြုခံခဲ့ရပြီး သူမတို့နှစ်ဦးစလုံးကို အနိုင်ကျင့်သူများက သံလက်သီးများဖြင့် ထိုးကြိတ်ခဲ့ပြီး ကားပေါ်မှ ပစ်ချခဲ့ကြသည်။ ထို့ကြောင့် ယင်းသို့ဖြစ်ပွားပြီးနောက်ပိုင်း လူအများ၏ မကျေနပ်မှုများ ပေါ်ပေါက်ကာ ရဲအဖွဲ့နှင့် ထိပ်တိုက်ဆန္ဒပြ အကြမ်းဖက်မှုများ ဖြစ်ပွားလာခြင်းဖြစ်သည်။




Photo - AFP

—*Ref: AFP*

7 DAY NEWS JOURNAL
Vol.11, No.42 • DECEMBER 27 , 2012



# နိုဗယ်ဆုကို ဥရောပသားအားလုံးအတွက် ဆုတစ်ခုလို့ ကျွန်တော်သဘောထားပါတယ်

## ဥရောပကော်မရှင် ဥက္ကဋ္ဌဟောင်း ယာ့က်ဒယ်လာနင့် တွေ့ဆုံခြင်း

ကျော်မျိုး

ယခုနှစ်အတွက် ငြိမ်းချမ်းရေးနိုဗယ်ဆုကို ဥရောပမသဂ္ဂ (အီးယူ) ကရရှိသွားခဲ့တာ အားလုံးသိကြမှာပါ။ ဒါ့အပြင် ဥရောပသမဂ္ဂနဲ့ ဥရောပကော်မရှင်တို့ဟာ ယမန်နေ့ကပဲ ဆုအတွက် ရရှိတဲ့ဆုကြေးငွေတွေကို လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီမှုတွေအတွက်လည်း ပြန်လည်လှူဒါန်းခဲ့တာ သတင်းတွေမှာ ဖတ်ရှုရမှာပါ။ အီးယူဟာ ကမ္ဘာ့စာမျက်နှာမှာ ဩဇာကြီးမားတဲ့ နိုင်ငံစုံအဖွဲ့ကြီးတစ်ရပ်အနေနဲ့ ရပ်တည်နေဆဲဖြစ်ပြီး ယခုနှစ်အတွင်း ဥရောပတိုက်တစ်ခုလုံး ရင်ဆိုင်နေရတဲ့ ယူရိုငွေအကျပ်အတည်းကိုလည်း ရင်ဆိုင်ဖြေရှင်းနေရပါတယ်။ ဒီလိုအီးယူအဖွဲ့ကြီးကို ကိုင်တွယ်မောင်းနှင်ခဲ့တဲ့ ဥရောပခေါင်းဆောင်များထဲ ယာ့က်ဒယ်လာဟာလည်း တစ်ဦးအပါအဝင်ပါ။ ယာ့က်ဒယ်လာဟာ အီးယူကိုတည်ဆောက်ထားတဲ့ ဗိသုကာသမားတွေထဲက အဓိကကျတဲ့ပုဂ္ဂိုလ်တစ်ဦးဖြစ်သလို ဥရောပကော်မရှင် ဥက္ကဋ္ဌအဖြစ်လည်း ၁၀ နှစ်လောက်လုပ်ကိုင်ခဲ့သူ ဖြစ်ပါတယ်။ ဒယ်လာဟာ ယခုအခါ Our Europe လို့ခေါ်တဲ့ ပညာရှင်အဖွဲ့ Think-Tank တစ်ခုကိုတည်ထောင်ထားသူဖြစ်ပါတယ်။ ဒါ့ကြောင့် ၎င်းနဲ့ ယူရိုသတင်းတို့ရဲ့ အမေးအဖြေတွေကို ကောက်နုတ်တင်ပြပေးလိုက်ပါတယ်။ မေးမြန်းသူက ယူရိုသတင်းမှ ဂျီယိုဗန်နီမက်ဂီဖြစ်ပါတယ်။

**နော်ဝေကော်မတီက အီးယူအဖွဲ့ကြီးကို နိုဗယ်ငြိမ်းချမ်းရေးဆုပေးဖို့ရွေးချယ်လိုက်တာနဲ့ပတ်သက်လို့ ပထမဆုံး တုံ့ပြန်မှု၊ ပထမဆုံး တွေးမိတာကဘာများဖြစ်ခဲ့မလဲ။**

ဥရောပတိုက်ကို ထူထောင်ခဲ့ကြတဲ့ ဖခင်ကြီးတွေအားလုံးကို တွေးမိခဲ့တာပေ့ါ။ ယုံကြည်မှုဆန်ဆန်၊ စိတ်ခံစားရေးရာဆန်ဆန် ခံစားမှုတစ်ခု၊ အမြင်တစ်ခုနဲ့ မှတ်သားထားခဲ့ရတဲ့ အဆုံးအဖြတ်အချိန်ကာလတွေကို တွေးမိခဲ့တာပေ့ါ။ တစ်စည်းတစ်လုံးတည်းသော ဥရောပ ဖြစ်တည်ရေး အတွက် တက်ကြွလှုပ်ရှားသူအားလုံးကိုလည်း ပြန်မြင်ပြန်တွေးမိတာပေ့ါ။ ဘာ့ကြောင့်လဲဆို အဲဒါမလွယ်ဘူးလေ။ အခုအချိန်လိုမျိုး (အဖွဲ့အားနိုဗယ် ငြိမ်းချမ်းရေးဆုချီးမြှင့်ခံထားရခြင်းကို ရည်ညွှန်းသည်။) ပျော်စရာအချိန်တွေလည်းရှိတာပေ့ါ။ ဒါ့ကြောင့်လူ မှုကွန်ရက်တွေနဲ့သတင်းစာတွေထဲကထွက်လာမယ့်တချို့သော ထေ့လုံး၊ငေါ့လုံးတွေကိုလည်းကျွန်တော်မျှော်လင့်ထားပါတယ်။ ဒါပေမဲ့ဒီဟာ (နိုဗယ်ဆု)ကို ဥရောပသားအားလုံးအတွက် အားဖြည့်ပေးတဲ့ စွမ်းအင်တစ်ရပ်လို၊ ဆုတစ်ခုလို့ ကျွန်တော်သဘောထားပါတယ်။

**နော်ဝေနိုဗယ်ဆုကော်မတီဟာ ဥရောပသမဂ္ဂရဲ့ ချဲ့ထွင်မှုကို သမိုင်းမှာ ခေတ်သစ်တစ်ခုအဖြစ် ပြောဆိုခဲ့ပါတယ်။ ဒါပေမဲ့ဝေဖန်သူတွေကတော့ ဒီလိုအဖွဲ့ဝင်နိုင်ငံတွေ ချဲ့ထွင်မှုတွေ၊ အထူးသဖြင့် ၂၀၀၄ မှာ အဖွဲ့ဝင်သစ်၁၀ နိုင်ငံကိုတစ်ချိန်တည်းလက်ခံလိုက်မှုမျိုးဟာ အဖွဲ့ကြီးရဲ့ ပေါ်လစီစီမံခန့်ခွဲမှုပိုင်းမှာပြဿနာရင်းမြစ်တစ်ရပ်လို့ ပြောနေကြပါတယ်။ ခင်ဗျားဘယ်လိုထင်ပါသလဲ။**

ဒါကတစ်ဖက်က ကြည့်ရင်တော့ စပိန်နဲ့ ပေါ်တူဂီတို့အဖွဲ့ထဲ ပါဝင်လာခဲ့တဲ့ သိပ်အောင်မြင်ခဲ့တဲ့ အဖွဲ့အစည်းချဲ့ထွင်မှုနဲ့အတူ နိုင်ငံရေးမျှော်မှန်းချက်အမြင်တစ်ရပ်ရှိပါတယ်။ အဲဒီတုန်းက ခေါင်းဆောင်တွေဟာလည်း(ကျွန်တော်လည်း အဲဒီတုန်းက ဥရောပကော်မရှင်ဥက္ကဋ္ဌပါ) သူတို့ရဲ့ ဥရောပပြည်သူတွေကို အာဏာရှင်စနစ်ပုံစံတစ်မျိုးကနေ ပေါ်ထွက်လာခဲ့တဲ့ စပိန်နဲ့ ပေါ်တူဂီတို့ကိုကြိုဆိုချင်ခဲ့ကြတာပါ။ ဒီနိုင်ငံတွေအနေနဲ့ ဒီမိုကရေစီကို ပြန်လည်တည်ထောင်နိုင်၊ ပြန်ဆန်းသစ်နိုင်အောင်လို့ပေ့ါ။

အဲဒီတုန်းက တစ်ချိန်တည်းမှာပဲ သူတို့ရဲ့ လူနေမှုအဆင့် အတန်းက ပျမ်းမျှနှုန်းထက် နိမ့်နေခဲ့တာကြောင့် ကျွန်တော်ပဲ အခုကျင့်သုံးနေတဲ့ ဆက်စပ်ပေါင်းစည်းရေးပေါ်လစီကို အဆိုပြုခဲ့တာပေ့ါ။ အခုတော့ ဒီပေါ်လစီဟာဥရောပဘတ်ဂျက်ရဲ့ သုံးပုံကျော်ကို ကိုယ်စားပြုနေတာပါ။ အဲဒါဟာ ထူးခြားတဲ့ကာလကြီးတစ်ရပ်ပါ။ အဲဒီတုန်းက မူလ အဖွဲ့ဝင်ခြောက်နိုင်ငံကို တန်ပြန်ဖို့ ဗြိတိန်က ဦးစီးတည်ထောင်ထားတဲ့လွပ်လပ်စွာ ကုန်သွယ်ရေး ဇရိယာ EFTA အဖွဲ့ဝင်နိုင်ငံတွေ အတွက်သူတို့လည်းပါဝင်တဲ့၊ ပိုကြီးတဲ့ လွတ်လပ်စွာ ကုန်သွယ်ရေးဇုန်တစ်ခုလုပ်ကြဖို့ အဆိုပြုခဲ့ပါတယ်။ အဲဒီမှာနော်ဝေကလွဲလို့ သူတို့အားလုံး ပါဝင်ဖို့ လိုလားခဲ့ကြပါတယ်။ အဲဒီတုန်းက ဘာလင်တံတိုင်းကလည်း ပြိုလဲချိန်ဖြစ်ပါတယ်။ ဒါ့ကြောင့် တခြားနိုင်ငံတွေအဖွဲ့ကြီးထဲ ပါဝင်ဖို့လမ်းဖွင့်ပေးခဲ့ပါတယ်။ ဒီလိုအဖွဲ့ကို ချဲ့ထွင်ခဲ့မှုဟာ တော်တော်မြန်မြန်ကြီးဖြစ်ခဲ့တယ်လို့ ကျွန်တော်တွေးမိနေဆဲပါ။ သူတို့ကို အဖွဲ့ဝင်အဖြစ် မကြိုဆိုခင်မှာ ကျွန်တော်တို့ကိုယ်ပိုင်အိမ်(အဖွဲ့ကြီး)ကိုချဲ့ထွင်ထားကြဖို့ ကျွန်တော်တို့မကြိုးစားခဲ့ပါဘူး။

ဒီ့ထက်ပိုတာကတော့ ၁၉၉၂ မှာ လစ္စဘွန်းမှာ ဥရောပကောင်စီ အစည်းအဝေးလုပ်တော့ ကျွန်တော်က (ဒီနိုင်ငံသစ်တွေ) အဖွဲ့ထဲဝင်မယ်။ ဒါပေမဲ့ကျွန်တော်တို့ကိုဖိအားတွေအောက် မထားပါနဲ့လို့ ပြောချိန်မှာ ကျွန်တော်ထိုးနှက်ခံခဲ့ရတာပါ။ ကျွန်တော်က အရင်ဆုံးအနေနဲ့ ကျွန်တော်တို့ရဲ့ အဖွဲ့အစည်းတွေနဲ့ ဘဏ္ဍာရေးစည်းမျဉ်းတွေကို အရင်ဆုံးခိုင်မာအောင် လုပ်ချင်နေခဲ့တယ်။ ဒါပေမဲ့ အဲဒီကိစ္စကို အဲဒီမှာပဲ ချက်ချင်းလုပ်ချင်တဲ့ စိတ်ဆန္ဒဒါမှမဟုတ် တချို့သော နိုင်ငံရေးရည်ရွယ်ချက်တွေပေ့ါဗျာ။ အဖွဲ့အစည်းချဲ့ထွင်မှုနဲ့ ခိုင်မာနက်ရှိုင်းအောင်လုပ်ရေးက သိပ်ပြီးဟန်ချက်မညီခဲ့ဘူးပဲပေ့ါ။

**အခုဆို ဘဏ္ဍာရေးနဲ့ စီးပွားရေး အကျပ်အတည်းက ယူရိုငွေရဲ့ အကန့်အသတ်တွေကို မီးမောင်းထိုးပြလိုက်ပါပြီ။ အဆုံးသတ်မှာ ဥရောပအတွက် တစ်ခုတည်းသော ငွေကြေးဆိုတဲ့ အယူအဆဟာ ကောင်းတဲ့ အယူဖြစ်ခဲ့ပါသလား။**

ဟုတ်ကဲ့။ ဒါက ဆုံးဖြတ်ချက်ကောင်းတစ်ခုပါပဲ။ ဒါပေမဲ့ တည်ဆောက်ပုံမှာတော့ အပြစ်အနာအဆာတစ်ခုပါခဲ့တယ်။ ခင်ဗျားအနေနဲ့ ဒယ်လာစ်ကော်မတီရဲ့ အစီရင်ခံစာကို ပြန်ကြည့်ရင် စီးပွားရေးကဏ္ဍနဲ့ ငွေကြေးကဏ္ဍအပိုင်းဆိုပြီး ယူရိုငွေကို ဘယ်လိုဖန်တီးသင့်တယ်ဆိုတာပါပါတယ်။ အဲဒီမှာစီးပွားရေးအပိုင်းက အပစ်ထားခံရပြီး ဒီတည်ဆောက်ပုံအားနည်းချက်ကပဲ ကျွန်တော်တို့ကို နောက်ဆက်တွဲပေးဆပ်နေရစေတာပဲပေ့ါ။ ဘာ့ကြောင့်လဲဆိုတော့ စီးပွားရေးပေါ်လစီမှာ ပူးပေါင်းဆောင်ရွက်မှုမရှိခဲ့တာ၊ ဝန်ကြီးတွေအကြား ပွင့်ပွင့်လင်းလင်းဆွေးနွေးမှုမရှိခဲ့တာတွေကြောင့် ကနေစပိန်၊ အိုင်ယာလန်နဲ့ပေါ်တူဂီတို့ဟာ အန္တရာယ်ဆီခေါင်းတည်နေတာကို လူတိုင်းမြင်နေရတာပဲပေ့ါ။ ယူရိုငွေလုပ်ခြင်းက ကျွန်တော်တို့ရဲ့ အမှားတွေကို ဖုံးကွယ်ခဲ့တယ်။ ဒါ့ကြောင့် ဒီလိုတည်ဆောက်ပုံပိုင်းအားနည်းချက်ကို ယနေ့ကျွန်တော်တို့ ဖြေရှင်းနေရတာပေ့ါ။

**ဥရောပကို လူတွေယုံကြည်မှုရှိဖို့ ဘာလုပ်ရမလဲ။**

သူတို့ရဲ့ တုံ့ပြန်မှုတွေကို ကျွန်တော်ဖတ်ရတဲ့အခါ အခက်အခဲကြုံနေရတဲ့ တိုင်းပြည်တွေမှာ လူတွေက "ငါတို့အစိုးရတွေကတော့ အမှားတွေလုပ်ခဲ့ပြီ။ သူတို့အတွက် ငါတို့ပေးဆပ်နေရတာပဲ" လို့ ဘယ်တော့မှ မပြောကြဘူးဗျ။ ဒါဟာ လွှမ်းမိုးကြီးစိုးဆဲ အတွေးအခေါ်ကြောင့် ဒါမှမဟုတ် ဥရောပရဲ့ အမှားကြောင့်လို့ပဲ သူတို့ပြောနေကြတယ်။

ဘရပ်ဆဲလ် (အီးယူ) ရဲ့အမှားကြောင့် (သို့မဟုတ်) အမေရိကန်ရဲ့အမှားကြောင့်လို့ ပြောနေကြမယ့်အစား အစိုးရတွေဟာ ဒီလိုပြောသင့်ပါတယ်။ "ခင်ဗျားတို့သိတဲ့အတိုင်း ဒါဟာအခုထိကျွန်တော်တို့လုပ်ခဲ့သမျှပါပဲ။ ကျွန်တော်တို့ ဆက်လုပ်ရမယ်။ အဆုံးထိ လုပ်ရ မယ်။ အဲဒါဟာ ဘယ်လိုပဲဖြစ်ဖြစ် အတူတကွ ပူးတွဲနေထိုင်ရေး အမြင်ရှုထောင့်ကပဲဖြစ်ဖြစ်၊ အလုပ်အကိုင်ရရှိရေးနဲ့ ဖွံ့ဖြိုးရေး ရှုထောင့်ကပဲဖြစ်ဖြစ်" လို့ ပြောသင့်ပါတယ်။

**ဥရောပမှာ တစ်နေ့သောအခါ နိုင်ငံရေးအရ ညီညွတ်မှုရှိလာနိုင်ပါ့မလား။**

လောလောဆယ်တော့ မမြင်နိုင်ဘူး။ ကျွန်တော်မြင်တာကတော့ ဥရောပကိုမောင်းနှင်နေတဲ့ စွမ်းအားတွေထဲက တစ်ခုက ကွဲပြားခြားနားခြင်းပါ။ ယူရိုဇုန်ဟာ သဘောတူစာချုပ်တွေမှာ ရှုမြင်ထားကြတဲ့အတိုင်း ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်လာခြင်းနဲ့အတူ စုစည်းညီညွတ်လာပါလိမ့်မယ်လို့ ကျွန်တော်ယုံတယ်။ ပြီးတော့ ယူရိုဇုန်ဟာ သူ့ကိုယ်ပိုင်ဘတ်ဂျက်နဲ့စီးပွားရေးဆောင်ရွက်မှုယန္တရားတွေနဲ့ ဥရောပကြွေးမြီအေဂျင်စီတစ်ခုရယ်နဲ့ အတူဖြစ်လာပါလိမ့်မယ်။ ဒါကပဲ မုန်တိုင်းမလာခင် စုစည်းညီညွတ်မှုကိုပြထားတာမျိုး၊ မျက်စိဖွင့်ကြည့်ထားတာမျိုးလုပ်နိုင်စွမ်းပါလိမ့်မယ်။

အဲဒါဆိုရင်တော့ ပိုကြီးကျယ်ခမ်းနားတဲ့ ဥရောပကိုကျွန်တော်မြင်ရပါပြီ။ လူတွေ၊ ကုန်စည်တွေ၊ ဝန်ဆောင်မှုစတဲ့ လွတ်လပ်စွာလှည့်လည်စီးဆင်းမှု လေးချက်ရှိတဲ့ တစ်ခုတည်းသော ဈေးကွက်ကြီးအဖြစ်သာမက ဖွံ့ဖြိုးရေးအတွက်ထောက်ပံ့မှု၊ အိမ်နီးချင်းကောင်းပေါ်လစီတွေရှိမှုတို့ပါဝင်တဲ့ လောကအမြင်တစ်ရပ်ပေ့ါဗျာ။ လုပ်ထားသမျှကလည်း ဖြစ်ရပ်ဆိုးကြုံရတဲ့ သားကောင်တွေကို ကယ်တင်ဖို့ ပေ့ါလေ။ ဒါဆိုအဲဒီလိုမျိုး ကြီးကျယ်ခမ်းနားတဲ့ ဥရောပဆိုတဲ့ မိုဒယ်ပုံစံတစ်ခုကကုလသမဂ္ဂအဖွဲ့ကြီး ပြုပြင်ပြောင်းလဲရေးကိုတောင် တွန်းအားပေးသွားနိုင်မယ်လို့ ကျွန်တော်မြင်ပါတယ်။

*—Ref: Delors: Nobel Prize Records everyone in Europe. Euro*

7DAY NEWS JOURNAL

# Entertainment

Vol.11, No.42 • DECEMBER 27 , 2012



## “ကျွန်တော်တို့က ဂီတဖျော်ဖြေမှုနဲ့ အသက်မွေးဝမ်းကျောင်းပြုနေတဲ့ ပရော်ဖက်ရှင်နယ်အဆိုတော်တွေပါ။ ကိုယ့်အနုပညာနဲ့ဈေးကွက်ကို လေးစားရမယ်”

### စိုင်းစိုင်းခမ်းလှိုင်နှင့်တွေ့ဆုံခြင်း

**အေးသူစံ**

ဗီဒီယိုတွေ တစ်လတစ်ကားရိုက်ပြီး ရုပ်ရှင်တွေလည်းရိုက်မယ်၊ ဒိတ်ဒိတ်ကြဲခွေအတွက် ဗီစီဒီတွေရိုက်မယ်။ သီချင်းတွေဆိုမယ်ဆိုပြီး ၂၀၁၃ ခုနှစ်အတွက် ကြိုတင်အစီအစဉ်ဆွဲထားတဲ့ စိုင်းစိုင်းခမ်းလှိုင်ဟာ သူ့ရဲ့ရုပ်ရှင်ထုတ်လုပ်ရေးအတွက် ဇဝဲ့နှုတ်သမီး ရုပ်ရှင်ဇာတ်ကားတစ်ကားကို ရိုက်ကူးနေပါတယ်။ ရုပ်ရှင်နဲ့ ဗီဒီယိုရိုက်ကူးမှုတွေကို ၂ နှစ်နီးပါးလောက် အချိန်ပေးခဲ့ပြီး သရုပ်ဆောင်တစ်ယောက်အနေနဲ့ ပရိသတ်လက်ခံမှုရရှိအောင် ကြိုးစားနေတဲ့တစ်လျှောက် ဂီတဘက်မှာ အချိန်ပေးမှုလျော့နည်းခဲ့ပေမယ့် ဒီနှစ်မှာတော့ တစ်ကိုယ်တော်အယ်လ်ဘမ်နဲ့ ဂီတခြေလှမ်းတွေ ပြန်စိပ်လာပါပြီ။ ဈေးကွက်အကျိုးအမြတ်ကို သိပ်မကြည့်ဘဲ သူရိုက်ချင်တဲ့ဇာတ်တွေ တောက်လျှောက်ထုတ်လုပ်ရိုက်ကူးနေတဲ့ စိုင်းစိုင်းခမ်းလှိုင်နဲ့ ဒိတ်ဒိတ်ကြဲစီးရီးမထွက်ခင် တစ်ပတ်အလိုမှာ တွေ့ဆုံမေးမြန်းခဲ့ပါတယ်။


**အစ်ကို့စီးရီးကိုဒိတ်ဒိတ်ကြဲလို့ဘာကြောင့်ပေးဖြစ်တာလဲ။**

ဒိတ်ဒိတ်ကြဲဆိုတဲ့နာမည်လေးကို အဲဗားဂေါ်လီစီးရီး စီစဉ်နေတုန်းမှာပဲ ကျွန်တော်ရခဲ့တယ်။ သီချင်းအဖြစ် မစဉ်းစားမိသေးပေမယ့်နောက်တစ်ခွေကိုတော့ ဒီနာမည်ပေးဖို့ စဉ်းစားခဲ့တယ်။ ဒိတ်ဒိတ်ကြဲဆိုတဲ့ စကားလုံးဟာ နိမိတ်အားဖြင့်လည်း ကောင်းတယ်။ အောင်မြင်ထင်ရှားတယ်။ ကြီးကျယ်ခမ်းနားတယ်ပေါ့။

**တစ်ကိုယ်တော်အယ်လ်ဘမ်တွေမှာ မပါတာကြာပြီဖြစ်တဲ့ ငယ်ငယ်နဲ့ ပြန်ပြီးလက်တွဲသီဆိုထားတဲ့ခံစားမှု ကဘယ်လိုရှိမလဲ။**

**စာ(၄၉)သို့**

























ဓာတ်ပုံ-ထက်ပိုင်ဖြိုး(ဇဝန)



## အကယ်ဒမီဇန်းကိုင် ရှစ်ဦးရွေးချယ်

**အေးသူစံ**

**ရန်ကုန်၊ ဒီဇင်ဘာ ၂၀**

၂၀၁၁ ခုနှစ်အကယ်ဒမီပေးပွဲတွင် ဇန်းကိုင်အဖြစ် ဆောင်ရွက်ရန် တက်သစ်စ သရုပ်ဆောင်သစ်ရှစ်ဦးကိုမြန်မာ့ရုပ်ရှင်လုပ်ငန်းက ထုတ်ပြန်ကြေညာလိုက်သည်။

ရွေးချယ်ခံရသူ ရှစ်ဦးမှာ မြနှင်းရည်လွင်၊ ဆန်းသစ်လ၊ ဟေမာန်သော်တာညိမ်း၊ ဆုမြတ်နိုးဦး၊ ကြယ်စင်ဆောင်း၊ ဖူးပွင့်သခင်၊ ရွှေ ပိုးအိမ်နှင့် သွန်းဆက်တို့ ဖြစ်သည်။

ယခုနှစ်ဇန်းကိုင်အတွက် လျှောက်ထားသူ အားလုံးပေါင်း ၈၂ဦးရှိခဲ့ပြီး လူတွေ့စစ်ဆေးမှုသို့ ၇၇ ဦးလာရောက်ရွေးချယ်ခံခဲ့သည်။ ယင်း ၇၇ ဦးထဲမှ ဆန်ခါတင် ၈ ဦးကို ပြန်လည်ရွေးချယ်ခဲ့ကြောင်း မြန်မာ့ ရုပ်ရှင်လုပ်ငန်း၊ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းသူက ပြောသည်။

ရွှေပိုးအိမ်မှာ မာန်ထက်ချီ ရုပ်ရှင်ထုတ်လုပ်ရေးမှပြုလုပ်သော သရုပ်ဆောင်ရွေးပွဲမှတစ်ဆင့် အနုပညာလောကအတွင်း ရောက် ရှိလာသူဖြစ်ပြီး လက်ရှိတွင် ဗီဒီယိုဇာတ်ကား ရှစ်ကားနှင့် ဒီဗီဒီဇာတ်ကားတစ်ကားရိုက်ကူးထားသည်။

ဖူးပွင့်သခင်မှာ Miss Christmas တွင် ဒုတိယဆု၊ Miss Max Mate ? Miss Oramin F တွင် ဒုတိယဆုရရှိထားပြီး ဒီဗီဒီ တစ်ကားနှင့် ဗီဒီယိုတစ်ကား ရိုက်ကူးထားသည်။ ကြယ်စင်ဆောင်းမှာ ၂၀၀၉ခုနှစ်က မော်ဒယ်အဖြစ်အနုပညာလောကသို့ စတင်ရောက်ရှိခဲ့ပြီး လက်ရှိတွင် ဗီဒီယိုတစ်ကား ရိုက်ကူးထားသည်။ **စာ(၄၉)သို့**



7DAY NEWS JOURNAL
Vol.11, No.42 • DECEMBER 27 , 2012







## လားရှိုးသိန်းအောင်က လွှတ်တော်အမတ်များအတွက် နေပြည်တော်တွင် ဖျော်ဖြေပေးလို

ကြူကြူဟန်

ရန်ကုန်၊
ဒီဇင်ဘာ - ၂၀

မြန်မာနိုင်ငံသို့နှစ်လေးဆယ်ကျော်အတွင်း ပထမဆုံးအကြိမ်ပြန်လာသော စတီးရီယိုခေတ်ဦးအဆိုတော် လားရှိုးသိန်းအောင်က နေပြည်တော်တွင် လွှတ်တော်ကိုယ်စားလှယ်များနှင့် ၎င်းတို့၏မိသားစုများအတွက် ရှိုးပွဲပြုလုပ်၍ သီဆို ဖျော်ဖြေပေးလိုကြောင်း ယနေ့ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။

ဒီဇင်ဘာ ၂၀ ရက်(ယနေ့) နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် တိုင်ပေမှတစ်ဆင့် ရန်ကုန်သို့ လေကြောင်းခရီးစဉ်ဖြင့် ပြန်ရောက်လာသော လားရှိုးသိန်းအောင်သည် လားရှိုးမြို့ရှိ မိခင်ဆီသို့ ဦးစွာသွားရောက်ကာ ခရစ်စမတ်ကာလထိ နေထိုင်ပြီးမှ ရှိုးပွဲများသီဆိုသွားမည်ဖြစ်သည်။ ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ လားရှိုးမြို့များတွင် ရှိုးပွဲတစ်ပွဲစီ ပြုလုပ်လိုကြောင်း လားရှိုးသိန်းအောင်က ပြောသည်။ ထို့အပြင် နေပြည်တော်ရှိလွှတ်တော်အမတ်များနှင့် ၎င်းတို့၏ မိသားစုဝင်များကိုလည်းသီဆိုပေးလိုကြောင်း၎င်းက ဆက်လက်ပြောသည်။

"ကျွန်တော့်အစီအစဉ်မှာ ကိုဇော်ဝင်းထွဋ်ကို မေတ္တာရပ်ခံထားပါတယ်။ နေပြည်တော်မှာ တစ်ပွဲဆိုပါရစေလို့။ အဲဒီမှာ လွှတ်တော်အမတ်တွေရဲ့မိသားစုတွေအတွက် တိုင်းပြည်အတွက် လုပ်နေတဲ့သူတွေအားလုံး၊ လူကြီးတွေ အားလုံးကို ကျေးဇူးတုံ့ပြန်တဲ့အနေနဲ့ သီချင်းသွားဆိုပေးချင်တယ်။ အဲ့ဒါကိုဇော်ဝင်းထွဋ်ကို အပူကပ်နေတယ်။ ကူညီပေးပါ့မယ်တဲ့" ဟု လားရှိုးသိန်းအောင်က ပြောသည်။

ယခင်အစိုးရလက်ထက်တွင် ထုတ်ပြန်သော အမည်မည်းစာရင်း၌ ပါဝင်ခဲ့သည့် ၎င်း၏ အမည်ကို ပြန်လည်ဖျက်သိမ်းပေးခဲ့သည့်အတွက်နေပြည်တော်တွင် သီဆိုလိုခြင်းဖြစ်ကြောင်း ၎င်းက ပြောသည်။

မြန်မာနိုင်ငံတွင် ၂၀၁၃ မတ်လကုန်ထိ နေထိုင်ရန် စီစဉ်ထားပြီး ဧပြီ ၁၇ ရက်သည် ၎င်း၏မွေးနေ့ဖြစ်သလို သင်္ကြန်ကာလဖြစ်သည့်အတွက် ထိုအချိန်ထိ နေနိုင်ရန် စီစဉ်မည် ဖြစ်ကြောင်း လားရှိုးသိန်းအောင်က ပြောသည်။



7 DAY NEWS JOURNAL
Vol.11, No.42 • DECEMBER 27 , 2012

## စာ-၄၇၊ စိုင်းစိုင်းခမ်းလှိုင်နှင့်တွေ့ဆုံခြင်း မှ

အခွေအချို့မှာ ငယ်ငယ် မပါဘူး။ အချို့ခွေတွေမှာ ဂျွန်ပါတယ်။ ဒီခွေမှာဆို ကိကိမပါဘူး။ ဘန်နီဖြိုးပါတယ်။ ကျွန်တော်တို့ သူငယ်ချင်းတွေအကုန်လုံး အပြင်မှာ တစ်စုတစ်စည်းတည်းပေါင်းတယ်။ အမြဲတမ်းပဲ အတူတူနေတယ်။ သွားတယ်။ သီချင်းတွေဆိုကြတယ်။ ဒီအခွေမှာ ငယ်ငယ်နဲ့လိုက်တဲ့သီချင်းပါလို့ ထည့်ဖြစ်တယ်။ သူငယ်ချင်းတွေရဲ့ခင်မင်ပေါင်းသင်းမှုနဲ့ ခွေထဲမှာ ဆိုဖြစ်ခြင်း၊ မဆိုဖြစ်ခြင်းနဲ့ မဆိုင်ဘူး။

**ရုပ်ရှင်နဲ့ဗီဒီယိုတွေ ရိုက်ကူးမှုကို ၂ နှစ်နီးပါးလောက် အချိန်ပေး ရိုက်ကူးခဲ့ရမှုအပေါ်မှာ ပြန်ရတဲ့ ရလဒ်ကို ကျေနပ်မှုရှိပါသလား။**

၂၀၁၀ လောက်ကတည်းက ရုပ်ရှင်နဲ့ဗီဒီယိုတွေကို တော်တော်လေးအားစိုက်ခဲ့ပါတယ်။ ဒါကြောင့် အတွေ့အကြုံတွေ၊ အသိအမှတ်ပြုမှုတွေ ရခဲ့တယ်။ အနုပညာပိုင်းကို ကျေနပ်အားရခဲ့ပေမယ့် ဈေးကွက်ပိုင်းမှာတော့ ကျွန်တော်တို့မျှော်လင့်ထားသလို ဖြစ်မနေဘူး။ လူတွေရဲ့အားလပ်ချိန် အပျင်းပြေစရာကဏ္ဍကို တခြားပလက်ဖောင်းတွေက အများကြီးခွဲယူသွားတာကိုး။

**ရုပ်ရှင်တွေ ရိုက်နေတုန်းဒိတ်ဒိတ်ကြဲကို အချိန်ဘယ်လိုပေးခဲ့လဲ။**

ကျွန်တော့်ဆန္ဒက ရုပ်ရှင်လေးရိုက်လိုက်၊ သီချင်းလေးဆိုလိုက်နဲ့ မျှမျှတတလေးသွားစေချင်တာ။ ဒါပေမဲ့ ကျွန်တော့်ထုံးစံအတိုင်း တစ်ခုခုကိုအာရုံဝင်စားသွားရင် တခြားဟာတွေမေ့သွားရော။ ဒါကြောင့် ဒီလိုနေလို့တော့ မဖြစ်သေးဘူး။ သီချင်းတွေက ရေးချင်ဆိုချင်တာတွေ များနေပြီဆိုတော့ ဗီဒီယိုရိုက်တာ ခဏနားမယ်ဆိုပြီး ဒီနှစ်မိုးတွင်းကတည်းက ပြန်လုပ်ပါတယ်။

**ဒါဆို ဒီခွေမှာ သီချင်းပြောင်းလိုက်တာ၊ အသစ်ပြန်ထည့်ဖြစ်လိုက်တာတွေရှိလား။**

ကျွန်တော် သီချင်းအားလုံးကို ပြန်သွင်းတယ်။ မကြိုက်တဲ့စာသားတွေ အကုန်ပြင်တယ်။ ဒီအကြောင်းအရာကိုပဲ အစအဆုံး အသစ်ပြန်ရေးတယ်။ ဒါကြောင့် ဒိတ်ဒိတ်ကြဲခွေရဲ့အရသာကတော့ ၂၀၁၂ ခုနှစ်ရဲ့ နှစ်ကုန်ပိုင်းအရသာမျိုး ဖြစ်နေမယ်ထင်တယ်။

**ဆင်ဆာဖြတ်သန်းမှုမရှိဘဲ ထွက်လာနိုင်တဲ့ အခွေဖန်တီးမှု အတွေ့အကြုံက ဆန်းသစ်နေမလား။**

အရင်ခွေတွေကတည်းက ဆင်ဆာရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ကိုယ့်စည်းကိုယ့်ကမ်းနဲ့ ရေးတာ များတယ်။ လူတစ်ယောက်နဲ့တစ်ယောက် ပုတ်ခတ်မှုတွေကို ကျွန်တော့်ဆင်ဆာနဲ့ ကျွန်တော် ရှောင်တယ်။ အရင်တည်းက စိတ်လွတ်လက်လွတ်ပဲ ရေးတယ်။ အဲဒါကိုစာပေစိစစ်ရေးက ဒီစကားလုံးက ကြမ်းတယ်၊ လွန်တယ်၊ ပြင်းတယ်။ ပြောင်းဆိုလည်း ကျွန်တော်ပြောင်းတယ်။ အခုကတော့ ပြောင်းစရာမလိုတော့ပေမယ့် ကျွန်တော့်စကားလုံးတွေကို ကျွန်တော် တာဝန်ယူရဲတယ်။

**အစ်ကို့သီချင်းတွေက စကားလုံးနဲ့ ကာရန် ဖွဲ့စည်းမှုလိုက်ဖက်တာ၊ ခေတ်ကိုထင်ဟပ်တဲ့စကားလုံးဖန်တီးမှုတွေပါတာ တွေ့ရတယ်။ စကားလုံးရှာဖွေမှုအတွက် ဘယ်လိုအားထုတ်ပါလဲ။**

ကျွန်တော်ကတော့ အားထုတ်ရတယ်လို့ကိုမထင်ဘူး။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်က ဒီထဲမှာပျော်မွေ့နေတာကိုး။ ကျွန်တော်ထင်တယ်။ ဘောလုံးသမားတစ်ယောက်က အရမ်းစိတ်ညစ်ပြီး ပင်ပန်းတကြီးကန်နေမှာ မဟုတ်ဘူး။ သူဝါသနာပါလို့ကိုကန်တာကိုး။ ကျွန်တော်ကြိုးစားပါတယ်။ အားထုတ်ပါတယ်။ စိတ်နှစ်ပါတယ်။ ဒါပေမဲ့ ကျွန်တော် မပင်ပန်းဘူး။

**အစ်ကို့မိတ်ဆွေအပေါင်းအသင်းတွေက အစ်ကို့အတွက်ဆို အမြဲဝိုင်းဝန်းကူညီဖို့ အသင့်ဖြစ်နေတတ်တယ်။ အစ်ကိုက (Public Relation) လူမှုဆက်ဆံရေး ကောင်းပုံပဲနော်။**

ကျွန်တော်ကတော့ ပီအာလို့မထင်ဘူး။ တစ်ယောက်နဲ့တစ်ယောက် မေတ္တာနဲ့နေကြတာ။ မိသားစုလိုပဲ။ ကျွန်တော်က Broken Familyက လာတာဆိုတော့ သူငယ်ချင်းတွေက မိသားစုလိုပဲ။ မောင်နှမတွေကလည်း သူငယ်ချင်းတွေဖြစ်နေပြန်တယ်။

ကျွန်တော့်ကိစ္စမို့ သူငယ်ချင်းတွေက အားကြိုးမာန်တက်လုပ်သလို ကျွန်တော်ကလည်း သူငယ်ချင်းကိစ္စတွေကိုကူညီပေးပြီး အပြန်အလှန် အမှီသဟဲ ပြုနေကြတာပါ။

**ဟစ်ဟော့ပ်ဂီတလောကရဲ့ လက်ရှိMainstream ထဲမှာ အပြောင်းအလဲတွေက ဘာတွေများလဲ။**

ရေစီးကြောင်းကတော့ လွန်ခဲ့တဲ့ ၂၀၀၀ နှစ်တွေနဲ့မတူတာက ၉၀ နှစ်လွန်က ဟစ်ဟော့ပ်က Aggressiveဖြစ်တယ်။ပြိုင်ဆိုင်မှုပြင်းထန်တယ်။ ကြောတယ်။ သေနတ်တွေနဲ့ပစ်တဲ့အထိတောင်ဖြစ်ကြတယ်လို့ စာအုပ်တွေထဲဖတ်ခဲ့ဖူးတယ်။ လူတန်းစားခွဲခြားမှု၊ အသားအရောင်ခွဲခြားမှုတွေကို ဆိုခဲ့ကြတယ်။ ၂၀၁၀ မှာတော့ အမေရိကလိုနိုင်ငံမှာတောင် အသားအရောင်ခွဲဖို့နေနေသာသာ ကပ္ပလီလူမျိုးတစ်ယောက်တောင် သမ္မတဖြစ်နေတော့ လူတွေကို ပျော်ရွှင်အောင်တင်ဆက်တဲ့၊ ကလပ်တွေမှာဖွင့်တဲ့ သီချင်းမျိုးတွေ ခေတ်စားလာတယ်။ တစ်ကမ္ဘာလုံးမှာရှိတဲ့ Mainstream တွေက နက်နက်ရှိုင်းရှိုင်းထက် လောလောဆယ်မှာပေါ့ပါးပြီး ပျော်ဖို့ကောင်းတဲ့ သီချင်းတွေက ခေတ်စားတယ်။ ကျွန်တော်တို့ဆီမှာလည်း တစ်ကမ္ဘာလုံးရဲ့ ရေစီးကြောင်းအတိုင်းပါပဲ။

**ဒီမှာတစ်ခုရှိနေတာက အန်ဒါဂရောင်းက Generation တွေနဲ့ ပဋိပက္ခလေးတွေဖြစ်နေကြတယ်။ ဒါကရော ရေစီးကြောင်းပဲလား။**

တစ်ယောက်နဲ့တစ်ယောက် မသင့်မြတ်တာက လောကတိုင်းမှာရှိနေတာပဲ။ ရှိနိုင်တာပဲ။ ဘယ်အချက်က အဓိကကျတယ်ဆိုတာ မရှိနိုင်ဘူး။ ပြဿနာက အချိန်မရွေးတက်နိုင်တာပဲ။

**စီဒီနဲ့ဆိုတဲ့အဆိုတော်တွေအပေါ် အဆိုတော်တစ်ယောက် ပြောဆိုထားတာ ဂီတလောကတွင်း တော်တော်လေး လှုပ်လှုပ်ခတ်ခတ်ဖြစ်သွားပါတယ်။ စီဒီနဲ့ဆိုတဲ့ အစ်ကိုကရော ဘာများပြောလိုပါသလဲ။**

ဖျော်ဖြေတင်ဆက်မှုလုပ်တဲ့အခါမှာ အားလုံးက ကိုယ့်သဘောကိုယ်ဆောင်ပြီးတော့ ကိုယ်ကျွမ်းကျင်ရာ လုပ်ကြတာပဲ။ အိုးစည်တီးတာကျွမ်းတဲ့သူက အိုးစည်တီးမှာပေါ့။ ဂစ်တာတီးမယ့် သူက ဂစ်တာတီးမှာပဲ။ နောက်ကနေ စီဒီဖွင့်ပြီးတော့ ပါးစပ်ကနေ လက်တန်းဆိုနိုင်တဲ့သူကလည်း သူကျွမ်းကျင်ရာ သူလိမ္မာမှာပဲ။ တစ်ယောက်နဲ့တစ်ယောက် သူများရဲ့တင်ဆက်မှု၊ ဖန်တီးမှုကို မလေးမစားလုပ်တာ မကောင်းဘူးပေါ့။ အဲဒီနေ့က Wanted အဖွဲ့က ကိုဖော်ကာအနေနဲ့ အရက်မူးလို့ ဒါမှမဟုတ် စင်ပေါ်မှာ ပရိသတ်အားပေးလို့ ပျော်ရွှင်လို့ သော်လည်းကောင်း၊ စိတ်အခန့်မသင့်လို့သော်လည်းကောင်းပြောမိတယ် ထင်ပါတယ်။ ဒါပေမဲ့ ကျွန်တော်ဆိုရင်တော့ မည်သည့်အနုပညာသမားကိုမှ ပုတ်ခတ်မိမှာ မဟုတ်ဘူး။ အားလုံး ကိုယ့်သဘောနဲ့ကိုယ် ကြိုးစားနေတဲ့အချိန်မှာ အားလုံးကိုလေးစားဖို့ အသင့်ရှိပါတယ်။

**ဂျေဆင်မရက်ဇ်ရှိုးပွဲအတွေ့အကြုံလေး ပြောပါဦး။**

ကျွန်တော့်ဘဝမှာ ဒီလောက်လူတွေအများကြီးနဲ့ သားသားနားနားဆိုရတာ ဒါပထမဆုံးအကြိမ်ပါ။ ကျွန်တော်ဆိုခဲ့ဖူးတာ ပရိသတ်တစ်သောင်းလောက်က အလွန်ဆုံးပဲ။ အဲဒီနေ့က ပရိသတ်ကငါးသောင်းလောက်ဆိုတော့ စင်နောက်မှာထိုင်နေကတည်းက အရမ်းစိတ်လှုပ်ရှားတယ်။ ရင်ခုန်တယ်။ မဆိုခင်ကတော့ ကျွတ်လည်းကျွတ်တယ်။

**ရှိုးပွဲတွေကို တစ်နှစ်ကို ပွဲဘယ်လောက်ဆိုပြီး ကန့်သတ်လိုက်တာ ဘာကြောင့်လဲ။**

ကျွန်တော်တို့က ဂီတဖျော်ဖြေမှုနဲ့ အသက်မွေးဝမ်းကျောင်းပြုနေတဲ့ ပရော်ဖက်ရှင်နယ်အဆိုတော်တွေပါ။ ကိုယ့်အနုပညာနဲ့ ဈေးကွက်ကို လေးစားရမယ်။ ဒီအလုပ်နဲ့ ထမင်းစားနေတာဖြစ်လို့ အလုပ်ကိုလည်း လေးစားရမယ်။ ကျွန်တော်တို့ တစ်ချိန်လုံး အလကားဆိုနေရအောင် အလကားအဆိုတော်တွေမှ မဟုတ်တာ။ ကျွန်တော်တို့ဘက်က ပွဲကိုတူတူတန်တန်ထိုက်ထိုက်တန်တန်တင်ဆက်မယ်။ လက်မှတ်ကို ထိုက်ထိုက်တန်တန် ရောင်းမယ်။ လူမှုရေးလည်း ကျွန်တော်တို့လုပ်ပါမယ်။ ဒါပေမဲ့ လူမှုရေးကြောင့် လက်မှတ်ရောင်းထားတဲ့ ပွဲတစ်ပွဲကို ဖျက်လိုက်ရတယ်ဆိုရင် ကျွန်တော်တို့ ထမင်းအိုးကွဲသွားမှာပေါ့။ ဒါကြောင့် ပွဲအရေအတွက်ကိုတိတိကျကျကန့်သတ်ပြီးတော့ လက်ခံတာပါ။ လူမှုရေးတွေ၊ ရန်ပုံငွေတွေကိုတော့ တခြားနည်းနဲ့ ကြိုးစားပေးပါ့မယ်။

**၂၀၁၂ ကို ပြန်ပြီးသုံးသပ်ကြည့်ရင် ဘာတွေပြောင်းလဲသွားခဲ့လဲ။**

အောင်မြင်မှုနဲ့ အခက်အခဲ စိန်ခေါ်မှုတွေကို ရင်ဆိုင်ရတာကြီးမားတဲ့နှစ်လို့ ယူဆရမယ်။ ခါတိုင်းနှစ်တွေကထက် သရုပ်ဆောင်ပိုင်းကြိုးစားမှုမှာ ပိုနေရာရလာသလို ပိုပြီးစိန်ခေါ်မှုကြီးလာတယ်။ ပိုရုန်းကန်ရပါတယ်။ ပြီးခဲ့တဲ့နှစ်က မန္တလေးမှာ လုပ်ခဲ့တဲ့ မွေးနေ့ရှိုးပေါ့။ အောင်မြင်မှုအကြီးကြီးရသလိုမျိုး မထင်မှတ်ဘဲ လေပြင်းကြောင့် ပွဲကိုစောသိမ်းလိုက်ရတာမျိုးပေါ့။ အလုပ်တွေ အရမ်းဝန်ပိနေတဲ့ကြားက ဒိတ်ဒိတ်ကြဲလေး ထွက်လာနိုင်တော့ ဒါကလည်း အောင်မြင်မှုတစ်ခုပေါ့။ အောင်မြင်မှု၊ စိန်ခေါ်မှု၊ ရုန်းကန်မှုတွေနဲ့ ရောပြွမ်းနေတဲ့နှစ်ပါပဲ။

**သက်မွန်နဲ့ စုံတွဲပုံလေးတွေကြောင့် ပရိသတ်က နှစ်ယောက်လုံးကို သဘောတူနေကြတယ်နော်။**

သက်မွန်နဲ့ခင်တာ ဆယ်နှစ်တောင်ကျော်ပြီ။ ကျွန်တော်တို့ တခြားမောင်နှမတွေထက်တောင် မောင်နှမပိုဆန်မယ်ထင်တယ်။ ကျွန်တော်တို့ရဲ့ ရင်းနှီးမှုအတိုင်း အတာက သာမန်သူငယ်ချင်းတွေထက်ပိုတယ်။ တစ်ယောက်အကြောင်း တစ်ယောက်က အစွမ်းကုန်သိနေပြီ။ ဘယ်လိုမှ တစ်ယောက်နဲ့တစ်ယောက် ကြိုက်ကြမှာ မဟုတ်ဘူး။

**ဒါဆိုအချစ်ရေးက. . .**

ကျွန်တော် ကြိုးစားနေပါတယ်။

## စာ-၄၇၊ အကယ်ဒမီဗန်းကိုင် ရှစ်ဦးရွေးချယ် မှ

အကယ်ဒမီဗန်းကိုင်အဖြစ် လျှောက်ထားမှုလေးကြိမ်မြောက်တွင်မှ ဗန်းကိုင်အဖြစ် ရွေးချယ်ခံရသူလည်းဖြစ်သည်။

သွန်းဆက်မှာ ၂၀၁၀ပြည့်နှစ်က ဗန်းကိုင်အဖြစ်လျှောက်ထားခဲ့သော်လည်း ယခုနှစ်တွင် ပြန်လည်ရွေးချယ်ခံရသူဖြစ်သည်။ အနုပညာသက်တမ်းတစ်နှစ်ကျော်ရှိပြီဖြစ်ပြီး ပညာပေးဇာတ်လမ်းတွဲအချို့တွင် ပါဝင်သရုပ်ဆောင်ထားသည်။ အနုပညာလောကသို့ ယခုနှစ်ဆန်းပိုင်းတွင် မော်ဒယ်အဖြစ် ဝင်ရောက်လာခဲ့သူ ဆန်းသစ်လမှာ အဆိုတော် မေရွှက်ဝါ၏ သမီးဖြစ်ပြီး ဒီဗီဒီနှင့် ဗီဒီယိုဇာတ်ကားတစ်ကားစီ ရိုက်ကူးထားသည်။

မော်ဒယ်မြနှင်းရည်လွင်မှာဒါရိုက်တာမီးပွားရိုက်ကူးနေသော‘ဒေဝ၏ နတ်သမီး’ ရုပ်ရှင်ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်နေ ပြီး ကုန်ပစ္စည်းကြော်ငြာအနည်းငယ်ရိုက်ကူးထားသည်။ ဟေမာန်သော်တာညိမ်းမှာ ဗီစီဒီအချို့တွင် ပါဝင်သရုပ်ဆောင်ထားပြီး မဂ္ဂဇင်းမျက်နှာဖုံးအချို့ ရိုက်ကူးထားသည်။ ဆုမြတ်နိုးဦးမှာ မြန်မာဗီဒီယိုဇာတ်ကားနှင့် ကြော်ငြာ၊ သီချင်း ဗီစီဒီများ ရိုက်ကူးထားပြီး ယမန်နှစ်က ဗန်းကိုင်အဖြစ် လျှောက်ထားဖူးခဲ့သော်လည်း ယခုနှစ်တွင် ရွေးချယ်ခံရသူဖြစ်သည်။


## TOP 10 MOVIES IN AMERICA

### ယခုတစ်ပတ်အတွင်း အမေရိကန်တွင်ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ကားများ

| စဉ် | ဇာတ်ကားအမည် | ဖြန့်ချိသည့်ကုမ္ပဏီ | စုစုပေါင်းဝင်ငွေ (ကန်ဒေါ်လာ) | ပြသသည့် ရက်သတ္တပတ်ပေါင်း |
|---|---|---|---|---|
| ၁။ | The Hobbit: An Unexpected Journey | Warner Bros. Pic: | ၈၄,၆၁၇,၃၀၀ | ၁ |
| ၂။ | Rise of the Guardians | Dream Works Studio | ၇၁,၀၈၅,၃၀၀ | ၄ |
| ၃။ | Licoln | Touchstone Pic. | ၁၀၇,၆၈၇,၀၀၀ | ၆ |
| ၄။ | Skyfall | Sony Pic. | ၂၇၁,၉၂၂,၀၀၀ | ၆ |
| ၅။ | Life of Pi | 20th Century Fox. | ၆၉,၅၇၂,၅၀၀ | ၄ |
| ၆။ | The Twilight Saga: Breaking Dawn Part Two | Summit Entertainment | ၂၇၆,၈၂၆,၀၀၀ | ၅ |
| ၇။ | Wreck-It Ralph | Walt Disney Pictures | ၁၆၈,၇၂၂,၀၀၀ | ၇ |
| ၈။ | Playing For Keeps | FilmDistrict | ၁၀,၇၃၇,၅၀၀ | ၂ |
| ၉။ | Red Dawn | FilmDistrict & MGM | ၄၀,၉၀၄,၃၀၀ | ၃ |
| ၁၀။ | Silver Linings Playbook | The Weinstein Company | ၁၆,၉၇၉,၃၀၀ | ၅ |

## Movie Review

### Parental Guidance




အဘိုးနှင့်အဘွားဖြစ်သော မစ္စတာအာတီနှင့် မစ္စစ်ဒီယန်းတို့သည် သူတို့၏ မြေးသုံးယောက်အား ကြည့်ရှုစောင့်ရှောက်ရန် တာဝန်ယူလိုက်ကြသည်။ ကလေးများ၏ မိဘများမှာ အလုပ်ကိစ္စနှင့် ခရီးဝေးသွားကြရသောကြောင့် တာဝန်ယူလိုက်ခြင်းဖြစ်သည့် သားသမီးများအား ထိန်းကျောင်းခဲ့သော ၎င်းတို့အနေဖြင့် မြေးများကို ခဏတဖြုတ်ကြည့်ရှုရမည်မှာ ပြဿနာမရှိဟုထင်ခဲ့ရာမှ ကလေးများ၏ ၂၁ ရာစုက အမူအကျင့်များက ၎င်းတို့ လက်ထက်က ကလေးထိန်းနည်းများနှင့် အလုပ်မဖြစ်ကြောင်း မစ္စတာ အာတီနှင့် မစ္စစ်ဒီယန်းတို့သိရှိလာကြပြီး ချစ်ခြင်းမေတ္တာနှင့် စည်းကမ်း တင်းကျပ်မှုကို ပေါင်းစပ်ရတော့သည်။

မိသားစုဝိုင်းထိုင်ကြည့်နိုင်မည့် ဟာသကားကို ဒါရိုက်တာ Andy Fickman ကရိုက်ကူးထားပြီး Billy Crystal, Belte Midler, Marisa Tomei, Bailee Madison တို့ပါဝင်သရုပ်ဆောင်ထားကာ ဒီဇင်ဘာ ၂၅ ရက်တွင် 20th Century Fox ကဖြန့်ချိမည်ဖြစ်သည်။

Sports
7DAY NEWS JOURNAL
Vol.11, No.42 • DECEMBER 27 , 2012

# တွေ့မရှောင်နှင့် ဖိုးကေ တွေ့ဆုံမည့် ဒဂုံရွှေအောင်လံ ပထမတန်းဗိုလ်လုပွဲ

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ ဒီဇင်ဘာ - ၂၃**

၂၀၁၃ ဒဂုံရွှေအောင်လံ မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ ပထမတန်းအောင်လံဒုတိယအကြိမ်ဗိုလ်လုပွဲစဉ်တွင် ဖိုးကေ (မြန်မာ)က ဖန်ခွန်မက် (ထိုင်း)ကို အနိုင်ယူကာ ဗိုလ်လုပွဲတွင် နာမည်ကြီး တွေ့မရှောင်နှင့် တွေ့ဆုံမည်ဖြစ်သည်။

ဒီဇင်ဘာ ၂၃ ရက်က အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) သုဝဏ္ဏတွင် ကျင်းပခဲ့သည့် ၎င်းပွဲစဉ်၌ ဖိုးကေက ထိုင်းလက်ဝှေ့သမားအား ဒုတိယအချီတွင် အလဲထိုးအနိုင်ယူကာ ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည်။ ဖိုးကေသည် ပြိုင်ဘက်လက်ဝှေ့သမားထက် အသက်ပိုငယ်သော်လည်း အရပ်၊ အလုံးအထည် ပိုသာခဲ့ပြီး ပထမအချီ၌ပင် ဖိအားပေး ယှဉ်ပြိုင်ထိုးနိုင်ခဲ့သည်။

ခံစစ်သက်သက်သာပြန်လည်ယှဉ်ပြိုင်ခဲ့ရသည့် ဖန်ခွန်မက်မှာ ဒုတိယအချီ ၁ မိနစ် ၄၁ စက္ကန့်တွင် ဖိုးကေ၏ ကန်ချက်ထိသွားခဲ့ပြီး ကြမ်းပြင်ပေါ်၌ မှောက်သွားခဲ့ကာ အမှတ်စဉ်ရေတွက်ခံခဲ့ရပြီး အရှုံးပေးခဲ့ရခြင်းဖြစ်သည်။ ထို့ကြောင့် ပထမအကြိုဗိုလ်လုပွဲစဉ်က အီရန်လက်ဝှေ့သမားအား အနိုင်ယူခဲ့သော တွေ့မရှောင်နှင့် ဖိုးကေတို့သည် ပထမတန်းအောင်လံဗိုလ်လုပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ဖိုးကေနှင့်တွေ့မရှောင်တို့သည် ကြိုးဝိုင်းစင်မြင့်တွင် လေးကြိမ်မြောက် တွေ့ဆုံခြင်း ဖြစ်လာမည်ဖြစ်ပြီး ယခင်တွေ့ဆုံခဲ့သည့် သုံးကြိမ်တွင် ဖိုးကေက အမှတ်ဖြင့်တစ်ပွဲအနိုင်နှင့် တွေ့မရှောင်က ဒိုင်ပွဲရပ်ဖြင့် တစ်ပွဲအနိုင်ရရှိထားကာ တစ်ပွဲသရေ ရလဒ်ရရှိထားသည်။

ဒုတိယတန်းအောင်လံ အကြိုဗိုလ်လုပွဲစဉ်များတွင် တူးတူးနှင့်ဖိုးသားကြီးတို့က ပြိုင်ဘက်များကို အနိုင်ယူကာ ဗိုလ်လုပွဲစဉ်သို့ တက်ရောက်သွားသည်။ တတိယအောင်လံအကြိုဗိုလ်လုပွဲစဉ်များတွင် ရဲမြင့်အောင်နှင့် မြားထက်အောင်တို့က ပြိုင်ဘက်များကို ဗိုလ်လုပွဲတွင် တွေ့ဆုံမည်ဖြစ်သည်။

အထူးပွဲစဉ်အဖြစ် လူပုလေးတာပေါနှင့် လူပုလေးလာပေါတို့ ပွဲစဉ်လည်း ပါဝင်ခဲ့ရာ ပရိသတ်များ အထူးအားပေးခဲ့ပြီး ၎င်းပွဲစဉ်မှာ သရေကျခဲ့သည်။ လာမည့် ၂၀၁၃ ခုနှစ် ဇန်နဝါရီလ ၆ ရက်တွင် အတန်းသုံးတန်း၏ ဗိုလ်လုပွဲစဉ်များအပြင် ထွန်းထွန်း(မြန်မာ)နှင့် အက်ရှ်ခန်အမ်တီခါဘီ (အီရန်မွေထိုင်းချန်ပီယံ)၊ ထွန်းထွန်းမင်း (မြန်မာ)နှင့် ဖဲလစ်(ဂျာမနီ)တို့၏ အထူးအောင်လံပွဲစဉ်များလည်း ပါဝင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။



ဓာတ်ပုံ - ကျော်ဇင်သန်း

*ဒဂုံရွှေအောင်လံမြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ (၂၀၁၃) ဒုတိယနေ့ပွဲစဉ်များတွင် အထူးပွဲအဖြစ် ရန်ကုန်မြို့၌ ပထမဆုံးအကြိမ်ယှဉ်ပြိုင်သည့် လူပုလေးတာပေါ(မြဝတီ)နှင့် လူပုလေးလာပေါ(ဖြူး)တို့ ယှဉ်ပြိုင်နေစဉ်။ ၎င်းသုံးချီပွဲစဉ်သည် ပူးတွဲသရေကျခဲ့သော်လည်း ပရိသတ်များ အထူးအားပေးခဲ့ကြသည်။*

# မြန်မာလိဂ်ပွဲဦးထွက်တွင် အသင်းကြီးများ ပွဲချောင်

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ ဒီဇင်ဘာ - ၂၂**

၂၀၁၃ ဇန်နဝါရီလ ၅ ရက်တွင် စတင်မည့် မြန်မာနေရှင်နယ်လိဂ်ပွဲစဉ်ဇယား ထွက်ပေါ်လာခဲ့ရာ အဖွင့်ပွဲစဉ်တွင် အသင်းကြီးများ အချင်းချင်းတွေ့ဆုံသည့် ပွဲစဉ်များ မပါဝင်ကြောင်း သိရသည်။


လက်ရှိချန်ပီယံရန်ကုန်ယူနိုက်တက်အသင်းသည်ဇွဲကပင်အသင်းနှင့်လည်းကောင်း၊ ချန်ပီယံဟောင်း ရတနာပုံအသင်းသည် ရခိုင် ယူနိုက်တက်အသင်းနှင့်လည်းကောင်း၊ ကမ္ဘောဇအသင်းသည်ဆောက်သမ်းမြန်မာအသင်းနှင့်လည်းကောင်း ယှဉ်ပြိုင်ရမည်ဖြစ်သည်။ အခြားပွဲစဉ်များတွင် ဧရာဝတီယူနိုက်တက်နှင့် မနောမြေ၊ ရေွှမြေအသင်းနှင့် ဟံသာဝတီ၊ ရောဝတီယူနိုက်တက်နှင့် မနောမြေ၊ မကွေးအသင်းနှင့် နေပြည်တော်အသင်းတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

အသင်းပေါင်း ၁၂ သင်း ပါဝင်ယှဉ်ပြိုင်မည့် ၂၀၁၃ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲကို ရှစ်လအတွင်းအပြီး ကျင်းပသွားမည်ဖြစ်ပြီး ပွဲစဉ်ဇယားအရ ဩဂုတ်လ ၂၅ ရက်တွင်ပြီးဆုံးမည်ဖြစ်သည်။ ပထမအကျော့ပွဲစဉ်များကို ဇန်နဝါရီ ၅ ရက်မှ မေလ ၁၂ ရက်အထိ ကျင်းပမည်ဖြစ်ပြီး သုဝဏ္ဏ၊ အောင်ဆန်း၊ ဗထူး၊ မုံရွာ၊ တောင်ကြီး၊ နေပြည်တော်၊ ရန်ကုန်ယူနိုက်တက် ဘောလုံးကွင်းများတွင် လက်ခံကျင်းပသွားမည်ဖြစ်သည်။

မတ်လအတွင်း၌ AFC Challenge Cup ခြေစစ်ပွဲကို ရန်ကုန်မြို့တွင် လက်ခံကျင်းပမည်ဖြစ်သည့်အတွက်မြန်မာလိဂ်ပွဲစဉ် (၅) ဖေဖော်ဝါရီ ၁၀ ရက်နေ့ပွဲစဉ်များအပြီးတွင် ခေတ္တရပ်နားမည်ဖြစ်ပြီး မတ်လ ၂၃ ရက်တွင် ပြန်လည်စတင်မည်ဖြစ်သည်။ မြန်မာလိဂ်ထိပ်သီးနှစ်သင်းဖြစ်သည့် ရန်ကုန်ယူနိုက်တက်နှင့် ရတနာပုံအသင်းတို့သည် ပထမအကျော့နောက်ဆုံးရက်သတ္တပတ်ဖြစ်သည့် မေလ ၁၂ ရက်တွင် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ဒုတိယအကျော့ပွဲစဉ်များကို မေလ ၁၈ ရက်မှ ဩဂုတ်လ ၂၅ ရက် အထိ ကျင်းပမည်ဖြစ်ပြီး ၂၀၁၃ ခုနှစ် ဒီဇင်ဘာလအတွင်း ဆီးဂိမ်းပြိုင်ပွဲဝင်မည့် မြန်မာအသင်းကို လေ့ကျင့်ချိန်ပိုမိုရရှိစေရန်အတွက် မြန်မာနေရှင်နယ်လိဂ်အမှတ်ပေးပြိုင်ပွဲကို ယခင်နှစ် ဘောလုံးရာသီများထက်ဆောလျင်စွာ ဩဂုတ်လအတွင်းအပြီး ကျင်းပခြင်းဖြစ်ကြောင်းသိရသည်။ ဒုတိယ အကျော့ပွဲစဉ်များတွင် ဆောက်သမ်းမြန်မာ၊ ဇွဲကပင်နှင့် ရောဝတီယူနိုက်တက်အသင်းတို့ကလည်း အိမ်ကွင်းအဖြစ် လက်ခံကျင်းပရန် စီစဉ်လျက်ရှိကြောင်း သတင်းရရှိသည်။

မြန်မာနေရှင်နယ်လိဂ်အမှတ်ပေးပြိုင်ပွဲကို ၂၀၀၉ ခုနှစ်က စတင်ကျင်းပခြင်းဖြစ်ပြီး ၂၀၀၉ နှင့် ၂၀၁၀ တွင် ရတနာပုံအသင်း၊ ၂၀၁၁ နှင့် ၂၀၁၂ ခုနှစ်တွင် ရန်ကုန်ယူနိုက်တက်အသင်းတို့က နှစ်ကြိမ် ဗိုလ်စွဲထားသည်။



7DAY NEWS JOURNAL
Vol.11, No.42 • DECEMBER 27 , 2012

# မြန်မာဘောလုံးအသင်း ကမ္ဘာ့အဆင့် သတ်မှတ်ချက်တွင် ၆ ဆင့်လျော့ကျ

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဒီဇင်ဘာ-၁၉**

ဆူဇူကီးဖလားပြိုင်ပွဲအုပ်စုအဆင့်မှ ထွက်ခဲ့ရသော မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းသည် ကမ္ဘာ့အဆင့် သတ်မှတ်ချက်တွင် ယခင်လကထက် အဆင့်ခြောက်ဆင့်ကျ ဆင်းသွားခဲ့ပြီး အရှေ့တောင်အာရှနိုင်ငံများ၌ သတ္တမနေရာသို့ ရောက်ရှိသွားကြောင်း သတင်းရရှိသည်။

ပြီးခဲ့သည့်လက ကမ္ဘာ့အဆင့် သတ်မှတ်ချက်(၁၅၆)၌ ရပ်တည်ခဲ့သော မြန်မာအသင်းသည် ဆူဇူကီးပြိုင်ပွဲ အုပ်စုအဆင့်မှ ထွက်ခဲ့ရပြီးနောက် ဒီဇင်ဘာလ ၁၉ ရက်က ထုတ်ပြန်ခဲ့သော ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် ရမှတ် ၁၁၄ မှတ်ဖြင့် ကမ္ဘာ့အဆင့်(၁၆၂) သို့ ရောက်ရှိသွားသည်။

ဒေသတွင်းနိုင်ငံများထဲ၌ ဖိလစ်ပိုင်အသင်းနှင့် မြန်မာအသင်းသာ ယခင်လကထက် ကမ္ဘာ့အဆင့်သတ်မှတ်ချက် ကျဆင်းသွားခြင်းဖြစ်ပြီး ကျန်အသင်းများမှာမူ အဆင့်မြင့်တက်လာသည်။ ဗီယက်နမ်အသင်းသည် ဆူဇူကီး ပြိုင်ပွဲ အုပ်စုအဆင့်မှ ထွက်ခဲ့ရသော်လည်း ယခင်လကထက် အဆင့်ခုနစ်ဆင့်မြင့်တက်ကာ ကမ္ဘာ့အဆင့်(၁၃၁)ဖြင့် အရှေ့တောင်အာရှနိုင်ငံများတွင် ပထမနေရာ၌ ဆက်လက်ဦးဆောင်ထားသည်။

ဗီယက်နမ်အသင်းနောက်တွင် ထိုင်းအသင်းက ကမ္ဘာ့အဆင့် ၁၃၆၊ ဖိလစ်ပိုင်အသင်း ၁၄၇၊ စင်ကာပူအသင်း ၁၅၄၊ အင်ဒိုနီးရှားအသင်း ၁၅၆၊ မလေးရှားအသင်း ၁၅၈၊ လာအိုအသင်း ၁၇၁၊ ဘရူနိုင်းအသင်း ၁၈၂၊ တီမောအသင်း ၁၈၂၊ ကမ္ဘောဒီးယားအသင်း အဆင့် ၁၈၄ တို့တွင် အသီးသီး ရပ်တည်နေသည်။

ဒေသတွင်းနိုင်ငံများတွင် ထိုင်းအသင်းသည်ယခင်လကထက် အဆင့် ၁၆ ဆင့်ခုန်တက်ကာ ကမ္ဘာ့အဆင့်အများ ဆုံးမြင့်တက်လာခဲ့ပြီး ဆူဇူကီးပြိုင်ပွဲအုပ်စုအဆင့်မှ ထွက်ခဲ့ရသော ဗီယက်နမ်၊ မြန်မာ၊ အင်ဒိုနီးရှား၊ လာအို အသင်းများတွင် မြန်မာအသင်းမှ လွဲ၍ ကျန်အသင်းများမှာ ကမ္ဘာ့အဆင့်မြင့်တက်လာသည်။

ကမ္ဘာ့အဆင့် တစ်နေရာကို မူ စပိန်အသင်းက ဆက်လက်နေရာယူထားပြီး ၎င်း၏နောက်တွင် ဂျာမနီ၊ အာဂျင်တီး နား၊ အီတလီ၊ ကိုလံဘီယာ၊ အင်္ဂလန်၊ ပေါ်တူဂီ၊ နယ်သာလန်၊ ရုရှား၊ ခရိုအေးရှားအသင်းများက အစဉ်လိုက် ရပ်တည် နေသည်။

နာမည်ကြီး ဘရာဇီးအသင်းသည် ယခင်လထက် အဆင့် ၅ ဆင့်ကျဆင်းကာ ကမ္ဘာ့အဆင့် ၁၈ သို့ ရောက်ရှိသွားပြီး ဂျပန်အသင်းမှာ ဘရာဇီးအသင်းနှင့် လေးဆင့်အကွာ ကမ္ဘာ့အဆင့် ၂၂ ဖြင့် အာရှနိုင်ငံများတွင် ထိပ်ဆုံးမှ ဦးဆောင်ထားသည်။

# ကွန်မြူနတီဖလားပွဲစဉ်ကို ဒီဇင်ဘာ ၃၀ တွင် ကျင်းပမည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဒီဇင်ဘာ-၂၁**

အမှတ်ပေးချန်ပီယံ ရန်ကုန်ယူနိုက်တက်အသင်းနှင့် ရှုံးထွက်ဖလားချန်ပီယံ ရောဝတီယူနိုက်တက်အသင်းတို့ ယှဉ် ပြိုင်ကစားမည့် ကွန်မြူနတီဖလားပွဲစဉ်ကို ဒီဇင်ဘာလ ၃၀ ရက်တွင် အောင်ဆန်းကွင်း၌ ကျင်းပမည် ဖြစ်သည်။

မြန်မာနိုင်ငံဘောလုံး အဖွဲ့ချုပ်သည် ပြီးခဲ့သည့် ၂၀၁၂ဘောလုံးရာသီအစတွင်(ကွင်းဖွင့်ဖလား)ကို ကွန်မြူနတီဖလားအမည်ဖြင့် စတင်ကျင်းပခဲ့သည်။ ယမန်နှစ်ကလည်း ရန်ကုန်ယူနိုက်တက်နှင့် ရောဝတီယူနိုက်တက်အ သင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြပြီး ရောဝတီယူနိုက်တက်အသင်းက ပယ်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ရရှိခဲ့သည်။

ယခုပွဲစဉ်မှ ရရှိသော ကွင်းဝင်ကြေးများကို လူမှုရေး လုပ်ငန်းများသို့ လှူဒါန်းသွားမည်ဖြစ်ပြီး ဝင်ကြေးအဖြစ် အထူးတန်းကျပ်တစ်ထောင်နှင့် ရိုးရိုးတန်းကျပ်ငါးရာ သတ်မှတ်ထားကြောင်း သိရသည်။ ပြီးခဲ့သည့် နှစ် ကွန်မြူနတီဖလားပြိုင်ပွဲတွင် ကွင်းဝင်ကြေးအဖြစ် ကျပ်သိန်းလေးဆယ်ရရှိခဲ့ပြီး မြန်မာလိဂ်အသင်းပေါင်း(၁၄) သင်းမှ တစ်သင်းလျှင် ကျပ်သိန်းသုံးဆယ်စီ၊ MRTV-4 ရုပ်သံလိုင်းမှ ကျပ်သိန်းလေးဆယ်ဖြင့် စုစုပေါင်း ကျပ်သိန်းငါးရာအား မင်္ဂလာတောင်ညွန့်မြို့နယ် မီးဘေးသင့်ပြည်သူများ ကယ်ဆယ်ရေးစခန်းသို့ ပေးအပ်လှူဒါန်းခဲ့သည်။

"ဒီပွဲစဉ်ကရတဲ့ ကွင်းဝင်ကြေးတွေကို ဘယ်နေရာကို လှူမယ်ဆိုတာ မသိသေးရပေမယ့် လူမှုရေးလုပ်ငန်းတွေကို လှူဒါန်းသွားမှာပါ။ လာကြည့်တဲ့ပရိသတ်တွေအနေနဲ့လည်း ဘောလုံးပွဲလည်း ကြည့်ရမယ့်အပြင် အလှူမှာ ပါဝင်ပြီးသားဖြစ်မှာပါ ကစားမယ့် အသင်းတွေကလည်း မနှစ်ကနှစ်သင်း ယှဉ်ပြိုင်ရမယ်ဆိုတော့ မကျေပွဲအဖြစ် ကြည့်ကောင်းမှာပါ"ဟု ဘောလုံးအဖွဲ့ချုပ်တာဝန်ရှိသူက ပြောသည်။ အဆိုပါ ပွဲစဉ်ကို ညနေလေးနာရီအချိန်တွင် စတင်ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

# ဆီးဂိမ်းအတွက် ရေကူး၊ ဒိုင်ဗင် ပဏာမလက်ရွေးစင် ရွေးမည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဒီဇင်ဘာ-၂၁**


(၂၇)ကြိမ်မြောက်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ(ဆီးဂိမ်း)အတွက် ရေကူး၊ ဒိုင်ဗင်ပဏာမလက်ရွေးစင်ရွေးချယ်မည့် ပြိုင်ပွဲကို ၂၀၁၃ ခုနှစ် ဇန်နဝါရီလပထမပတ်အတွင်း ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါ ပြိုင်ပွဲကို ၂၀၁၃ ခုနှစ် ဇန်နဝါရီလ ၃ ရက်နှင့် ၄ ရက်များတွင် အမျိုးသားရေကူးကန်၌ ကျင်းပမည်ဖြစ်ပြီး လက်ရှိပဏာမ လက်ရွေးစင်များအပြင် တစ်နိုင်ငံလုံး အတိုင်းအတာမှ အားကစားသမားများ ထပ်မံပေါ်ထွက် လာရန်အတွက် ပြိုင်ပွဲပြုလုပ်၍ ရွေးချယ်ခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်မှ သတင်းရရှိသည်။

မည်သည့် ရေကူးနှင့် ဒိုင်ဗင်အားကစားမဆိုပွဲစဉ်နှင့် အသက်ကန့်သတ်မှုမရှိဘဲ ပါဝင်ယှဉ်ပြိုင်အရွေးခံခွင့်ရှိပြီး ဝင်ကြေးအခမဲ့ဖြစ်ကြောင်း အဖွဲ့ချုပ်မှ သတင်းထုတ်ပြန်ထားသည်။ "လူရွေးပွဲ ပွဲစဉ်တွေမှာ ပထမရတဲ့သူတွေနဲ့ စံချိန်ကောင်းပြီး အလားအလာရှိတဲ့သူတွေကို ပဏာမရွေးချယ်ပြီး နိုင်ငံခြားနည်းပြတွေနဲ့ စခန်းသွင်းလေ့ကျင့်သွားဖို့ စီစဉ်ထားပါတယ်။ လမယ့်နှစ် မတ်လပိုင်းမှာလည်း တရုတ်နိုင်ငံကို မြန်မာရေကူး၊ ဒိုင်ဗင်အဖွဲ့ သွားရောက်လေ့ကျင့်ဖို့စီစဉ်ထားပြီး အဲဒီကအပြန်မှာ နောက်ဆုံးအဆင့် ရွေးချယ်သွားဖို့တော့ ရည်ရွယ်ထားပါတယ်"ဟု မြန်မာရေကူးအသင်းနည်းပြဦးမောင်မောင်စိန်က ဆိုသည်။

ဝင်ရောက်ယှဉ်ပြိုင်ရွေးချယ်မည့် အားကစားသမားများသည် ဒီဇင်ဘာ ၃၀ ရက် နောက်ဆုံးထား၍ အမျိုးသား ရေကူးကန်သို့ လာရောက် စာရင်းပေးသွင်းရမည်ဖြစ်ပြီး ဖုန်း ၀၁-၃၇၈၅၅၀ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပမည့်၂၀၁၃ဆီးဂိမ်းပြိုင်ပွဲတွင် ရေကူးအားကစားနည်း၌ (ကျား၊မ) တစ်ဦးချင်း ပွဲစဉ် (၂၈)ပွဲနှင့် လေးယောက်လက်ဆင့်ကမ်း(၄)ပွဲ၊ ဒိုင်ဗင်အားကစားနည်း (ကျား၊မ)ပွဲစဉ်ရှစ်မျိုး ထည့်သွင်း ကျင်းပရန် စီစဉ်ထားကြောင်း သတင်းရရှိသည်။



# ခရစ်စမတ်အပြီး စောင့်ကြည့်ရမယ့် ပရီးမီးယားလိဂ်ပွဲစဉ် (၁၉) ပွဲကောင်းများ

**ကိုအေးမြတ်**

ဒီတစ်ပတ်ဥရောပလိဂ်ပွဲစဉ်တွေကတော့ လိဂ်အသီးသီးမှာ ရာသီဝက်ကျိုးခဲ့ပြီဖြစ်ပါတယ်။ ဒီလိုရာသီဝက်ကျိုးချိန်မှာ ဇယားကို ဦးဆောင်နေတဲ့ အသင်းကြီးတွေရော အောက်ခြေက ရုန်းကန်နေရတဲ့အသင်းတွေပါပွဲကျပ်တွေကို ထပ်မံရင်ဆိုင်ရပါဦးမယ်။ ဒီတစ်ပတ်ပွဲစဉ်တွေထဲမှာတော့ အီတလီ စီးရီးအေနဲ့စပိန်လာလီဂါတွေတစ်ပတ်နားထားမှာမို့ပရီးမီးယားလိဂ်ပွဲရှစ်ပွဲကိုတင်ပြပေးလိုက်ပါတယ်။

**မန်ယူ - နယူးကာဆယ်**
(ည ၉း၃၀ နာရီ)
ပကျော့ရလဒ် ၃-၀

မန်ယူတို့အိမ်ကွင်းမှာ အခြေအနေကောင်းနိုင်ပါတယ်။ ဇယားထိပ်ဦးဆောင်နေတာနဲ့အညီ အိမ်ကွင်းနိုင်ပွဲအများဆုံးအသင်းအဖြစ်ရပ်တည်နေတာကလည်း နယူးကာဆယ်ကို အခက်တွေ့စေမှာပါ။ မန်ယူတို့နှစ်ဂိုးလောက် ရသွားနိုင်တယ်။

**ဆန်းဒါးလန်း- မန်စီးတီး**
(ည ၉း၃၀ နာရီ)
ပကျော့ရလဒ် ၀-၃

မန်စီးတီးတို့အဝေးကွင်း ရှုံးပွဲမရှိသေးပေမယ့် သရေပွဲများနေတာပြဿနာပါ။ ပထမအကျော့ဆုံတွေ့မှုအတိုင်း ဂိုးများဖို့မရှိပေမယ့် အပြန်အလှန်သွင်းဂိုးတွေနဲ့ မန်စီးတီးနိုင်ခြေများနေပါတယ်။



**နော်ဝစ်ချ် - ချယ်လ်ဆီး**
(ည ၉း၃၀ နာရီ)
ပကျော့ရလဒ် ၁-၄

ခြေတက်နေတဲ့နော်ဝစ်ချ်ကို သူ့အိမ်ကွင်းမှာ ရင်ဆိုင်ရမှာမို့ ချယ်လ်ဆီးတို့အခက်တွေ့နိုင်ပါတယ်။ ပထမအကျော့မှာဂိုးပြတ်ခဲ့ပေမယ့် ဒီပွဲမှာ ချယ်လ်ဆီးတို့အပြန်အလှန်သွင်းဂိုးတွေနဲ့ကပ်နိုင်ဖို့ရှိပါတယ်။ သရေဖြစ်ဖို့နည်းပါတယ်။

**ကျူပီအာ - ဝက်စ်ဘရွန်း**
(ည ၉း၃၀ နာရီ)
ပကျော့ရလဒ် ၂-၃

ဒီနှစ်သင်းဆုံတိုင်း ဂိုးမပြတ်ပါဘူး။ သရေပွဲတွေ တောက်လျှောက်ရနေတဲ့ ကျူပီအာတို့ ဒီအိမ်ကွင်းပွဲမှာလည်း အနိမ့်ဆုံးတစ်မှတ်ရဖို့ ကြိုးစားမှာပဲ။ ကျူပီအာမထင်မှတ်ဘဲ ကပ်နိုင်ခြေရှိပါတယ်။

**ရီဒင်း- ဆွမ်ဆီး**
(ည ၉း၃၀ နာရီ)
ပကျော့ရလဒ် ၂-၂

ရီဒင်းတို့ ရှုံးပွဲတောက်လျှောက်တွေ့နေတာမို့ အမြင့်ဆုံးသရေရရင်ပဲကျေနပ်ရမှာပါ။ ဆွမ်ဆီးတိုက်စစ်ပိုင်း ပိုကောင်းတာမို့ တစ်ဂိုးအသာနဲ့ ကပ်နိုင်ခြေရှိတယ်။ သရေဖြစ်ဖို့ နည်းနေပါတယ်။

**ဖူလ်ဟမ် - ဆောက်သမ်တန်**
(ည ၉း၃၀ နာရီ)
ပကျော့ရလဒ် ၁-၁

ဖူလ်ဟမ်တို့ အိမ်ကွင်းမှတ်တမ်းကောင်း မရသေးချိန်မှာ ဆောက်သမ်တန်ကခြေတက်နေတာကြောင့်ညှော့သည်အသင်းနိုင်ခြေများတဲ့ပွဲပါ။ ဖူလ်ဟမ်သရေရဖို့တောင်သိပ်မလွယ်လှဘဲ ဆောက်သမ်တန် ကပ်နိုင်သွားမှာပါ။








## အာဆီယံချန်ပီယံရှစ်တွင် ချန်ပီယံလေးကြိမ်ရ ပထမဆုံးအသင်းဖြစ်လာသည့် စင်ကာပူ

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဒီဇင်ဘာ - ၂၃**

စင်ကာပူလက်ရွေးစင် ဘောလုံးအသင်းသည် ၂၀၁၂ ဆူဇူကီးဖလားဗိုလ်လုပွဲတွင် ထိုင်းအသင်းအား နှစ်ကျော့ပေါင်းရလဒ် (၃-၂) ဂိုးဖြင့် အနိုင်ယူကာ ပြိုင်ပွဲတစ်လျှောက် လေးကြိမ်မြောက် ချန်ပီယံဆုရ ပထမဆုံးအသင်းအဖြစ် မှတ်တမ်းရေးထိုးနိုင်ခဲ့သည်။

နာမည်ကြီးထိုင်းအသင်းသည် ဒီဇင်ဘာ ၂၂ ရက်က ယှဉ်ပြိုင်ခဲ့သည့် အိမ်ကွင်းဒုတိယအကျော့တွင် စင်ကာပူအသင်းအား (၁-၀)ဂိုးဖြင့် အနိုင်ယူခဲ့သော်လည်း ပထမအကျော့အဝေးကွင်းပွဲစဉ်တွင်(၁-၃)ဂိုးဖြင့် ရှုံးနိမ့်ခဲ့မှုကြောင့် ဒုတိယဖြင့်သာ ကျေနပ်ခဲ့ရသည်။

ယခုပြိုင်ပွဲ၏ ချန်ပီယံသုံးကြိမ်စီရထားသော နှစ်သင်း တွေ့ဆုံခဲ့သည့် ဗိုလ်လုပွဲစဉ်များသည် အကြိတ်အနယ်ပွဲကောင်းများဖြစ်ခဲ့ပြီး စင်ကာပူအသင်းသည် ၂၀၀၇ ခုနှစ်က ဗိုလ်လုပွဲ (နှစ်ကျော့ပေါင်းရလဒ်)အတိုင်း ထိုင်းအသင်းကို ဒုတိယအကြိမ် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

၂၀၁၂ ဆူဇူကီးဖလားပြိုင်ပွဲ၏ အကောင်းဆုံးဘောလုံးသမားဆုကို စင်ကာပူအသင်းမှ ရာရှိအီရှက်နှင့် ဂိုးသွင်းအများဆုံးဆုကို ထိုင်းအသင်းမှ ဒန်ဒါက (သွင်းဂိုး ငါးဂိုး)ဖြင့် ရရှိခဲ့သည်။ ပြိုင်ပွဲ၏ အသန့်ရှင်းဆုံးအသင်းဆုကို အကြိုဗိုလ်လုပွဲအထိ တက်ရောက်နိုင်ခဲ့သည့် မလေးရှားအသင်းက ရရှိခဲ့သည်။ ကိုးကြိမ်မြောက်ရှိလာပြီဖြစ်သည့် အာဆီယံဒေသတွင်း လက်ရွေးစင်အသင်းများ၏ အဆင့်မြင့်ဆုံး ပြိုင်ပွဲတစ်လျှောက်တွင် စင်ကာပူအသင်းက ချန်ပီယံလေးကြိမ်ရယူကာ ပထမနေရာမှ ဦးဆောင်ထားပြီး ထိုင်းအသင်းက သုံးကြိမ်၊ မလေးရှားနှင့်ဗီယက်နမ်အသင်းတို့က တစ်ကြိမ်စီ ဗိုလ်စွဲထားသည်။ မြန်မာအသင်းသည် ယခု ပြိုင်ပွဲတစ်လျှောက်တွင် အမြင့်ဆုံး အောင်မြင်မှုအဖြစ် ၂၀၀၄ ခုနှစ်က အကြိုဗိုလ်လုပွဲအဆင့်သို့ တစ်ကြိမ်သာ တက်ရောက်နိုင်ခဲ့သည်။

7 DAY NEWS JOURNAL
Vol.11, No.42 • DECEMBER 27 , 2012

# အီးယူက ကန်ဒေါ်လာသန်း ၂၃၀ အကူအညီပေးခြင်းဖြင့် ဂီနီနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှု ပြန်လည်စတင်

**ဒါကာ၊ ဒီဇင်ဘာ - ၂၂**

အနောက်အာဖရိကရှိ ဂီနီနိုင်ငံနှင့်ပူးပေါင်းဆောင်ရွက်မှုများပြန်လည်စတင်သွားမည်ဖြစ်ကြောင်း ဥရောပသမဂ္ဂက ပြောကြားပြီး ၂၀၀၈ ခုနှစ် အာဏာသိမ်းမှုနောက်ပိုင်း ရပ်ဆိုင်းထားသည့် ကန်ဒေါ်လာ သန်း ၂၃၀ အကူအညီပေးအပ်ရေးကိုလည်း လမ်းဖွင့်ပေးလိုက်သည်။

ပါလီမန်ရွေးကောက်ပွဲများကျင်းပ၍ အရပ်ဘက်အုပ်ချုပ်ရေးပြန်လည်ဖြစ်ပေါ်ပါက ဂီနီနိုင်ငံနှင့် ပြန်လည်ပူးပေါင်း၍ အကူအညီပေးမည်ဟု အီးယူက သတ်မှတ်ချက်ထားရှိခဲ့သည်။

လာမည့်နှစ် မေလ ၁၂ ရက်တွင် ရွေးကောက်ပွဲကျင်းပမည်ဟု ဂီနီရွေးကောက်ပွဲတာဝန်ရှိသူများက ယခင်သီတင်းပတ်အတွင်းက ပြောကြားခဲ့သည်။ သို့သော် ယင်းကိုသမ္မတအယ်လ်ဖာကွန်ဒီက အတည်ပြုရဦးမည်ဖြစ်သည်။

"ပါလီမန် ရွေးကောက်ပွဲကျင်းပဖို့ ယုံကြည်စိတ်ချလောက်တဲ့အချိန်စာရင်း တစ်ရပ်ကို ဂီနီနိုင်ငံကတင်ပြခဲ့ပါတယ်။ ဒါ့ကြောင့် ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်လက်မှတ်ထိုးဖို့ဖြစ်လာပါတယ်" ဟု ဥရောပသမဂ္ဂ၏ ဖွံ့ဖြိုးတိုးတက်ရေးကော်မရှင်နာမင်းကြီး အန်ဒရစ်ပီယယ်ဘက်က ပြောကြားသည်။

သမ္မတကွန်ဒီနှင့် အတိုက်အခံများကြား နိုင်ငံရေးတင်းမာမှုများကြောင့် သံယဇာတပေါကြွယ်ဝသော်လည်း ငွေကြေးချို့တဲ့သော ဂီနီနိုင်ငံတွင် ရွေးကောက်ပွဲများကျင်းပရေး ၂ နှစ်ခန့်နှောင့်နှေးခဲ့ရသည်။

ဂီနီနိုင်ငံသည် သံရိုင်း၊ ရွှေ၊ စိန်နှင့် ဘော်ဆိုက်သတ္တု (ဒန်သတ္တု) များပေါများကြွယ်ဝပြီး ယင်းသယံဇာတများ ထုတ်ယူအသုံးချလိုသော ရင်းနှီးမြှုပ်နှံသူများမှာ ဂီနီနိုင်ငံရေး လိပ်ခဲတည်းလည်း အခြေအနေကြောင့် သတိထားနေရသည်။ —*Ref: Reuters*

# ကျောင်းများတွင် လက်နက်ကိုင် ရဲတပ်ဖွဲ့များထားရှိရန် ကန်သေနတ်ကိုင်ဆောင်ခွင့် အဖွဲ့အစည်းတိုက်တွန်း

**နယူးတောင်း၊ ဒီဇင်ဘာ - ၂၂**


လွန်ခဲ့သော ရက်သတ္တပတ်က ကွန်နက်တီကတ်ပြည်နယ် နယူးတောင်းမြို့တွင် သေနတ်ပစ်ခံရ၍ သေဆုံးခဲ့သူ ၂၇ ဦးအတွက် အမေရိကန်တစ်နိုင်ငံလုံးက ဂုဏ်ပြုငြိမ်သက်ဆုတောင်းမှုများ ပြုလုပ်ခဲ့ကြသည်။

ယင်းအဖြစ်အပျက်တွင် သေဆုံးခဲ့သူသုံးဦးအား မြှုပ်နှံသင်္ဂြိုဟ်ရန်ပြင်ဆင်နေကြချိန်မှာပင် အမေရိကန်နိုင်ငံတွင် ဩဇာကြီးမားသော သေနတ်ကိုင်ဆောင်ခွင့်အတွက် အစဉ်အဆက်တိုက်ပွဲဝင်ခဲ့သည့် အမျိုးသားရိုင်ဖယ်အစည်းအရုံး (NRA) အဖွဲ့အကြီးအကဲက ယင်းသွေးထွက်သံယို အကြမ်းဖက်မှုအတွက် ရုပ်ရှင်ဖျော်ဖြေရေးလုပ်ငန်းကိုပြစ်တင်ပြောကြားပြီး အမေရိကန်စာသင်ကျောင်းတိုင်း၌ အစိုးရက ရန်ပုံငွေထောက်ပံ့သည့် လက်နက်ကိုင်ရဲတပ်ဖွဲ့များ ချထားရေးတိုက်တွန်းပြောကြားခဲ့သည်။

သေနတ်သမား အဒမ်လမ်ဇာသည် လွန်ခဲ့သောသီတင်းပတ် ဒီဇင်ဘာလ ၁၄ ရက်က ဆန်ဒီဟွတ်မူလတန်းကျောင်းအတွင်းသို့ဝင်ရောက်၍ ပစ်ခတ်ခဲ့ရာ ကလေး ၂၀ ဦးနှင့် လူကြီး ၆ ဦး သေဆုံးခဲ့ရသည်။ ယင်းမတိုင်မီတွင် ၎င်းကမိခင်ဖြစ်သူကိုလည်း သတ်ဖြတ်ခဲ့သည်။ ပစ်ခတ်မှုဖြစ်ပွားပြီးနောက် မိမိကိုယ်ကို ပြန်၍ သေနတ်ပြောင်းလှည့်ခဲ့သည်။

အဆိုပါကြေကွဲဖွယ်ဖြစ်ရပ်ဖြစ်ပွားပြီး ရက်သတ္တပတ်ပြည့်သည့်ဒီဇင်ဘာ ၂၁ ရက်တွင် နိုင်ငံတော်ဘုရားရှိခိုးကျောင်းနှင့် အမေရိကန်နိုင်ငံတစ်ဝန်း ဘုရားရှိခိုးကျောင်းများ၌ ခေါင်းလောင်းများကို ၂၆ ကြိမ်ထိုးခဲ့ကြသည်။ မကြာမီတွင် NRA ၏ အမှုဆောင်ဒါရိုက်တာ မစ္စတာ ဝိန်လာပီယားက သတင်းထောက်များနှင့်တွေ့ဆုံ၍ အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်ပြီး အမေး၊ အဖြေကဏ္ဍ မပါဝင်ခဲ့ပေ။ —*Ref: UPI*

# အာဂျင်တီးနားနိုင်ငံတွင် လုယက်ဖျက်ဆီးမှုများ ဖြစ်ပွား



**ဗျူနိုအေးရိစ်၊ ဒီဇင်ဘာ - ၂၂**

အာဂျင်တီးနားနိုင်ငံ၏မြို့တော်ဗျူနိုအေးရိစ်မြို့အနီး စူပါမားကက်တစ်ခုတွင် ပစ္စည်းများ လုယူရန်ကြိုးစားသူ လူရာပေါင်းများစွာနှင့် ရဲတပ်ဖွဲ့အကြားတိုက်ခိုက်မှုများဖြစ်ပွားခဲ့သည်။ မြို့တော်အပြင်ဘက်ဆန်ဖာနန်ဒိုဒေသ Carrefour စူပါမားကက်အနီးတွင် နေ့ခင်းကြောင်တောင်၌ ယခုကဲ့သို့ ဖြစ်ပျက်ခဲ့ခြင်းဖြစ်သည်။

ယင်းသို့ဖြစ်ပွားရာ၌ အဓိကရုဏ်း နှိမ်နင်းရေးရဲတပ်ဖွဲ့များကမျက်ရည်ယိုဗုံးများ အသုံးပြု၍ပစ္စည်းလုယက်မည့်သူများအား တားဆီးနိုင်ခဲ့သည်။ သို့သော် အာဂျင်တီးနားနိုင်ငံရှိ အခြားမြို့ကြီးများတွင်မူ ဈေးဆိုင်များနှင့် စူပါမားကက်များ လုယက်ဖျက်ဆီးခံခဲ့ရသည်။

ယခုအဖြစ်အပျက်များအတွက် အတိုက်အခံအဖွဲ့များနှင့် ဆက်စပ်နေသော အလုပ်သမားအစည်းအရုံးများကို အပြစ်တင်ရမည်ဟု အစိုးရက ပြောကြားခဲ့သည်။

"ဒါကိုစနစ်တကျ စီစဉ်ထားကြတာပါ။ တစ်ယောက်ယောက်ကနေပြီးလူတွေကြားထဲ အထိတ်တလန့်ဖြစ်အောင် လုပ်ဆောင်ခဲ့တာပါ" ဟုဆန်ဖာနန်ဒိုမြို့တော်ဝန် လူးဝစ်အန်ဒရေ့တီက ပြောကြားသည်။

ပထမဆုံးပစ္စည်း လုယက်သောအဖြစ်အပျက်မှာ နိုင်ငံတောင်ပိုင်း ဘာရီလိုချီအပန်းဖြေမြို့မှ စတင်ခဲ့ပြီး အခြားစက်မှုမြို့ကြီးများဖြစ်သော ကမ်ပါနာ၊ ဇာရာတီနှင့် အာဂျင်တီးနား၏ တတိယအကြီးဆုံးမြို့ ရိုဆာရီယိုတွင်လည်း လုယက်မှုများ ဖြစ်ပေါ်ခဲ့သည်။ ယင်းမြို့တွင် လုံခြုံရေးများ၏နှိမ်နင်းမှုကြောင့် လူနှစ်ဦးသေဆုံးခဲ့သည်။

ယခု အဖြစ်အပျက်များကြောင့် ဗျူနိုစ်အေးရိစ်ခရိုင်တွင် လူပေါင်း ၁၁၇ ဦး၊ ဆန်တာဖီခရိုင်တွင် ၁၂၈ ဦးအား ထိန်းသိမ်းထားကြောင်းအာဏာပိုင်များက ပြောသည်။ —*Ref: BBC*



7 DAY NEWS JOURNAL
Vol.11, No.42 • DECEMBER 27 , 2012

# ကာကွယ်ရေး၊ ကုန်သွယ်ရေးကဏ္ဍများ အိန္ဒိယနှင့် တိုးမြှင့်သွားမည်ဟု ရုရှားသမ္မတပူတင် ပြောကြား

**နယူးဒေလီ၊ဒီဇင်ဘာ-၂၄**

ရုရှားသမ္မတ ဗလာဒီမာပူတင်သည် လာမည့်သုံးနှစ်အတွင်း အိန္ဒိယနှင့် ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန်၊ နှစ်နိုင်ငံကုန်သွယ်ရေး နှစ်ဆတိုးတက်ရန် ဆောင်ရွက်သွားမည်ဟုပြောကြားလိုက်သည်။

ရုရှားသမ္မတ ပူတင်သည် အိန္ဒိယနိုင်ငံသို့ သွားရောက်သော BRICS အဖွဲ့ဝင်နိုင်ငံများ ထိပ်သီးဆွေးနွေးပွဲ ခရီးစဉ်တွင် ထိပ်တန်းဝန်ကြီးများနှင့် စစ်ဘက်ဆိုင်ရာ အာဏာပိုင်များကိုလည်း ခေါ်ယူလာခဲ့သည်။ အိန္ဒိယသို့ ရောက်လာသည့် ခရီးစဉ်အတွင်း ပူတင်က အိန္ဒိယနေ့စဉ်သတင်းစာတစ်စောင်ဖြစ်သည့် The Hindu တွင် ရေးသားသော ဆောင်းပါး၌ "ကျွန်တော်တို့ နိုင်ငံခြားရေးပေါ်လစီရဲ့ ထိပ်တန်းဦးစားပေး အချက်တွေထဲက တစ်ခုက အိန္ဒိယနဲ့



ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်း Photo - Reuters

မိတ်ဆွေဆက်ဆံရေးနဲ့ ပူးပေါင်းဆောင်ရွက်ရေး နက်ရှိုင်းအောင် အလေးပေး ဆောင်ရွက်ချင်တာပါ"ဟု ရေးသားထားသည်။ ယခုအခါ အိန္ဒိယ၏ လက်နက်တင်သွင်းမှုများတွင် ၇၀ ရာခိုင်နှုန်းမှာ ရုရှားလုပ်လက်နက်များဖြစ်သည်။ အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး ဆယ်လ်မန်ကာရှစ်ကလည်း ရုရှားနှင့် ဆက်ဆံရေးနှင့်ပတ်သက်၍ "အိန္ဒိယဟာ ဒီနှစ်နိုင်ငံဆက်ဆံရေးကို ပိုအားကောင်းအောင် ဆောင်ရွက်နေပါတယ်။ စီးပွားရေးနဲ့ မဟာဗျူဟာရေးဆက်ဆံမှုနှစ်ရပ်စလုံးမှာ ဖြစ်ပါတယ်။ ဆက်လက်တွဲလုပ်စရာ အများကြီးရှိနေပြီး သဘောတူညီချက်တွေလည်း ရေးထိုးသွားမှာပါ"ဟု ပြောသည်။

အိန္ဒိယအစိုးရက ထုတ်ပြန်သော ကိန်းဂဏန်းအချက်အလက်များအရ ရုရှားနှင့် ၎င်းတို့နှစ်နိုင်ငံ ကုန်သွယ်ရေးသည် ၂၀၀၉ ခုနှစ်တွင် ဒေါ်လာ ၇ ဒသမ ၅ ဘီလီယံရှိခဲ့ရာမှ ၂၀၁၂ တွင် ဒေါ်လာ ၁၀ ဘီလီယံအထိ ရှိလာကြောင်း သိရသည်။

—*Ref: CNA*



Photo - AFP

# အီဂျစ်အခြေခံဥပဒေ ဆန္ဒခံယူပွဲတွင် မသမာမှုများရှိခဲ့ဟု အတိုက်အခံများ ပြောကြား

**ကိုင်ရို၊ဒီဇင်ဘာ-၂၄**

အီဂျစ်နိုင်ငံ၏ အခြေခံဥပဒေမူကြမ်းအား အတည်ပြုရေးအတွက် လူထုဆန္ဒခံယူပွဲအပေါ် စုံစမ်းစစ်ဆေးသွားရန် အီဂျစ်နိုင်ငံ၏ အဓိကအတိုက်အခံများက တောင်းဆိုလိုက်သည်။

ပုံမှန်မဟုတ်သော အနေအထားများကိုစုံစမ်းစစ်ဆေးသွားရန် အတိုက်အခံ The National Salvation Front က တိုက်တွန်းခဲ့သည်။

တရားဝင်မဟုတ်သော ကနဦးရလဒ်များအရ အဆိုပါ အခြေခံဥပဒေမူကြမ်းအား အီဂျစ်နိုင်ငံသားအများစုက ထောက်ခံခဲ့ပုံရကြောင်း သိရသည်။

အတိုက်အခံများကမူ အခြေခံဥပဒေမူကြမ်းမှာ အစ္စလာမ်မစ်များအား မျက်နှာသာပေးထားသည်ဟု ပြောကြားကြသည်။ အီဂျစ်နိုင်ငံရေးအင်အားစုများအကြား သဘောထားနှစ်ခြမ်းကွဲနေမှုကိုလည်း ဆန္ဒခံယူပွဲက ပိုမိုထင်ရှားစေခဲ့သည်။

ဆန္ဒခံယူပွဲရလဒ်များကို ဒီဇင်ဘာ ၂၄ ရက်တွင် တရားဝင်ကြေညာသွားမည်ဟု မျှော်လင့်ရသည်။ အခြေခံဥပဒေ အတည်ပြုပြီးပါက ရွေးကောက်ပွဲများကို သုံးလအတွင်း ကျင်းပရမည်ဖြစ်ပြီး ထိုအတောအတွင်း ဥပဒေပြုခွင့်အာဏာမှာ မစ္စတာမော်စီ၏ လက်ထဲတွင် ဆက်လက်ရှိနေမည်ဖြစ်သည်။

အခြေခံဥပဒေ အတည်ပြုရေး ဆန္ဒခံယူပွဲတွင် ဆန္ဒမဲပေးသူ ၆၃ ရာခိုင်နှုန်းက ထောက်ခံခဲ့သည်ဟု အစိုးရမီဒီယာသတင်းများက ဖော်ပြသည်။ —*Ref: BBC*







ကျောင်းသူ / သားများ စာမေးပွဲဖြေဆိုဖို့ ရက် နီးလာပြီလား ..?
အချိန်နဲ့တစ်ပြေးညီ ရလဒ်ကောင်းများ ရရှိစေဖို့ ...
DAILY VITAGIN ရဲ့ လက်ဆောင်
Soft Cap
နေ့စဉ်မှန်မှန်သောက်သုံးခြင်းဖြင့် စာမေးပွဲဖြေဆို အောင်မြင်မှု ရလဒ်ကောင်းများ ရရှိစေဖို့
စားပွဲတင်နာရီလှလှလေး (၁) လုံး
ကဒ်ခွံ (၃) ခု
Promotion ကာလ
၂၀၁၂ ဒီဇင်ဘာ(၁၅) မှ ၂၀၁၃ မတ်(၁၅) အထိ
Pacific Pharmaceuticals Pte Ltd.


ပွေး၊ ညှင်း၊ ယားနာ ကင်းစင်အောင်
နိုင်ဇိုရယ်လ် ကိုဆောင်
Nizoral ketoconazole
စိုထိုင်းပြီး အနံ့အသက် မကောင်းသော အဝတ်အစားများကြောင့် ပွေး၊ ညှင်း ပေါက်ခြင်း၊
ပူအိုက်စွတ်စိုသော ရာသီတွင် ချွေးနှင့် ဖုန်မှုန့်များကြောင့် မျက်နှာတွင် ယားနာအဖု ဖြစ်ခြင်း၊
ချွေး၊ ရေစို ခြေစွတ်များကြောင့် ခြေချောင်းကြား အရေပြားတွင် ယားယံ ပေါက်ပြဲ အဖုများဖြစ်ခြင်း၊
ဆေးလိမ်းပြီး (၁) နာရီအတွင်း အရေပြားထဲသို့ စိမ့်ဝင်ရောက်ပြီး (၁၆) နာရီကြာခံသော ဆေးအာနိသင်အစွမ်းကြောင့် တစ်နေ့တစ်ကြိမ်သာ လိမ်းရန်လိုသည်၊
ပွေးကောင်
ညှင်းကောင်
ယားနာကောင်
တစ်နေ့တစ်ကြိမ် မှန်မှန်လိမ်းပါ
Nizoral cream
Nizoral သည်အရေပြားရောင်ရမ်းခြင်း၊ ပွေး၊ ဝဲ၊ ညှင်း၊ ယားနာ၊ အရေပြားရောဂါအမျိုးမျိုးနှင့် မှိုရောဂါအမျိုးမျိုးတို့ကို အချိန်တိုအတွင်း ထိရောက်လျင်မြန်စွာ ပျောက်ကင်းစေပါသည်၊
JANSSEN-CILAG

7DAY NEWS JOURNAL

# International

Vol.11, No.42 • DECEMBER 27 , 2012

## အန္တာတိကရေခဲပြင် အရည်ပျော်မှု ပိုမိုမြန်ဆန်လာ

**ပါရီ၊ဒီဇင်ဘာ-၂၄**

ရာသီဥတု ပြောင်းလဲမှုကြောင့် အန္တာတိက အနောက်ဘက်ရေခဲပြင်ကြီးသည် မူလက ထင်မှတ်ထားသောနှုန်းထက် နှစ်ဆပိုမိုမြန်ဆန်စွာ ပူနွေးလာကြောင်း လေ့လာမှုတစ်ရပ်တွင် ဖော်ပြသည်။ ၎င်းရေခဲပြင် အရည်ပျော်မှုမှာ ပင်လယ်ရေမျက်နှာပြင်မြင့်တက်မှု၁၀ရာခိုင်နှုန်းကိုဖြစ်ပေါ်စေခြင်း ဖြစ်နိုင်ကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြသည်။

၁၉၅၈ မှ ၂၀၁၀ ပြည့်နှစ်အထိ အပူချိန်မှတ်တမ်းများကို ပြန်လည်ခွဲခြမ်းစိတ်ဖြာ လေ့လာခဲ့ရာတွင် အန္တာတိကရေခဲပြင်မှာ ၂ ဒသမ ၄ ဒီဂရီဆဲလ်စီးယက်စ် ပိုမိုပူနွေးလာကြောင်း ပေါ်ထွက်ခဲ့သည်။ ယင်းမှာ ကမ္ဘာလုံးဆိုင်ရာ ပျမ်းမျှ၏ သုံးဆများပြားသည်။

ယခင်က ပြုလုပ်ခဲ့သော သုတေသနတွေ့ရှိမှုထက် နှစ်ဆများသော နှုန်းထားဖြစ်ပြီး ဤသို့ဆိုလျှင် အန္တာတိကဒေသမှာကမ္ဘာပေါ်တွင် ပူနွေးလာမှု အမြန်ဆုံး ဒေသတစ်ခုဟု ဆိုနိုင်ကြောင်း Byrd ဝင်ရိုးစွန်း သုတေသနစင်တာမှ မစ္စတာဒေးဗစ်ဘရွန်းဝှစ်ချ်ပူးတွဲရေးသားသော စာတမ်းအရ သိရှိရသည်။

**စာမျက်နှာ(၄၅)သို့ »**



Photo - AP

*နယူးဒေလီမြို့မှ ကန့်ကွက်ဆန္ဒပြသူများအား ရဲတပ်ဖွဲ့ဝင်များက ရိုက်နှက်နေခြင်းကို ဒီဇင်ဘာ ၂၃ ရက်က တွေ့ရစဉ်။ ဘတ်စ်ကားတစ်စီးပေါ်တွင် အုပ်စုလိုက် သားမယားပြုကျင့်ခြင်းခံရသူအမျိုးသမီးအတွက် တရားမျှတမှုရရှိရေး တောင်းဆိုရန် နယူးဒေလီမြို့လယ်တွင် လူထောင်ပေါင်းများစွာ စုဝေးခဲ့ကြသည်။ ကန့်ကွက်မှုများမှာ ထိန်းမနိုင်သိမ်းမရဖြစ်လာပြီး ဒေါသထွက်နေသော လူအုပ်ကြီးနှင့် ရဲတပ်ဖွဲ့ဝင်များအကြား ထိပ်တိုက်တွေ့မှုများ မြင့်တက်ခဲ့သည်။*

## အမျိုးသမီးငယ်တစ်ဦး အဓမ္မပြုကျင့်ခံရမှုကြောင့် ပေါ်ပေါက်လာသော အကြမ်းဖက်ဆန္ဒပြမှုများ ထပ်မံမပြုလုပ်ရန် အိန္ဒိယဝန်ကြီးချုပ် တောင်းပန်

**ဒေလီ၊ဒီဇင်ဘာ-၂၄**

အိန္ဒိယဝန်ကြီးချုပ်မန်မိုဟန်ဆင်းသည် မကြာမီသေးက ဖြစ်ပွားခဲ့သည့် အမျိုးသမီးတစ်ဦးအား အုပ်စုလိုက် အဓမ္မကြံစည်မှုနှင့်ပတ်သက်၍ မြို့တော်ဒေလီ၌ အကြမ်းဖက်ဆန္ဒပြမှုများ ထပ်မံမလုပ်ကြရန် တောင်းပန်ပြောကြားလိုက်သည်။ ဝန်ကြီးချုပ်မစ္စတာဆင်းက ၎င်း၏အစိုးရသည် အမျိုးသမီးများ၏ လုံခြုံရေးကိုအာမခံနိုင်ရန်ဖြစ်နိုင်သမျှအားလုံးလုပ်ဆောင်သွားမည်ဟု ဆိုသည်။ အဓမ္မမှုဖြစ်ပွားခြင်းကို တုံ့ပြန်သောအားဖြင့် အကြမ်းဖက်ဆန္ဒပြမှုများ ဖြစ်ပွားရာတွင် ယခုအပတ်တွင်း လူပေါင်း ၁၀၀ ကျော်ထိခိုက်ဒဏ်ရာရခဲ့ပြီး ရဲတပ်ဖွဲ့ဝင် ၇၀ ခန့်လည်း ဒဏ်ရာရခဲ့သည်။ အစိုးရသည် ဒေလီမြို့တွင် အမျိုးသမီးများ လုံခြုံရေးအတွက် ဥပဒေပြဋ္ဌာန်းမှုများ၊ လုံခြုံရေးအစီအမံများပြုလုပ်သွားရန်လည်း ကြေညာထားသည်။ **စာမျက်နှာ(၄၅)သို့ »**

## ဆီးရီးယားတွင် ငြိမ်းချမ်းရေး ကိုယ်စားလှယ် လာရောက်စဉ်အတွင်း လေကြောင်းတိုက်ခိုက်မှုကြောင့် လူ ၆၀ ဦး သေဆုံး

**ဒမတ်စကတ်စ်၊ဒီဇင်ဘာ-၂၄**

တစ်ဖက်နှင့်တစ်ဖက် ရက်ရက်စက်စက် တိုက်ခိုက်နေကြသော ၂၁ လကြာ ဆီးရီးယားပဋိပက္ခ ပြေလည်ရေး ငြိမ်းချမ်းရေးကိုယ်စားလှယ် လက်ဒါဘရာဟီမီတစ်ယောက် အသစ်တစ်ဖန်ထပ်မံကြိုးပမ်းနေချိန်မှာပင် သူပုန်များထိန်းချုပ်ထားသည့် မြို့တစ်မြို့၌ ဆီးရီးယားအစိုးရ၏ လေကြောင်းတိုက်ခိုက်မှုကြောင့် လူပေါင်း ၆၀ သေဆုံးသွားကြောင်း သိရသည်။

နိုင်ငံအလယ်ပိုင်း ဟာမာခရိုင်၊ ဟယ်ဖာရာမြို့တွင် လေကြောင်းမှ တိုက်ခိုက်မှုကြောင့် ပေါင်မုန့်ရရှိရန် တန်းစီနေသော လူပေါင်း ၆၀ ကျော် သေဆုံးပြီး အနည်းဆုံး လူ ၅၀ ကျော် ဒဏ်ရာရရှိခဲ့သည်။

အတိုက်အခံ နိုင်ငံရေးလှုပ်ရှားသူများကပြောသလို လူပေါင်း ၉၀ သေဆုံးခဲ့သည်ဆိုခြင်းကိုသာ အတည်ပြုနိုင်ခဲ့ပါက ယင်းမှာ ဆီးရီးယားနိုင်ငံ ပြည်တွင်းစစ်အတွင်း အသေအပျောက်အများဆုံး လေကြောင်းတိုက်ခိုက်မှုတစ်ခုအဖြစ် မှတ်တမ်းဝင်သွားမည်ဖြစ်သည်။

**စာမျက်နှာ(၄၅)သို့ »**



*အီတလီဝန်ကြီးချုပ်မွန်တီ*

Photo - Getty Images

## အီတလီဝန်ကြီးချုပ်မွန်တီ တာဝန် ထပ်မံထမ်းဆောင်ရန် ဆန္ဒရှိ

**ရောမ၊ဒီဇင်ဘာ-၂၄**

မိမိအကောင်အထည်ဖော်ခဲ့သော ပြုပြင်ပြောင်းလဲရေးဆိုင်ရာ ခြိုးခြံချွေတာမှု အစီအစဉ်များကို မဟာမိတ်များက ဆက်လက်ထောက်ခံပါက အီတလီဝန်ကြီးချုပ်တာဝန်ကို ဒုတိယအကြိမ်ထမ်းဆောင်ခွင့်ရရန် ကြိုးပမ်းသွားဖွယ်ရှိသည်ဟု ဝန်ကြီးချုပ်ရာထူးမှ ဆင်းပေးပြီး နှစ်ရက်အကြာတွင် မစ္စတာမာရီယိုမွန်တီကပြောကြားသည်။

အီတလီနိုင်ငံအား ဘဏ္ဍာရေးအကျပ်အတည်းမှ ကယ်တင်ရန် ရွေးကောက်တင်မြှောက်ခြင်း မဟုတ်သည့် ကျွမ်းကျင်သူများပါဝင်သော ဥရောပကော်မရှင်နာဟောင်း မွန်တီသည် ဒီဇင်ဘာ ၂၁ ရက်တွင် ရာထူးမှ နုတ်ထွက်ခဲ့သည်။ သို့သော် ၂၀၁၃ ဖေဖော်ဝါရီ ၂၄၊ ၂၅ ရက်များတွင် ကျင်းပမည့် ပါလီမန်ရွေးကောက်ပွဲ၌

**စာမျက်နှာ(၄၅)သို့ »**

### NEWS ANALYSIS



**တရုတ်ကွန်မြူနစ်ပါတီက ၂၀၃၀ ပြည့်နှစ်အထိ တရုတ်ပြည်ကြီးကို ဆက်လက်စိုးမိုးထားနိုင်ဦးမှာလား**

**စာမျက်နှာ(၃၆)သို့ »**


### INTERVIEW



**နိဗ္ဗယ်ဆုကို ဥရောပသား အားလုံးအတွက် ဆုတစ်ခုလို့ ကျွန်တော်သဘောထားပါတယ်**

ဥရောပကော်မရှင် ဥက္ကဋ္ဌဟောင်း ယာ့က်ဒယ်လာနှင့် တွေ့ဆုံခြင်း

**စာမျက်နှာ(၄၆)သို့ »**



၇ ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL အချပ်ပို
Vol.11, No.42 • DECEMBER 27 , 2012

# ကျောင်းဖယ်ရီများ ကားပြောင်းသင့်ပြီလား

**သတင်းအဖွဲ့**

**လမ်းဘေးတစ်လျှောက် စီတန်းရပ်ထားသော အဖြူရောင်လိုက်ထရပ်ကားများကြားတွင် အဖြူအစိမ်းဝတ် ကျောင်းသားကျောင်းသူ ကလေးငယ်တို့က ပျားပန်းခတ်ဆူညံတိုးဝှေ့လျက်ရှိသည်။ ကိုယ်စီးရမည့်ကားကို ရှာဖွေနေသော ကလေးငယ်များ၏မျက်လုံးက ကျီးကန်းတောင်းမှောက်။**



**လိုက်ထရပ်ကားများမှာ ယာဉ်အန္တရာယ်ဖြစ်ပါက ကာကွယ်ပေးနိုင်မှုအနည်းဆုံးကားအမျိုးအစားထဲတွင်ပါဝင်သည်**

ဓာတ်ပုံ-ထက်ပိုင်ဖြိုး(ဇဝန)

ကားတစ်စီးပေါ်မှ အသံစာစာလေးများဖြင့် အချင်းချင်းနောက်ပြောင် အော်ဟစ်သံများထွက်လာသည်။ ကားတစ်စီးပေါ်တွင်တော့ ဖွင့်ပေးထားသည့် သီချင်းသံနှင့်အတူ ကလေးငယ်အချို့ သီဆိုခုန်ပေါက်လျက်ရှိသည်။

လူစုံသည့်ကားတစ်စီးသည် လူအုပ်ထဲမှ တစ်လှိမ့်ချင်းမောင်းထွက်သွားသည်။ တချို့ဆူညံစွာ၊ တချို့ငြိမ်သက်စွာဖြင့် ကျောင်းသားငယ်များကို တင်ဆောင်လာသည့် ထိုလိုက်ထရပ် ယာဉ်တွင် ယာဉ်နောက်လိုက်မပါ။ နောက်မှ ထိန်းကျောင်းပေးမည့် လူကြီးတစ်ဦးတစ်ယောက်မှ မပါ။

အထက်ပါမြင်ကွင်းများမှာ ရန်ကုန်မြို့၏ အခြေခံပညာ အလယ်တန်း၊ အထက်တန်းကျောင်းများရှေ့တွင် အမြဲလိုလိုမြင်တွေ့နိုင်ပါသည်။ တချို့ကျောင်းသားမိဘများက မိမိရင်သွေးကို ကိုယ်ပိုင်ကားဖြင့် လာကြိုကြသော်လည်း အများစုသော ကလေးငယ်တို့မှာ ကျောင်းကားဟုခေါ်သည့် အစိုးရစီစဉ်ပေးခြင်းမဟုတ်သောပုဂ္ဂလိက လိုက်ထရပ်ယာဉ်များကိုသာ အခကြေးငွေပေး၍ စီးနင်းကြရသည်။

လက်ရှိ ပြေးဆွဲနေသည့် ကျောင်းကြိုပို့ယာဉ်များသည် နိုင်ငံတော်အစိုးရက စီစဉ်ပေးခြင်းမဟုတ်ဘဲ (ခ)လိုင်စင်ဖြင့် ပုဂ္ဂလိကပြေးဆွဲကြခြင်းဖြစ်ကာ အများစုသောယာဉ်များမှာ လိုက်ထရပ်ကားများပင်ဖြစ်သည်။

ယနေ့ခေတ်ကာလတွင် မိခင်ရော ဖခင်ပါ အလုပ်ကိုယ်စီလုပ်ကိုင်နေကြရသည့်အတွက် မိမိကလေးများကို ကိုယ်တိုင်ကျောင်းမပို့နိုင်ဘဲ ကျောင်းကားများကိုသာ အဓိက အားထားနေကြရသည်။ ထို့ကြောင့် ကလေးငယ်များ၏ လုံခြုံရေးနှင့် အန္တရာယ်ကင်းရှင်းစေရေးတို့အတွက် ကျောင်းကားများတွင် တာဝန်ရှိလာသည်။

ကလေးငယ်များ အန္တရာယ်မဖြစ်စေရန်အတွက် ကားနောက်မှ လိုက်ပါပေးမည့် ယာဉ်နောက်လိုက်တစ်ဦးကတော့ မဖြစ်မနေလိုအပ်မည်ဖြစ်သော်လည်း အချို့ ကျောင်းကားများတွင် ယာဉ်နောက်လိုက်ပါဝင်ခြင်း မရှိသည်ကို တွေ့နေရသည်။

ကျောင်းသားမိဘတစ်ဦးဖြစ်သူ ဦးမြင့်က "ကလေးတွေရဲ့ လုံခြုံရေးက စိတ်မချရဘူး။ ကျောင်းကားတွေမှာ စပယ်ယာမပါ။ ပါပြန်တော့လည်း တချို့စိတ်ပူရတယ်" ဟု ဆိုသည်။

မိဘများအနေဖြင့် ကျောင်းကြိုပို့ ယာဉ်များကို ရွေးချယ်ရာတွင် ယာဉ်မောင်း၏ အတွေ့အကြုံ၊ ကျွမ်းကျင်မှု၊ ယာဉ်နောက်လိုက် ပါ၊ မပါအပြင် ကြိုပို့ယာဉ်ပြေးဆွဲနေသော သက်တမ်းကိုပါ ထည့်သွင်းစဉ်းစားရန် လိုအပ်သည်။

"ကျောင်းကားရွေးတာက ဂရုစိုက်ရတယ်။ ယာဉ်မောင်းရဲ့ အနေအထားအပြင် နောက်လိုက်ပါ၊ မပါ။ ကိုယ့်ကလေးတွေကို သေချာ ဂရုစိုက်နိုင်ပြီး ကျောင်းကားဆွဲတာ ကြာနေတဲ့သူမျိုးတွေ ရွေးချယ်ရတာပေါ့" ဟု အထက (၅) ဗိုလ်တထောင်မှ ကျောင်းသားမိဘတစ်ဦးကပြောသည်။

တစ်ခါတစ်ရံ ယာဉ်နောက်လိုက်များမပါသည့်အတွက် အန္တရာယ်ရှိနိုင်သကဲ့သို့ ကလေးအချင်းချင်းခိုက်ရန်ဖြစ်ပွားလျှင် ထိန်းသိမ်းကြည့်ရှုပေးမည့်သူ မရှိမည်ကို မိဘများက စိုးရိမ်ကြသည်။

"ကလေးတွေက ကားရပ်တဲ့အခါ၊ မီးပွိုင့်မိတဲ့အခါ နည်းနည်းအကြီးတွေဆိုရင် ပြေးတက်ပြေးဆင်းနဲ့၊ အနောက်မှာလည်း ဆော့ကြတာပေါ့။ အန်တီ့သားတွေဆိုရင် အထဲဝင်စီးခိုင်းတာ။ ဘရိတ်အုပ်ကြမ်းတဲ့အခါ တစ်ခုခုဖြစ်မှာစိုးလို့"ဟုအထက(၁)ဒဂုံမှကျောင်းသားမိခင်တစ်ဦးဖြစ်သူဒေါ်ခင်မြင့်မြင့်က သူမ၏စိုးရိမ်မှုကိုပြောသည်။

ယာဉ်များတွင် ယာဉ်နောက်လိုက်တစ်ဦး မဖြစ်မနေပါဝင်သင့်ပြီး မောင်းနှင်မှုကိုလည်းဂရုတစိုက်မောင်းနှင်သင့်ပါသည်။

"ကားတွေမှာ အမျိုးသမီးကြီးတွေ နောက်ကပါသင့်တယ်။ ကလေးအချင်းချင်း ရန်မဖြစ်အောင်၊ တစ်ယောက်နဲ့တစ်ယောက် အနိုင်ကျင့်တာမျိုး မရှိအောင် သူတို့တွေကထိန်းပေးနိုင်မှာ။ ကိုယ်လည်း ကိုယ့်ကလေးကို ဒီအတိုင်းထည့်ပေးလိုက်ရတာပဲ။ ကိုယ်မှ မကြိုမပို့နိုင်တာ" ဟု အထက(၂) စမ်းချောင်းမှ အဋ္ဌမတန်းကျောင်းသူတစ်ဦး၏ ဖခင်ကပြောသည်။

အချို့သော ကျောင်းကြိုပို့ယာဉ်များတွင် ယာဉ်နောက်လိုက်မပါခြင်း၊ ရပ်ကွက်လမ်းများအတွင်း အရှိန်ပြင်းပြင်းမောင်းဝင်၊ မောင်းထွက်ခြင်းနှင့် လမ်းဆုံများတွင် ဖြစ်သလိုရပ်ထားခြင်းတို့ကဲ့သို့သော ယာဉ်စည်းကမ်းမလိုက်နာသည့်ယာဉ်မောင်းအချို့ကြောင့်လည်း အန္တရာယ် ကြုံတွေ့နိုင်ကြောင်း မိဘများက ဆိုသည်။

"အခုနောက်ပိုင်း ကျောင်းကားတွေတိုက်တာ နည်းသွားပါပြီ။ တိုက်မှုဖြစ်ရင်လည်း အရမ်းမောင်းလို့ဖြစ်တာ မဟုတ်ဘူး။ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းချိုးဖောက်လို့ပဲဖြစ်ကြတာ။ ကားအရမ်းမောင်းလို့မရတဲ့ မြို့ထဲမှာ တစ်ဖက်ယာဉ်ကြောကို ကျော်တက်ပြီး မောင်းတာမျိုးပေါ့"ဟု ရန်ကုန်တိုင်းဒေသကြီး ကြို့မဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ကျောင်းသား မိဘများကတော့ လုံခြုံမှုရှိသော ကျောင်းကြိုပို့ယာဉ်များကို အစိုးရမှ စနစ်တကျ သတ်မှတ်ပေးစေလိုကြသည်။ နောက်အပွင့်ကားများမဟုတ်ဘဲ မီနီဘတ်စ်နှင့် စူပါကပ်စတန်ကဲ့သို့သော လုံခြုံသည့်ယာဉ်များကို ကျောင်းတိုင်းတွင် လုံလောက်စွာ ပြေးဆွဲပေးစေလိုကြသည်။

"အန္တရာယ်ကင်းမယ့် မီနီဘတ်စ်လို ကျောင်းကားတွေ ဈေးပေါနေပါပြီ။ အမြန်ဆုံးကားတွေ ချိန်းသင့်ပြီလို့ ထင်ပါတယ်။ ဘာစပယ်ယာမှ မလိုတော့ပါဘူး။ ကလေးအားလုံးလည်း သက်သောင့်သက်သာနဲ့ မိဘတွေလည်း စိတ်ချနိုင်ပါတယ်" ဟု လူမှုကွန်ရက်စာမျက်နှာသုံးစွဲသူ ကိုမင်းလတ်က ဆိုသည်။

ပုဂ္ဂလိက ပြေးဆွဲသူများကလည်း လိုက်ထရပ်ယာဉ်များအစား ကောင်းမွန်သည့် မီနီဘတ်စ်ယာဉ်များကို ပြောင်းလဲပြေးဆွဲခြင်းက ပိုမိုသင့်လျော်မည်ဖြစ်ပြီး တဖြည်းဖြည်းများပြားလာသည့် ကျောင်းကြိုပို့ယာဉ်ကိစ္စကို နိုင်ငံတော်မှ ထည့်သွင်းစဉ်းစားရန် လိုအပ်လာပြီဖြစ်သည်။

"အစိုးရက အထက်တန်းကျောင်းကားတွေကို သေချာစိစစ်ပေးစေချင်တယ်။ မိန်းကလေးကျောင်းမှာထားပေမယ့် စပယ်ယာက ယောကျ်ားလေးတွေဖြစ်နေတော့ တစ်ခါတလေ စိုးရိမ်မိတယ်" ဟု မိန်းကလေး သီးသန့်ကျောင်းဖြစ်သည့်အထက(၄)ဗိုလ်တထောင်မှ မိခင်တစ်ဦးက ပြောကြားသည်။

ပါရမီ၊ အဓိပတိယာဉ်များဖြင့် တက္ကသိုလ်ဖယ်ရီများ ပြေးဆွဲနေသည့် ဗန္ဓုလသယ်ယူပို့ဆောင်ရေး ကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာ ဗိုလ်မှူးကြီး မျိုးမြင့်ကလည်း "အခုက တက္ကသိုလ်အဆင့်ပဲ ဖယ်ရီလုပ်ထားတာ။ အထက်တန်းကျောင်းတွေအတွက် လုပ်ဖို့အစီအစဉ်မရှိပါဘူး။ ယာဉ်မောင်းလိုင်စင်(ခ)ရရင် ကျောင်းကားဆွဲလို့ရပြီ။ အခုဆို ကျောင်းကားကို အမျိုးသမီးတွေ မောင်းနေကြတာ အများကြီးပါ"ဟု ပြောသည်။

နိုင်ငံတကာရှိ ကျောင်းကားများမှာ School Bus ဟု ထင်သာမြင်သာရေးသားထားသော အဝါရောင်ဘတ်စ်ကားများဖြစ်ကြပြီး မြန်မာနိုင်ငံမှာမူ စက်မှုဇုန်ထုတ် လိုက်ထရပ်ကားများသာ ဖြစ်နေသည့်အပြင် ယာဉ်မောင်းကျွမ်းကျင်မှုနှင့် စိတ်ပိုင်းဆိုင်ရာအနေအထားကလည်းအရေးပါမည်ဖြစ်သည်။

"နိုင်ငံတကာတွင် ကျောင်းကြိုပို့ယာဉ်များကို သက်ဆိုင်ရာကျောင်းအလိုက် စနစ်တကျ စီစဉ်ထားမှုများ ရှိသော်လည်း မြန်မာနိုင်ငံတွင်မူ ထိုသို့အစီအမံများဆောင်ရွက်ရန် လိုအပ်ချက်များရှိနေသေးသည်။ ထို့ကြောင့် ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်းများအနေဖြင့် မိမိအလုပ်ကို တာဝန်ယူမှုရှိရန် လိုအပ်သည်။

နိုင်ငံတကာမှာ School Bus တွေကို ကိုယ့်စည်းကမ်းနဲ့ကိုယ် ကျောင်းက စီစဉ်ပေးတာတွေရှိတယ်။ ဒီက အထက်တန်းကျောင်းတွေက ဖယ်ရီမပြောနဲ့၊ ဘတ်ဂျက်ကနည်းတော့ ကိုယ့်ဟာကိုယ် မနည်းရပ်တည်နေကြရတာလေ။ ဒီတော့ စည်းမျဉ်းစည်းကမ်းတွေထုတ် ကန့်သတ်တာထက် ကိုယ့်တာဝန်ကို ယူတတ်ရမယ်" ဟု အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြတ်ဉာဏစိုးက သုံးသပ်ပြောဆိုသည်။

မနက်ပိုင်း ကျောင်းတက်ကျောင်းဆင်းချိန်၊ ညနေပိုင်း ကျောင်းတက်ကျောင်းဆင်းချိန်များမှာ ရန်ကုန်မြို့ရှိ အလယ်တန်း၊ အထက်တန်းကျောင်းများရှေ့တွင် လိုက်ထရပ်ယာဉ်များ စီတန်းလျက်ရှိစမြဲ။ ကျောင်းသား၊ ကျောင်းသူ ကလေးငယ်များမှာလည်း ကိုယ်စီးမည့်ကားကို တိုးဝှေ့ရှာဖွေကြစမြဲ။ ကားပေါ်ရောက်လျှင်တော့ အချင်းချင်း နောက်ပြောင် ဆော့ကစားကြစမြဲ။

ကျောင်းကြိုပို့ယာဉ်များသည် အဖြူအစိမ်းဝတ် ကလေးငယ်များကိုတင်ဆောင်ကာနေရာစုံပိတ်ဆို့နေသော ယာဉ်ကြောများမှ ဖြတ်သန်း၍ မိဘရင်ခွင်သို့ ပြန်လည်ပို့ဆောင်ရန် အသီးသီးထွက်ခွာသွားကြသည်။

လမ်းတစ်လျှောက်လုံးတွင် အသံစာစာလေးများဖြင့် ပျော်ရွှင်စွာ အော်ဟစ်ဆူညံစွာ လိုက်ပါသွားကြမည့် ကလေးငယ်များအတွက် အဓိက အရေးပါသည်မှာ လုံခြုံမှုပင်ဖြစ်ပါသည်။

**(ဥက္ကာကိုကို၊ ဝတ်ရည်အောင်၊ သန်းဌေး၊ အေးမြတ်သူ၊ ခိုင်ချို)**

## ဩစတြေးလျအစိုးရက အရေးပေါ်အထောက်အပံ့အတွက် ရန်ပုံငွေ ကန်ဒေါ်လာ တစ်သန်းပေးအပ်

**အောင်ခိုင်**

**ရန်ကုန်၊ ဒီဇင်ဘာ - ၂၄**

ဩစတြေးလျအစိုးရက မြန်မာနိုင်ငံသို့ အရေးပေါ် အထောက်အပံ့အတွက် ရန်ပုံငွေအဖြစ် အမေရိကန်ဒေါ်လာတစ်သန်း ပေးအပ်လိုက်ကြောင်း သတင်းရရှိသည်။

သောက်သုံးရေ၊ ရေပေးဝေမှုစနစ်၊ ကျန်းမာရေးပြုစုစောင့်ရှောက်မှု၊ စားနပ်ရိက္ခာ၊ ပညာရေး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးမှု ဩစတြေးလျအေဂျင်စီ (Aus AID)မှတစ်ဆင့် ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း ကုလသမဂ္ဂလူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (OCHA) ၏ ထုတ်ပြန်ချက်များအရ သိရှိရသည်။

ရခိုင်ပြည်နယ်တွင် ၂၀၁၂ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သော ဖြစ်စဉ်များအပြင် ဂီရိမုန်တိုင်းနှင့် အခြားအကြောင်းအမျိုးမျိုးကြောင့် အရေးပေါ် အကူအညီလိုအပ်နေသော ဒုက္ခသည်ပေါင်း ခြောက်သိန်းကျော်အတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် အကူအညီ ဒေါ်လာသန်း ၄၀ ကျော် လိုအပ်နေကြောင်း နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိုဝင်ဘာလ နှောင်းပိုင်းက ပြောကြားထားသည်။

ထို့ပြင် ကချင်ပြည်နယ်နှင့်ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် တိုက်ပွဲများကြောင့် တိမ်းရှောင်နေရသော စစ်ဘေးဒုက္ခသည်ပေါင်း တစ်သိန်းကျော်ရှိပြီး အရေးပေါ် အကူအညီများလိုအပ်နေသည်ဟု ဒုက္ခသည်များကို ကူညီစောင့်ရှောက်နေသူများက ပြောသည်။

"အခု ရာသီဥတုအရ စောင်တို့၊ အမိုးအကာတို့တော့ လိုနေတာပေါ့။ သောက်ရေကလည်း ခက်ခဲပါတယ်" ဟု ဖားကန့်မြို့နယ်နေ ဒုက္ခသည်များကို စောင့်ရှောက်ထားသောသင်းအုပ်ဆရာတစ်ဦးက ဆိုသည်။



လေယာဉ်မီးလောင်ကျွမ်းနေဆဲအချိန် မြင်ကွင်း
ဓာတ်ပုံ - Myanmar Police Force



မီးငြိမ်းသတ်ပြီးနောက် တွေ့ရှိရသော လေယာဉ်အပိုင်းအစများ
ဓာတ်ပုံ - မြဝတီ



မီးကျွမ်းပျက်စီးသွားသော လေယာဉ်အပိုင်းအစများ
ဓာတ်ပုံ - မြဝတီ



**လေယာဉ်ပေါ်တွင်လိုက်ပါလာသူများအနက် ထိခိုက်ဒဏ်ရာရရှိသူစာရင်း**

၁။ မစ္စတာအဲလန်လိုကော့စ် (အမေရိကန်နိုင်ငံသား)
၂။ မစ္စစ်ဆူဆန်နာစီဝေ့စ် (အမေရိကန်နိုင်ငံသူ)
၃။ မစ္စမောအယ်ဗလင် (အင်္ဂလန်နိုင်ငံသူ)
၄။ မစ္စစ်တာဘိုဒတ်ဂျရက် (အင်္ဂလန်နိုင်ငံသား)
၅။ မစ္စတာဟန်ကျောင်းလူ (ကိုရီးယားနိုင်ငံသား)
၆။ လေယာဉ်မှူး ဦးမောင်မောင်ထွေး
၇။ တွဲဖက်လေယာဉ်မှူး ဦးနေလင်းထွန်း
၈။ မခင်အေးလှိုင်
၉။ ကိုမြင့်ထွေး
၁၀။ ကိုစိုးမိုးသူ
၁၁။ မတိုးတိုးခင်

မှတ်ချက်။ ။နိုင်ငံခြားသား ခရီးသည်တစ်ဦးမှာ ဒဏ်ရာမရရှိဘဲ အဖော်ဖြစ်သူ ဒဏ်ရာရရှိသဖြင့် ဆေးရုံသို့လိုက်သွား၍ ယခုစာရင်းတွင် ပါဝင်နေခြင်းဖြစ်သည်။ သို့သော် ၎င်း၏အမည်ကို ယခုစာရင်းပြုစုသည့်အချိန်အထိ မသိရှိရသေးပေ။

နောက်ကျောဖုံး မှ

## မပခ တိုင်းမှူး၏စာကို ကေအိုင်အိုဆွေးနွေးရေး အဖွဲ့ခေါင်းဆောင် ကန့်ကွက်

Peace-talk Creation Group (PCG)ဥက္ကဋ္ဌ ဦးယွပ်ဇော်ခေါင်ထံသို့ဒီဇင်ဘာ ၂၃ ရက်တွင်သတိပေးအကြောင်းကြားစာတစ်စောင်ပို့ခဲ့သည်။ ထိုစာတွင် လဂျားယန်တပ်စခန်းအတွက် အုပ်ချုပ်မှုကိစ္စများဆောင်ရွက်ရန် လမ်းကြောင်းအတိုင်း တပ်များဝင်ရောက်ရန်ရှိကြောင်း၊ ထို့ကြောင့် လမ်းကြောင်းတစ်လျှောက်ရှိကေအိုင်အေအဖွဲ့များအား ဒီဇင်ဘာ ၂၅ ရက်နောက်ဆုံးထား၍ နောက်ဆုတ်ပေးရေး ကေအိုင်အေအဖွဲ့ထံသို့ သတိပေးသွားပါရန် အကြောင်းကြားပါသည်ဟု ဖော်ပြထားသည်။

အဆိုပါ အကြောင်းကြားသည့်စာအပေါ် ကေအိုင်အိုဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဦးဆွမ်လွတ်ဂမ်က ကန့်ကွက်ကြောင်း ဒီဇင်ဘာ ၂၄ ရက်တွင် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးအောင်မင်းထံသို့ အကြောင်းကြားစာပို့သည်။ စာတွင် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် ကေအိုင်အိုဆွေးနွေးရေးအဖွဲ့တို့သည် တွေ့ဆုံဆွေးနွေးသော နည်းလမ်းဖြင့် ညှိနှိုင်းကြိုးပမ်းဆောင်ရွက်နေချိန်ဖြစ်သည်။ ငြိမ်းချမ်းရေးအတွက် ထိုသို့ အပြန်အလှန်ဆက်သွယ်ညှိနှိုင်းနေစဉ် ဗိုလ်မှူးချုပ်ထွန်းထွန်းနောင်က ဒီဇင်ဘာ ၂၃ ရက်တွင် PCG မှတစ်ဆင့် လဂျားယန်တပ်စခန်းသို့ အုပ်ချုပ်မှုကိစ္စဆောင်ရွက်ရန် လမ်းကြောင်းတစ်လျှောက်ရှိကေအိုင်အေအဖွဲ့များအား ဒီဇင်ဘာ ၂၅ ရက်နောက်ဆုံးထား၍ ဆုတ်ပေးရန်သတိပေးလာခဲ့သည်။ ဤသို့စစ်ရေးနည်းဖြင့် ဖြေရှင်းရန် ရာဇသံပေးခြိမ်းခြောက်လာမှုကို ကေအိုင်အိုဆွေးနွေးရေးအဖွဲ့က ကန့်ကွက်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်ဟု ဖော်ပြထားသည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ 7Day News က ငြိမ်းချမ်းရေးစင်တာမှ အပစ်အခတ်ရပ်စဲရေးဒါရိုက်တာ ဦးမင်းဇော်ဦးသို့ ဆက်သွယ်မေးမြန်းရာတွင် "ဒီကိစ္စနှင့်ပတ်သက်ပြီး ဒီနေ့ တပ်ဘက်က အရာရှိတစ်ယောက်ကို မေးကြည့်တယ်။ သူက တပ်အနေနဲ့ ဆက်တိုက်မယ်ဆိုရင် အခုလိုစာရေးစရာမလိုဘူး။ စာရေးတယ်ဆိုတာ တိုက်ဖို့အစီအစဉ်မရှိလို့၊ ရိုးသားမှုရှိလို့ ဒီလိုစာပို့တာ။ တိုက်ဖို့မရှိပါဘူးလို့ ပြောတယ်"ဟု ပြန်လည်ဖြေကြားသည်။

မပခတိုင်းမှူးက ပေးပို့သောစာတွင် လဂျားယန်တပ်စခန်းအတွက် အုပ်ချုပ်မှုကိစ္စများ ဆောင်ရွက်ရန်ဆိုသောအချက်မှာ ဘာကိုဆိုလိုပါသလဲဟု မေးမြန်းရာ ဦးမင်းဇော်ဦးက အုပ်ချုပ်မှုကိစ္စများဆောင်ရွက်ရန်ဆိုသည်မှာ တပ်များအတွက် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်၊ တပ်ချင်းလဲလှယ်သောကာလဖြစ်၍ တပ်ချင်းလဲလှယ်ရန် ရည်ရွယ်၍ပြောခြင်းသာဖြစ်သည်ဟု သိရကြောင်း ၎င်းကဆိုသည်။

တိုက်ပွဲများ ပိုမိုပြင်းထန်လာပြီး နှစ်ဖက်အကြား သံသယများပိုမိုကြီးထွားလာသည့်အတွက် နှစ်ဖက်စလုံးအနေဖြင့် တရားဝင်စကားပြောနိုင်ရန် လိုအပ်နေပြီဖြစ်ကြောင်း ဦးမင်းဇော်ဦးကသုံးသပ်သည်။ "အခုလို အပစ်အခတ်တွေဖြစ်နေတယ်ဆိုတာကလည်း နှစ်ဖက်စလုံး အမြန်ဆုံးဆွေးနွေးဖို့လိုနေပြီဆိုတာ ထောက်ပြတယ်" ဟု ဦးမင်းဇော်ဦးကပြောသည်။ အစိုးရနှင့် ကေအိုင်အိုတို့အကြား တင်းမာမှုများ ပိုမိုဖြစ်ပေါ်နေခြင်းအတွက် အဖြေရှာရန် အမြန်တွေ့ဆုံဆွေးနွေးရန်၊ စားပွဲဝိုင်းတွင်ထိုင်၍ အဖြေရှာရန် လိုအပ်နေပြီဖြစ်ကြောင်းလည်း ၎င်းကပြောသည်။

စာ၏ဆိုလိုရင်းမှာ အစိုးရတပ်မတော်အနေဖြင့် လဂျားယန်လမ်းကြောင်းတစ်လျှောက်တွင် တိုက်ခိုက်ရန် အစီအစဉ် ရှိ၊ မရှိ မသိရသော်လည်း ဒီဇင်ဘာ ၂၄ ရက် တစ်နေ့လုံး တိုက်ပွဲများဖြစ်ပွားခဲ့ကြောင်း ကေအိုင်အိုမှ ဗိုလ်ကြီးတစ်ဦးကလည်း ပြောသည်။

ကေအိုင်အို ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင်ကပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးအောင်မင်းထံသို့ စာပို့ထားသည်ဖြစ်၍ ထိုကော်မတီမှ တရားဝင်အကြောင်းပြန်သင့်ကြောင်း ငြိမ်းချမ်းရေးအကျိုးတော်ဆောင်တစ်ဦးဖြစ်သော ဦးလမိုင်ဂွမ်ဂျာက ပြောသည်။

"ကျွန်တော်တို့ အခုလို ခရစ်စမတ်ပွဲတော်ကို ရန်ကုန်မှာ ငြိမ်းချမ်းစွာဆင်နွှဲနေနိုင်တဲ့ အချိန်မှာ ကချင်ပြည်နယ်က လက်နက်ကိုင်ပဋိပက္ခတွေဖြစ်ပွားနေတဲ့ နေရာများက ကျွန်တော်တို့ရဲ့ တိုင်းရင်းသားပြည်သူအချို့ကတော့ သူတို့ရဲ့နေအိမ်တွေကို စွန့်ခွာပြီး ပဋိပက္ခတွေရဲ့ဝေးရာကို ပြေးလွှားပုန်းရှောင်နေဆဲဖြစ်ပါတယ်။ သူတို့တွေ နောင်နှစ်ခရစ်စမတ်ပွဲတော်ကို ငြိမ်းချမ်းစွာ ဆင်နွှဲနိုင်စေဖို့ ကျွန်တော်တို့အားလုံးမှာ တာဝန်ရှိပြီး ကျွန်တော်တို့အားလုံးပူးပေါင်းဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ အဲဒီလို ကျင်းပမယ့် ခရစ်စမတ်ပွဲတော်ကို မြင်တွေ့လိုတဲ့ ဆန္ဒပြင်းပြသော သူများအကြားမှာ ကျွန်တော်ဟာ ထိပ်ဆုံးက ပါဝင်တယ်ဆိုတာကိုလည်း ပြောကြားလိုပါတယ်"ဟု ဦးအောင်မင်းက ခရစ်စမတ်နေ့တွင် စိန့်ဂါဘရီယယ် ဘုရားရှိခိုးကျောင်းတွင် ပြုလုပ်သော ခရစ်စမတ်ဆုတောင်းပွဲ အမှာစကား၌ ထည့်သွင်းပြောကြားသွားခဲ့သည်။

အစိုးရနှင့် ကေအိုင်အိုတို့မှာ လာမည့်ဇန်နဝါရီလတွင် ငြိမ်းချမ်းရေးအတွက် ထပ်မံဆွေးနွေးရန် ဦးအောင်မင်းက ဒီဇင်ဘာ ၁၃ ရက်တွင် ကမ်းလှမ်းထားသည်။ သို့သော်ကချင်ပြည်နယ်တွင်ဒီဇင်ဘာလ ဒုတိယပတ်မှစတင်၍ တိုက်ပွဲများ ပိုမိုပြင်းထန်စွာ ဖြစ်ပွားနေခဲ့သည်။ နှစ်ဖက်စစ်ရေးတင်းမာမှုများ လျော့ကျရန် နှစ်ဖက်တပ်များအနေဖြင့် ရှေ့သို့ကျွံနေပြီး ရှုပ်ထွေးနေသော တပ်များကို ခေတ္တဆုတ်ခွာရန်နှင့် တွေ့ဆုံဆွေးနွေးရန် လိုအပ်နေပြီဖြစ်ကြောင်း ဦးလမိုင်ဂွမ်ဂျာက အကြံပြုသည်။



လေယာဉ်မီးလောင်ကျွမ်းနေဆဲအချိန် မြင်ကွင်း
ဓာတ်ပုံ - မြဝတီ

# အဲပုဂံလေယာဉ် မတော်တဆမှု နှစ်ဦးသေ၊ ၁၁ ဦးဒဏ်ရာရ

**သတင်းအဖွဲ့**

**ရန်ကုန်၊ဒီဇင်ဘာ-၂၅**

အဲပုဂံလေကြောင်းလိုင်းမှ ခရီးစဉ်အမှတ် W9-011 ရန်ကုန်-မန္တလေး-ဟဲဟိုး ခရီးသည်တင် ဖော်ကာလေယာဉ်တစ်စီးသည် ဒီဇင်ဘာ ၂၅ ရက် နံနက်ပိုင်းတွင် ဟဲဟိုးလေဆိပ်သို့ဆင်းသက်စဉ် မတော်တဆမှုဖြစ်ပွားခဲ့ရာ လူနှစ်ဦး သေဆုံးပြီး ၁၁ ဦး ဒဏ်ရာရရှိခဲ့သည်။

အဲပုဂံ လေကြောင်းလိုင်းမှ လေယာဉ်အမှတ် XY-AGC လေယာဉ်သည် ခရစ်စမတ်နေ့ ဒီဇင်ဘာ ၂၅ ရက် နံနက် ၈ နာရီ ၅၀ မိနစ်ဝန်းကျင်တွင် ဟဲဟိုးလေဆိပ်သို့အဆင်း မတော်တဆမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အဲပုဂံလေကြောင်းလိုင်းက လေယာဉ်ကွင်းနှင့် နှစ်မိုင်အလိုခန့်တွင် အရေးပေါ်ဆင်းသက်ခဲ့ရာမှ မတော်တဆမှုဖြစ်ပွားခဲ့ကြောင်း သတင်းထုတ်ပြန်သည်။

ပြန်ကြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ရာတွင် ဟဲဟိုးလေဆိပ်သို့ ဆင်းသက်ချိန်၌ မြူနှင်းများ ဖုံးလွှမ်းနေသဖြင့် လေယာဉ်ကွင်းဘေးရှိ လယ်ကွင်းသို့ မှားယွင်းဆင်းသက်ခဲ့ခြင်းကြောင့် အမြီးပိုင်းကျိုး၍ မီးလောင်ကျွမ်းခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

လေယာဉ်အရေးပေါ်ဆင်းသက်စဉ် ဓာတ်ကြိုးနှင့်ငြိပြီး ကားလမ်းပေါ်တွင် မောင်းနှင်လာသော ဆိုင်ကယ်တစ်စီးနှင့်ပါ ငြိမိခြင်းဖြစ်ကြောင်း အခင်းဖြစ်ပွားသည်ကို ကိုယ်တိုင်မြင်တွေ့ပြီး ကယ်ဆယ်ရေးလုပ်ငန်းများပါဝင်လုပ်ကိုင်ခဲ့သူ ဟဲဟိုးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးခိုင်ထွန်းက ပြောသည်။

သို့သော် လေယာဉ်မတော်တဆဖြစ်ရသည့် အကြောင်းရင်းကို လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဆောင်ပြီး စုစုပေါင်းအဖွဲ့ဝင်ငါးဦး ပါဝင်သော စုံစမ်းရေးကော်မတီက ကွင်းဆင်းစစ်ဆေး စုံစမ်းနေဆဲဖြစ်ပြီး ထိုကော်မတီက ယနေ့ညနေအထိ သတင်းမထုတ်ပြန်သေးပေ။

လေယာဉ် မတော်တဆဖြစ်ပွားစဉ် ကားလမ်းအတိုင်း မောင်းနှင်လာသော ဆိုင်ကယ်နှင့်ငြိမိပြီး ဆိုင်ကယ်စီးနင်းလာသူနှစ်ဦးထဲမှ ဦးပြားမှာ သေဆုံးခဲ့သည်။ ကျန်တစ်ဦးဖြစ်သော ဦးဌေးအောင်မှာ ဒဏ်ရာရရှိခဲ့သည်။ လေယာဉ်ပေါ်ပါ ခရီးသည်များအနက် ဧည့်လမ်းညွှန်တစ်ဦးဖြစ်သူ မနွယ်လင်းရှိန် သေဆုံးခဲ့ပြီး နိုင်ငံခြားခရီးသည်လေးဦး၊ ပြည်တွင်းခရီးသည်လေးဦး စုစုပေါင်းခရီးသည် ရှစ်ဦး၊ လေယာဉ်မှူးနှစ်ဦး ဒဏ်ရာရရှိခဲ့သည်။ လေယာဉ်သည်မြေပြင်ပေါ်ရောက်ရှိပြီး ခရီးသည်များအားလုံး အပြင်သို့ရောက်သောအခါတွင်မီးလောင်ခဲ့ခြင်းဖြစ်ကြောင်း ထူးကုမ္ပဏီမှ ဒါရိုက်တာ ဦးရဲမင်းဦးက ပြောသည်။

မီးလောင်ကျွမ်းနေသော လေယာဉ်ကို မီးသတ်ကား စုစုပေါင်း၁၀စီးဖြင့်ငြိမ်းသတ်ခဲ့သည်။ မီးလောင်စဉ်တပ်မတော်သားများက ဝိုင်းဝန်းငြိမ်းသတ်ကာ ကယ်ဆယ်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့သည်။ သို့သော် မီးငြိမ်းချိန်တွင် လေယာဉ်ကိုယ်ထည် အနည်းငယ်သာကျန်ရှိပြီး တစ်စီးလုံးနီးပါး မီးလောင်ကျွမ်းသွားသည်။

လေယာဉ်ပေါ်တွင်နိုင်ငံခြားသားခရီးသည် ၅၁ ဦး၊ ပြည်တွင်းခရီးသည် ၁၂ ဦး၊ စုစုပေါင်း ၆၃ ဦးပါဝင်ပြီး လေယာဉ်အမှုထမ်း ၆ ဦး၊ လုံခြုံရေး ၂ ဦး ပါဝင်၍ စုစုပေါင်း ၇၁ ဦး လိုက်ပါလာခဲ့သည်။

ခရီးသည် ၂၆ ဦးကို အေးရှားဝင်းလေယာဉ်ဖြင့်လည်းကောင်း၊ ဒဏ်ရာရရှိသူများကို တောင်ကြီးစဝ်စံထွန်းဆေးရုံသို့ ကနဦး ပို့ဆောင်ကုသခဲ့ပြီး ညနေပိုင်းတွင် ကျန်ခရီးသည်များနှင့်အတူ ရန်ကုန်ပြည်သူ့ဆေးရုံသို့ အဲပုဂံလေယာဉ်ဖြင့် ပို့ဆောင်ကုသပေးခဲ့သည်။ ဒဏ်ရာမရသော ခရီးသည်များကို ဝိတိုရိယဆေးရုံတွင် ဆေးစစ်ပေးပြီး ကန်တော်ကြီးပဲလေ့စ်ဟိုတယ်၌ ထားရှိပြီးမှ မိမိတို့ ပြန်လိုရာသို့ ပို့ဆောင်ပေးမည်ဖြစ်ကြောင်း အဲပုဂံက သတင်းထုတ်ပြန်သည်။ အမေရိကန်နိုင်ငံသားနှစ်ဦးကိုမူ သီးသန့်လေယာဉ်ဖြင့် ဘန်ကောက်သို့ ပို့ဆောင်ပေးခဲ့သည်။ အဲပုဂံလေကြောင်းလိုင်းက ၎င်းတို့အတွက် လိုအပ်သော တာဝန်ယူမှုအားလုံးကို တာဝန်ယူဖြေရှင်းပေးသွားမည်ဖြစ်ပြီး ယခုကဲ့သို့ဖြစ်ရခြင်းနှင့်ပတ်သက်ပြီး အနူးအညွတ် တောင်းပန်ကြောင်း ကြေညာသည်။

လေယာဉ်မတော်တဆမှု ဖြစ်ပွားခဲ့ခြင်းကြောင့် ရန်ကုန်မှ ဟဲဟိုးသို့ ပျံသန်းနေသော အဲပုဂံ၊ အဲမန္တလေး၊ အေးရှားဝင်း၊ အဲကမ္ဘောဇ၊ ရန်ကုန်အဲဝေးတို့မှ လေယာဉ်ခရီးစဉ်ကိုးခု ဖျက်သိမ်းခဲ့သည်။

“လာမယ့် ခရီးစဉ်တွေမှာ ကမောက်ကမဖြစ်ကုန်မှာ စိုးရိမ်ရတယ်။ အဲပုဂံ ဒီလိုဖြစ်တာ ဒုတိယအကြိမ်ရှိပြီ။ Safety ကို စစ်ဆေးဖို့လိုတယ်။ လေယာဉ်ကတော်တော်သက်တမ်းရှည်နေပြီ” ဟု မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းဈေးကွက်မြင့်တက်ရေး ကော်မတီ ဥက္ကဋ္ဌ ဦးဖြိုးဝေရာဇာက ပြောသည်။



လေယာဉ်ခေါင်းပိုင်း မီးလောင်ကျွမ်းနေစဉ်
ဓာတ်ပုံ - Myanmar Police Force




ခရီးသည်များ ရန်ကုန်လေဆိပ်သို့ ပြန်လည်ရောက်ရှိလာစဉ်
ဓာတ်ပုံ - ထက်ပိုင်ဖြိုး(ဇဝန)



မီးလောင်ကျွမ်းပြီးနောက် တွေ့ရှိရသော လေယာဉ်အပိုင်းအစများ
ဓာတ်ပုံ - မြဝတီ

7 DAY NEWS JOURNAL
Vol.11, No.42 • DECEMBER 27 , 2012

## ရန်ကုန်အတွက် အမှိုက်သိမ်းယာဉ် အစီး ၅၀ ထပ်ဖြည့်မည်

**နိုင်နိုင်စိုး၊ သွယ်သွယ်လင်း**
**ရန်ကုန်၊**
**ဒီဇင်ဘာ- ၂၄**

ရန်ကုန်တိုင်းဒေသကြီးအတွက် အမှိုက်သိမ်း ယာဉ်အစီးရေ ၅၀ ထပ်မံဝယ်ယူသွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန ဌာနမှူးက ပြောကြားသည်။

ထိုကဲ့သို့အမှိုက်ကားအသစ်များ ဝယ်ယူမည့်နည်းတူ ၂၀၁၃ ခုနှစ် ဇန်နဝါရီလမှစတင်ကာ ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ် ၁၉ ခု၏ သန့်ရှင်းရေးဆောင်ရွက်ခများကို ယခင်နှုန်းထားထက် နှစ်ဆတိုးမြှင့်ကောက်ခံသွားမည်ဖြစ်သည်။

အမှိုက်ခွန်များ တိုးမြှင့်ကောက်ခံမည့်ကိစ္စနှင့် ပတ်သက်၍ စမ်းချောင်းမြို့နယ်နေ အိမ်ရှင်မတစ်ဦးက "အရင်ကလည်း အမှိုက်ကား တိုးတယ်သာကြားရတယ်။ ကားမတွေ့ရဘူး။ ကိုယ့်ဟာကိုယ် ပစ်ရတယ်။ လာအော်တဲ့ လှည်းကို ပိုက်ဆံပါပေးရတယ်" ဟု ဆိုသည်။

ထိုအမှိုက်ကားသစ်များကို ၂၀၁၃ ခုနှစ် မတ်လမတိုင်မီ ဂျပန်နိုင်ငံမှ ဝယ်ယူမည်ဖြစ်ကာ ယခုရက်ပိုင်းအတွင်း နိုင်ငံပိုင်သတင်းစာများမှတစ်ဆင့် တင်ဒါခေါ်ယူသွားမည်ဖြစ်သည်။

"အဖွင့်ကားမဟုတ်ဘူး။ နိုင်ငံတကာမှာ သုံးနေသလို အလုံပိတ်ကားတွေ၊ အမှိုက်တွေဖိပြီး ထည့်တော့ အပွကြီးမဖြစ်တော့ဘူး" ဟု ဌာနမှူးဦးသန်းလွင်ဦးက ဆိုသည်။

## သာရေး၊ နာရေးတွင် ဧည့်ခံမည့် အစားအသောက်အတွက် ကျန်းမာရေးဦးစီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ရမည်

**သန်းထူး**
**နေပြည်တော်၊ဒီဇင်ဘာ- ၂၁**

နေပြည်တော်ကောင်စီနယ်မြေအတွင်း သာရေး၊ နာရေး ကိစ္စများအတွက် ဧည့်ခံကျွေးမွေးမည့် အစားအသောက်များကို မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း နေပြည်တော် ကောင်စီက အခြေခံရပ်/ကျေးရွာများတွင် ထုတ်ပြန်ကြေညာထားသည်။

ပျဉ်းမနားမြို့နယ် ကင်ပွန်းတန်းကျေးရွာတွင် ပြီးခဲ့သည့် နိုဝင်ဘာလ ပထမပတ်အတွင်း ပြုလုပ်ခဲ့သော မင်္ဂလာဆောင်တစ်ခု၌ မုန့်ဟင်းခါးဖြင့် တည်ခင်းကျွေးမွေးရာ စားသုံးသူအများစု ဝမ်းလျှောခြင်း၊ မူးဝေ အော့အန်ခြင်းများ ဖြစ်ပွားခဲ့ကြောင်း၊ အချို့ကို ပျဉ်းမနား ခုတင် ၂၀၀ ပြည်သူ့ဆေးရုံသို့ တက်ရောက်ကုသစေပြီး အများစုအား ကျေးရွာအထိ ကွင်းဆင်းကုသပေးခဲ့ရကြောင်း၊ ယင်းဖြစ်စဉ်ကို အကြောင်းပြု၍ ယခုကဲ့သို့ကြေညာချက်ထုတ်ပြန်ခြင်းဖြစ်ကြောင်း ရပ်/ကျေးအုပ်ချုပ်ရေးမှူးတစ်ဦးက ပြောကြားသည်။

"အကြောင်းရင်းကတော့ အဲဒါပဲ။ ကင်ပွန်းတန်းမှာဖြစ်ပြီးနောက် အခုလိုမျိုး ကြေညာချက်ထွက်လာတော့တာပဲ" ဟု ၎င်းက ပြောကြားသည်။ ကျေးရွာသားအချို့ကမူ မုန့်ဟင်းခါးသုပ်ရာတွင် သုံးသော ပဲမှုန့်၊ အရောင်တင်မှုန့်၊ ဟင်းချိုမှုန့်များကြောင့် ယင်းသို့ဖြစ်နိုင်ကြောင်း ခန့်မှန်းပြောသည်။

## ရွှေ့ပြောင်းလုပ်သားဆိုင်ရာ သတင်းအချက်အလက်ဝက်ဘ်ဆိုက်လွှင့်တင်

**အေးသူစံ**
**ရန်ကုန်၊**
**ဒီဇင်ဘာ ၂၀**

ထိုင်းနိုင်ငံရှိရွှေ့ပြောင်းလုပ်သားများ ဖမ်းဆီးခံရခြင်း၊ ချုပ်နှောင်ခံရခြင်းနှင့် နယ်စပ်ပြန်လည်ပို့ဆောင်ခံရခြင်း စသည့် သတင်းအချက်အလက်များကို ရယူနိုင်သော ဝက်ဘ်စာမျက်နှာ စတင်လွှင့်တင်ကြောင်း ထိုင်းနိုင်ငံအခြေစိုက် မဲခေါင်ဒေသရွှေ့ပြောင်း အလုပ်သမားများ ဆိုင်ရာကွန်ရက်မှ ဒေါ်မွန်းကပြောသည်။

အဆိုပါ ကွန်ရက်မှာ မဟာမဲခေါင်ဒေသတွင်း ရွှေ့ပြောင်းအလုပ်သမားအားလုံး၏ လူ့အခွင့်အရေးကို ကာကွယ်မြှင့်တင်ရန် လုပ်ဆောင်နေကြသည့် လူထုအခြေပြု အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ သုတေသနပြု လုပ်နေသည့် အဖွဲ့အစည်းများဖြင့် ပါဝင်ဖွဲ့စည်းထားခြင်းဖြစ်သည်။

ဖမ်းဆီးခံရသော ရွှေ့ပြောင်းလုပ်သားများ၏ ၄၂ ရာခိုင်နှုန်းမှာ တရားဝင်ကတ်ရှိပြီး ကတ်တွင် စာရင်းသွင်းထားသော အလုပ်၌ မလုပ်ဘဲ ၅၈ ရာခိုင်နှုန်းမှာ ကတ်မရှိသူများ ဖြစ်သည်။

"သူတို့ အလုပ်သမားကတ်မှာ စာရင်းသွင်းထားတဲ့ အလုပ်မှာ မလုပ်လို့ ဖမ်းခံရချိန်မှာ ကိုယ်နဲ့အတူ စာရွက်စာတမ်းမရှိလို့ဖြစ်ပါတယ်။ ဖမ်းထားတဲ့ အချိန်မှာလည်း အလုပ်ခွင်မှာ ခေါင်းပုံဖြတ်မှုရှိလားလို့လည်း ရဲတွေက မမေးဘူး။ ပိုက်ဆံယူပြီး ပြန်လွှတ်တယ်။ ပိုက်ဆံမပေးနိုင်ရင် အချုပ်ချပစ်တယ်" ဟု ဒေါ်မွန်းက ပြောကြားသည်။

## မြန်မာရွှေ့ပြောင်းလုပ်သားများအား ယာယီနိုင်ငံကူးလက်မှတ် ထုတ်ပေးသည့်ကာလ ၃ လ ထပ်တိုး

**အေးမြတ်သူ**
**ရန်ကုန်၊**
**ဒီဇင်ဘာ - ၂၂**

ထိုင်းနိုင်ငံသို့ရောက်နေသော မြန်မာလုပ်သားများအား ယာယီနိုင်ငံကူးလက်မှတ်ထုတ်ပေးရေး အစီအစဉ်ကို နောက်ထပ်သုံးလ သက်တမ်းတိုးပေးရန် ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စရင်လပ်ရှင်နာဝပ်ထရာက သဘောတူလိုက်သည်။

သမ္မတ ဦးသိန်းစိန်သည် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စယင်လပ်ရှင်နာဝပ်အား ထားဝယ်မြို့၌တွေ့ဆုံစဉ် မြန်မာရွှေ့ပြောင်းလုပ်သားများအား နိုင်ငံကူးလက်မှတ် ထုတ်ပေးသည့် လုပ်ငန်းစဉ်များကို ရပ်ဆိုင်းခြင်းမပြုဘဲ အချိန်ကာလ ထပ်မံတိုးမြှင့်ပေးရန် ဆွေးနွေးမှုအပေါ် ၎င်းက သဘောတူခဲ့ပြီး လိုအပ်ပါက ဆက်လက် သက်တမ်းတိုးပေးမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

"အခုသက်တမ်းသုံးလ တိုးပေးတာက ယာယီနိုင်ငံကူးလက်မှတ်ယူဖို့နှစ်သိန်းလောက်ရှိတဲ့ လုပ်ရင်းတန်းလန်းဖြစ်နေတဲ့ သူတွေအတွက်ပဲ။ လုံးဝအရှင်းမလုပ်ရသေးတဲ့သူတွေမပါဘူး။ အခု ခွင့်ပြုတဲ့ထဲမှာ ထိုင်းနိုင်ငံရဲ့ ယာယီမှတ်ပုံတင်ရှိတဲ့ ထော်လော ၃၈/၁ ရှိမှရမယ်" ဟု ထိုင်းနိုင်ငံ ဖူးခက်ခရိုင်ခေါင်လတ်ပြည်နယ်အခြေစိုက် ပညာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဖောင်ဒေးရှင်းမှ အမှုဆောင် ဒါရိုက်တာ ဦးထူးချစ်က ပြောကြားသည်။



7DAY NEWS JOURNAL
Vol.11, No.42 • DECEMBER 27 , 2012

# တိုက်ပွဲများအရှိန်မြင့်နေချိန်တွင် ကန်သံအမတ် ကချင်ပြည်နယ်သို့သွားရောက်

**အိဖြူလွင်၊အောင်နိုင်**
**ရန်ကုန်၊**
**ဒီဇင်ဘာ-၂၂**

ကချင်ပြည်နယ်တွင် တိုက်ပွဲများ အရှိန်မြင့်တက်နေပြီး နိုင်ငံရေး တွေ့ဆုံဆွေးနွေးမှုဖြစ်မြောက်ရန် မရေရာသေးသည့်အချိန်တွင်မြန်မာနိုင်ငံဆိုင်ရာ အမေရိကန် သံအမတ်ကြီး ဒဲရစ်မစ်ချယ်သည် စစ်ပွဲ အခြေအနေများကို ပထမဆုံးအကြိမ် လေ့လာမှုအဖြစ် ကချင်ပြည်နယ်သို့ သွားရောက်ခဲ့သည်။

အမေရိကန်သံအမတ်၏ ဒီဇင်ဘာ ၁၈ ရက် ခရီးစဉ်မစတင်မီ ဒီဇင်ဘာ၁၄ရက်မှစတင်ပြီးကချင်ပြည်နယ်တွင် စစ်ရေးအရှိန်မြင့်တက်လာနေခြင်းဖြစ်ပြီး ပြည်ထောင်စုအဆင့်ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီက နိုင်ငံရေးတွေ့ဆုံ ဆွေးနွေးမှုတစ်ရပ်ဇန်နဝါရီလတွင်ပြုလုပ်ရန် KIO ထံ ကမ်းလှမ်းမှုမှာ မရေရာသော အခြေအနေဖြစ်နေကြောင်း ကချင်ပြည်နယ်မှ ငြိမ်းချမ်းရေးအကျိုးဆောင်တစ်ဦးကပြောကြားသည်။

တိုက်ပွဲများ အရှိန်မြင့်တက်နေချိန်တွင် ကချင်ပြည်နယ်သို့ ရောက်ရှိနေသော အမေရိကန်သံအမတ်သည် ကချင်ပြည်နယ်အစိုးရအဖွဲ့၊ ငြိမ်းချမ်းရေးအကျိုးဆောင်အဖွဲ့၊ လူထုအခြေပြုအဖွဲ့အစည်းများနှင့် တွေ့ဆုံခဲ့ပြီး မြစ်ကြီးနားမြို့နှင့် ဝိုင်းမော်မြို့တို့ရှိစစ်ဘေးဒုက္ခသည်စခန်းများသို့လည်း သွားရောက်ခဲ့ကြောင်း သတင်းရရှိသည်။

ဒီဇင်ဘာ ၂၀ရက်တွင် အမေရိကန်အစိုးရက ကချင်ပြည်နယ်ရှိ စစ်ဘေးဒုက္ခသည်များအတွက် အစားအစာ၊ ရေနှင့်သန့်ရှင်းမှု၊ ယာယီခိုလှုံရန် အဆောက်အအုံနှင့် ကမ့်များ၊စိတ်ပိုင်းဆိုင်ရာကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်၊ လုပ်ငန်းခွင်ဝင်သင်တန်းပေးအပ်ရန် စသည်တို့အတွက် အမေရိကန်ဒေါ်လာငါးသန်းတန်ဖိုးရှိ အကူအညီများကို WFP, UNHCR, Unicefတို့မှတစ်ဆင့်ကူညီခဲ့သည်။

ကချင်ပြည်နယ်တွင် တိုက်ပွဲများ ပြန်လည်ပြင်းထန်လာခြင်းသည် သမ္မတရုံး ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက နိုင်ငံရေး အရ ဆွေးနွေးရန် ကမ်းလှမ်းပြီး နောက်တစ်ရက်တွင် စတင်ခြင်းဖြစ်သည်။

“ဦးအောင်မင်း စာပို့တာနဲ့ နောက်က စစ်ကြောင်းတွေပါလာတယ်။ အရင်ကလည်း ဆွေးနွေးပွဲလုပ်တိုင်း နောက်ကစစ်ကြောင်းကပါလာတယ်။ ဒီတော့ ယုံကြည်မှုအားနည်းလာတာပေါ့” ဟု ကချင်နှစ်ခြင်းအသင်းတော် KBC အတွင်းရေးမှူး ဒေါက်တာခလမ်ဆမ်ဇွန်ကပြောသည်။

“ဒီအတိုင်းဆိုရင်ဆက်လက်ဆွေးနွေးဖို့ကြာဦးမယ်ထင်တယ်။ စစ်ရေးအရှိန်ကျသွားရင်တော့ဇန်နဝါရီမှာ ဆွေးနွေးဖြစ်မယ်ထင်တယ်။ အဓိကကတော့ သဘောထားကွဲလွဲမှုကြောင့် ယုံကြည်မှု အားနည်းမှုကြောင့်ပါ”ဟု ကချင်ငြိမ်းချမ်းရေးအကျိုးဆောင် ဦးလမိုင်ဂွမ်ဂျာကဆိုသည်။

ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်းက သံအမတ်၏ ခရီးစဉ်သည် ကချင်ပြည်နယ်သို့ ပထမဆုံးအကြိမ် လာရောက်လေ့လာသည့်အခြေအနေသာဖြစ်သည်ဟု ပြောကြားသည်။

ထို့အပြင် သွားရမည့်နေရာများကို အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် စီစဉ်ပေးခြင်းမျိုးမဟုတ်ဘဲ ၎င်းတို့၏ အစီအစဉ်အရ သွားသည့် နေရာများကို လုံခြုံရေးယူပေးခြင်းသာ ရှိသည်ဟုလည်း အစိုးရအဖွဲ့ရုံးမှ သိရှိရသည်။

အမေရိကန်သံအမတ်သည် နိုင်ငံခြားသံတမန်များထဲမှ စစ်ပွဲများဖြစ်ပွားနေရာ ကချင်ပြည်နယ်သို့ ပထမဆုံးအကြိမ် လာရောက်သည့် သံအမတ်အဖြစ် တွေ့ဆုံသင့်သည့်သူများအားလုံးကိုတွေ့ဆုံသွားသည်ဟု ထင်မြင်ပြီး သံအမတ်နှင့်တွေ့ဆုံရချိန်တွင် နှစ်ဖက်တာဝန်ရှိသူများ ညှိနှိုင်းပြီး အပစ်အခတ်ရပ်စဲရေးကို ဝိုင်းဝန်းကူညီပေးရန်တိုက်တွန်းခဲ့ကြောင်းကချင်တိုင်းရင်းသားခေါင်းဆောင်တစ်ဦးဖြစ်သည့် ဒေါက်တာတူးဂျာကဆိုသည်။

လက်ရှိအချိန်တွင် ကချင်ပြည်နယ်ရှိ အစိုးရဘက်မှနယ်မြေခံတပ်များအပြင် တပ်မ ၃၃၊ တပ်မ ၈၈ တပ်များပါ အခြေစိုက်ထားပြီး အင်အားတိုးချဲ့ထားခြင်းသည်လည်း ယုံကြည်မှုပျက်ပြားစေသော အချက်တစ်ချက်ဖြစ်ကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ကချင်ပြည်နယ် ညီလာခံကျင်းပရေးကော်မတီဥက္ကဋ္ဌဦးဒါရှီလဆိုင်းကပြောသည်။

ကေအိုင်အိုအဖွဲ့က နိုင်ငံရေးအရ ဆွေးနွေးပြီးမှသာ အပစ်အခတ်ရပ်စဲမည်ဟူသော အချက်ကို စွဲကိုင်ထားခြင်းကြောင့် ပစ်ခတ်မှုများ ဖြစ်ပေါ်နေရကြောင်း ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သော်က အမျိုးသားလွှတ်တော်အစည်းအဝေးတွင်မေးသော မေးခွန်းတစ်ခုကို ပြန်လည်ဖြေကြားခဲ့သည်။

ကချင်ပြည်နယ်တွင် တိုက်ပွဲအရှိန်မြင့်နေသောကြောင့် အားလုံးပါဝင်၍ ငြိမ်းချမ်းရေးတည်ဆောက်နိုင်ရန် လိုအပ်ခြင်းကိုမြန်မာနိုင်ငံတောင်ဘက်စွန်း တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်သို့ရောက်ရှိနေသည့် ဒေါ်အောင်ဆန်းစုကြည်က သူမ၏မိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့သည်။

“ကျွန်မတို့နိုင်ငံမြောက်ပိုင်း ကချင်ပြည်နယ်မှာဖြစ်နေတဲ့တိုက်ပွဲတွေဟာ ကျွန်မတို့အားလုံးနဲ့လည်း ဆိုင်တယ်ဆိုတာ နှလုံးသွင်းထားစေချင်ပါတယ်။ ငါတို့က တော့ တောင်ပိုင်းမှာနေတာပဲ သူတို့ကတော့ မြောက်ပိုင်းမှာ ဘာပဲဖြစ်ဖြစ် ဖြစ်နေပါစေဆိုတဲ့ စိတ်တွေ မထားပါနဲ့”ဟု ပြောကြားခဲ့သည်။

၂၀၁၃ဇန်နဝါရီလတွင်နိုင်ငံရေးအရ ဆွေးနွေးမည်ဟု ဝန်ကြီးဦးအောင်မင်းက ကမ်းလှမ်းထားပြီးဖြစ်၍ ကေအိုင်အိုဘက်မှ အကြောင်းမပြန်ကြားသေးသော်လည်း သဘောတူညီထားသည့်အတိုင်း အကြောင်းပြန်မည်ဟု ယုံကြည်ကြောင်း ငြိမ်းချမ်းရေးအကျိုးဆောင် ဦးလှမောင်ရွှေက ဒီဇင်ဘာ ၁၅ ရက်တွင် 7Day News သို့ပြောကြားထားသည်။

အစိုးရနှင့် ကေအိုင်အိုအဖွဲ့တို့သည် ၁၉၉၄ ခုနှစ်တွင် အပစ်အခတ်ရပ်စဲခဲ့ပြီး အစိုးရသစ်တက်လာခဲ့သည့် ၂၀၁၁ ခုနှစ် ဇွန်လမှစ၍ တိုက်ပွဲများ ပြန်လည်ဖြစ်ပွားခဲ့သည်။

## ရခိုင်တိုင်းရင်းသားများအခွင့်အရေးကို နားလည်နိုင်ကြောင်း ကုလအထူးသံတမန်ပြော

**အောင်နိုင်**
**ဒီဇင်ဘာ - ၂၃**

ကုလသမဂ္ဂအထူးသံတမန် မစ္စတာဗီဂျေနမ်ဘီးယားက ၎င်းအနေဖြင့် ရခိုင်ပြည်နယ်လက်ရှိအနေအထားနှင့် ရခိုင်တိုင်းရင်းသားများ၏ ရပိုင်ခွင့်အခွင့်အရေးများကို နားလည်နိုင်ကြောင်း ပြောဆိုခဲ့သည်ဟု အဆိုပါ ပုဂ္ဂိုလ်နှင့် တွေ့ဆုံခဲ့သော ရခိုင်မြို့မိမြို့ဖကိုယ်စားလှယ်များက ပြောကြားသည်။

ဒီဇင်ဘာလ ၁၈ ရက်တွင် ရခိုင်မြို့မိမြို့ဖကိုယ်စားလှယ်များ၊ ဘင်္ဂါလီလူမျိုးကိုယ်စားလှယ်များနှင့် စစ်တွေမြို့၌ တွေ့ဆုံရာတွင် မစ္စတာနမ်ဘီးယားက ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

မစ္စတာနမ်ဘီးယားနှင့် တွေ့ဆုံခဲ့သော ရခိုင်မြို့မိမြို့ဖကိုယ်စားလှယ်နှင့် ရခိုင်ပြည်နယ် ဘေးဒုက္ခကယ်ဆယ်ရေးကော်မတီဥက္ကဋ္ဌဦးသန်းထွန်းက “ကျွန်တော်တို့က သူတို့ (ပြည်ပအဖွဲ့အစည်းများ)အနေနဲ့ လူ့အခွင့်အရေးကိုပဲ ပြောနေကြတယ်။ ဘာကြောင့် တိုင်းရင်းသားအခွင့်အရေး၊ ရပိုင်ခွင့်ကို မပြောကြတော့လဲလို့ မေးတော့ သူက နားလည်နိုင်ပါတယ်လို့ပြောတယ်။ ဒီတစ်ခေါက်ခရီးစဉ်မှာ သူ့အနေနဲ့ ဒေသအခြေအနေကို အသေအချာသိသွားတယ်လို့ထင်ပါတယ်” ဟုဆိုသည်။


မစ္စတာ နမ်ဘီးယားသည် ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၊ တာဝန်ရှိသူများနှင့်အတူ ရခိုင်ပြည်နယ်သို့ ယခုလ ၁၈ ရက်နှင့် ၁၉ ရက်များတွင် သွားရောက်ခဲ့ပြီး နှစ်ဖက် ကိုယ်စားလှယ်များနှင့် တွေ့ဆုံခဲ့ခြင်းဖြစ်သည်။ဘင်္ဂါလီလူမျိုး ကိုယ်စားလှယ်တစ်ဦးက “ဘိုးဘွားအဆက်ဆက် ဒီမှာမွေးပြီး နေထိုင်လာတာပါ”ဟုဆိုသည်။

အဆိုပါခရီးစဉ်တွင် မစ္စတာနမ်ဘီးယားက အယ်ဂျာဇီးရား သတင်းဌာနမှထုတ်လွှင့်ခဲ့သော ရုပ်သံအစီအစဉ်သည် မြန်မာအစိုးရနှင့် ပြည်သူများကို အနှောင့်အယှက်ဖြစ်စေခဲ့ပြီး အမှန်တရားကို ရှာဖွေရန် လိုအပ်ကြောင်း မီဒီယာများ၏ မေးမြန်းချက်ကို ပြန်လည်ဖြေကြားခဲ့သည်။




HAPPY NEW YEAR!
BRIGHT UP YOUR WORLD WITH PHILIPS AUDIO PRODUCTS TO SAVE THE MEMORIES OF 2012!
DCM-5090 Docking for iPhone & iPod 470,000
HTS3538 Home Theatre System 205,000
AZ-102 CD Sound Machine 40,000
" Product တိုင်းအတွက် 2 year Int'l Warrenty ပါရှိသောကြောင့် စိတ်ချယုံကြည်စွာ သုံးစွဲနိုင်ပါသည်။ "
FWP3200 Mini-Hifi System 490,000
DC-291 Docking for iPhone & iPad 121,000
FWP-2000 Mini-Hifi System 317,000
HTS-3540 Home Theatre System 270,000
HTS-3511 Home Theatre System 162,000
HTS-2511 Home Theatre System 126,000
နှစ်သစ်မှာ မိဘပြည်သူအပေါင်း ရွှင်လန်းချမ်းမြေ့ပါစေကြောင်း PHILIPS မှ ဆုတောင်းအပ်ပါသည်။
Available At:
Royal Electronics
A1, 003 Sabai Str. (Corner of Yuzana Plaza), Mingalar Taung Nyunt Tsp, Yangon.
Ph: 01-203011, 205811, 205812, 205813
Super Shine Trading Co.,Ltd (Authorized Distributor)
No 81, Thein Phyu Road/Lower Block,(Between Merchant Str & Kan Nar Str),
Botataung Tsp, Yangon.
Ph: 01-243901, 245145, 241945
PHILIPS


Panasonic
ရင်ခုန်ကြည်နူးဖွယ် အချိန်များကို
ပန်နာဆိုးနစ် နှင့်အတူ ကုန်လွန် ဖြတ်သန်းဖို့...
Year - End Special Sales Plan . . .
7 Dec - 31 Jan
SMART VIERA
DT SERIES
TH-L47/L42DT50
47"/42" 3D FHD LED LCD TV
• Smart Viera (Web Browser, Viera Connect & Skype)
• 2D to 3D conversion
• 1600Hz Backlight Scanning for superb motion pictures
• Wi-Fi Built-In, SD/USB Media Playback (Video, Photo, Music)
Free Gift
GSM/CDMA Prepaid Card
Ks - 100,000/-
ET50 SERIES
TH-L47/L42ET50
47"/42" 3D FHD LED LCD TV
• Smart Viera (Web Browser, Viera Connect & Skype)
• 2D to 3D conversion
• 800Hz Backlight Scanning for superb motion pictures
• Wi-Fi Built-In, SD/USB Media Playback (Video, Photo, Music)
Free Gift
GSM/CDMA Prepaid Card
Ks - 80,000/-
ET5 SERIES
TH-L55/L47/L42ET5
55"/47"/42" 3D FHD LED LCD TV
• Smart Viera (Web Browser, Viera Connect & Skype)
• 2D to 3D conversion
• Wi-Fi Built-In
• SD/USB Media Playback (Video, Photo, Music)
Free Gift
GSM/CDMA Prepaid Card
Ks - 60,000/-
E5 SERIES
TH-L47/L42E5
47"/42" FHD LED LCD TV
• Smart Viera (Viera Connect & Skype)
• IPS LED Clear Panel
• Wi-Fi Ready
• SD/USB Media Playback (Video, Photo, Music)
Free Gift
GSM/CDMA Prepaid Card
Ks - 40,000/-
VIERA
EM SERIES
TH-L50EM5
50" FHD LED LCD TV
• Slim LED (General Depth : 46mm)
• USB Playback (Video, Photo & Music)
• 2 x HDMI, 1 x USB, PC Input
EM SERIES
Best Buy
39"
TH-L39EM5
39" FHD LED LCD TV
• Slim LED (General Depth : 45mm)
• USB Playback (Photo & Music)
• 2 x HDMI, 1 x USB, PC Input
Free Gift
GSM/CDMA Prepaid Card
Ks - 25,000/-
XM SERIES
TH-L32XM5
32" HD Ready LED LCD TV
• Slim LED (General Depth : 44mm)
• USB Playback (Photo & Music)
• 2 x HDMI, 1 x USB, PC Input
Free Gift
GSM/CDMA Prepaid Card
Ks - 20,000/-
C SERIES
Best Buy
32"
TH-L32C45
32" LCD TV
• IPS Alpha Panel
• Dynamic Contrast 20,000 : 1
• Viera Image Viewer (Video, Photo, Music)
Free Gift
GSM/CDMA Prepaid Card
Ks - 10,000/-
Home Entertainment
SC-BTT790/BTT190
Full HD 3D Blu-ray Disc Home Theatre
• 3D Surround Effect
• Pure Brilliant Sound
• Explore Online Entertainment
DMP-BD77
Best Buy
Ks - 99,000/-
Blu-ray Disc Player
• Super Multi Format Playback
• Quick Playback
• Smart Home Networking
Free Gift
Blu-ray Movie Disc (2) Titles
SC-XH185/XH175
DVD Home Theatre
• Dynamic Bass Sound
• High Quality Picture
• Selectable Speaker Layout
SC-XH73/XH20
DVD Home Theatre
• Dynamic Bass Sound
• High Quality Picture
• Selectable Speaker Layout
Free Gift
DVD Movie Disc (3) Titles
SC-HC37
Compact Stereo System
• Slim & Stylish Design with Auto Sliding Dock
• Clear & Dynamic Sound
• Works with Internet Radio iPhone App
Free Gift
Audio Disc (3) Titles
SC-MC07
Compact Stereo System
• Wireless Music Streaming with Bluetooth Technology
• Full Digital Clear Stereo Sound System
• Battery & USB Bus Power Operation
Road Show
Yangon • Sein Gay Har (Pyay Road) • Junction Square (Aqua Hall) • Capital Hypermarket • Junction Maw Tin
3 - 6 Jan 2013
7 - 9 Jan 2013
17 - 20 Jan 2013
24 - 27 Jan 2013
Advanced Vision Co.,Ltd.
YMCA Building
Email: tw25@myanmar.com.mm
Capital Hypermarket


AC
collection
Alexandre Christie
steel
AC 6233MC
SAVE THE
GREEN SEA TURTLE
www.alexandrechristie.com
Available At: CHERRY OO Inquiry Ph: 01-373997,01-381751,02-72992

7DAY NEWS JOURNAL
Vol.11, No.42 • DECEMBER 27 , 2012

# ကုလသမဂ္ဂ ရဟတ်ယာဉ်အား မှားယွင်းပစ်ချမိဟု တောင်ဆူဒန်စစ်ဘက် ပြောကြား

**ခါတွန်၊ ဒီဇင်ဘာ - ၂၂**

သူပုန်တပ်ဖွဲ့များအား လက်နက်များထောက်ပံ့ ပေးသည့် လေယာဉ်ဟု စစ်သားများက ထင်မှတ်မှားခဲ့ပြီး ကုလသမဂ္ဂ ရဟတ်ယာဉ်အား ပစ်ချခဲ့မိခြင်းအတွက် တောင်ဆူဒန်စစ်တပ်ကပြန်လည် တောင်းပန်ခဲ့ သည်။

တောင်ဆူဒန် အရှေ့ဘက်ဂျွန်အလီပြည်နယ်၌စောင့်ကြည့်လေ့လာရေးခရီးစဉ် ပျံသန်းနေစဉ် Mi-8 ရဟတ်ယာဉ် တစ်စီး ပစ်ချခံရခြင်းဖြစ်ကြောင်း ကုလသမဂ္ဂက ကြေညာချက်ထုတ်ပြန်ခဲ့သည်။ ယင်းရဟတ်ယာဉ်ပေါ်ပါရှိခဲ့သော ရုရှားနိုင်ငံသားလေးဦးမှာလည်း သေဆုံးခဲ့သည်။



တောင်ဆူဒန် စစ်ဘက်က ဆက်သွယ်ခဲ့သည်ကို ကုလသမဂ္ဂရုံးကပြန်လည်ဖြေကြားခြင်းမရှိဘဲ ၎င်းတို့၏ ရဟတ်ယာဉ်ဖြစ်သည်ဟုလည်း အတည်မပြုကြောင်း၊ အဝေးမှနေ၍ ရဟတ်ယာဉ်တစ်စီးဆင်းသက်သည်ကို မြင်ရချိန်တွင် သူပုန်များအား လက်နက်ပံ့ပိုးပေးသည့် လေယာဉ်ဟု ဆုံးဖြတ်ခဲ့ကြောင်းစစ်ဘက်ပြောခွင့်ရပုဂ္ဂိုလ် ဖိလစ်အာဂါက Ria Novosti သတင်းဌာနသို့ပြောကြားသည်။

"ဒီအဖြစ်အပျက်အတွက် ကျွန်တော်တို့ဝမ်းနည်းမိပါတယ်။ သေဆုံးသွားတဲ့သူရဲ့ မိသားစုဝင်တွေလည်း ဝမ်းနည်းကြောင်းပြောကြားလိုပါတယ်" ဟုမစ္စတာအာဂါက ဆက်လက်ပြောကြားသည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဘန်ကီမွန်းက ထင်ထင်ရှားရှားအမှတ်အသားပြုထားသော ကုလသမဂ္ဂ ရဟတ်ယာဉ်အား ပစ်ချခြင်းကို ရှုတ်ချကြောင်းပြောကြားပြီး တောင်ဆူဒန်အစိုးရအနေဖြင့် စုံစမ်းစစ်ဆေးမှုများ ချက်ချင်းပြုလုပ်ကာ ယင်းအတွက်တာဝန်ရှိသူများကို အရေးယူပေးရန် ကြေညာချက်တစ်ရပ်တွင် ဖော်ပြခဲ့သည်။ *—Ref: Ria Novosti*




# ကန်နိုင်ငံခြားရေးဝန်ကြီး နေရာအတွက် ဂျွန်ကယ်ရီအား အမည်စာရင်းတင်သွင်း

**ဝါရှင်တန်၊ ဒီဇင်ဘာ - ၂၂**

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မစ္စစ်ဟီလာရီကလင်တန်အား ဆက်ခံရန် အထက်လွှတ်တော်အမတ်ဂျွန်ကယ်ရီအား အမေရိကန်သမ္မတ ဘားရက်အိုဘားမားကအမည်စာရင်းတင်သွင်းလိုက်ကြောင်း သိရသည်။

မစ္စတာကယ်ရီ၏ ဘဝတစ်လျှောက်လုံး နိုင်ငံခြားရေးဝန်ကြီးနေရာအတွက် ပြင်ဆင်ထားပုံရသည်ဟု သမ္မတအိုဘားမားက ပြောကြားပြီး မစ္စတာကယ်ရီသည် ကမ္ဘာ့ခေါင်းဆောင်များ၏ လေးစားမှုနှင့် ယုံကြည်စိတ်ချရမှုလည်း ရရှိခဲ့သည်ဟု အိုဘားမားက ချီးကျူးပြောဆိုသည်။

မစ္စတာကယ်ရီသည် ၂၀၀၄ ခုနှစ် သမ္မတရွေးကောက်ပွဲတွင် ဒီမိုကရက်တစ်သမ္မတလောင်းအဖြစ်ယှဉ်ပြိုင်ခဲ့ပြီး လောလောဆယ်တွင် အထက်လွှတ်တော်နိုင်ငံခြားဆက်ဆံရေး ကော်မတီဥက္ကဋ္ဌအဖြစ်တာဝန်ယူထားသည်။

နိုင်ငံခြားရေးဝန်ကြီးနေရာအတွက် ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ်ကြီး ဆူဆန်ရိုက်စ်နုတ်ထွက်သွားခဲ့ပြီးနောက် မစ္စတာကယ်ရီ၏ အမည်စာရင်းတင်သွင်းမှုရှိလာခြင်းဖြစ်သည်။ မစ္စစ်ဆူဆန်ရိုက်စ်မှာ လွန်ခဲ့သောစက်တင်ဘာလအတွင်း လစ်ဗျားနိုင်ငံ ဘင်ဂါဇီမြို့ရှိအမေရိကန်သံရုံးတိုက်ခိုက်ခံရမှု ဖြစ်ပေါ်အပြီး ထုတ်ပြန်ချက်တစ်ရပ်ကြောင့် ဝေဖန်ခံရပြီးနောက် နုတ်ထွက်သွားခြင်းဖြစ်သည်။

မစ္စတာကယ်ရီအား နိုင်ငံခြားရေးဝန်ကြီးနေရာအတွက် အထက်လွှတ်တော်က အလျင်အမြန်အတည်ပြုပေးမည် မျှော်လင့်ကြောင်း သမ္မတအိုဘားမားက ပြောကြားသည်။ မစ္စစ်ကလင်တန်မှာ ဦးခေါင်းကို ထိခိုက်မှုကြောင့် အနားယူနေပြီး ယခုအခမ်းအနားသို့မတက်ရောက်နိုင်ခဲ့ပေ။

*—Ref: BBC*

# ဘတ်ဂျက်ဥပဒေပြဌာန်းပြီးနောက် အီတလီဝန်ကြီးချုပ် နုတ်ထွက်

**ရောမ၊ ဒီဇင်ဘာ - ၂၂**

အဆိုပြုတင်ပြထားသော ဘတ်ဂျက်အား ပါလီမန်က အတည်ပြုပေးပြီးနောက် အီတလီဝန်ကြီးချုပ် မာရီယိုမွန်တီသည် ၎င်းကတိပေးထားသည့်အတိုင်း ရာထူးမှနုတ်ထွက်သွားကြောင်း အရာရှိများကပြောကြားသည်။

စောစောပိုင်းတွင်၎င်းအစိုးရတင်ပြသော ၂၀၁၃ ခုနှစ်အတွက် ဘတ်ဂျက်အား ပါလီမန်အမတ်များက ထောက်ခံမဲ ၃၀၉ မဲ၊ ကန့်ကွက်မဲ ၅၅ မဲနှင့် အတည်ပြုပေးလိုက်သည်။


၂၀၁၃ ဖေဖော်ဝါရီလတွင် ကျင်းပမည်ဟုမျှော်လင့်ရသော ရွေးကောက်ပွဲများအားမစ္စတာမွန်တီ ဝင်ရောက်ယှဉ်ပြိုင်မည်လားဆိုသည်ကို ဒီဇင်ဘာ ၂၃ ရက်တွင် ပြုလုပ်မည့်ကွန်ဖရင့်တစ်ရပ်၌ အသိပေးကြေညာသွားမည်ဟု မျှော်လင့်ရသည်။

အီတလီဝန်ကြီးချုပ်သည် လွန်ခဲ့သော တစ်နှစ်ကျော်ကကြားဖြတ်ဖွဲ့စည်းခဲ့သည့် ပညာရှင်အများစု ပါဝင်သော အစိုးရအား ၁၃ လကြာ ဦးဆောင်ပြီးနောက်နုတ်ထွက်သွားခြင်းဖြစ်သည်။ ဝန်ကြီးချုပ်ဟောင်း ဆီဗီယိုဘာလူစကိုနီဦးဆောင်သည့်ပြည်သူ့လွတ်မြောက်ရေး ပါတီက အစိုးရအပေါ် ထောက်ခံမှုရုပ်သိမ်းခဲ့ပြီးနောက် မာရီယိုမွန်တီက ရာထူးမှ နုတ်ထွက်ရန် ဆုံးဖြတ်ခဲ့သည်။

အီတလီနိုင်ငံ၏ ဝန်ကြီးချုပ်တာဝန်ကို သုံးကြိမ်ထမ်းဆောင်ပြီးဖြစ်သော ဘာလူစကိုနီသည် ၎င်း၏ ခြောက်ကြိမ်မြောက် ရွေးကောက်ပွဲဝင်ရန် တိုက်ပွဲဝင်နေသည်။ ဥရောပ၏ တတိယအကြီးဆုံးစီးပွားရေးနိုင်ငံ၌ နိုင်ငံရေးမတည်ငြိမ်မှုမှာ ရင်းနှီးမြှုပ်နှံသူများအား မရိုးမရွဖြစ်စေကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြသည်။

*—Ref: BBC/Reuters*


A product of PEPSICO
7UP
Natural
Refreshment
7UP


pepsi
MESSI 10
KICK IN THE MIX
pepsi


အရွယ်မတိုင်ခင် အိုမင်းရင့်ရော်ခြင်းနှင့်ရောဂါများကို
ကာကွယ်ထားမယ်...
Protec
နဲ့
အနီရောင်စပျစ်စေ့မှ ထုတ်လုပ်ထားသော
အစွမ်းထက် Anti-Oxidant


Nestlé
Good Food, Good Life
New
NESCAFÉ
Creamy Delight 3 IN 1
NESCAFÉ®
Creamy Delight 3 IN 1
ဆိမ့်သက်သက် နို့အရသာ


SWEETY HOME
Better Living, Simple Life...
: 01-535694, 205224
: 02-65938, 60810, 34021